www.burmeseclassic.com



www.burmeseclassic.com

# အယ်ဒီတာချုပ်၏ အမှာစကား

တကယ့်ဖြစ်ရပ်မှန်ဂျာနယ်သည် ပြည်သူလူထုအား မှန်းအသိပညာပေးမှုကို အထူးပြုရည်ရွယ်ခဲ့သည့်အပြင် မှုခင်းဖော်ထုတ်နေသော အမှုစစ်ရဲအရာရှိများအနေဖြင့် မှုခင်းဖော်ထုတ်ရာတွင် အတွေ့အခေါ်နှင့် ဆက်စပ်၍ လက်တွေ့နယ်ပယ်၌ အသုံးချနိုင်စေရန် ရည်ရွယ်ပါသည်။

တကယ့်ဖြစ်ရပ်မှုခင်းမဂ္ဂဇင်း၏ အယ်ဒီတာအဖွဲ့တွင် ဘ၀ အတွေ့အကြုံများပြားသော နိုင်ငံ၀န်ထမ်းဟောင်း အငြိမ်းစားများ ပါ၀င်သလို ပညာရေးနယ်ပယ်တွင် ကျောင်းသူ၊ ကျောင်းသားများနှင့် အမြဲထိတွေ့နေသည့် နာမည်ကြီးကျူရှင်ဆရာ၊ ပညာရှင်များလည်းပါ၀င်ပါသည်။

နယ်ပယ်စုံမှ ပညာရှင်များ၏ စုပေါင်းအားထုတ်မှုဖြင့် ထုတ်ဝေသော တကယ့်ဖြစ်ရပ်မှုခင်းမဂ္ဂဇင်းသည် လူတိုင်း မှုခင်းအသိပညာတိုးပွားစေရေး၊ ပြည်သူလူထု ပူးပေါင်းပါ၀င်သော ရဲလုပ်ငန်းတွင် ပူးပေါင်းပါ၀င်စေရေး၊ အိမ်နီးချင်း စောင့်ရှောက်မှုစနစ်ဖြင့် မှုခင်းကြိုတင်ကာကွယ်ရေး၊ နှိမ်နင်းရေး ဖော်ထုတ်ရေးနှင့် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများတွင် ပြည်သူလူထုဘက်မှ ပါ၀င်တာ၀န်ယူနိုင်ခွင့်ရှိသည်များကို သိရှိစေရန် ပညာပေးအစီအစဉ်ဖြင့် ထုတ်ဝေခြင်းဖြစ်ပါသည်။ BURMESE CLASSIC .com

တကယ့်ဖြစ်ရပ်မှုခင်းမဂ္ဂဇင်းသည် ပြည်သူ့မေတ္တာကို ခံယူ၍ ပြည်သူလူထု၏လက်ခံအားပေးမှုဖြင့် ရှေ့ခရီးကို လျှောက်လှမ်းရန် ကြိုးပမ်းအား ထုတ်နေသည်ဖြစ်၍ မည်သူမဆိုလိုအပ်ချက်များကို အကြံပြုနိုင်ကြောင်း လေးစားစွာ ဖိတ်ခေါ်အပ်ပါသည်။

အယ်ဒီတာချုပ်

www.burmeseclassic.com

www.burmeseclassic.com

စာရေးဆရာ အောင်ကျော်ဇော စီစဥ်ထုတ်ဝေသည်။

တကယ့်ဖြစ်ရပ်

မဂ္ဂဇင်း **2014**

# FEBRUARY

အတွဲ(၁)၊ အမှတ်(၅)

နာယက - လင်းထက်ကျော်
ညီမြင်းလှိုင်

အယ်ဒီတာချုပ် - အောင်ကျော်ဇော
ရဲအုပ်အောင်လွင်(ငြိမ်း)
ဒုအရာခံဗိုလ်(ငြိမ်း) တပ်မတော်(ကြည်း)

တာဝန်ခံအယ်ဒီတာ - ထက်ထက်ဦးဝေ

အယ်ဒီတာအဖွဲ့ - အေးအေးခိုင်၊ ဦးရဲလွင်(ရဲဘိုင်အို)

လက်ထောက်အယ်ဒီတာ - နေမျိုးအောင်

ထုတ်ဝေသူ

ဦးအောင်လွင်(ယာယီ/၂၀၈၃)

ပုံနှိပ်သူ

သိန်းသန်းဦးပုံနှိပ်တိုက်

ဒီဇိုင်းအပြင်အဆင်

Min Group

ကွန်ပျူတာစာစီ

နေမျိုးအောင်

ပန်းချီသရုပ်ဖော်

ဝင်းချိုမင်းထက်နိုင်၊ ရဲသူ(ရန်ကုန်တက္ကသိုလ်)

ဖြန့်ချိရေး - အမှတ်(၉၇)၊ မြေညီထပ်(ဝဲ)၃၉ လမ်း၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၁ ၃၈၅၃၈၉၊ ၀၉ ၄၅၀၂၉၄၂၈

တန်ဖိုး - ၁၀၀၀၊ အုပ်ရေ - ၁၀၀၀



မျက်နှာဖုံးရှင် Ma Yu Wati Nwe

www.burmeseclassic.com

# FEBRUARY 2014

# CONTENTS

**ကဗျာ**

စိုးကိုကို(လေးမျက်နှာ)၊ မြတ်နိုးဆု(တမာမြေ)၊ ရဲထက်ဇော်၊ အေးခင်ခင်လှိုင်(အညာမြေ)၊ မင်းကြယ်စင်သွန်း၊ ထက်ဦးလူ(မှုဆယ်)၊ နေရဲချို၊ သိန်းနိုင်ဦး(ပဲခူး)

**ကာတွန်း**

သူရိန်၊ မောင်တင်ယု၊ ဟန်၊ မြေရှိင်း၊ အောင်ချမ်းမြေ့(မင်းဘူး)၊ မောင်ရဲသူ(ရန်ကုန်တက္ကသိုလ်)၊ မင်းလတ်၊ နန်းအဲမွန်ဦး(သပြေတောင်း)

**ဘာသာပြန်**


| | | |
|---|---|---|
| လှိုင်(ပညာရေး) | ဟာစ်တလာပြန်လည်မွေးဖွားခဲ့ပြီလော | ၅၆ |
| လှုမ်းထက် | အိမ်ဖြူတော်မှ တုန်လှုပ်ခဲ့ရသော အကြမ်းဖက်မှုကြီး | ၁၂၃ |


**ဆောင်းပါး**


BURMESE CLASSIC .com


| | | |
|---|---|---|
| ညွှန့်ဟံ(ကြူတော) | လိုအပ်ရင် ဘရိတ်သုံးမယ်ဟု ဆိုရာတွင် | ၂၃ |




www.burmeseclassic.com

www.burmeseclassic.com




**တစ်မျက်နှာဝတ္ထု**

**အိမ့်(ရှုမဝ)**
မထင်မှတ်သည့်အန္တရာယ် ၂၇

**ရုပ်ရှင်မိတ်ဆက်**

**ဦးဝင်းမြိုင်(သရုပ်ဆောင်)**
အမုန်းပြယ်ဝိုင် ၈၈

**တစ်ခန်းရပ်ဟာသ**

ထက်ထက်(ဟာသ) ၇၁


BURMESE CLASSIC .com


**ပေ်ဒင်**

ဇာဒသုတေသီတစ်ဦး

**သတင်း**

နိုင်ငံတကာသတင်း/ပြည်တွင်းသတင်း




www.burmeseclassic.com

www.burmeseclassic.com



## မှခင်းဝတ္ထုတို


**ထက်ထက်ဦးဝေ**
စေတနာမှန်းမသိတဲ့ ဝေဒနာမျက်ရည် ၂၈

**ဒုရဲမှူးကြီးခင်ဦး(ငြိမ်း)**
အတ္တ၏သားကောင် ၄၂

**မောင်သစ္စာ(ယင်းတော်)**
နှစ်ဖက်လှကောင်းကင် ၆၂

**ရွှင်လွန်းမယ်**
အိမ်အိုကြီးထဲက ရယ်သံ ၇၅

**ကိုကို(ငယ်ချစ်)**
နှိုင်းဆရှုမြင် သတိယှဉ် ၈၃

**လေဒီနိုင်းမွန်**
ကြက်သားတစ်ဖတ် ၉၆

**မောင်သိန်းနိုင်**
မရောင်းကောင်းသော ကုန်ငါးမျိုး ၁၀၁

**နွေအလွန်**
မြင်းမိုရ်နှလုံးသား ၁၀၆

**မောင်သာမန်(ဇီးကုန်း)**
မြင်းမိုရ်ပြိုသောအခါ ၁၂၉

**ချိုပုံး(နှမ့်စန်)**
တန်ဖိုးရှိသော လူတစ်ယောက် ၁၃၇

**မောင်မောင်လွင်(ညောင်လေးပင်)**
ခေါင်းကွဲ၊ အသည်းမခံနိုင် ၁၄၅

**ရွှေဘိုဘာမထိခင်အောင်**
မြန်မာ့သွေး မြန်မာ့သတ္တိ ၁၅၃

**ခင်ဦး(ပုတီးကုန်း)**
စိတ် ၁၆၁














www.burmeseclassic.com

www.burmeseclassic.com



# ရန်ကုန်ရှောင်တဲ့ဆောင်း



✔ ဟေမန်ဆောင်းရေ.....
ရန်ကုန်မြေ လာချင်ဘူးလား
နွေဦးက ကိုယ်စားဝင်နေ။
✔ ဘယ်ကိုလေ ခြေရှည်နေလဲ
သိနိုင်ခဲပေ။
✔ နှင်းမှုန်ဝေ နံနက်ခင်း
ဖော်သင်းတွေနဲ့ လမ်းလျှောက်ရင်း
ငွေနှင်းရည် ပုလဲစက်တို့
ဖျန်းပက်တဲ့ ဆောင်းကိုလေ
တို့တစ်တွေ နှစ်စဉ်ကြိုခဲ့။
✔ ခုတော့ကွယ်.....
မတွယ်တာ သံယောဇဉ်ကင်း
ရှောင်ကွင်းနေ မရောက်လေတော့
နှင်းပျောက်တဲ့ ရန်ကုန်ဆောင်းဟာ
ပြောင်းလဲမြန်လွန်းသူရယ်လို့
စိတ်ထဲဝယ် မှတ်လိုက်ပါရဲ့
လာနဲ့တော့ကွဲ့။ ။

စိုးကိုကို (လေးမျက်နှာ)

www.burmeseclassic.com

www.burmeseclassic.com



# ပြိုင်ပွဲ

() အရှုံးနဲ့အနိုင်
ပြိုင်လျှင်တော့ တွေ့မြဲ
ရင်ဆိုင်ရမှာမလွှဲ။
() ပွဲအဆုံးအဖြတ်
သရေပွဲမှတ်လည်း
ဘွာခတ်လို့မပြီး
ထပ်ပြီးဆုံဦးမှာပဲလေ။
() ကိုယ့်ကိုနိုင်တဲ့ မင်းအပြုံး
ရှုံးခဲ့ပေမယ့် မမုန်းပါ
မင်းမျက်လုံးမှာ မျက်ရည်စ
ကိုယ့်နှလုံးသားဟာ ကြေမွ
နိဂုံးမလှတဲ့ တို့နှစ်ဦးရဲ့ပြိုင်ပွဲ
သရေပဲလို့ မမှတ်ရဲတာ
ပြန်မနွှဲလိုလို့ပါ။ ။



မြတ်နိုးဆု (တမာမြေ)

www.burmeseclassic.com

www.burmeseclassic.com





## ကကြီးနဲ့ ယပက်လက်

၍ ကြိုက်မရှက်၊ ငိုက်မရှက်
ငတ်မရှက်တဲ့။
ကြိုက်လို့ မရှက်တာ မဟုတ်ဘဲ
အစွဲအလမ်းကြီး စွဲလမ်းနေတဲ့အတွက်
ရှက်ရှက်နဲ့ ကြိုက်ခဲ့မိတာပါလို့
ဆိုသူက ဆို။

၍ ငိုက်လို့ မရှက်တာဆိုပြီး
အယူမသီးလိုက်ပါနဲ့
ကိုယ်ရောစိတ်ရော မောဟိုက်
ရှက်ရှက်နဲ့ ငိုက်ငိုက်သွားတာပါလို့
ပြောတဲ့သူက ပြော။

၍ ငတ်လို့မရှက်တာ မဟုတ်ပါဘူး
သမုဒ္ဒရာ၊ ဝမ်းတစ်ထွာ အရေးထက်ပိုပြီး
ဘာကိုမှ ဦးစားမပေးနိုင်တဲ့အခါ
ရှက်ရှက်နဲ့ ငတ်ခဲ့ရတာပါလို့
ဆင်ခြေတက်သူက တက်။

၍ ကဲ.....
မရှက်တရား သုံးပါးဆိုတာ
ခံစားသူနဲ့သာ တိုက်ရိုက်သက်ဆိုင်တဲ့
လက်ကိုင်သဘောထားဆိုမှလည်း
နည်းနည်းပိုပြီး မှန်လိမ့်မယ်။ ။

**ရဲထက်ဇော်**

www.burmeseclassic.com

www.burmeseclassic.com



# ပန်းမြိုင်လယ်မှ ဥယျာဉ်မှူး

၆ ရင်၌လွယ်ဖွား၊ သမီးသားသို့
မခြားချစ်ခင်၊ သံယောဇဉ်ကြိုး
ရစ်ပိုးနှောင်ပတ်၊ လှိုင်းခတ်ရင်မှာ
စေတနာဖြင့်–
ပညာဝေငှ၊ အလင်းပြ၍
အလုပ်ပန်းများ ပျိုးနေသူ.....။
၆ မိုးစွန်ထွတ်ဖျား၊ ငွေကြယ်လားသို့
ယောက်ျားတံခွန်၊ လူရည်ချွန်ဖို့
ရည်မှန်တက်ကြွ၊ နှလုံးလှဖို့
ဖြူစွသဒ္ဓါ၊ စေတနာဖြင့်
ပညာဝေငှ၊ အလင်းပြ၍
အလုပ်ပန်းများ ပျိုးနေသူ.....။
၆ သားကောင်းတစ်ယောက်၊ ကျောက်ကောင်းတစ်ပွင့်
ဂုဏ်ရည်တင့်ဖို့၊ ဝင့်ထည်စေသား
တပည့်များကို၊ ရိုးသားယဉ်ကျေး
နူတ်ချိုမွေးဖို့၊ အေးငြိမ်းသုခ
ချမ်းသာရဖို့၊ ဘဝလောကမံ
ကြံ့ကြံ့ခံဖို့၊ ထက်သန်လှစွာ
စေတနာဖြင့်–
ပညာဝေငှ၊ အလင်းပြ၍
အလုပ်ပန်းများ ပျိုးနေသူ.....။
၆ သူ၏မေတ္တာ၊ စေတနာဖြင့်
ဝေဖြာတင့်ဆန်း၊ ရောင်စုံပန်းတို့
လန်းဆန်းမွှေးကြိုင်၊ ရနံ့လှိုင်အောင်
ဖော်ဆောင်ကြံဆ၊ ခြယ်မှုန်းပြသည့်
အလုပ်ဖန်ဆင်း၊ ငွေလမင်းနှယ်
အလင်းပေးသူ၊ သူ့လိုလူကို
ကြည်ဖြူနှစ်ခြိုက်၊ ဤစာပိုဒ်ဖြင့်
ဦးခိုက်ကန်တော့အပ်ပါသည်။ ။



အေးခင်ခင်လှိုင် (အညာမြေ)

www.burmeseclassic.com


www.burmeseclassic.com



# ကိုယ်ချစ်

- နှင်းပွင့်လေး
  ကမ္ဘာမြေကို အအေးဓာတ်ပေးဖို့
  ပြေးအဆင်း
  နေမင်းရဲ့ ထိုးနှက်ချက်မှာ လွင့်မျောသွားခဲ့တယ်။
- လရောင်လေး
  ကမ္ဘာမြေကို အလင်းဓာတ်ပေးဖို့
  ထွက်လာစဉ်
  မဟူရာ တိမ်တိုက်မည်းရဲ့ ထုထောင်းဒဏ်မှာ
  အမှောင်ကျခဲ့တယ်။
- ပန်းပွင့်လေး
  ကမ္ဘာမြေကို အမွှေးဓာတ်ပေးဖို့
  ပွင့်ဖူးစဉ်
  ယူငင်ချိုးဖျက်
  လက်ဦးသူရဲ့ ရက်စက်မှုမှာ နွမ်းပျက်ခဲ့တယ်။
- ပေးဆပ်ရင်နင့်
  သခင့်အလိုကျ
  နှင်း.....ပျောက်ပျောက်
  လ.....မှောင်မှောင်
  ပန်း.....ကြွေကြွေ
  ကျေနပ်ပျော်မဆုံး
  သူ ပြုံးနေဖို့
  ကမ္ဘာမြေသို့ ကိုယ်တစ်ခေါက်ရောက်ခဲ့တယ်။ ။

မင်းကြယ်စင်သွန်း



www.burmeseclassic.com


www.burmeseclassic.com



POEM

# စဉ်းစားခြင်း ဦးခေါင်းခွံ

ဒီကမ္ဘာမြေပေါ်မှာ
ကိုယ့်ကိုမုန်းတဲ့လူဦးရေ
မဟာတံတိုင်းအဖွင်းက
ဂန္ဓာလရာဇ်တိုင်းသား
တစ်စုစာလောက် ရှိပြီထင်ရဲ့
စဉ်းစားစမ်း ဦးခေါင်းခွံ။
မြန်မာပြည်မှာ
ဘယ်ကဗျာဆရာဟာ
ဝီစကီအကောင်းစား တစ်လုံးကို မျိုချပြီး
မောင်ချောနွယ်လို တွေး ရေးခဲ့သလဲ
စဉ်းစားစမ်း ဦးခေါင်းခွံ။
လင်သေသားဆုံး
မုဆိုးမတစ်ယောက်ရဲ့
ငိုချင်းတေးတစ်ပုဒ်ကို စားသုံးပြီး
ဘယ်သူဟာ
သူ့ဘဝကို အသစ်လဲပေးခဲ့သလဲ၊
စဉ်းစားစမ်း ဦးခေါင်းခွံ။
ကိုယ့်ဘဝတစ်ခုလုံးကို
သောင်ပြင်ထဲ ကန်ချပြီး
မသေထမင်း မသေဟင်းတစ်ပွဲနဲ့
အသက်တစ်ချောင်းကို ကျားကန်တတ်တဲ့
ကဗျာဆရာ ဘယ်နှယောက်ရှိပြီလဲ
စဉ်းစားစမ်း ဦးခေါင်းခွံ။



ဒီကမ္ဘာမှာ လူတိုင်းဟာ
အသစ်အသစ်တွေ ဖန်တီးရင်း
လွဲချော်မှု ကြက်ခြေခတ်တွေ
ပိုင်ဆိုင်ခွင့် ရှိရဲ့လား
စဉ်းစားစမ်း ဦးခေါင်းခွံ။
အစာအိမ်က ဟွန်းတီးသမျှ
လူတိုင်းဟာ သခင်တစ်ယောက်လို
လူတိုင်းဟာ ကျွန်တစ်ယောက်လို
လူတိုင်းဟာ ပွဲစားတစ်ယောက်လို
လူတိုင်းဟာ မစားရ ဝခမန်း
မျက်နှာများရာ ဟင်းဖတ်ပါခဲ့ကြပြီလား
စဉ်းစားစမ်း ဦးခေါင်းခွံ။
လူတိုင်းဟာ စဉ်းစားဖို့
ဦးခေါင်းခွံ တစ်လုံးစာမျှ
လူတိုင်းဟာ လူတိုင်းအတွက်
စဉ်းစားဖို့ စက္ကန့်ဘယ်လောက်
လူတိုင်းဟာ ကိုယ့်အတွက်
စဉ်းစားဖို့ ကမ္ဘာဘယ်နှပတ်လဲ
ဒီလိုနဲ့ အဲဒီဦးခေါင်းခွံဟာ
ကဗျာတစ်ပုဒ်ပြီးဖို့ စဉ်းစားနေလေရဲ့။
(ဆရာ မောင်ချောနွယ်၏ မစဉ်းစားခြင်းသဘော
ကဗျာကိုဖတ်ပြီး ဂုဏ်ပြုရေးဖွဲ့ပါသည်။)

ထက်ဦးလူ (မူဆယ်)

www.burmeseclassic.com

www.burmeseclassic.com



# ရောပေါ့



+ ငါရောပေါ့
သင်ရောပေါ့
အားလုံးပဲဆိုပါတော့။
+ ပေါ့ပေါ့စား၊ ပေါ့ပေါ့နေ
တို့တစ်တွေအားလုံးရဲ့ အနာဂတ်အတွက်
လေးမြတ်တဲ့ အသိမှန်တန်ဖိုး
နောက်ထပ် အလေးမတိုးကြမယ်ဆိုရင်တော့.....
+ (အင်း.....)
သင်ရောပေါ့၊ ငါရောပေါ့
ပေါ့ရာက ဖျော့
(ငါတို့)ရင်ကော့ဖို့ ခက်ကြပြီ။ ။

နေရဲချို


www.burmeseclassic.com

www.burmeseclassic.com



# ဖောက်ပြန်လူစား

* ဆင်းရဲတော့ အပြစ်တင်
ချမ်းသာရင် ဘဝမေ့
လူ့ဓလေ့ မမှန်ကန်။
* အထက်ရောက် အပေါ်မော့
မခေါ်တော့ မဆက်ဆံ
ဖက်မတန် မာန်မာနထောင်လွှား။
* မမျှတစိတ်
အတ္တာထိပ်တင်
စိတ်ကြီးဝင် သွေးနားထင်ရောက်
ဖောက်ပြန်တဲ့လူစား။ ။



သိန်းနိုင်ဦး (ပဲခူး)

www.burmeseclassic.com

www.burmeseclassic.com



# Cartoon




www.burmeseclassic.com

www.burmeseclassic.com



# Cartoon




www.burmeseclassic.com

www.burmeseclassic.com



# Cartoon




www.burmeseclassic.com

www.burmeseclassic.com



# Cartoon




www.burmeseclassic.com

www.burmeseclassic.com



# Cartoon




www.burmeseclassic.com

www.burmeseclassic.com



# Cartoon




www.burmeseclassic.com

www.burmeseclassic.com



# Cartoon




www.burmeseclassic.com

www.burmeseclassic.com



# Cartoon




အောင်ချမ်းမြေ့
(မင်းဘူး)

www.burmeseclassic.com

www.burmeseclassic.com



ညွန့်ဟုံ (ကြူတော)

# လိုအပ်ရင် ဘရိတ်သုံးမယ်ဟုဆိုရာတွင်



အင်္ဂလိပ်ဝေါဟာရ မွေးစားစကားလုံးများ မြန်မာမှု ယ်အတွင်း သက်ဆင်းလာသည်က အတော်ပင် ယ်ဝလာသည်ဟု ဆိုချင်ပါသည်။ ယဉ်ပါးမှုလည်းရှိ အသုံးတွင်ကာ မြန်မာ့စကားပင် ဖြစ်နေသလို သုံး င်ကျယ်သဖြင့် နားလည်နိုင်စွမ်းရှိသည်။ ပညာ သည်ဖြစ်စေ၊ မတတ်သည်ဖြစ်စေ အလွှာပေါင်းစုံ နားလည်ကြသည်။ လက်ခံကျင့်သုံးကြသည်။ ယ် အနက်သဘောသိသဖြင့် အဆင်ပြေသည်ဟု ဆိုရန်ရှိ၏။ အရေအတွက်လည်း များလာသည်။ ခေတ်သစ်ဝေါဟာရများစွာသည် မြန်မာစကားအတွက် ဘာသာပြန်ဖို့ ခက်ခဲနေခြင်းလည်း ပါဝင်သည်။ မူရင်းဝေါဟာရအတိုင်း မှတ်သားသုံးစွဲနေခြင်းက အဆင်ပြေနေပေသည်။

ယင်းတို့တွင် ဘရိတ်ဟူသော ဝေါဟာရပါဝင်၏။ Brake စကားလုံးကလာ၏။ ဘရိတ်အုပ်သည်၊ ဘရိတ်ဖမ်းသည်၊ ဘရိတ်သုံးသည်၊ ဘရိတ်မမိစသည်ဖြင့်သုံးကြ၏။ ရပ်တန့်စေမှုအတွက် ရည်စူးခြင်း၊ မောင်းနှင်လည်ပတ်နေရာက ရပ်တန့်စေခြင်းဖြစ်သည်။ ဘရိတ်

www.burmeseclassic.com



ပေးလိုက်လျှင် လုပ်လက်စအလုပ် ခေတ္တရပ်တန့်သွားသည်။ လှုပ်ရှားမှုများမရှိ၊ ငြိမ်သက်သွား၏။ အရာရာတွင် ဘရိတ်သည် အတော်ပင် ပဓာနကျစွာ ပါဝင်ပေသည်။ သတိပေးလုပ်ဆောင်ရသည့်သဘောလည်း သက် ဝင်သည်။ ဘရိတ်ပေါက်လျှင်တော့ ကံမကောင်းတော့။

ယခုခေတ်တွင် မော်တော်ကားများ၌ အသုံးအတွင်ဆုံးဖြစ်သည်။ ဘရိတ်ကို နည်းလမ်းမှန်စွာ အသုံးပြုသဖြင့် ဘေးမသီရန်မခဖြစ်ရကြောင်း တွေ့ရသည်။ အချိန်မီ ဆောင်ရွက်ရခြင်းဖြစ်သည်။ အရှိန်လွန်၊ အချိန်နှောင့်နှေး အတွေးမှားပါက နစ်နာစရာ များစွာကြုံရခြင်းလက္ခဏာ ရင်ဆိုင်ရဖို့သာရှိ၏။ ဘတ်စ်ကားစီးခရီးသည်နှင့် ယာဉ်မောင်း၊ နောက်လိုက်များစွာဖြင့် ဘရိတ်ကြောင့် မတော်တဆ အန္တရာယ်ကြုံတွေ့ရသည့်သာဓကထုတ်ပြစရာရှိ၏။ ဘရိတ်ကြောင့် ကောင်းကျိုးဆိုးပြစ်ရှိနိုင်၏။ အကြောင်းမလှပါက မှုခင်းအသွင်ဖြစ်ရပေသည်။

မကြာမီက နေအိမ်မှ မြေနီကုန်းဘက် ခရီးထွက်ဖြစ်သည်။ စာပေကိစ္စကြောင့်ဖြစ်၏။ ဘီအမ်ကားကိုစီး၊ ခြောက်ထပ်ကြီးမှတ်တိုင်တွင် တစ်ဆင့်ပြောင်းရသည်။ အဆင်သင့်သဖြင့် ဟိုင်းလတ်ကားငယ်ဖြင့် လိုက်ပါခွင့်ရခဲ့သည်။ ယာဉ်မောင်းသည် ခရီးတွင်စေဖို့လားမသိ၊ ခပ်ကြမ်းကြမ်းမောင်းနှင်၏။ ရွှေဂုံတိုင် ခုံးကျော်တံတားမရောက်မီတွင် စပယ်ယာက သတိပေး၏။ လိုအပ်ရင် ဘရိတ်သုံးမယ်၊ ကိုင်ထားကြ၊ မီးနီလွတ်အောင်ဖြတ်မောင်းမယ်ဟု ဆိုလေသည်။ ပြောသည့်အတိုင်း အရှိန်မြှင့်၏။ မီးနီနှင့်က သီသီကလေးလွတ်သွားသည်။ အောင်မြင်၏။ မီးနီနှင့်မတွေ့သဖြင့် ဘရိတ်မသုံးဖြစ်။ မကြာမီ မှတ်တိုင်ရောက်၏။ ခရီးသည်အတင်အချပြု
လုပ်ပြီး ခပ်ကြမ်းကြမ်း ခရီးလမ်းမောင်းနှင်တော့သည်။ သူ့ကိုယ်သူ အတော်ပင် ယုံကြည်မှုရှိဟန်တူသည်။ ရှုပ် ထွေးသော ကားများအကြား သည်းထိတ်ရင်ဖို
လိုက်ပါ လာရသည်။ မကြာပါ။ 'ဒိန်း' ဆိုသောအသံ
ကြားရသည်။ ဘရိတ်ရုတ်တရက်အုပ်လိုက်သည်။ အရှိန်ဖြင့်မောင်းနှင်သော ဟိုင်းလတ်ယာဉ်မောင်းသည် တစ်ဖက်မှ လမ်းကြားအတွင်းဝင်မည့် ဆလွန်းကားဦး
ခေါင်းကို ဝင်တိုက်လေတော့သည်။ သူသုံးစွဲသည့်
ဘရိတ်သည် အချိန်နှောင်းလေပြီ။ ယာဉ်တိုက်မှုဖြစ်
သွားသည်။ စာရေးသူသည် တန်းကိုကိုင်ထားသည့်ကြား
က ရုတ်တရက်ကြုံရသည့် အဖြစ်သနစ်ကြောင့် နာကျင်
သွားသည်။ ကားပေါ်မှ ခရီးသည်အားလုံး ဆင်းကြရ
သည်။ ကားဦးခေါင်းတစ်ခုလုံး ရစရာမရှိအောင်
ကြေမွသွားသည်။ ယာဉ်မောင်းမှာ အမျိုးသမီးငယ်ဖြစ်
၏။ လူကိုမထိခိုက်စေသော်လည်း အချေအတင် ပြောရ
တော့သည်။ ပြုသူနှင့် ခံရသူတို့ အကြား အငြင်းပွား၏။
ကျွန်တော်တို့စီးနင်းလာသော ကားပေါ်မှတစ်ဦး နဖူး
ဖူးရောင်သွားသည်။ ရေခဲအုပ် နေသည်ကို တွေ့ရသည်။
အတွေ့အကြုံနည်းဟန်ရှိသော ဆလွန်းကားမှ အမျိုး
သမီးငယ်သည် ပါလာသော ဟန်းဖုန်းဖြင့် တာဝန်ရှိသူ
တို့ကို ဆက်သွယ်နေသည်။ မကြာမီ ယာဉ်ထိန်းရဲများ
ရောက်လာတော့မည်။ မတော်တဆမှုခင်းအတွက်
ဖြေရှင်းကြရတော့မည်။ ငွေကြေးတွေ၊ လူမှုရေးတွေ
အပျက်အစီးကိစ္စတွေ တစ်သီကြီးပင်ဖြစ်၏။ ယာဉ်မောင်း
၏ဘရိတ်သည် ပထမအကြိမ် သတိပေးနိုင်ခဲ့၏။
ဒုတိယအကြိမ်တွင် ကိုယ်တိုင်သတိမထားနိုင်။ လောဘ
တကြီး ဆောင်ရွက်မှုကြောင့် ငွေကုန်သံပြာ၊ အမှုအခင်း

ယခုခေတ်တွင် မော်တော်ကားများ၌ အသုံးအတွင် ဆုံးဖြစ်သည်။
ဘရိတ်ကို နည်းလမ်းမှန်စွာ အသုံးပြုသဖြင့် ဘေးမသီရန်မခဖြစ်ရကြောင်း တွေ့ရသည်။
အချိန်မီ ဆောင်ရွက်ရခြင်းဖြစ်သည်။ အရှိန်လွန်၊ အချိန်နှောင့်နှေး အတွေးမှားပါက
နစ်နာစရာများစွာ ကြုံရခြင်းလက္ခဏာ ရင်ဆိုင်ရဖို့သာရှိ၏

www.burmeseclassic.com

www.burmeseclassic.com



ဖြေရှင်းရန်သာ ကြုံရခြင်းဖြစ်၏။ ဘရိတ် တည်းဟူသော သတိကို သူများကိုလည်းပေး၊ မိမိကိုယ်တိုင်လည်း ကျင့်သုံးရပေမည်။

ဥပဒေသည် ဘရိတ်ဖြစ်၏။ ပြဌာန်းချက်များသည် လုပ်သင့်သည်ကိုလုပ်၍ မလုပ်သင့်သည်ကို ဖယ်ရှားကြရန်ဖြစ်ပေသည်။ အမှုအခင်းနှင့် ဝေးကွာချင်လျှင် ဥပဒေဘောင်အတွင်း နေထိုင်ခြင်းက အသင့်မြတ်ဆုံးဖြစ်ပေသည်။ သို့မှသာ ဘေးကင်းရန်ကွာ စိတ်ချမ်းသာစရာဖြစ်လာပေလိမ့်မည်။

လိုအပ်လျှင် ဘရိတ်သုံးမည်ဟု ဆိုသော်လည်း ဘရိတ်သည် အမြဲလိုအပ်နေပေသည်။ သတိနှင့်ဆိုင်၏။ ရပ်တန့်သင့်သည်ကို ရပ်တန့်ဖို့ ကြိုးစားရပေမည်။ ဥပဒေနှင့်မကင်း၊ မှုခင်းနှင့်ဆက်စပ်မှုတွင် ဆင်ခြင်စရာရှိ၏။ အန္တရာယ်မကြုံစေသင့်။ **ခလုတ်ထိမှ အမိတ**ခြင်းမျိုးက မလိုလားအပ်စရာ ဖြစ်ရပါ၏။ လာမည့်ဘေး အဝေးကရှောင်နိုင်အောင် ဘရိတ်သုံးရပေမည်။ ဘရိတ်မပေါက် မှုဖြစ်၏။ ဘရိတ်သုံးစရာ သတိပေးမှုများက ဥပဒေ၏ အကာအကွယ်ဖြင့် နေရာစုံတွင် ရှိပြီးဖြစ်လေသည်။

နေ့စဉ်နှင့်အမျှ ထုတ်ဝေဖြန့်ချိလျက်ရှိသော မှုခင်းဂျာနယ်၊ မဂ္ဂဇင်းများတွင် ဘရိတ်မသုံးမှုကြောင့် ဖြစ်ရသော အကြောင်းအရာတွေကများ၏။ ယာဉ်တိုက်မှုများစွာသည် အရှိန်မထိန်းနိုင်မှု၊ ဘရိတ်ပေါက်မှု၊ မဆင်မခြင်မောင်းနှင်မှုတို့ကြောင့် ဖြစ်ပွားရသည်ကများ၏။ ခိုး မှု၊ လုယက်မှု၊ ဓားပြမှု၊ အနုကြမ်းစီးမှု၊ လိမ်လည်မှု၊ လူသတ်မှု စသည်များသည်လည်း ဘရိတ်မမိ၊ မသုံးမှုကြောင့် ကြုံရခြင်းဖြစ်၏။ လောဘ၊ ဒေါသ၊ မောဟတို့ကို အချိန်မီထိန်းသိမ်းအုပ်ဆိုင်းရမည့်အစား အတောမသတ်၊ အရှိန်မထိန်း၊ ပွဲကိုင်ခြင်းမပြု လစ်ဟာမှုတွေကြောင့် ရုံးရောက်၊ ဂါတ်ရောက် ဖြစ်ကြရပေသည်။ မှုခင်းနှင့်မကင်းမှန်း သိပါလျက် ဝိပါက်ကြမ္မာငင်ကာ ဝင်တိုးကြသူများလည်းရှိ၏။ အချို့မှုခင်းများသည် ဖောက် ထွင်းမှုအရာများပြားသော ကိန်းဂဏန်းများရပါလျက် မတင်းတိမ်၊ မရောင့်ရဲနိုင်။ နောက်ထပ် အကြိမ်ကြိမ် ကျူးလွန်သဖြင့် ရာဇဝတ်ဘေး ပြေး

**လူ့သဘာဝသည်**
**မကောင်းမှု၌**
**မွေ့လျော်တတ်ခြင်းဖြစ်၏။**
**မွေ့လျော်ခြင်းကင်းလျှင်**
**မှုခင်းနှင့်မကြုံနိုင်။**
**ဒုစရိုက်လုပ်ငန်းသည်**
**မကောင်းမှန်းသိပါလျက်**
**ရပ်တန့်စေမှုကင်းခြင်းက**
**နှောင်တသာ**
**အဖတ်တင်ပေလိမ့်မည်။**
**ချင့်ချိန်ဖွယ်ရာသာဖြစ်၏။**
**အငိုလွယ်ပြီး အရှိုက်မခက်အောင်**
**သတိထားရမည့်**
**အခြေအနေရှိပေသည်။**

www.burmeseclassic.com



မလွတ်ကြ။ လောင်းကစားမှုများတွင်လည်း အန္တရာယ်မကင်းမှန်းသိပါလျက် အကြိမ်ကြိမ် ကျူးလွန်တတ်ကြသည်။ တစ်လုံး၊ နှစ်လုံး၊ သုံးလုံးဟူသော ဘောလုံး၊ နှစ်လုံးထီ၊ သုံးလုံးထီတို့ကို တားဆီးသည့်ကြားက ကျူးလွန်ကြသည်။

ဘရိတ်ကို အချိန်မီအုပ်ဖို့ သတိပေးသည့်ကြားက သက်သေအထောက်အထားတွေနှင့် ဖမ်းမိကာ ထောင်နန်းစံကြရသည်။ အရင်းခံ လောဘ၊ ဒေါသ၊ မောဟ၊ အတ္တ၊ မာန်မာနကြောင့် ကြုံကြရသည့် ပြစ်မှုနှင့် ပြစ်ဒဏ် သင့်မြတ်စွာ ခံစားကြရသည်။

ဗုဒ္ဓစာပေလာ ပါဠိစကားထဲက **"ပါပသို့ ရမတိ မနော"**ဆိုသည့် သဘောရှိ၏။ လူ့သဘာဝသည် မကောင်းမှု၌ မွေ့လျော်တတ်ခြင်းဖြစ်၏။ မွေ့လျော်ခြင်းကင်းလျှင် မှုခင်းနှင့်မကြုံနိုင်။ ဒုစရိုက်လုပ်ငန်းသည် မကောင်းမှန်းသိပါလျက် ရပ်တန့်စေမှုကင်းခြင်းက နောင်တသာ အဖတ်တင်ပေလိမ့်မည်။ ချင့်ချိန်ဖွယ်ရာသာဖြစ်၏။ အငိုလွယ်ပြီး အရှိက်မခက်အောင် သတိထားရမည့်အခြေအနေရှိပေသည်။

စာရေးသူသည် ဒေါက်တာအုန်းမောင် (မိုးကုတ်)၏ 'အဖြူပေါ်မှ အမည်းစက်များ'ဆိုသည့်စာအုပ်ကို တည်းဖြတ်ခဲ့ဖူး၏။ မူးယစ်ဆေးဝါးကြောင့် ဖြစ်ရသော မှုခင်းများအကြောင်းဖြစ်၏။ အစရှိ အနောင်နောင်ဆို သလို စမ်းသပ်ကြရာမှ စွဲလမ်းကာ လူလုံးမလှ ဘဝတုံး ရမှုများဖြစ်၏။ သယ်ယူရောင်းဝယ်သူများ ဘရိတ်မသုံး ကြသဖြင့် ပြစ်ဒဏ်ခံရသည့် အကြောင်းအရာများဖြစ်၏

ဘရိတ်သည် အမြဲလိုအပ်၏။ အချိန်မရွေး ထုတ်သုံးရသည်။ အထူးသဖြင့် မှုခင်းဖြစ်ပွားမည့်အန္တရာယ် ကာကွယ်ရေးဖြစ်၏။ ပညာပေးသတင်းဆောင်းပါး ဝတ္ထု တွေက ညွှန်ပြ၍မဆုံး။ နိဂုံးမချုပ်နိုင်။ မလိုလားအပ် သည်များကို အလုပ်ပိုလုပ်ကြရသည်။ မှုခင်းကြိုတင် ကာကွယ်ရေးနှင့် ကျဆင်းရေးတွင် သတိနှင့်ဘရိတ် အချိတ်အဆက်ညီညီ ကျင့်သုံးကာမှ တန်ကာကျပေမည် ဟု ဆိုပါရစေ။ ။

ညွှန့်ဟံ (ကြူတော


# အကြောဝေဒနာရှင်များဝမ်းမြောက်ဖွယ်

နှစ်ပေါင်း(၇၀)မှယနေ့ထိတိုင်အကြောဝိဇ္ဇာ **ဆရာကြီးဆရာလှ** အကြောပြုပြင်ရာဌာနမှ-

ဆရာကြီး၏သား **ဆရာဦးရဲဝင်း**

ကိုယ်တိုင်အောက်ပါအကြောရောဂါများကို တာဝန်ယူ ကုသပေးနေပါသည်။

ခါးနာ ၊ ခါးကိုက် ၊ ဒူးနာ ၊ အကြောသေ ၊ အကြောတက် ၊ ထုံနာ ၊ကျွင်နာ ၊

ခြေသေလက်ကစ် ၊ လေငန်းရောဂါ ၊ အာရုံကြောနှင့်သက်ဆိုင်သောရောဂါများကိုအချိန်တိုတိုဖြင့်

ထိရောက်စွာ ကုသပေးနေပါသည်။ အခြားအကြောနှင့်သက်ဆိုင်သော ဝေဒနာများကိုလည်းကုသပေးနေသည်။

**ဆေးခန်းဖွင့်နေရာ**

၇/၁၂၀၊ မိုလ်ချုပ်လမ်း၊ဝေဘာဂီမြို့သစ်၊မြောက်ဥက္ကလာပမြို့နယ်၊ရန်ကုန်မြို့။

အမှတ် (၄၃) ဘေမာသိကားစီး၍ဝေဘာဂီမှတ်တိုင်တွင်ဆင်းပါ။

ဖုန်း - ၀၉ ၇၃၁၀၀၂၅၁

ဆေးခန်းဖွင့်ချိန်။ ။ နံနက်(၉)နာရီမှ ညနေ (၅)နာရီအထိ၊ (စနေ နေ့တိုင်း ဆေးခန်းပိတ်သည်)

အကြောဝိဇ္ဇာဆရာကြီးဆရာလှအကြောလိမ်းဆေးကြီး

ဤဆေးခန်းတွင် ရနိုင်ပါသည်။


www.burmeseclassic.com

www.burmeseclassic.com





# မထင်မှတ်သည့် အန္တရာယ်

အိမ့် (ရှပဗေဒ)

ဂျာနယ်တိုက်တွင် မိသူအလုပ်ဝင်သည်မှာ သုံးလကျော်ရှိနေပြီ ဖြစ်သည်။ တစ်ပတ်တစ်ခါ ဂျာနယ် ထွက်ရှိရန် အားလုံးက ကြိုးပမ်းအလုပ်လုပ်နေကြရ၏။ ထို့ကြောင့်လည်း မိသူတို့ဂျာနယ်မှာ အထိုက်အလျောက် နာမည်ရလာပြီဖြစ်သည်။

မိသူတို့ဂျာနယ်တိုက်က အပေါ်ထပ်အောက်ထပ်ရှိ၏။ အပေါ်သို့ ဘေးလှေကားမှ တက်ကြရသည်။ အပေါ်ထပ်တွင် Sponser ထိုင်၏။ ကွန်ပျူတာရိုက်သည့်သူများနှင့် ဒီဇိုင်းဆင်သည့်သူများရှိကြသည်။ သတင်းထောက်များက သူတို့ရလာသောသတင်းများကို ရေးကြသည့်နေရာလည်းဖြစ်၏။ အောက်ထပ်တွင် Email ပို့ရန်နှင့် Internet ကို ချိတ်ဆက်ထားသည်။ ပြီးနောက် အယ်ဒီတာချုပ်နှင့် အယ်ဒီတာများ ထိုင်ကြသည်။ ဖြန့်ချိရေးအတွက် နေရာတစ်ခုလည်းဖြစ်၏။

မိသူက သတင်းထောက်တစ်ယောက်ဖြစ်ရာ အပေါ်ထပ်တွင် သတင်းရေးပြီး လိုအပ်သောသတင်းများကို ရှာဖွေရန် အောက်ထပ်ရှိ အင်တာနက်တွင် ဆင်း၍ရှာဖွေရသည်။ သို့မှသာ ကိုယ့်သတင်းက ဂျာနယ်တွင် များများပါလာပြီး နာမည်ရမည်ဖြစ်၏။

"မိသူရေ အစ်မတို့နှစ်ယောက် အပြင်ထွက်တော့မလို့"

အယ်ဒီတာက မိသူအား အောက်ထပ်တွင် အဖော်မရှိသည့်အတွက် နေစေလိုပေ။ သို့ပေမယ့် တိုက်ရိုက်လည်း ပြောမထွက်ပြန်ပေ။

"ရတယ် အစ်မ၊ မိသူကို သော့ပေးခဲ့ပါ၊ လိုချင်တဲ့သတင်းရပြီးရင် ပြီးပြီ ခဏနေ အပေါ်တက်တော့မှာပါ"

"အယ်ဒီတာချုပ်က အပေါ်မှာ ဒီဇိုင်းလုပ်နေတာကို ကြီးကြပ်နေတာမဟုတ်လား၊ တော်တော်နဲ့ဆင်းလာမှာမဟုတ်ဘူး"

"မိသူ နေရဲပါတယ် အစ်မ ရာ"

"ဖြန့်ချိရေးတွေလည်း အပြင်ရောက်နေကြတာ မိသူ၊ ပြန်မလာကြသေးဘူး"

"စိတ်အေးအေးသာထားပြီး သွားပါ အစ်မရာ၊ အပေါ်မှာ သတင်းရေးသူတွေရှိတုန်း မိသူ အောက် ဆင်းလာတာပါ"

အယ်ဒီတာများလည်း ဂျာနယ်ကိစ္စရှိသည့်အတွက် ခေါင်းမာသည့် မိသူကိုထားခဲ့ပြီးနောက် ထွက်သွားကြတော့၏။

◆ ◆ ◆

"အခုမှ အေးအေးဆေးဆေး၊ လွတ်လွတ်လပ်လပ် အလုပ်လုပ်ရ တော့မယ်"

မိသူသည် တက်လာသည့်သတင်းများအား ကူးယူလိုက်၊ ကြည့်လိုက်နှင့် ရှာဖွေနေတော့၏။ အာရုံစိုက်ပါများလာသည့်နောက် ပတ်ဝန်းကျင်ကို မေ့လျော့သွားမိသည်။ မည်မျှကြာသွားသည် မသိ။ သူ့အနီးသို့ လူရိပ်များရောက်လာသည့်အတွက် မော့ကြည့်လိုက်သည်နှင့်.....

"ငြိမ်ငြိမ်လေးနေနော်၊ မအော် နဲ့ သတ်ပစ်လိုက်မယ်"

လူနှစ်ယောက်က မိသူအား အနောက်ခန်းသို့ဝင်ခိုင်းပြီး ကြိုးဖြင့် တုပ်နှောင်လိုက်ကြသည်။ အကူအညီတောင်းချိန်ပင် မရလိုက်ပေ။ ကိုယ်ပေါ်ရှိ ရွှေထည်ပစ္စည်းများအား ချွတ်ခိုင်းသည့် အပြင် ပါးစပ်ကိုလည်း မအော်နိုင်ရန် တိပ်ဖြင့်ပိတ်လိုက်သေး၏။ ပြီးနောက် ရေချိုးခန်းထဲသို့ ဝင်ခိုင်းပြီး အပြင်မှ ချက်ချထား လိုက်ကြသည်။ အပြင်တွင် မည် သည့်ပစ္စည်းများ ယူဆောင်သွားကြမည်မသိပါ။ မိသူ၏ နှစ်သိန်းတန် ဟန်းဖုန်းလည်း ယူသွားမည်ကို သိနေ၏။

မိသူစိတ်ထဲတွင် နှမြောလိုက်သည်မှာ မပြောပါနှင့်တော့။ ကိုယ့်လုပ်အားခလေးနှင့် စုဝယ်ထားသည့်အတွက် ပို၍စိတ်မကောင်းဖြစ်နေရသည်။ မိသူ ကံကောင်းခဲ့သည်က သူမအား ပစ္စည်းယူ၍ လူကို ဒုက္ခပေးမသွားခဲ့ခြင်းပါ။ သို့ပေမယ့် သူမကြောင့် ဒုစရိုက်သမားများက အောက်ထပ်တွင် မွှေနှောက်သွားမည်ကိုတော့ သိနေပြီး နောင်တရသွားမိသည်။

"ဩော်.....ဒါကြောင့်လည်း အယ်ဒီတာအစ်မက ငါ့ကို တစ်ယောက်တည်း မနေစေချင်တာကိုး။ ငါမှ မတွေးမိတာဘဲလေ၊ ကိုယ့်အလုပ်ပြီးဖို့အတွက် အန္တရာယ်ကို မစဉ်းစားမိဘူး၊ ငါ့အဖြစ်က ခလုတ်ထိမှ အမိတမိတဲ့ အဖြစ်ပါလား"

မိသူ၏စိတ်ထဲမှ နောင်တ စကားများ ပြောနေမိတော့သည်။ မထင်မှတ်သည့် အန္တရာယ်အတွက် မိသူကိုယ်တိုင် ကြောက်လန့်စိတ်ဖြင့် သင်ခန်းစာရသွားတော့၏။

အိမ့် (ရှပဗေဒ)

www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

မခင်မှုလည်း ထမင်းစားရန် ခူးခပ်နေရာမှ အပြေးအလွှား ထွက်လာရတော့၏။ စိတ်ထဲတွင် ထင့်ခနဲဖြစ်သွားရပြီး သွေးများပင်တိုးလာသလို ခံစားနေရသည်။ အိမ်ရှေ့ခန်းတွင် ညီမဖြစ်သူ မခင်မော်က ထုံးစံအတိုင်းပင် ငိုကြီးချက်မဖြင့် ဆီးတိုင်တော့သည်။

"မမှု.....ခင်မော့်ကို ကြည့်ပါဦးရှင်၊ ဟိုအယုတ်တမာ ရိုက်နှက်ထားတာလေ"

မခင်မော်က ခန္ဓာကိုယ်နှင့်မျက်နှာပေါ်မှ ဒဏ်ရာများကို ပြတော့၏။ မျက်နှာပေါ်ရှိ ထိုးနှက်ထားသော လက်သီးဒဏ်ရာများကြောင့် ပါးနှင့်နှုတ်ခမ်းတွင် ဖူးရောင်နေသည်။

"ဟယ်.....လူမဆန်လိုက်တာနော်။ ကိုယ့်မယားကို ဒီလိုပဲလုပ်ရသလား၊ ဒီကောင် လူဝါးဝလွန်းတယ်၊ မပေါင်းနဲ့တော့၊ ညည်းလင်ကို ကွာလိုက် ခင်မော်"

"ကွာတော့မယ် မမှု၊ ခင်မော် ဆက်ပြီးမခံစားနိုင်တော့ဘူး၊ အချိန်တိုင်းနှိပ်စက်နေတာ၊ ဒီကျောကိုလည်း ကြည့်ပါဦး"

မခင်မော်က အင်္ကျီကိုအသာ မ,ပြီး ကျောကုန်းသို့လှန်ပြလိုက်ရာ ကလေးတစ်ဦးနယ် ကြိမ်လုံးဖြင့်ရိုက်နှက်ထားသည့်ဒဏ်ရာက သက်သေကျန်ရှိနေ၏။

"ဟဲ့ .....ဒီလောက်အရိုက်အနှက်ခံရလောက်အောင် ညည်းမှာ လက်မပါတော့ဘူးလား ခင်မော်၊ ပြန်လုပ်ပါလား၊ မနိုင် နိုင်ရာကိုကိုင် ပေါ့"

"ပြန်ပြောလို့ မျက်နှာကို ဆွဲထိုးခံရတာပေါ့ မမှုရယ်၊ အီး..ဟီး.. ဟီး၊ ခင်မော့်အဖြစ်ကို ကယ်ပါဦး၊ ဒီတစ်ခါ တော်တော်စိတ်နာတာပါ၊ အရက်သမား၊ ဖဲသမားရဲ့ နှိပ်စက်မှုကို ခံရတာပါရှင်"

"အဲဒါကြောင့် အစက ညည်းကိုပြောတာပေါ့၊ ဒီကောင့်ကိုမယူပါနဲ့ဆိုတာ အစ်မစကားကိုနားမထောင်ဘူး၊ ငါ့မှာ မိဘတွေမရှိကြတော့ မိဘနေရာကနေပြီး ညည်းတို့ကို ဆုံးမတယ်၊ မရဘူး၊ ညီညီလည်း ဒီအတိုင်းပဲ၊ မိန်းမလည်၊ လူလည်တွေကို ယူလိုက်လို့ ညည်းတို့မှာ ကိုယ့်ပစ္စည်းနဲ့ကိုယ် အနှိပ်စက်ခံနေကြရတာ၊ ဘယ်မလဲ သူတို့ရှာတဲ့ ဥစ္စာပစ္စည်း၊ ညည်းတို့တွေကို နိုင်းစားပြီး သူတို့က ဖိမ်နဲ့နေနေကြရတာ၊ မြင်ရတာ စိတ်မချမ်းသာဘူး အေ"

မခင်မှုလည်း ပြောသင့်ပြောထိုက်သည်ကိုပြောလိုက်တော့သည်။

"သမီး စန္ဒာရေ သမီးဒေါ်လေးကို ဆေးလိမ်းပေးလိုက်ပါဦးကွယ်"

"နေဦး အမေ၊ ဒေါ်လေးရဲ့ ဒဏ်ရာတွေကို ဓာတ်ပုံရိုက်ထားရမယ်၊ ဒါမှ အမှုဖွင့်ရင် သက်သေပြလို့ရတာပေါ့"

"အမယ်.....ငါ့သမီးက မဆိုးဘူး၊ မေမေတောင် မေ့နေတယ်၊ ဒါ ပေမဲ့ သမီးဒေါ်လေးကို မေးကြည့်ပါဦးကွယ်၊ ဒီကောင်နဲ့ ပြတ်နိုင်လို့လားလို့"

မခင်မော်က အံကိုတင်းတင်း ကြိတ်၍.....

■

မခင်မှုတို့မိသားစုတွင် ခင်ပွန်းဖြစ်သူ ကိုကြည်နှင့် သမီးဖြစ်သူ စန္ဒာဟူသော မိသားစုသုံးဦးသာရှိကြသည်။ ကိုကြည်က အေးဂျင့်တစ်ခုတွင် အလုပ်လုပ်ရာ အိမ်၌ မခင်မှုတို့သားအမိသာ ရှိတတ်၏။ စန္ဒာကလည်း တက္ကသိုလ်ကျောင်းပြီးသည်နှင့် အိမ်ရှေ့တွင် ကွန်ပျူတာနှင့် မိတ္တူကူးဆိုင်လေး ဖွင့်ထား၏။ သည်တော့ မခင်မှုတို့မိသားစုက ရပ်ကွက်ထဲတွင် အဆင်ပြေ၊ စီးပွားရေး ကောင်းစွာဖြင့် ရိုးသားစွာ ရှာဖွေစားသောက် နေထိုင်ကြရသည်။

"မေမေရေ....ဒေါ်လေးရောက်နေတယ်၊ တငိုငိုတရယ်ရယ်နဲ့ ထွက်လာပါဦး"

www.burmeseclassic.com

www.burmeseclassic.com



**မိဘအမွေကို ခွဲယူစဉ်က အိမ်တစ်လုံးစီ ဝယ်ထားလိုက်ကြ၏။ မခင်မူက အစ်မကြီးပီပီ အိမ်နှင့်မြေ ပိုင်ဆိုင်မှုစာရွက်စာတမ်းအားလုံးကို ပေးအပ် ထားကြ၏။ ဤသည်မှာလည်း သူတို့ဆန္ဒကြောင့်သာ မခင်မူကလက်ခံပေးထားခြင်းဖြစ်သည်။**

"သေတဲ့အထိပြတ်တယ် မမူ၊ ခင်မော် ဆက်မမိုက်နိုင်တော့ဘူး၊ နောက်လင်ယူရင်တောင် သူ့ထက်သာတာ ရနိုင်သေးတယ်၊ ကလေးတစ်ယောက်နဲ့ ခင်မော် လုပ်ကိုင်စားနိုင်တယ်"

"ဒါဆိုလည်း ပြီးရော၊ ငါကတော့ ညည်းကိစ္စကို သက်ဆိုင်ရာတွေ လိုက်တိုင်ပေးမယ်၊ ညည်းသာ စိတ်ပြောင်းမသွားနဲ့၊ ဟိုကောင်က ညည်းအိမ်ပေါ်မှာနေတာ၊ ထားလိုက်တော့၊ ပြန်မသွားနဲ့၊ ငါ့အရိပ်မှာပဲ နေတော့"

"တော်ကြာ အိမ်ကိုရောင်းသွားရင် ဘယ်လိုလုပ်မလဲ မမူ"

"ဟဲ့.....အဲဒီအိမ်က ညည်းနာမည်နဲ့ ဝယ်ထားတာလေ၊ ဒီကောင် ဘာလုပ်လို့ရမှာလဲ၊ အထောက်အထားနဲ့ စာရွက်စာတမ်းတွေကို ငါ့ကိုပေးထားလို့ ကံကောင်းသွားတယ် မှတ်"

မိဘအမွေကို ခွဲယူစဉ်က အိမ်တစ်လုံးစီဝယ်ထားလိုက်ကြ၏။ မခင်မူက အစ်မကြီးပီပီ အိမ်နှင့်မြေပိုင်ဆိုင်မှု စာရွက်စာတမ်းအားလုံးကို ပေးအပ်ထားကြ၏။ ဤသည်မှာလည်း သူတို့ဆန္ဒကြောင့်သာ မခင်မူကလက်ခံပေးထားခြင်းဖြစ်သည်။

"ဟုတ်တယ် မမူ၊ အခုလည်း သူ့မှာငွေလိုလို့ အိမ်ကိုပေါင်ဖို့အတွက် မမူဆီက အိမ်ဂရန်ကို တောင်းခိုင်းလိုက်တာပဲ"

"အောင်မာ....ရာရာစစ၊ မိဘရဲ့အမွေကို တောင်းနေသေးတယ်၊ ညည်းရဲ့လက်ဝတ်လက်စားတွေကိုလည်း ဖြုန်းပစ်လိုက်ပြီးပြီ၊ အခု ဒီအိမ်လေးပဲရှိတော့တာ၊ ပေးဖို့စိတ်မကူးနဲ့"

"မပေးပါဘူး မမူရယ်၊ မပေးလို့လည်း အခုလိုနှိပ်စက်တာ ခံလိုက်တာပေါ့၊ မိဘအမွေက သူလိုအရက်သမားအတွက် မဟုတ်ပါဘူး၊ ခင်မော် နားလည်ပါတယ်"

"အေး...နားလည်ဖို့လည်း လိုတယ် ခင်မော်၊ ညည်းတူမကိုကြည့်၊ အခုထိ အိမ်ထောင်မပြုချင်တာ ညည်းကြောင့်ပဲ၊ သူ့မှာ အဒေါ်အတွက် စိတ်ပူရ၊ အဒေါ်ကမွေးတဲ့ မောင်လေးအတွက် ပူပန်ရနဲ့ ငါ့သမီး လည်း အသွားအိုလေးဖြစ်နေပြီ၊ သူ မှာ သူရှာတာမသုံးရရှာဘူး၊ ညည်း ကလေးအတွက် ဝယ်ခြမ်းပေးနေ တာ"

မခင်မော်လည်း မျက်နှာငယ် လေးနှင့် တရှုပ်ရှုပ်ငိုနေတော့သည် သူမဘေးမှ သုံးနှစ်အရွယ် ကလေး ငယ်လေးက ကြောက်လန့်သော မျက်ဝန်းလေးများဖြင့် ကြည့်နေရှ ၏။

"လာ....မောင်လေး၊ မမ မုန့် ဝယ်ကျွေးမယ်နော်"

စန္ဒာက ခါတ်ပုံရိုက်ပြီးသည် နှင့် ကလေးငယ်ကို ခေါ်သွားတော့ သည်။

♠ ♠ ♠

"မင်းညီမက တကယ်ပြတ်နိုင် လို့လားကွာ"

"အခုတော့ တကယ်နာနေပြီ လေ၊ ငမူးက အိမ်ပေါင်ဖို့ ဂရန် တောင်းတာတဲ့၊ မရတော့ သူ့ကို

www.burmeseclassic.com



နှိပ်စက်တယ်လေ''

''ကွာရှင်းမယ်ဆိုရင်တော့ သက်ဆိုင်ရာကို တိုင်ပေါ့ကွာ''

''အကုန်လိုက်တိုင်ပြီးပြီ၊ ဥပဒေအရလည်း နားလည်သူတွေနဲ့ မေးပြီးပြီ၊ ရုံးကနေ ဟိုကောင့်ကို ဆင့်ခေါ်စာပို့မယ်တဲ့၊ ဓာတ်ပုံတွေရော၊ သက်သေအထောက်အထားတွေနဲ့ တိုင်ထားတယ်၊ ဒီတစ်ခါတော့ ဥပဒေနဲ့ကို ကွာရှင်းမှရတော့မှာ ကိုကြည်ရဲ့''

ကိုကြည်က အလုပ်ကိစ္စဖြင့် ခရီးထွက်သွားသည့်အတွက် ပြန်လာသည့်အချိန်တွင် ပြောပြရတော့၏။ ကိုကြည်လည်း ခယ်မဖြစ်သူအတွက် စိတ်ညစ်နေရသည်။ ခင်မော်ကို လက်ခံထားပြန်လျှင်လည်း သိန်းထူးက ရန်လုပ်ပေဦးမည်။ သူတို့ကိစ္စနှင့် ကိုကြည်ပါ ရန်မုန်းပွားရပါမည်။

''ခက်တာက ခင်မော့်ကို ရိုက်နှက်နေတာကိုတွေ့တဲ့ ပတ်ဝန်းကျင်ကလည်း သက်သေလိုက်ဖို့ကြောက်နေကြတယ်လေ၊ ဟိုကောင့်ရန်ကို ကြောက်ကြလို့တဲ့''

''အဲဒါဆို ခင်မော့်အမှုက တိုင်ပတ်ဦးမှာ မိန်းမရဲ့၊ သက်သေကို ရအောင်စည်းရုံးမှဖြစ်မယ်''

''မနေ့ကတောင် ကလေးအဝတ်အစားတွေ သူ့အိမ်မှာပြန်ယူတာ မောင်းထုတ်ခံရသေးတယ်၊ ဒီအိမ်က သူ့အိမ်တဲ့၊ အိမ်ပေါ်မတက်နဲ့လို့ပြောပြီး နှင်ထုတ်တယ်တဲ့''

''အဲဒါပဲကွာ၊ မင်းညီမ လင်ယူမှားတာနဲ့ ငါတို့မိသားစုပါ စိတ်ညစ်ရတာပဲ၊ အင်း.....မိန်းမတွေကလည်း ဒီလိုရက်စက်တဲ့ လင်မျိုးမှ ချစ်ကြတာထင်ပါရဲ့ဗျာ''

ကိုကြည်က အကွက်ရသည်နှင့် မခင်မူကို စကားနာထိုးတော့သည်။ ကိုကြည်က ရိုးသားသည်။ လောဘမရှိ။ အလုပ်တွင် ကြိုးစားသည်။ အရက်၊ ဆေးလိပ်၊ မိန်းမကင်း၏။ သို့သော် ကွမ်းယာတော့စားတတ်၏။ မခင်မူက သဘောကောင်းသောလင်သားအကြောင်းသိသဖြင့် အေးဆေးနေတတ်၏။ အိမ်ထောင်ရေးတွင် အနေအထိုင်၊ အပြောအဆိုကအစ ဆင်ခြင်၏။ ပြီးနောက်တွင် သမီးမိန်းကလေးမွေးထား၍ အတုခိုးမည်ကိုလည်း စိုးရိမ်နေတတ်၏။

''ရင်ထဲကအချစ်က ခိုင်မြဲတတ်တယ် ကိုကြည်ရဲ့၊ တချို့က လျှာဖျားပေါ်မှာ ချစ်တယ်ပြောပြီး ကွယ်ရာမှာ ဖောက်ပြန်နေကြတာတွေ တစ်ပုံကြီးရှင့်''

''ဟုတ်ပါပြီ မိန်းမရာ၊ ကိုယ်လည်း ဇနီးကောင်းကိုရထားတာပါပဲဗျာ''

မခင်မူတို့မောင်နှမတွင် အိမ်ထောင်ဖက်များက မချမ်းသာကြပေ။ သူတို့ကို မှီခိုပြီး နေရသူချည်းပင်။ မခင်မူတစ်ယောက်တည်းသာ လင်ကံကောင်းသည်ဟု ဆိုရပေမည်။ ကိုကြည်က အသင့်အတင့် ပစ္စည်းဥစ္စာရှိ၏။ အမွေဆိုင်အိမ်ကို မောင်နှမများက ခွဲဝေမယူရသေးပေ။

မခင်မော်ခင်ပွန်း သိန်းထူးက လူရည်လည်၊ ပွဲစားတစ်ယောက်ဖြစ်၏။ ညီမဖြစ်သူနှင့် သဘောမတူရခြင်းမှာ သိန်းထူးတွင် လက်ရှိမိန်းမနှင့် ကလေးတစ်ယောက်ရှိ၏။ မခင်မော်က လုံးကြီးပေါက်လှနှင့် ရုပ်ရည်ရှိ၏။ သိန်းထူးက မခင်မော် တွင် မိဘအမွေအနှစ်ရှိမှန်းသိ၍ ငွေမက်ပြီး မခင်မော်အား အရယူခဲ့သည်။ မခင်မော်ကိုယ်တိုင်လည်း သိန်းထူး၏ပရိယာယ်တွင် နစ်မျောပြီး မီးရောင်ကို ရွှေတောင်ထင်မှတ်မိသူပါ။ ယူပြီးမှ မိန်းမရှိမှန်း သိခဲ့ရ၏။

''အခုအချိန်မှတော့ ခင်မော်နောက်မဆုတ်တော့ဘူး မမူ၊ ခင်မော့်မှာ ကိုယ်ဝန်ရှိနေပြီ''

''အချစ်ကြောင့် နှင့်ဘဝ သေဆုံးသွားရတာပဲ ခင်မော်၊ ဒီကလေးကို မမွေးရင်ရတာပဲ၊ ငါက မစာနာလို့ပြောတာမဟုတ်ဘူး၊ သိန်းထူးမှာ မိန်းမနဲ့အေ့၊ ကွာရှင်းထားတာလည်း မဟုတ်ဘူး၊ ညည်းကိုယ်တိုင်က မိုက်တာပါအေ၊ အချစ်မှာ မျက်စိမရှိဘူးဆိုတာ သိပ်မှန်တာပဲ''

''ခင်မော် သူ့ကိုပြောထားပါတယ်၊ သူ့မယားကြီးကို ကွာလိုက်ပါလို့၊ သူကလည်း ကွာရှင်းပါ့မယ်တဲ့''

''ညည်းပြောတော့ သိပ်လွယ်တယ်နော်၊ အေးလေ စောင့်ကြည့်ရသေးတာပေါ့''

သိန်းထူးက ကွာရှင်းသော်လည်း မယားကြီးကို သိန်း ၂၀ ပေးလိုက်ရ၏။ ထိုငွေမှာလည်း မခင်မော်၏ငွေကြေးများဖြစ်နေသည်။ သိပ်မကြာချေ။ မခင်မော်ကိုယ်ဝန်နေ့စေ့လစေ့ကြီးတွင် သိန်းထူး ကွာရှင်းထားသောမိန်းမနှင့် ပြန်

www.burmeseclassic.com

www.burmeseclassic.com



ပေါင်းနေမှန်း မခင်မော်သိသွားရ၏။

"ခင်မော်တို့က နှစ်ယောက်ပေါင်းတာကို လက်မခံဘူးနော် ကိုသိန်းထူး၊ သူ့အတွက် လျော်ကြေးငွေ ပေးပြီးပြီ၊ ရှင်က သွားမပတ်သက်နဲ့တော့"

"သူ့ဆီသွားတာမှ မဟုတ်တာကွာ၊ ငါ့ကလေးဆီသွားတာပဲ၊ ကလေးက သွေးလွန်တုပ်ကွေးဖြစ်လို့ ဆေးရုံတက်နေရတယ်ကွ"

"ဒီမှာ ကိုသိန်းထူး၊ ခင်မော်ဟာ ရှင်လှည့်စားခဲ့တဲ့ ဟိုတုန်းက ခင်မော် မဟုတ်တော့ဘူးနော်၊ ရှင့်ကလေးတွေ ဘာမှမဖြစ်ဘူး၊ အိမ်ရှေ့မှာ ဆော့နေကြတာ ကျွန်မမျက်လုံးနဲ့ မြင်ခဲ့တာ၊ လာလိမ့်မနေနဲ့"

မခင်မော်ထံမှ အမှန်တရားများကြောင့် သိန်းထူးလည်း အနည်းငယ်တွေဝေသွားပြီး အံ့ဩသွား၏။

"ရှင်ရတဲ့ ပွဲစားခငွေလည်း ရှင့်မယားဆီ ရောက်တာပဲမဟုတ်လား၊ ခင်မော့်ဆီက လိမ်ညာယူပေးလိုက်ရုံနဲ့တင် အားမရဘူး၊ စရိတ်ထောက်လို့ မပြီးနိုင်ဘူးလား၊ တော်တော်ချစ်ကြတယ်ပေါ့လေ"

မခင်မော်လည်း မခံနိုင်သည့်အဆုံးတွင် ဒေါသက ပေါက်ကွဲတော့၏။ ရခါစက မခင်မော်အပေါ်လိုက်လျောသလောက် တဖြည်းဖြည်းနှင့် သိန်းထူးက ဇာတိပြလာ၏။ သူ့ဘက်က ပိုင်ဆိုင်သွားသည့်နောက်တွင် မခင်မော်အား စိတ်နှင့်နှိပ်စက်တော့သည်။ တစ်စထက်တစ်စ ရိုက်မောင်းပုတ်မောင်းလုပ်လာသည်အထိ မခင်မော်မှာသိန်းထူး၏ရက်စက်ခြင်း



**ရခါစက မခင်မော်အပေါ် လိုက်လျောသလောက် တဖြည်းဖြည်းနှင့် ဇာတိပြလာ၏။ သူ့ဘက်က ပိုင်ဆိုင်သွားသည့်နောက်တွင် မခင်မော်အား စိတ်နှင့်နှိပ်စက်တော့သည်။ တစ်စထက်တစ်စ ရိုက်မောင်းပုတ်မောင်း လုပ်လာသည်အထိ**

အား ကျိတ်ခံစားနေရ၏။

ထိုအကြောင်းများကို အစ်မ မသိစေရန် မခင်မော်က လျှို့ဝှက်ထားသော်လည်း မခံနိုင်သော ပတ်ဝန်းကျင်တချို့က မခင်မူ ကြားသိရန် သတင်းပို့လိုက်၏။

"အောင်မယ်လေးတော်.....ဒီကောင့်ကို ညည်းက ဘာမက်ပြီး ပေါင်းနေတာလဲ၊ အခုကွာလိုက်တော့၊ ညည်းကလေးကို ကျုပ်ဆက်မွေးပေးမယ်"

"အစ်မရယ် မပြောပါနဲ့ရှင် ခင် မော့်ကို သနားပါနော်"

ညီမ၏မျက်ရည်များက မခင်မူအတွက် စိတ်မချမ်းမြေ့နိုင်ပေ။ မခင်မော်အိမ်ရှေ့သို့ သိန်းထူးက မူးမူးရူးရူးနှင့် ရောက်လာသည်။

"ကောင်မ...ဟဲ့ကောင်မ...ခင်မော်၊ ထွက်ခဲ့စမ်း၊ နင့်လင်တော်မောင် ရောက်နေပြီလေ၊ ဘယ်မှာ သေနေလဲ၊ ထွက်ခဲ့စမ်း"

သိန်းထူးခေါ်သံက မခင်မူ၏ ဒေါသကို မီးတောက်စေရ၏။ မခင်မူလည်း ညီမ၏ ထသွားရန် ဟန်ပြင်နေသော အပြုအမူအား လက်ဆွဲထားလိုက်သည်။ ကြားမှ ဒုက္ခရောက်သူက မခင်မော်ပါ။ သိန်းထူးက အိမ်ပေါ်ရောက်လာ၏။

"ဟဲ့.....ငါခေါ်နေတာ မကြားဘူးလား၊ သေနာမ"

မခင်မော်ကို နားရင်းရိုက်ရန် ပြင်နေရာမှ မခင်မူကိုတွေ့သွား ချက်ချင်းပင်မျက်နှာပြောင်းလဲသွားသည်။

"ဧည့်သည်ကို တစ်ခုခုကျွေး ဦးလေ မိန်းမ"

www.burmeseclassic.com

www.burmeseclassic.com



"မစားဘူး၊ ဘာမှမလုပ်နဲ့ ခင်မော်၊ မင်းကိုပြောရဦးမယ်၊ ငါ့ညီမက နေ့စေ့လစေ့ကြီးနော်၊ မင်းရဲ့အပြောအဆိုက ကြမ်းတမ်းလွန်းတယ်၊ အခုပဲ ငါ့မျက်စိနဲ့ မျက်မြင်ပဲ"

သိန်းထူးသည် လျှာလေးအာလေးကြီးဖြင့်.....

"လင်နဲ့မယား လျှာနဲ့သွားပဲဗျာ၊ ခင်ဗျားက အပြစ်ပြောမနေပါနဲ့၊ ခင်ဗျားတို့လင်မယားရော မဖြစ်ကြဘူးလား"

"မင်းက မိုက်ရိုင်းလွန်းတယ်လေ၊ ပတ်ဝန်းကျင်ကတောင် နားမခံနိုင်ကြဘူး၊ ငါ မယုံလို့လာကြည့်တာ"

"ဩော်.....ခင်ဗျားကို ဘယ်မိစ္ဆာတွေက သွားပြောတာလဲ၊ ဒီမှာခင်ဗျားကို အပြတ်ပြောလိုက်မယ်၊ ကျုပ်တို့လင်မယားကြားမှာ ဝင်မပါကြနဲ့နော်၊ ကျုပ်တို့က ဒီလိုပဲ ရန်ဖြစ်နေကျဗျ"

သိန်းထူးမှာ အတော်မျက်နှာပြောင်လွန်းသူပင်။ မခင်မော်က အချင်းမများလိုသဖြင့် အစ်မအား မျက်လုံးဖြင့် တောင်းပန်နေသည်။ သည်တော့ မခင်မူလည်း စိတ်ကို လျှော့ကာ

"ကဲ.....ခင်မော်ရေ ညည်းလျှောက်တဲ့ လမ်းဆိုးကို ညည်းဘာသာ ကြည့်လျှောက်တော့၊ ငါသွားမယ်"

"မမူ ခင်မော် တောင်းပန်ပါတယ်နော်"

"တောင်းပန်မနေနဲ့၊ ညည်းအိမ်မှာ တစ်စက္ကန့်တောင် မနေနိုင်ဘူး၊ သွားမယ်"

မခင်မူလည်း စိတ်ဆိုးမာန်ဆိုးဖြင့် ပြောလာရသော်လည်း မွေးဖွားခါနီးညီမအတွက် စိတ်မချနိုင်ပေ။

♠ ♠ ♠

"မေမေ ဒေါ်လေး ယောက်ျားလေးမွေးတယ်တော့်"

စန္ဒာက ကြားသိသည်နှင့် မခင်မူကို လာပြောပြတော့၏။ သားအမိနှစ်ယောက်မှာ ဝမ်းသာလွန်း၍ ထခုန်ကြတော့သည်။

"ကလေးကိုတွေ့ချင်လိုက်တာ မေမေရာ"

"သမီးက အဲဒီလိုအဖြစ်သည်းတော့ ဟိုကောင်က ရောင့်တက်ပြီပေါ့အေ"

"ဒေါ်လေးကို ဖုန်းဆက်ထားတယ်၊ ဒေါ်လေးလာလိမ့်မယ် မေမေ၊ သူ့အိမ်မှာတော့ သွားမတွေ့ချင်ပါဘူး"

"ဟင်း.....ခက်တယ်ကွယ်၊ အင်း.....သံယောဇဉ်က အမေပြီးတော့ သမီးဘက်လှည့်လာပြန်ပြီပေါ့"

"တို့တွေက လူသားတွေပဲ မိန်းမရာ၊ နှလုံးသားရှိသူတိုင်း ကြင်နာတတ်ကြတာပေါ့ကွာ"

"ဒါဆို ဦးသိန်းထူးကျတော့ ဒေါ်လေးကို ဘာကြောင့် မကြင်နာတာလဲ ဖေဖေ"

စန္ဒာ့အမေးကို ကိုကြည်က ပင့်သက်မောကို ချလိုက်မိ၏။ ကလေးကြီးပြင်းလာပြန်တော့လည်း မခင်မူတို့သားအမိသာ ထိန်းကျောင်းပေးခဲ့ရသည်မှာ ယနေ့အထိပါ။

ထိုအတောအတွင်း မခင်မော်က ရန်ဖြစ်လိုက်၊ အိမ်ပေါ်မှဆင်းလာလိုက်နှင့် အစ်မအိမ်တွင်သာ သောင်တင်နေခဲ့၏။ အရိုက်ခံရသည်မှာလည်း မကြာခဏပါ။ အခုတော့ မခင်မော်ကိုယ်တိုင်က သိန်းထူးနှင့် ပြတ်နိုင်သည်ဆို၍ ဝမ်းသာသွားမိသည်။

သို့ပေမယ့် သိန်းထူးက ရုံးစာအတိုင်း ပထမအကြိမ်ဆင့်ခေါ်ရာ ရောက်မလာပေ။ တိုင်ချင်ရာတိုင်၊ ဂရုမစိုက်သည့်သဘောပါ။ မခင်မော်မှာ လင်မယားကွာရှင်းမှုကို ရုံးတော်၌ ဦးတိုက်လျှောက်လိုက်၏။ သည်တော့ ဒုတိယအကြိမ်တွင်မှ သိန်းထူး ရောက်လာတော့သည်။ သို့ပေမယ့် အသိသက်သေများက မလိုက်ရဲကြသဖြင့် အမှုမှာ အချိန်ဆွဲထားသလို ဖြစ်နေတော့၏။ နောက်တော့ သိန်းထူးက.....

"သိန်းတစ်ရာပေးရင် ကွာရှင်းပေးပြီး ဒီအိမ်ပေါ်က ဆင်းပေးမယ်"

ဟုဆိုလာသည်။ ခေါင်းချင်းဆိုင်၍ တိုင်ပင်ရပြန်တော့၏။

"ဘယ်လိုသဘောရလဲ ခင်မော်၊ တွေ့လား ဒီကောင်က သိုက်သမားပါလို့ ငါပြောသားပဲ"

"ခင်မော်တော့ ဘဏ်ကထုတ်ပြီး ပေးလိုက်ချင်တယ် မမူ၊ ဘဏ်မှာငွေရှိတာ သူမသိဘူး"

"အဲဒါဆို အကြောင်းမြှောက်ကောင်းအောင် ညည်းအိမ်ကိုရောင်း

www.burmeseclassic.com

www.burmeseclassic.com

လိုက်တော့၊ ငါတို့နဲ့လာနေအေး၊ တော်ကြာ အိမ်ကိုတွေ့နေရင် လာတောင်းလို့ဆိုးမှာမဟုတ်ဘူး''

''ခင်မော် စဉ်းစားပါရစေဦး မမူရယ်''

မခင်မော်က ရောင်းချင်ပုံမရပေ။ ဆုံးဖြတ်ချက်မပြတ်သားသည်ကို မခင်မူက မကြိုက်ပေ။ သိန်းထူးကို ဖြတ်နိုင်မှတော့ ပစ္စည်းမှအစ ဖျောက်ဖျက်ထားရမည်ကို မခင်မော်က နားမလည်ပါ။ သူ့ရင်ထဲတွင် မည်သို့ရှိမည်ကို မခင်မူက သိနေ၏။

''ညည်းလင်ကို ဆက်သွယ်မနေနဲ့နော်၊ သူဘာပြောပြော ငါ့ကိုပြန်ပြောဦး၊ တော်ကြာ ဟိုကချော့လိုက်ရင် ပျော့မသွားနဲ့''

''မမူ ဘာသိလို့လဲ၊ ငွေကိုပေးလိုက်ရင် သူက နောက်ကောင်မနဲ့ ပျော်နေမှာပေါ့၊ ယူလိုက်ရင် ဘယ်လိုလုပ်မလဲ၊ ခင်မော့်မှာ ကလေးတစ်ယောက်နဲ့ အရှုက်ကွဲမှာပေါ့၊ အီး.....အီး.....ဟီး''

မခင်မူတစ်ယောက် ညီမဖြစ်သူကို နားမလည်တော့ပေ။ ရင်ဘတ်ကို ထုပြီးသာ ဟစ်အော်လိုက်ချင်တော့သည်။

''ညည်းက ပြတ်တယ်ဆို၊ ဘာကြောင့်မို့ မျှော်လင့်ချက်တွေထားနေရတာလဲ၊ သူ့ဘာသာသူ ဘာဖြစ်ဖြစ်ပေါ့အေ''

''ငွေကိုပေးရမှာ နှမြောလို့ပါ အစ်မရယ်''

မခင်မော်က လျှော့ချသွားပြန်သည်။ ထိုအချိန်ကတည်းက မခင်မူမှာ ညီမဖြစ်သူအား မယုံကြည်ချင်တော့ပါ။ သည်တော့ မြန်မြန်ဆန်ဆန်ပင် ငွေကိုပေးလိုက်ရန် တိုက်တွန်းပေးမိ၏။

''အေ့...ညည်းဘဝက လင်တစ်ယောက်ယူမိတာနဲ့ လျော်ပေးလိုက်ရတဲ့ငွေတွေ၊ ညည်းကိုယ်ညည်း သူဌေးမများ ထင်နေသလား ဟင်၊ ဒီငွေတွေက တို့မိဘတွေ ခက်ခက်ခဲခဲ ရှာထားရတာပါအေ၊ သိပ်ကိုရင်နာဖို့ကောင်းပါတယ်''

သိန်းထူးအား အသိသက်သေများနှင့် ငွေသိန်းတစ်ရာကို ပေးလိုက်၏။ မခင်မူမှာ ဝမ်းသာနေသလောက် မခင်မော်မှာဖြင့် မအိပ်နိုင်၊ မစားနိုင်ပါ။

''မေမေ ဒေါ်လေးကိုကြည့်ရတာ တစ်မျိုးပဲ၊ ထမင်းလည်းမစားဘူး၊ ငေးတိငေးငိုင်နဲ့''

''ဘာမှမဖြစ်ဘူး သမီးရေ၊ အဲဒါမှတ်ထား၊ လင်ကွဲနာလို့ခေါ်တယ်၊ သူ့ကို အချိန်က ကုစားပေးလိမ့်မယ်၊ စိတ်မပူနဲ့''

နောက်တော့ မခင်မော်မှာ အပြင်သို့ မကြာခဏ ထွက်သွားတတ်၏။ ဝတ်ကောင်းစားလှများဖြင့် ရွှင်ရွှင်လန်းလန်းပြန်ဖြစ်နေသည်။

''ဒီလိုမှပေါ့ခင်မော်၊ ယောကျ်ားနဲ့ကွဲတာ ဘာမှစိတ်ညစ်စရာမလိုဘူး၊ ကိုယ့်စိတ်ကို ပျော်ပျော်သာနေ၊ အခုလို ဝတ်ဟယ်၊ စားဟယ်နဲ့နေမှ ဟိုသိုက်သမားက အံ့သြနေမှာပေါ့၊ ညည်းလည်း အရွယ်ကောင်းရှိသေးတာပဲအေ၊ ထပ်တွေ့မှာပေါ့၊ စိတ်ကိုပျော်ပျော်နေ သိလား''

မခင်မော်က နှုတ်ခမ်းကိုကွေးညွတ်သည်အထိ ပြုံးပြရင်း အပြင်ထွက်သွား၏။ မခင်မူတို့သားအမိမှာ ကလေးထိန်းပေးလျက် ကျန်ရစ်ခဲ့ကြတော့သည်။

♠ ♠ ♠

''အစ်မ...ကျွန်တော် အိမ်ပေါ်က ဆင်းလာတယ်''

''ဟဲ့.....ညီညီ၊ မင်းရော ဘယ်လိုဖြစ်ပြန်တာတုံး၊ ငါ့မှာ တစ်ယောက်မပြီးသေးဘူး နောက်တစ်

''ဒီလိုမှပေါ့ခင်မော်၊ ယောကျ်ားနဲ့ကွဲတာ ဘာမှစိတ်ညစ်စရာမလိုဘူး၊ ကိုယ့်စိတ်ကို ပျော်ပျော်သာနေ၊ အခုလို ဝတ်ဟယ်၊ စားဟယ်နဲ့နေမှ ဟိုသိုက်သမားက အံ့သြနေမှာပေါ့၊ ညည်းလည်း အရွယ်ကောင်းရှိသေး တာပဲအေ၊ ထပ်တွေ့မှာပေါ့၊ စိတ်ကိုပျော်ပျော်နေသိလား''

www.burmeseclassic.com

www.burmeseclassic.com



ယောက်က လာပြန်ပြီ၊ စိတ်ညစ်လိုက်တာနော်''

ညီညီသည် အထုပ်အပိုးထမ်း၍ မခင်မူထံ ရောက်လာသည်။

''ဟိုကောင်မက ကျွန်တော်နဲ့ နေရတာ မပျော်ဘူးတဲ့၊ သူ့မိဘအိမ် ဆင်းသွားတယ်၊ ဒါနဲ့ အိမ်ကိုသော့ခတ်ပြီး ဆင်းလာတာပဲ''

''မင်းတို့က အဆင်မပြေကြဘူးလား''

''ကိုယ်လည်း ကိုယ့်အလုပ်နဲ့၊ သူက နေ့လယ်ဆို သူ့မိဘအိမ်သွားနေတာလေ၊ ညကျမှ ပြန်ဆုံကြရတာပေါ့၊ ညရောက်ပြန်တော့ တစ်နေကုန် ပင်ပန်းသမျှ မောမောနဲ့ အိပ်ရပြန်ရော၊ သူ့ကို ဆူလည်းမဆူ၊ ပူလည်းမပူနဲ့ သူ့စိတ်ကြိုက်နေရတာပဲဗျာ''

''တော်ပြီ မောင်လေး၊ အစ်မသိသွားပြီ၊ မင်းက မိန်းမအပေါ် ဂရုမစိုက်တာကွာ၊ မင်းမိန်းမလိုချင်တာမှ မင်းက မဖြည့်ဆည်းပေးနိုင်တာပဲလေ၊ ဒီတော့ မိန်းမက အပြစ်မြင်တော့တာပေါ့''

ဒါကြောင့်များ သားသမီးမရတာများလားဟု မခင်မူက တွေးမိ၏။ ညီညီက အလုပ်ကို အာရုံစိုက်တတ်သူဖြစ်၏။ မိဆောင်းက ကြာတော့ စိတ်ညစ်လာပုံရသည်။

''အိမ်ထောင်ရေးမှာ အပေးအယူမျှရတယ် ညီညီရဲ့၊ ကိုယ့်ဇနီးမယားကို ကျွေးမွေးပေးကမ်းနေရုံနဲ့ မပြီးဘူး၊ အလိုဆန္ဒကို ဖြည့်ဆည်းပေးနိုင်ရမယ်ကွဲ့''

''တော်ပါပြီဗျာ၊ စိတ်ကုန်တယ်၊

**သည်ပုံအတိုင်း ဆိုလျှင် မိဆောင်းက ပစ္စည်းမက်၍ ညီညီကိုယူသည်မှာ သေချာနေပေပြီ။ ဒါကြောင့်လည်း မိဆောင်း၏စရိုက်ကို သတိထားရန် ပတ်ဝန်းကျင်က သတိပေးကြခြင်း ဖြစ်၏။**

ဒါကြောင့်မို့ မင်းကြိုက်တာသာယူတော့လို့ အပြတ်ပြောလိုက်တယ်၊ မပေါင်းချင် မပေါင်းနဲ့ပေါ့ဗျာ''

''ဟင်း.....ခက်လိုက်တာ ညီညီရယ်၊ မင်းတို့က တစ်ယောက်တစ်မျိုးစီ ငါ့ကိုဒုက္ခပေးကြပါလားနော်၊ အေးလေ မင်းပျော်သလောက်သာ နေပါကွယ်၊ မိန်းမက လာခေါ်ရင်သာ ပြန်လိုက်သွားရမယ်''

ညီညီသည် အထုပ်အပိုးများအား အခန်းထောင့်တွင် သွားထားနေ၏။ ကိုကြည်ရောက်လာက မခင်မူက အတိုချုံးပြောပြလိုက်ရတော့သည်။

''အင်း...တို့အိမ်ကို ဒုက္ခသည်စခန်းများ မှတ်နေကြသလားမသိဘူးကွာ၊ စိတ်တောင်ပျက်လာပြီ''

''ကိုကြည်နော် ညီအစ်ကိုမောင်နှမဆိုတာ ရေကိုဖြတ်လို့ ပြတ်ချင်ပြတ်မယ်၊ တစ်မိတစ်ဝမ်းတည်းက မွေးလာတာ ပြတ်မတဲ့လား၊ ကိုယ်မှခေါ်မထားရင် ဒုက္ခရောက်ကြမှာပေါ့၊ ရှင့်ဘက်လည်း ဒုက္ခရောက်ရင် ခေါ်ထားမှာပဲ''

''ကြည့်လည်းခေါ်ဦးနော်၊ ညီညီ့မိန်းမက ခပ်လည်လည်၊ ပြီးတော့ အပျိုဘဝကတည်းက ရည်းစားက ခပ်များများ၊ မင်းမောင်က တွေ့တတ်တယ်ကွာ''

''တွေ့မှာပေါ့၊ ညီညီ့မှာ မိဘအမွေရှိလို့ ရအောင်ခိုးယူသွားတာပဲ၊ ကိုယ့်မောင်အကြောင်း ကိုယ်သိတယ်''

မခင်မူလည်း မိဆောင်းအပေါ် သိပ်ဘဝင်မကျပေ။ အိမ်ထောင်ကျ

www.burmeseclassic.com

www.burmeseclassic.com



လျှင် ပြုပြင်သွားမည်ဆိုသော မျှော်လင့်ချက်ဖြင့် မျှော်လင့်နေရသည်။ ယခုတော့ ထိုသို့မဟုတ်ပေ။ ညီညီက မခင်မော်လို တမှိုင်မှိုင်တတွေတွေ မဟုတ်သည့်အတွက် မခင်မူလည်း စိတ်မောသက်သာသွားရ၏။

တစ်ဖက်မှလည်း မိဆောင်း၏သတင်းကိုစုံစမ်းရာ မိဆောင်းတစ်ယောက် စက်ရုံတစ်ရုံတွင် အလုပ်ဝင်နေသည်ဆိုသော သတင်းကိုရခဲ့၏။ ထိုသတင်းနှင့် တစ်ဆက်တည်းပင် အရင်လို ကောင်လေးတရုံးရုံးနှင့် ပြန်ဖြစ်နေပြန်သည်ဆို၏။ မခင်မူက ယောက်မလေးအပေါ် သံယောဇဉ်စိတ်ဖြင့် လူကြီးပီသစွာ သွားတွေ့ခဲ့၏။

"အစ်မမောင်က ရေခဲတုံးကြီးရှင့်၊ မိဆောင်းလည်း ကြာတော့ အရည်မပျော်တဲ့ ရေခဲတုံးကြီးနဲ့ မနေနိုင်တော့ဘူး"

"ညီညီက ရိုးအေးလို့ပါ ညီမရယ်၊ သူ့ကို ညီမဖြစ်စေချင်တဲ့ ဆန္ဒအတိုင်း ကိုယ်က ဦးဆောင်ပေးပေါ့"

မိဆောင်းက စိတ်ပျက်လက်ပျက်ဟန်ဖြင့်.....

"စိတ်ကိုကုန်လာတာ အစ်မရေ၊ ကြာတော့ ရှက်တောင်လာပြီ၊ ဒါကြောင့်မို့ သူနေချင်သလိုသာနေပေတော့၊ မိဆောင်းလည်း ကွာရှင်းတော့မယ်"

"အဲဒီလိုတော့ အလျင်စလို မဆုံးဖြတ်လိုက်ပါနဲ့ဦးကွယ်၊ အိမ်ထောင်ရေးမှာ ဆုံးဖြတ်ချက်မမှားပါနဲ့ဦး"

"မိဆောင်း ဆုံးဖြတ်ပြီးပြီ အစ်မ၊ ပိုင်ဆိုင်မှုတွေ ခွဲဝေပေးဖို့သာ စဉ်းစားကြပါ၊ အစ်မမောင်က ကျန်တာသာ မသိတာပါ၊ သူ့ဆီက ငွေထွက်ဖို့ဆို တုန်နေတဲ့လူစားမျိုး၊ အလကား ကပ်စေးနှဲကြီး"

မခင်မူလည်း ပင့်သက်မောကို ချ၍ ပြန်လာခဲ့ရတော့သည်။ သည်ပုံအတိုင်းဆိုလျှင် မိဆောင်းက ပစ္စည်းမက်၍ ညီညီ့ကိုယူသည်မှာ သေချာနေပေပြီ။ ဒါကြောင့်လည်း မိဆောင်း၏စရိုက်ကို သတိထားရန် ပတ်ဝန်းကျင်က သတိပေးကြခြင်းဖြစ်၏။

"ဟော.....မမူ၊ ရှင် ဘယ်က ပြန်လာတာလဲ"

"ညီညီ့ကိုစွလေ၊ လင်မယားကွဲပြီး အိမ်ပေါ်ရောက်လာတယ်၊ ဒီတော့ မိဆောင်းနဲ့သွားညှိပြီး ပြန်လာတာ အရီရဲ့"

"ဟင်း.....ကွဲတာကောင်းတာပေါ့ မမူရယ်"

"ကျွန်မက လူကြီးမဟုတ်လား၊ အဆင်ပြေအောင်တော့ ညှိနှိုင်းပေးရမှာပေါ့ရှင်"

"မမူက မိဆောင်းအကြောင်းမှ မသိသေးဘဲလေ၊ ကျွန်မတောင် သိခဲ့တာ နှစ်ရက်ပဲရှိသေးတယ်၊ သမီး ပြောပြလို့ပေါ့"

"ဟုတ်လား၊ ဘာများလဲဟင်"

"ဒီလို မမူရဲ့၊ မိဆောင်းက သူ့ရည်းစားနဲ့ ပြန်တွဲနေတာတဲ့၊ ဟိုကောင်ကလည်း မိန်းမ မယူဘဲ တစ်ယောက်ပြီးတစ်ယောက် တွဲနေတာလေ၊ အဲဒါနဲ့ သံယောဇဉ်မပြတ်ဘဲ ညတိုင်း အပြန်မှာ စက်ရုံအထိလာကြိုတာတဲ့"

"ဟယ်...ဘုရား....ဘုရား၊ ဒါကြောင့်မို့ ညီညီ့ကို အပြစ်တွေပြောပြီး သူက ကွာရှင်းချင်နေတာကိုး၊ ဒီကိစ္စ ညီညီမသိသေးဘူးနဲ့တူတယ်"

မခင်မူလည်း အိမ်သို့ ကသုတ်ကရက်နှင့် ပြန်လာရတော့သည်။ ရင် ထဲမှာ ဘဝင်မကျစိတ်ဖြင့် ဒေါသ ဖြစ်နေပြန်၏။

"ဩော်.....ငါ့မောင်နှမတွေလည်း အိမ်ထောင်ဖက်တွေရဲ့ဒုက္ခပေးတာကို ခံနေရပါလား၊ ဘယ်လိုဘဝက ဝဋ်ကြွေးတွေပါလိမ့်နော်"

♠ ♠ ♠

"အဲဒါပဲ ညီညီရေ၊ မိဆောင်း



www.burmeseclassic.com

www.burmeseclassic.com



မင်းကို ကွာရှင်းချင်နေတဲ့ကိစ္စက သူ့မှာ နောက်လင်ယူဖို့ အကြံရှိလို့ပဲပေါ့''

ညီညီ့မှာ ငိုင်တွေသွားတော့သည်။ မည်သည့်စကားမျှ မပြောတော့ဘဲ ဒုတိယခင်မော် ဖြစ်သွားပြန်သည်။ ညနေတွင် ညီညီက အပေါ်အင်္ကျီကောက်ဝတ်၍ အပြင်ထွက်သွား၏။

''မေမေ ဦးညီကိုကြည့်ရတာ တစ်မျိုးပဲ၊ ထမင်းမစားဘဲ အပြင်ထွက်သွားတယ်၊ ပြီးတော့ စကားလည်းမပြောဘူး''

''သူ့မယားကို သွားချောင်းမှာပေါ့အေ၊ အမေပြောတာ မှန်၊မမှန် သွားကြည့်မှာပေါ့''

''သမီးတော့ စိတ်ညစ်တယ်၊ ဒေါ်လေးကတစ်မျိုး၊ ဦးလေးကတစ်မျိုးနဲ့၊ ဒေါ်လေးလည်း ကလေးကိုထားခဲ့ပြီး အပြင်ကိုချည်း ထွက်နေတာပဲ မေမေ၊ ဟိုလူကြီးနဲ့ ပြန်ဆက်နေတာများလား''

စန္ဒာပြောမှ မခင်မူလည်း ညီမအပေါ် သံသယဝင်လာမိ၏။ မခင်မော်က နေ့တိုင်းလိုလို ဖြီးလိမ်းပြင်ဆင်ပြီး သွားတတ်သည်။ သိန်းတစ်ရာသုံး၍မကုန်မီ သိန်းထူးက ပြန်လာကပ်မည်ကို မခင်မူက ကြိုသိနေ၏။

''သိန်းထူးက လူလည်၊ မိခင်မော်တော့ ဒုက္ခရောက်တော့မှာပဲ၊ သမီးပြောတာ မှန်တယ်၊ ဟိုကောင်နဲ့ သွားတွေ့တာပဲ ဖြစ်လိမ့်မယ်၊ တို့က သူ့ကလေးကို ထိန်းပေးနေတော့ လွတ်လပ်နေတာပေါ့၊ မနက်ဖြန် သူ့အိမ်ပြန်ခိုင်းရမယ်၊ ကလေးပါ ထည့်လိုက်မယ်အေ''

မခင်မူကညီမပြန်ရောက်သည်နှင့် အိမ်သို့ပြန်နေရန် ပြောလိုက်သည်။ မခင်မော်က မပြန်ချင်သေးပေ။ အဆင်သင့်စားသောက်လိုက်၊ အပြင်ထွက်လိုက်၊ သိန်းထူးနှင့်သွားတွေ့လိုက်ဖြစ်နေ၏။ သိန်းထူးနှင့်တွေ့ခြင်းကို မည်သူက ပြောလိုက်သည်မသိပေ။ သူတို့က ကွာရှင်းပြီးမှ ခိုးကြောင်ခိုးဝှက် ပြန်တွေ့နေရသည်။ သိန်းထူးကိုယ်တိုင်လည်း သူ့အမှားကိုတောင်းပန်ပြီး နောင်တရနေပေပြီ။ ငွေသိန်းတစ်ရာကဖြင့် လက်ထဲတွင် တစ်လပင်မခံပေ။ လူမိုက်နှင့်ငွေ အတူမနေဆိုသည့်စကားက မှန်နေ၏။

''မမူက မထားချင်မှတော့ ပြန်ရုံပဲရှိတော့တာပေါ့၊ အခုလို ခင်မော်တို့သားအမိကို စောင့်ရှောက်ထားတာ ကျေးဇူးတင်ပါတယ်နော်''

ကျေးဇူးရှင်အား လှောင်ပြောင်သွားသေး၏။ မခင်မော်ကို အကျိုးအကြောင်း ပြောပြနေစရာမလိုပေ။ မခင်မူထံတွင် အပ်ထားသော စာရွက်စာတမ်းကအစ ပိုင်ဆိုင်မှုမှန်သမျှ တောင်းသွား၏။

''ညည်းကိုတော့ မှာလိုက်ပါရစေအေ၊ ဟိုကောင်နဲ့ ပြန်မဆက်နဲ့တော့နော်၊ ပြန်ဆက်ရင် ငါနဲ့ သေခန်းပြတ်ပဲ''

မခင်မော်က မည်သည့်စကားမျှ အကြောင်းမပြန်ပေ။ သူ့ကလေးနှင့် သူ့ပစ္စည်းများအား တက္ကစီငှား၍ သယ်သွား၏။ တူမနှင့် အစ်မကိုပင် နှုတ်ဆက်မသွားပေ။

''ဩော်.....ကျေးဇူးကန်းသွားလိုက်တာနော်၊ ငါတို့သားအမိပဲ ရင်မောပြီး ကျန်ခဲ့ရပါလား၊ သူကတော့ ပျော်ပျော်ပါးပါး ပြန်သွားပြီ''

''ဒေါ်လေးက သူ့ရဲ့အိမ်ဂရန်နဲ့ ဘဏ်စာအုပ်တွေကို ဘာဖြစ်လို့တောင်းသွားတာလဲဟင်၊ မေမေ့ဆီမှာထားတာ လုံခြုံရဲ့သားနဲ့''

''အိုကွယ်.....ဟိုကောင်မှမရှိတော့ဘဲဥစ္စာ၊ သူလည်း စိတ်ချမ်းချမ်းသာသာနဲ့ နေနိုင်ပြီပေါ့၊ မေမေလည်း မထိန်းသိမ်းထားချင်တော့ဘူး၊ တော်ကြာ ကိုယ့်ကိုတစ်မျိုးမြင်လာလိမ့်မယ်''

မခင်မူတွင်လည်း တာဝန်တစ်ခု ပေါ့သွားရ၏။ ကိုယ်က မကုန်သင့်တာ မကုန်စေရန် ထိန်းထားပေးသည့်သဘောပါ။ မည်သည့်မျှော်လင့်ချက်မျှမရှိပေ။ သို့ပေမယ့် ထူးဆန်းသည်က မခင်မော်က သူ့ပစ္စည်းများကို ပြန်တောင်းယူခြင်းဖြစ်သည်။

''ပြီးတော့ ခင်မော့်မျက်နှာထားကို သမီးကြည့်လိုက်သေးလား''

''ကြည့်လိုက်တယ် မေမေ၊ ဒေါ်လေးက တစ်ခုခုကို မကျေမနပ်ဖြစ်နေသလိုလိုပဲ''

''ဟုတ်တယ်ကွဲ့၊ မေမေလည်း သတိထားမိတယ်၊ အပြင်သွားတိုင်း ပြင်လိုက်ဆင်လိုက်နဲ့၊ ကြည့်ရတာ တစ်ယောက်ယောက်နဲ့ ချိန်းတွေ့တာများလား၊ မေမေက သူ့လင်နဲ့ ပြန်ဆက်မှာပဲ စိုးရိမ်တာပါ[illegible] တခြားလူဆိုရင်တော့ [illegible] ပါဘူး''

www.burmeseclassic.com

www.burmeseclassic.com



**"မေမေလည်း ဘယ်လိုမှပြော လို့မရပါဘူးကွယ်၊ အပြက်အပြက်နဲ့ နာခေါင်းသွေး ထွက်ဆိုတာလို ဖြစ်နေပြီ၊ အိမ်ထောင်ရေးဆိုတာ နက်နဲတယ်သမီးရဲ့ မမြင်နိုင်တဲ့ လျှို့ဝှက်ချက်တွေ ရှိနေတတ်တယ်"**

"ဟုတ်ပါ့နော်၊ ဒေါ်လေးက စိတ်များဆိုးသွားတာလားမသိဘူး"

"ဒါကြောင့်မို့ ကိုကြည်ကပြောတာ၊ မေမေက ကိုယ့်အမျိုးမို့ အပြစ်မမြင်စေချင်လို့ ကာပြောနေရတာ၊ သူကလည်း သူပဲကွယ်"

သားအမိနှစ်ယောက်လည်း မခင်မော်ကိစ္စ ရှင်းလင်းသွား၍ စိတ်အေးစွာဖြင့် အိမ်ထဲပြန်ဝင်လာကြတော့၏။

♠ ♠ ♠

"အစ်မရေ ဟုတ်တယ်ဗျာ၊ မိဆောင်းက သူ့ငယ်ရည်းစားနဲ့ ပြန်တွဲနေပြီ၊ ကျွန်တော် ဘယ်လိုလုပ်ရမလဲဗျာ"

ညီညီက မိဆောင်းသတင်းကို သေချာသည်နှင့် မခင်မူအား ပြောပြတော့သည်။

ညီညီ့မျက်နှာ မကောင်းပေ။ မိဆောင်းနှင့် တွေ့ခဲ့ပုံရ၏။

"မင်း ဘယ်လိုလုပ်ချင်လဲ ညီညီ"

"ဟိုကောင့်ကို သတ်ချင်တယ်ဗျာ"

"မင်း ထောင်ကျမှာပေါ့၊ ဒေါသကိုလျှော့ပါကွယ်၊ ကိုယ့်အပေါ် မကောင်းတဲ့သူကို သံယောဇဉ်မထားတာ အကောင်းဆုံးပဲ ညီညီ၊ မိဆောင်းလေးကို အစ်မလည်း သံယောဇဉ်ရှိပါတယ်၊ ဒါပေမဲ့ သူက ဖောက်ပြန်တာလေ"

"ညီညီ ဘာလုပ်ရမလဲ အစ်မခင်မူ၊ စိတ်ညစ်တယ်ဗျာ"

"အိမ်ထောင်ရေးမှာ တွေ့ကြုံရမယ့် ဒုက္ခတွေပေါ့ကွယ်၊ မင်းဘက်က ခွင့်လွှတ်နိုင်ရင်တော့ မိဆောင်းနဲ့ပြန်ပေါင်းဖို့ ကြိုးစားပေါ့ မောင်လေးရယ်"

ညီညီ တွေဝေသွား၏။ သူ့ဘက်က မည်သို့လုပ်ဆောင်ရမည်ကို စဉ်းစားနေသည့်ပုံပါ။

မခင်မူလည်း ကာယကံရှင်များသာလျှင် အသိဆုံးဖြစ်သည့်အတွက် အကောင်းဆုံးနည်းလမ်းကို စဉ်းစားနိုင်စေရန် ညီညီ့ရှေ့မှ ထွက်သွားလိုက်သည်။

တစ်ခုတော့ မခင်မူဘက်က စိုးရိမ်၏။ ညီညီသည် ဥပဒေနှင့်မဖြေရှင်းဘဲ ဒေါသနှင့် လက်ရောက်ဖြေရှင်းလိုက်မည်ကို ပူပန်မိသည်။ ထိုစကားကိုတော့ ညီညီသိရန် ကြိုတင်ပြောပြ တားဆီးရပါမည်။ မိဆောင်းပြောသလို ညီညီသည် ငွေကြေးသုံးရာတွင် ကပ်စေးနဲသူမျိုးမဟုတ်ပါ။ အသုံးနှင့်အဖြုန်းကို ခွဲခြားတတ်သူဖြစ်သည်။ မုန်းလျှင်အပြစ်၊ ချစ်လျှင်အကျိုး၊ မြတ်နိုးလျှင် သဒ္ဓါဆိုသော



www.burmeseclassic.com

www.burmeseclassic.com



စကားကဲ့သို့ မိဆောင်းတစ်ယောက် ညီညီ့အပေါ်တွင် အပြစ်မြင်လာသည်မှာ မဆန်းပေ။

နောက်တော့ ညီညီကိုယ်တိုင် လက်လျှော့သွားတော့သည်။

"မပေးဘူး အစ်မ၊ သူကစပြီး ဖောက်ပြန်တာလေ၊ ဘာပေးစရာလိုသလဲ၊ ဘာမှခွဲဝေပေးစရာမလိုဘူး၊ တိုင်ချင်ရာတိုင်၊ ကျွန်တော်ကွာရှင်းမပေးရင် သူ နောက်လင်ယူလို့မရဘူး၊ ယူတဲ့ကောင်လည်း မယားခိုးမှုနဲ့ အမှုဖွင့်လိုက်မယ်၊ မိဆောင်းကို အဲဒီလိုပဲ ပြောလာခဲ့တယ် အစ်မရေ"

မခင်မူလည်း ပင့်သက်မောကို ချလိုက်မိတော့၏။ ညီညီက ပြောသည့်အတိုင်း လုပ်တတ်သည့် ယောကျ်ားမျိုးဖြစ်နေသည်။ ကိုယ့်မောင်ဘက်က မှန်ကန်နေသော်လည်း မိဆောင်းဘက်သို့ ငဲ့ညှာမိ၏။ သူမလည်း ပိုင်ဆိုင်သင့်သည့် ပိုင်ဆိုင်ခွင့်တော့ ရှိနေသည်။ မိန်းမချင်း ကိုယ်ချင်းစာမိ၏။

နောက်တော့ ညီညီ၏ ခေါင်းမာခြင်းကြောင့် မိဆောင်းက မခင်မူဘက်သို့ လှည့်လာသည်။

"အစ်မကိုတော့ အားနာပါတယ်၊ အစ်မမောင်လုပ်ပုံကမဟုတ်ဘူး၊ မိဆောင်းမှာ ငွေကြေးမတတ်နိုင်လို့ပေါ့၊ ဥပဒေနဲ့ကို တိုင်လိုက်ချင်တာပါ"

"ညီညီ့ကို အစ်မ ဖျောင်းဖျနေပါတယ်ကွယ်၊ သူစိတ်ပြေတော့ ပေးပါလိမ့်မယ်"

"တမင် မိဆောင်းကိုနှိပ်စက်တာပဲ အစ်မ၊ ကိုယ့်မှာ အပေါ်တက်မရ၊ အောက်ဆင်းမရနဲ့ ဝဋ်လည်မယ် သိလား"

ညီညီ့ဝဋ်ကို အရင်လည်နေမှန်း မိဆောင်းက မသိပေ။ လူငယ်ပီပီ အဆင်မပြေမှုအား ရင်ဖွင့်ပြောပြနေ၏။ မခင်မူက မိဆောင်းကို တစ်ခုတော့ ပြောပြလိုက်ချင်နေသည်။

"အိမ်ထောင်ရေးကို ကိုယ်က စပြီး ဖောက်ဖျက်ချင်ရင် တန်ပြန်သက်ရောက်တဲ့အကျိုးကို ခံစားရမှာပဲ မိဆောင်း၊ ဒါဟာ အမှန်တရားပဲလေ"

မိဆောင်းလည်း ခြေဆောင့်၍ ပြန်သွားတော့သည်။

♠ ♠ ♠

'မင်းမောင်က ဒီအတိုင်းနေတော့မှာလား မိန်းမ"

ညီညီမှာ အလုပ်သွားလိုက်၊ လက်ဖက်ရည်ဆိုင်ထိုင်လိုက်၊ အလုပ်နားရက်တွင် အပြင်ထွက်လိုက်နှင့် လူပျိုတစ်ဦးနှယ် လွတ်လပ်နေတော့သည်။ အရင်လို မှိုင်မှိုင်တွေတွေ မနေတော့ပေ။

"မင်းမောင်ကို ကောင်မလေးတွေနဲ့ တွေ့နေတယ်နော်"

"ဟုတ်တယ် ကိုကြည်၊ ကျွန်မလည်း ဘာဆက်လုပ်ရမှန်းမသိဘူး"

"ကြည့်ရတာ မိဆောင်းကို အရွဲ့တိုက်နေသလားမသိဘူး"

"ဟိုက သူ့ကို ဂရုတောင်စိုက်မှာမဟုတ်ဘူး၊ သူ့ရည်းစားနဲ့ပျော်နေတာ"

"သိပါဘူးကွာ၊ သူတို့အချင်းချင်း အတွင်းလျှို့ဝှက်ချက်တွေ ရှိနေမှာပေါ့၊ လင်မယားကြား မဝင်တာကောင်းတယ်၊ ဟိုကပြတ်မယ်ဆိုတော့ ညီညီက မပြတ်ပေးဘူး"

ကိုကြည်ပြောတော့မှ မခင်မူလည်း စဉ်းစားကြည့်မိသည်။ ညီညီ့ကို သည်အတိုင်းထား၍ မဖြစ်တော့ပေ။ တစ်ခုခုကို ဆုံးဖြတ်မှဖြစ်ပေမည်။ မိဆောင်းရှိရာသို့ သွားတွေ့ပြီး ညီညီ့အကြောင်းကို ပြောပြလိုက်၏။ ကြားမှ အံ့ဩရသူက မခင်မူပါ။

"သူ အချစ်သစ်ရှာတွေ့မှ မိဆောင်းကို ပြတ်ပေးမှာပေါ့ အစ်မရာ၊ နေပါစေ၊ မိဆောင်းက မြန်မြန်ယူပါစေလို့တောင် ဆုတောင်းနေတာပါ"

မတတ်နိုင်တော့ပါ။ သူတို့နှစ်ဦးအတွက် ကံစီမံရာအတိုင်းသာ ထားလိုက်ရပေမည်။ သမီးဖြစ်သူက သူ့ဦးလေးအတွက် စိတ်မကောင်းပေ။

"မေမေရယ် ဦးညီ သနားပါတယ်နော်၊ သူ့မိန်းမနဲ့ ပြန်မပေါင်းတော့ဘူးလားဟင်"

"မေမေလည်း ဘယ်လိုမှပြောလို့မရပါဘူးကွယ်၊ အပြက်အပြက်နဲ့ နှာခေါင်းသွေးထွက်ဆိုတာလိုဖြစ်နေပြီ၊ အိမ်ထောင်ရေးဆိုတာ နက်နဲတယ် သမီးရဲ့၊ မမြင်နိုင်တဲ့ လျှို့ဝှက်ချက်တွေ ရှိနေတတ်တယ်"

"စန္ဒာတော့ ယောက်ျားဆိုရင်တောင် ကြောက်လာပြီ ဦးညီနဲ့ မိလေးတို့ကိုကြည့်ပြီး စိတ်ပူတယ်"

"လူတစ်ယောက်နဲ့တစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com



ကုသိုလ်ကံချင်း မတူပါဘူးကွယ်၊ သူတို့ဖြစ်တိုင်း ကိုယ်ဖြစ်မတဲ့လား''

မခင်မူက စန္ဒာ့ကို အိမ်ထောင်ပြုစေချင်၏။ မျိုးဆက်အတွက် ဆက် လက်ထိန်းသိမ်းစေလိုသည်။ ခက်သည်က စန္ဒာသည် မခင်မော်နှင့် ညီညီတို့ကိုကြည့်ပြီး စိတ်ညစ်နေ၏။ သည်ကြားထဲ မခင်မော်၏သား အပေါ်တွင်လည်း သံယောဇဉ်ဖြစ်နေ ပြန်သည်။

''ဒေါ်လေးလည်း ပြန်သွားတာ ဘာသံမှမကြားရဘူးနော်၊ ဘယ်လို များနေကြသလဲမသိဘူး''

''ဟုတ်ပါ့၊ အခြေအနေသိရအောင် မရီနဲ့ သွားမေးကြည့်ဦးမှပဲ၊ မရီက သတင်းစုံတယ်ကွဲ့''

''ဟင်.....ဟိုမှာ ဒေါ်ရီ မေမေ၊ ခေါ်လိုက်ရမလား''

စန္ဒာက မိခင်ဖြစ်သူကို ပြောရုံရှိသေးသည်။ မရီက အိမ်ထဲသို့ မခေါ်ဘဲဝင်လာသည်။

''အတော်ပဲ မရီရေ၊ လာ.....လာ''

''လာပါတယ်တော်၊ ရှင့်ကို ပြောစရာရှိလို့ပါ၊ ရှင့်ညီမအကြောင်းပေါ့''

ထိုသို့အစချီကာ မရီသည် အပေါက်ဝအနီးတွင် ထိုင်ချလိုက်သည်။ မခင်မူတို့သားအမိလည်း မရီအနီးသို့ ရောက်လာကြ၏။

''မခင်မူတို့ညီအစ်မတွေ ရန်ဖြစ်ထားကြသေးလား''

''မဖြစ်ပါဘူးရှင်၊ ဒီကောင်မလေး သူ့အိမ်ပြန်သွားပြီးမှ အစ်မဆီကို တစ်ခေါက်မှရောက်မလာလို့ သားအမိနှစ်ယောက် တိုင်ပင်နေတာပါ''

''ရှင်တို့က တိုင်ပင်နေကြနော်သိလား၊ ရှင့်ညီမက သူ့လင်ဟောင်းနဲ့ ပြန်ပေါင်းတော့မယ်၊ မနေ့က သူ့လင်ကို သာသနာ့ဘောင်ဝင်စေပြီး ရဟန်းဒါယိကာမအဖြစ် ခံယူတယ်လေ၊ ဟိုက ဒုလ္လဘဝတ်ပြီးလို့ လူထွက်လာရင် သူတို့က ပြန်ပေါင်းထုပ်ကြတော့မှာလေ''

''ရှင်.....''

**ပတ်ဝန်းကျင်ကပြောသမျှကို ခေါင်းငုံ့ခံပြီး ကိုယ့်ဆွေမျိုးသားချင်း အတွက် မားမားမတ်မတ် ရပ်တည်ပေးခဲ့သမျှ အခုတော့ ရင်ကွဲနာ ကျရတော့မည့်အဖြစ်ပင်။**

မခင်မူရော စန္ဒာပါ အံ့ဩသွားကြတော့၏။ ကိုယ့်အပေါ် ရက်စက်ယုတ်မာသူကို ပြန်လည်ခံသည့်သူမှာ မိုက်မဲသူသာလျှင်ဖြစ်ပေတော့မည်။ သည်လိုဆိုလျှင် ငွေသိန်းတစ်ရာကို ပေးစရာမလိုပေ။ လိမ်ညာလှည့်ပတ် ယူသွားခဲ့ခြင်းဖြစ်၏။

''မိုက်လိုက်တာရှင်၊ ဒီသတင်း သေချာရဲ့လား''

''မရီတို့က မသေချာရင် ခြင်တောင်မရိုက်ဘူး၊ ရှင့်ညီမကိုယ်တိုင်က ဟိုကောင့်ကိုမက်နေတာ၊ ဟိုကောင်က ဖယားတွေရှုပ်ပြီး ငွေတွေကုန်နေတာ၊ ဒီတော့ သူ့ဆီပြန်ကပ်မှာပေါ့''

''မဖြစ်ဘူး မရီ၊ ကျွန်မ ခင်မော့ဆီ လိုက်သွားမှပဲ၊ သူ့ကိုအချိန်မီ ကယ်တင်ရမယ်၊ နို့မို့ဆို သူ ဒုက္ခပြန်ဖြစ်မှာ''

မခင်မူလည်း ချက်ချင်းပင် မခင်မော်ရှိရာသို့ လိုက်သွားတော့သည်။ မရီနှင့် စန္ဒာတို့မှာ ငေးမောကာ ကျန်ရစ်ခဲ့ကြ၏။

♠ ♠ ♠

''ဟုတ်တယ်လေ၊ ကိုယ့်ယောက်ျားကိုယ်ပေါင်းတာ ဘာဖြစ်လဲ၊ မမူနဲ့ ဘာဆိုင်လဲ''

''ဟယ်....ညည်းဘယ်လိုပြောလိုက်တာလဲဟင်၊ ညည်းကို ဒုက္ခရောက်မှာစိုးလို့ ငါက ကယ်တင်ထားရတာလေ၊ အဲဒီဒုက္ခကို ညည်းက ပြန်ခံချင်သေးလို့လား၊ အံ့ပါရဲ့တော်''

www.burmeseclassic.com





မခင်မော်က အစ်မဖြစ်သူကို ရန်တွေ့နေတော့သည်။ မခင်မူမှာ အသားများ တဆတ်ဆတ်တုန်နေလျက် မီးဝင်းဝင်းတောက်နေသော မျက်လုံးပိုင်ရှင် မခင်မော်အား စိတ်လျှော့ထားလိုက်တော့သည်။

''လင်မယားကြား ဘယ်တော့မှ ဝင်မပါနဲ့ မမူ၊ ကိုယ်ပဲအမုန်းခံရလိမ့်မယ်''

''ပါသင့်ရင်ပါရမှာပဲ၊ အဲဒါဟာ ညီအစ်ကိုမောင်နှမစိတ်ရှိလို့ပဲ ခင်မော်၊ တို့တစ်တွေကို အမေက ဘယ်လိုဆုံးမခဲ့လဲ၊ ညည်းသိတယ်မဟုတ်လား၊ ဘယ်လိုအခြေအနေမျိုးပဲဖြစ်ပါစေ ကိုယ့်ညီအစ်ကိုမောင်နှမတစ်ယောက်ယောက် ဒုက္ခရောက်ရင် ကယ်တင်ရမယ်တဲ့''

''အဲဒါက ဆင်းရဲပြီးတော်ပြတ်မှ ကယ်တင်ဖို့ပြောတာပါ မမူရာ''

မခင်မော်က နားမလည်ပါ။ သည်တော့ ရှင်းပြရတော့သည်။

''အခုလည်း ညည်းက ဆင်းရဲပြီး တော်ပြတ်ဖို့လမ်းစ ရောက်နေတာမဟုတ်လား၊ ညည်းမှာရှိသမျှကို ဖြုန်းဖို့ပြန်ရောက်လာတာနော်၊ ဒီမှာ ခင်မော်၊ တစ်ခါမှားရင် ခွင့်လွှတ်နိုင်တယ်၊ နှစ်ခါမှားရင် ကိုယ်ညံ့လို့၊ ကိုယ်အသုံးမကျလို့ပဲ၊ သုံးခါမှားရင်တော့ ညည်းကိုယ်တိုင်က ကြိုက်နေလို့ပဲ''

''ဟုတ်တယ်၊ ဘာဖြစ်သလဲ၊ ကိုယ့်လင်ကိုယ်ကြိုက်တာ ဘယ်သူ့ဂရုစိုက်ရမှာလဲ''

''ဟယ်.....ညည်းဟာ တော်တော်မိုက်မဲတဲ့ မိန်းမပဲနော်၊ ဘုရားဘုရား၊ အဲဒါတောင် ဟိုကောင့်ကို သိန်းတစ်ရာပေးလိုက်သေးတယ်နော်၊ သွားပြီ ခင်မော်၊ ညည်းမှာ စဉ်းစားဉာဏ်ဦးနှောက်မရှိမှန်း ငါသိလိုက်ပါပြီအေ၊ ဒီနေ့ကစပြီး ငါသေလည်း ညည်းမလာပါနဲ့၊ ညည်းသေလည်း ငါ ဝမ်းမနည်းတော့ဘူး''

မခင်မူမှာ နှုတ်မဆက်တော့ဘဲ မခင်မော်၏အိမ်ပေါ်မှ မျက်ရည်ကျကာ ဆင်းလာခဲ့တော့သည်။ လမ်းတစ်လျှောက်လုံးတွင် ဝိုလာခဲ့ရသည့် မျက်ရည်များမှာ ဝမ်းနည်းခြင်း၊ ကြေကွဲခြင်း၊ ယူကျုံးမရဖြစ်ခြင်းအပြင် စေတနာမှန်းမသိသော ဝေဒနာမျက်ရည်များသာလျှင် ဖြစ်နေ၏။

''ဩော်.....ငါ့မှာတော့ ညီအစ်ကို မောင်နှမအတွက် သောကမီးတွေ ပွားဖို့က်ရတာ၊ အချိန်ကုန်၊ ငွေကုန်၊ လူပင်ပန်းနဲ့ သူတို့ကိစ္စကို လိုက်လုပ်ခဲ့ရတယ်၊ ငါ့အပေါ် ကျေးဇူးမတင်ချင်နေပါ၊ ကျေးဇူးမကန်းကြပါနဲ့၊ စေတနာကို မစော်ကားကြပါနဲ့''

ပတ်ဝန်းကျင်ကပြောသမျှကို ခေါင်းငုံ့ခံပြီး ကိုယ့်ဆွေမျိုးသားချင်းအတွက် မားမားမတ်မတ် ရပ်တည်ပေးခဲ့သမျှ အခုတော့ ရင်ကွဲနာကျရတော့မည့်အဖြစ်ပင်။ ညီညီကတော့ ရှေ့ဆက် မည်သို့ဖြစ်မည် မသိသေးပေ။ သို့သော်လည်း မခင်မော်၏လုပ်ရပ်က မခင်မူအတွက် သတိထားရမည့် ကြေကွဲမှုပင် ဖြစ်နေတော့သည်။

လေးစားစွာဖြင့်
ထက်ထက်ဦးဝေ

www.burmeseclassic.com

www.burmeseclassic.com





# ဒုံရဲမှူးကြီးဝင်းဦး (ပြီး)

## အတ္တ၏သားကောင်

www.burmeseclassic.com

www.burmeseclassic.com



■

စစ်တောင်းမြစ်ရေက မြောက်မှတောင်သို့ တသွင်သွင်စီးဆင်းလျက်ရှိသည်။ တောင်လေကဖျော့ဖျော့တိုက်ခိုက်နေသဖြင့် လှိုင်းကြက်ခွပ်လေးများကလည်း နေရောင်တွင် တလက်လက်ဖြင့် လှုပ်ခါလှုပ်ခါ တောက်ပနေကြသည်မှာ သဘာဝပန်းချီကားတစ်ချပ်ကို ကြည့်နေရသကဲ့သို့ ခံစားရမိပါသည်။ မြန်မာနိုင်ငံ၏ အဓိကမြစ်ကြီးသုံးသွယ်၌ ပါဝင်သော စစ်တောင်းမြစ်အနေဖြင့် လူတို့၏ ရေလမ်းခရီး သယ်ယူပို့ဆောင်ရေးနှင့် သစ်ဖောင်များမျှောရာတွင် အသုံးဝင်လှသော မြစ်တစ်စင်းဖြစ်ပါသည်။

ငယ်စဉ်က မြန်မာဖတ်စာအုပ်များတွင် စစ်တောင်းမြစ်သည် ခေါင်းလောင်းပုံသဏ္ဌာန်ရှိပြီး ပင်လယ်ထဲသို့ စီးဝင်သည်ဟု ဖတ်ဖူး၊ မှတ်ဖူးခဲ့ပါသည်။ ညောင်လေးပင်မြို့နယ်၊ မဒေါက်မှသည် သိမ်ဇရပ်မြို့အထိ စစ်တောင်းမြစ်သည် ရှည်လျားသွယ်တန်းစွာဖြင့် စီးဆင်းလာခဲ့ပြီး သိမ်ဇရပ်၊ ကျောက်ညှပ်စသည့် မြို့များသို့လွန်သည်နှင့် မြစ်ပြင်သည် ကျယ်ဝန်းသော အနေအထားတွေ့မြင်ရပြီး ကမ်းခြေများကို မှုန်ပျပျ အနေအထားမျိုးသာ တွေ့မြင်ရပါတော့သည်။ ဖတ်စာတွင် ဖတ်ခဲ့ဖူးသော ခေါင်းလောင်းပုံ မြစ်ဝကျယ်သွားခြင်းဖြစ်မည်ထင်ပါသည်။

ညောင်လေးပင်မြို့နယ်အတွင်း စစ်တောင်းမြစ်၏ အနောက်ဘက်ကမ်းခြေရွာဖြစ်သည့် ထင်းကုန်းရွာနှင့် မြစ်၏အရှေ့ဘက်ကမ်းတွင်ရှိသော ရွှေကျင်မြို့နယ်၊ ဒုံဇရပ်ကျေးရွာတို့အတွက် ကူးတို့လှေ၊ သမ္ဗန်များဖြင့်သာ ကူးခတ်သွားလာကြပါသည်။ ထို့အတူ မဒေါက်မြို့နှင့် ရွှေကျင်မြို့သည်လည်း ဇက်၊ သမ္ဗန်၊ ကူးတို့လှေများဖြင့် ကူးခတ်ကြရပါသည်။

ယခုအခါတွင် မဒေါက်မြို့နှင့် ရွှေကျင်မြို့သို့ ဆက်သွယ်ထားသော မြစ်ကူးကားလမ်းတံတားကြီးမှာလည်း နိုင်ငံတော်၏ ကြိုးပမ်းအားထုတ်မှုကြောင့် ပေါ်ထွန်းလာခဲ့ပြီဖြစ်ပါသည်။ ပြည်သူများ လမ်းပန်းဆက်သွယ်မှု ယခင်ကထက် လွယ်ကူစွာ သွားလာနိုင်ကြပြီဖြစ်သဖြင့် နယ်သူနယ်သားများကလည်း နိုင်ငံတော်အား ကျေးဇူးတင်မဆုံးရှိနေကြပါသည်။ ယခင်က အိပ်မက်ဆန်ဆန် တွေးတောခဲ့သော ပုံရိပ်များမှာ ယနေ့အချိန်အခါတွင် မျက်ဝါးထင်ထင် ဖြစ်ပေါ်လာကြပြီဖြစ်ပါသည်။

♠ ♠ ♠

အချိန်က ၁၉၈၅ ခုနှစ် ပတ်ဝန်းကျင်ခန့်ဖြစ်ပါသည်။


ကိုသာမောင်မှာ ထင်းကုန်းရွာဇာတိဖြစ်ပြီး အရွယ်ရောက်သည့်အချိန်မှစ၍ ထင်းကုန်းရွာနှင့် စစ်တောင်းမြစ်တစ်ဖက်ကမ်းရှိ ဒုံဇရပ်ရွာသို့ ကူးတို့ပို့လုပ်ငန်းကို လုပ်ကိုင်လာခဲ့သည်မှာ နှစ်အတော်ကြာပြီဖြစ်ပါသည်။ ဇနီးဖြစ်သူ မပန်းလှကလည်း ခြံထွက် ဟင်းသီးဟင်းရွက်များကို နေ့စဉ် ခေါင်းရွက်ဗျပ်ထိုးရွက်၍ ရွာရိုးတစ်လျှောက်လှည့်လည်ရောင်းချခြင်းဖြင့် မိသားစုလေးဦး၏ ဝမ်းရေးကို တစ်ဖက်တစ်လမ်းက ဖြည့်ဆည်းပေးလျက်ရှိနေပါသည်။

ကိုသာမောင်၏ ကူးတို့ပို့လုပ်ငန်းကလည်း ပုံမှန်တော့မရှိပါ။ သို့သော်လည်း မိသားစု စားဝတ်နေရေးအတွက် ထိုက်သင့်သော အထောက်အပံ့ကိုတော့ ရရှိစေခဲ့ပါသည်။ နေ့စဉ် နံနက် ၇ နာရီခန့် ကူးတို့ဆိပ်တွင်စောင့်ပြီး ဒုံဇရပ်ရွာဘက်သို့ သွားကြမည့် ခရီးသည်များကို အကြိုအပို့ ဆောင်ရွက်ရပါသည်။

www.burmeseclassic.com

www.burmeseclassic.com





မြစ်လယ်လောက်
ရောက်သည့်အခါတွင်
မြောက်ဘက်မှနေ၍
အစိမ်းရောင်
အထုပ်တစ်ထုပ်မှာ
မြုပ်ချည်ပေါ်ချည်ဖြင့်
မျောလာသည်ကို
သတိပြုမိပါသည်။
သမ္ဗန်လှေလော်
ခတ်ခြင်းကို ရပ်တန့်၍
ထိုအစိမ်းရောင်အထုပ်
မိမိသမ္ဗန်အနီးသို့
ရောက်သည်အထိ
စောင့်နေပြီး
အနီးရောက်သည့်အခါ
ထိုးဝါးဖြင့် ချိတ်ယူ
ဆယ်လိုက်ပါသည်။

ယနေ့ရာသီဥတုက ကောင်
ကင်တွင် တိမ်ကင်းစင်ပြီး ကြည်
လင်လျက်ရှိပါသည်။ နံနက် ၉ နာ
အထိ ထင်းကုန်းရွာကူးတို့ဆိပ်ကမ်
တွင် ကူးမည့်ခရီးသည်တစ်ဦးမျှ
ရောက်လာခြင်းမရှိပါ။ တစ်ခါတစ်
ခရီးသည်ပြတ်တတ်သဖြင့် ဒုံဇရ
ရွာဘက်ခြမ်းတွင်လည်း ခရီးသည်
ရှိနိုင်သောကြောင့် ကိုသာမောင်တ
ယောက် ဒုံဇရစ်ရွာဘက်သို့ တစ်ဦ
တည်း ကူးတို့လှေကိုလှော်၍ အေ
အေးဆေးဆေး ထွက်လာခဲ့ပါသည်

မြစ်လယ်လောက်ရောက်သည့်
အခါတွင် မြောက်ဘက်မှနေ၍
အစိမ်းရောင်အထုပ်တစ်ထုပ်မှာ မြုပ်
ချည်ပေါ်ချည်ဖြင့် မျောလာသည်ကို
သတိပြုမိပါသည်။ သမ္ဗန်လှေလော်
ခတ်ခြင်းကို ရပ်တန့်၍ ထိုအစိမ်း
ရောင်အထုပ် မိမိသမ္ဗန်အနီးသို့
ရောက်သည်အထိ စောင့်နေပြီး အနီး
ရောက်သည့်အခါ ထိုးဝါးဖြင့် ချိတ်
ယူဆယ်လိုက်ပါသည်။

ကိုသာမောင်က အထုပ်ကို
ကြည့်ရှုရာတွင် အစိမ်းရောင် ကျော
ပိုးအိတ်တစ်လုံးဖြစ်ပြီး အိတ်ထဲတွင်
အဝတ်အစားများနှင့် မှတ်ပုံတင်
တစ်ခုကို တွေ့ရှိရသည်။ မှတ်ပုံတင်
မှာ မောင်ကျော်လွင် (ဘ) ဦးအောင်
ကျောင်းရွာကျေးရွာဟု ပါသဖြင့်
အထုပ်ပိုင်ရှင်သည် ကျောင်းရွာက
ဟုပင် ထင်မြင်ခဲ့ပါသည်။ မှတ်ပုံ
တင်နှင့် အဝတ်အစားများပါသဖြင့်
မှတ်ပုံတင်အမည်ပါသူသည် မိမိ
အထုပ်ကို မြစ်ထဲသို့ အကြောင်းမဲ့
ပစ်ချတော့ မဖြစ်နိုင်ပါ။ သို့ဖြစ်လျှင်

www.burmeseclassic.com

www.burmeseclassic.com



တ်ပုံတင်အမည်ပါသူသည် ရေနစ် သေဆုံးသောကြောင့် အထုပ်မှာ မြစ် ရေတွင် မျောလာတာလား၊ သို့ မဟုတ် အကြောင်းတစ်ခုခုတော့ရှိ ည်ထင်ပါသည်။

ကိုသာမောင်စိတ်ထဲတွင်လည်း ကျောပိုးအိတ်နှင့်ပတ်သက်ပြီး သံသယဖြစ်လာသဖြင့် ဒုံဇရစ်ကျေး ရွာဘက်သိုပ ဆက်မသွားတော့ဘဲ ကျောင်းရွာကျေးရွာဘက်သို့ ပြန် သည်လှော်ခတ်လာပါသည်။

♠ ♠ ♠

ကျောင်းရွာဆိပ်ကမ်းရောက်ပြီး ကျေးရွာဥက္ကဋ္ဌ(ယခု ကျေးရွာအုပ် ချုပ်ရေးမှူး)ဦးကျော်သိန်းအိမ်သို့ က်ချင်းသွားရောက်ခဲ့သည်။ ရေစို နေသော ကျောပိုးအိတ်ကိုလွယ်ပြီး ဦးကျော်သိန်းအိမ်ရှေ့ ရောက်သည့် အခါ.....

"ဥက္ကဋ္ဌကြီး ရှိပါသလား ခင် ဗျာ"

ဟု အော်မေးလိုက်ရာ အိမ် ပေါ်မှနေ၍.....

"အေး.....ရှိတယ်ဟေ့၊ အိမ် ပေါ်တက်လာခဲ့လေကွာ၊ ဘာကိစ္စ ရှိလို့လဲ"

အမျိုးသားတစ်ဦး၏ ပြန်ပြော သံကြားရသဖြင့် ကိုသာမောင်လည်း အိမ်လှေကားမှတစ်ဆင့် အိမ်ပေါ်သို့ တက်လာခဲ့သည်။ အိမ်ပေါ်ရှိ ပက် လက်ကုလားထိုင်တွင် ပိန်ပိန်ပါးပါး၊ မျက်မှန်တပ်လျက် လူတစ်ဦးထိုင် နေသည်ကို တွေ့ရပြီး ထိုလူက....

"ငါက ကျောင်းရွာဥက္ကဋ္ဌပဲ၊ မင်းက ဘယ်သူတုံး"

ကိုသာမောင်က ကျောပိုးအိတ် အား ဘေးတွင်ချပြီးနောက်.....

"ကျွန်တော်က ထင်းကုန်း- ဒုံဇရစ် ကူးတို့သမား ကိုသာမောင် ပါခင်ဗျာ၊ ဒီနေ့ ကျွန်တော် ဒုံဇရစ် ဘက်ခြမ်းကို ကူးတဲ့အခါ မြစ်လယ် မှာ ဒီကျောပိုးအိတ်တစ်လုံး တွေ့ ပါတယ်၊ အိတ်ထဲမှာ မှတ်ပုံတင်တစ် ခုနဲ့ အဝတ်အစားတွေတွေ့လို့ မှတ် ပုံတင်လိပ်စာအရ ကျောင်းရွာကဆို လို့ ကျွန်တော်လည်း မသင်္ကာတာ နဲ့ ဥက္ကဋ္ဌဆီ လာပို့တာပါ"

ဥက္ကဋ္ဌ ဦးကျော်သိန်းက လှမ်း ပေးသော ကျောပိုးအိတ်ကိုယူပြီးဖွင့် ကြည့်သည့်အခါ လူငယ်ဝတ် ရှပ် လက်တိုအင်္ကျီ သုံးထည်၊ ပုဆိုးသုံး ထည်၊ စွပ်ကျယ် နှစ်ထည်၊ ပေါင် ဒါဘူး၊ ခေါင်းလိမ်းဆီဘူးနှင့် မှတ်ပုံ တင်တစ်ခုတို့ကို တွေ့ရှိရသည်။

ဥက္ကဋ္ဌ ဦးကျော်သိန်းက မှတ်ပုံ တင်ပါ အမည်၊ လိပ်စာအားကြည့် ရှုပြီးနောက်.....

"အေး.....မှတ်ပုံတင်ကတော့ တို့ရွာသားမှတ်ပုံတင်ပဲကွ၊ ကောင် လေးက အဖေမရှိတော့ဘူး၊ သူ့ အမေ ဒေါ်အေးနွယ်တော့ရှိတယ်၊ ခေါ်မေးကြည့်မှပဲ အခြေအနေ သိ ရမှာပဲ"

ဥက္ကဋ္ဌ ဦးကျော်သိန်းက အိမ် အောက်တွင် နွားစာစဉ်းနေသောသူ အား.....

"ဟေ့..လှသောင်း၊ ရွာတောင် ပိုင်းက ဒေါ်အေးနွယ်ကို သွားခေါ် စမ်းပါကွာ၊ တစ်ခါတည်း လိုက်ခဲ့ပါ လို့ပြော"

ကိုလှသောင်းဆိုသူလည်း နွား စာစဉ်းနေသည်ကိုရပ်ပြီး ထွက်သွား ပါသည်။ မကြာမီ ကိုလှသောင်းနှင့် အတူ အသက် ၆၀ အရွယ်ခန့် အမျိုးသမီးကြီးတစ်ဦးမှာ ပုဆိုးတစ် ထည်ကို ခေါင်းပေါ်တွင်တင်လျက် ဥက္ကဋ္ဌအိမ်ပေါ်သို့ တက်လာပါသည်။

"ကဲ.....ဒေါ်အေးနွယ်၊ ခရီး ရောက်မဆိုက်ဘဲ ပြောရဦးမယ်၊ ဒါ နဲ့ ခင်ဗျားသား ဘယ်သွားလဲ"

"ကျွန်မသားက လွန်ခဲ့တဲ့ နှစ် ရက်က ရန်ကုန်ဘက်ကို သူ့သူငယ် ချင်းနဲ့အတူ အလုပ်သွားရှာမယ်ပြော ပြီး ထွက်သွားတာပဲ၊ ဘာဖြစ်လို့လဲ ဥက္ကဋ္ဌကြီး"

"ခင်ဗျားသားက ဘာတွေယူ သွားလဲ"

"ကျွန်မ သိတာကတော့ သူ့ ကျောပိုးအိတ်ထဲကို သူဝတ်နေကျ အဝတ်အစား သုံးစုံလောက်နဲ့ အသုံး အဆောင်တွေ ထည့်တာတော့တွေ့ လိုက်တယ်"

"နောက်ပြီး ဘာတွေပါသေး လဲ"

"အင်း...ခရီးစရိတ်က ငွေတစ် သောင်းငါးထောင်ရယ်၊ နောက်ပြီး တစ်မတ်သားလောက်ရှိတဲ့ ကျောက် နီလက်စွပ်တစ်ကွင်းရယ်၊ အဲဒါပဲ ပါ ပါတယ်"

ဥက္ကဋ္ဌ ဦးကျော်သိန်းက ကျော ပိုးအိတ်ကို လှမ်းယူလိုက်ပြီး ဒေါ် အေးနွယ်ရှေ့သို့ ချပေးလိုက်ရာ...

"ကဲ.....အဲဒီအိတ်ကို ကြည့်

www.burmeseclassic.com

www.burmeseclassic.com



ပါဦး၊ အထဲမှာ အဝတ်အစားတွေပါတယ်၊ ခင်ဗျားသားပစ္စည်းတွေ ဟုတ်၊ မဟုတ် စစ်ကြည့်ပါဦး''

ဒေါ်အေးနွယ်က ကျောပိုးအိတ်ကိုယူပြီး အဝတ်အစားများနှင့်အသုံးအဆောင်များကို တစ်ခုချင်းစစ်ဆေးပြီးနောက်.....

''ဟုတ်ပါတယ် ဥက္ကဋ္ဌကြီး၊ ဒါ ကျွန်မသား ကျောပိုးအိတ်ပါ၊ ပုဆိုး၊ အင်္ကျီတွေလည်း သူ့ပစ္စည်းတွေပါ၊ ဒီအိတ်ကို ဘယ်ကမျှားရပါသလဲ ဥက္ကဋ္ဌကြီးရယ်''

''အေး.....ဒီမှာ ခင်ဗျားသားအိတ်ကို ဒီချောင်းမြစ်လယ်မှာ မျောလာတာတွေ့လို့ ဒီကူးတို့သမား ကိုသာမောင်ကဆယ်ပြီး အိတ်ထဲမှာ မှတ်ပုံတင်လည်းတွေ့တာနဲ့ ကျွန်တော့်ဆီလာအပ်တာ''

ဒေါ်အေးနွယ်က အံ့အားသင့်သွားပြီး.....

''ဒီလိုဆိုရင် ကျွန်မသားလေး တစ်ခုခုဖြစ်ပြီလား မသိဘူးနော်၊ မြစ်ထဲမျောလာတာဆိုတော့ ရေထဲဆင်းရင်းနဲ့များ ရေနစ်သွားတာလား၊ ဒါလည်းမဖြစ်နိုင်ပါဘူး၊ သူရေကူးတတ်ပါတယ်၊ လုပ်ပါဦး ဥက္ကဋ္ဌကြီးရယ်၊ ကျွန်မသားလေး တစ်ခုခုဖြစ်ပြီထင်ပါတယ်''

ဒေါ်အေးနွယ်မှာ ပြောပြောဆိုဆိုဖြင့် သားအပေါ် စိုးရိမ်ပူပန်မှုကြီးပြီး ငိုယိုပြောနေပါတော့သည်။

ဥက္ကဋ္ဌဦးကျော်သိန်းက.....

''ခင်ဗျားပြောသလိုဆိုရင်တော့ ရေနစ်တာ မဖြစ်နိုင်ဘူး၊ အကြောင်းတစ်ခုခုတော့ရှိမယ်၊ ဒါနဲ့ နေစမ်းပါ

''ဒီလိုဆိုရင် ကျွန်မသားလေး တစ်ခုခုဖြစ်ပြီလား မသိဘူးနော်၊ မြစ်ထဲမျောလာတာဆိုတော့ ရေထဲဆင်းရင်းနဲ့များ ရေနစ်သွားတာလား၊ ဒါလည်းမဖြစ်နိုင်ပါဘူး၊ သူ ရေကူးတတ်ပါတယ်၊ လုပ်ပါဦးဥက္ကဋ္ဌကြီးရယ်၊ ကျွန်မသားလေး တစ်ခုခုဖြစ်ပြီ ထင်ပါတယ်''



www.burmeseclassic.com

www.burmeseclassic.com



ဦး၊ ခင်ဖျားသားက သူ့သူငယ်ချင်းနဲ့ ရန်ကုန်သွားမယ်ဆိုတော့ ဘယ်သူနဲ့သွားမယ်လို့ ပြောသွားလဲ''

''ကျွန်မကိုလည်း အမည်တော့ ပြောမသွားဘူး။ ရွာမြောက်ပိုင်းက ဆိုတာလောက်ပဲကြားတယ်၊ ဘယ်သူမှန်း ကျွန်မ မသိဘူး''

''ကဲ.....ဒီလိုဆိုရင် ကျုပ်တို့ ဒီလိုနေလို့မရဘူး။ ပြွန်တန်ဆာရဲစခန်းကိုတော့ အမြန်အကြောင်းကြား သတင်းပို့ရမယ်၊ ရဲကစုံစမ်းရင်တော့ ပေါ်နိုင်လောက်ပါတယ်''

''ဟုတ်ကဲ့၊ ဥက္ကဋ္ဌကြီးကောင်းသလိုသာစီစဉ်ပါ ဥက္ကဋ္ဌကြီးရယ်''

''ကဲ.....ကိုသာမောင်ရေ ခင်ဖျားလည်း အခုလို တာဝန်သိသိနဲ့ ကျောပိုးအိတ်ကို လာအပ်ပေးတာ ကျေးဇူးတင်တယ်ဗျာ၊ ဒီအိတ်သာမတွေ့ရင် ဘာမှသိကြမှာမဟုတ်ဘူး။ ခင်ဖျားလည်း အလုပ်ပျက်နေရော့မယ်၊ လုပ်စရာရှိတာလုပ်ပါတော့''

''ရပါတယ် ဥက္ကဋ္ဌကြီးရယ်၊ ကျွန်တော်တို့က တစ်နယ်တည်းသားတွေပဲ၊ အခုလို အထုပ်ပိုင်ရှင်နဲ့တွေ့သွားတော့ ပိုအဆင်ပြေတာပေါ့၊ နို့မို့ဆိုရင် ကျွန်တော့်ဆီသောင်တင်နေမှာ၊ မှတ်ပုံတင်လည်းပါနေတော့ အဆင်ပြေသွားတာပေါ့၊ ကျွန်တော့်ကို ခွင့်ပြုပါဦး ဥက္ကဋ္ဌကြီး''

''ကောင်းပါပြီဗျာ၊ အထူးပဲ ကျေးဇူးတင်ပါတယ်''

ကိုသာမောင်တစ်ယောက်လည်း ဥက္ကဋ္ဌအိမ်ပေါ်မှ ပြန်ဆင်းသွားပြီးနောက်.....

''ကဲ.....ဒေါ်အေးနွယ်၊ ဒီနေ့ ညနေ မဒေါက်ရထား မီနိုင်တယ်၊ ခင်ဖျားနဲ့ကျုပ်တို့ ပြွန်တန်ဆာရဲစခန်းကို အမြန်သွားကြတာပေါ့၊ ခင်ဖျားလည်း ယူစရာရှိတာတွေ ပြန်ယူပြီး အမြန်လာခဲ့၊ ကျုပ်ဒီမှာ မဒေါက်စက်လှေ စီစဉ်ထားလိုက်မယ်''

''ဟုတ်ကဲ့.....ဟုတ်ကဲ့၊ ကျွန်မအိမ်ပြန်ပြီး အမြန်ပြန်လာခဲ့ပါ့မယ်''

ဥက္ကဋ္ဌ ဦးကျော်သိန်းကတော့ ဒေါ်အေးနွယ်ကျောပြင်ကိုကြည့်ပြီး စိတ်မောစွာနှင့် သက်ပြင်းချလိုက်မိပါသည်။ မိခင်ဆိုတော့လည်း သားသမီးအတွက် စိုးရိမ်ပူပန်မှုရှိမည်ကို ကိုယ်ချင်းစာမိပါသည်။ ဒေါ်အေးနွယ်၏သားကျောပိုးအိတ်ကို မြစ်ထဲမှာ ရိုးရိုးသားသားတွေ့ရရင်တော့ အကြောင်းမဟုတ်။ ဆန်းဆန်းပြားပြား တစ်ခုခုဖြစ်ရင်တော့ ဒေါ်အေးနွယ်အဖို့ အမေတစ်ခု၊ သားတစ်ခု ဘဝမို့ ရင်ကျိုးရချည်ရဲ့။ ဘာမှမဖြစ်ပါစေနဲ့လို့ ဆုတောင်းလိုက်ပါတော့သည်။

♠ ♠ ♠

ပဲခူးတိုင်း(ယခု ပဲခူးတိုင်းဒေသကြီး)၊ ညောင်လေးပင်မြို့နယ်၊ ပြွန်တန်ဆာရဲစခန်း.....

ပြွန်တန်ဆာမြို့၊ မီးရထားဘူတာရုံရှေ့၊ ရန်ကုန်–မန္တလေးလမ်းမကြီး၏ လမ်းသွယ်၊ ဒေါက်တာ ဘသန်းလမ်းအတိုင်း အရှေ့ဘက်သို့ တစ်ဖာလုံခန့် လမ်းလျှောက်လိုက်ပါက ရဲစခန်းသို့ ရောက်ရှိပါသည်။ ရဲစခန်း၏ ရှေ့မျက်နှာစာတွင် ရေကန်ကြီးကတည်ရှိနေပြီး မိုးတွင်းအခါများတွင် ရဲစခန်းနောက်ကျော ရိုးချောင်းမှတစ်ဆင့် ရေများဝင်လာတတ်ပြီး ရဲစခန်းဝင်းအတွင်း၌ ဝါးတံတားများထိုး၍ သွားလာရပါသည်။ နွေအခါများတွင်တော့ သာသာယာယာရှိပြီး နေချင့်စဖွယ် ရဲစခန်းတစ်ခုဖြစ်ပါသည်။

ရဲစခန်းမှူး ရဲအုပ် နှင်းဦးအနေဖြင့် ပြွန်တန်ဆာရဲစခန်းသို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ခဲ့သည်မှာ တစ်နှစ်ကျော်ခန့်ရှိပြီဖြစ်သဖြင့် မြို့ခံပြည်သူများနှင့် ရင်းနှီးကျွမ်းဝင်မှုရှိနေပြီဖြစ်သည်။

ယနေ့လည်း နံနက် ၇ နာရီ တန်းစီပြီးသည်နှင့် စခန်းမှူး ရဲအုပ် နှင်းဦးမှာ အမှုစစ် ဒုရဲအုပ် လှဝင်း (ရဲမှူး၊ မူဆယ်ရဲစခန်း)၊ နယ်ထိန်း တပ်ကြပ် ချစ်တီး (ငြိမ်း)၊ တပ်ကြပ် ခင်လှိုင် (တပ်ကြပ်ကြီး၊ ငြိမ်း)၊ ဒု တပ်ကြပ် တင်ဌေး (ကွယ်လွန်)တို့နှင့်အတူ မီးရထားဘူတာရုံရှိ ဦးမာမက် (ကွယ်လွန်)ဆိုင်တွင် လက်ဖက်ရည်သောက်ပြီး ရဲစခန်းသို့ပြန်လာကြသည်။ ရဲစခန်းရုံး ရောက်သောအခါ ရုံးခန်းတွင် ကျောင်းရွာဥက္ကဋ္ဌ(ယခု ကျေးရွာအုပ်ချုပ်ရေး မှူး) ဦးကျော်သိန်းနှင့် အမျိုးသမီးကြီးတစ်ဦးတို့ ရောက်နေသည်ကို တွေ့ရှိသဖြင့် စခန်းမှူး ရဲအုပ် နှင်းဦးက.....

''ဟော.....ဥက္ကဋ္ဌကြီး ဘယ်အချိန်ကရောက်တာလဲ၊ [illegible] ချည်လား''

www.burmeseclassic.com

www.burmeseclassic.com



**"ဥက္ကဋ္ဌကြီး ပြောသလိုဆိုရင်တော့ စဉ်းစားစရာပဲ၊ ရေနစ်သေရအောင်လည်း မောင်ကျော်လွင်က ရေကူးကျွမ်းကျင်တယ် ဆိုတော့ ဒါလည်း မဖြစ်နိုင်ဘူး၊ အခုလောလော ဆယ်တော့ လူပျောက်ဖွင့်ပြီး နီးစပ်ရာရဲစခန်းတွေကို အမြန် အကြောင်းကြားရမှာပဲ၊ ကဲ…စာရေးကြီးရေ၊ မောင်ကျော်လွင် အမေနဲ့တွေ့ပြီး လိုအပ်တဲ့ ပုံသဏ္ဍာန်၊ အချက်အလက်တွေ ယူပြီးတာနဲ့ ရဲစခန်းတွေကို အမြန်ပို့တော့ဗျာ"**

"ဟုတ်တယ် စခန်းမှူး၊ ညက ရထားမိုးချုပ်တာနဲ့ မြို့ထဲမှာ အိပ်လိုက်ပြီး အခုမှပဲ စောစော ထွက်လာတာပါ"

"ကဲ.....ဒီလိုဆိုရင် လာရင်းကိစ္စ ဆိုပါဦး၊ ဘာကူညီပေးရမလဲ"

ဥက္ကဋ္ဌ (ယခု အုပ်ချုပ်ရေးမှူး) ဦးကျော်သိန်းက လွန်ခဲ့သော သုံးရက်ခန့်က စစ်တောင်းမြစ်လယ်တွင် မျောလာသော မောင်ကျော်လွင်၏ ကျောပိုးအိတ်ကို ထင်းကုန်းရွာမှ ကူးတို့ပို့သမား ကိုသာမောင်က တွေ့ရှိခဲ့သဖြင့် ၎င်းထံသို့လာအပ်ခဲ့ကြောင်း၊ မောင်ကျော်လွင်၏မိခင် ဒေါ်အေးနွယ်ကို ခေါ်ပြရာတွင် ၎င်း၏သားကျောပိုးအိတ်ဖြစ်ကြောင်းသိရပြီး သားဖြစ်သူမှာလည်း လွန်ခဲ့သော သုံးရက်က ရန်ကုန်သို့ အလုပ်သွားလုပ်မည်ဟု ပြောဆိုထွက်သွားရာမှ အဝတ်အစားအိတ်သာတွေ့ပြီး ပျောက်ဆုံးနေကြောင်း၊ ၎င်းတို့အနေဖြင့် မောင်ကျော်လွင်ပျောက်ဆုံးမှုနှင့်ပတ်သက်ပြီး မသင်္ကာသဖြင့် မြစ်ထဲမှ ပြန်လည်တွေ့ရှိသည့် ကျောပိုးအိတ်ကိုပါ ယူလာပြီး ရဲစခန်းသို့ လာရောက်တိုင်ကြားရခြင်းဖြစ်ကြောင်း ပြောပြပါသည်။

"ဥက္ကဋ္ဌကြီး ပြောသလိုဆိုရင်တော့ စဉ်းစားစရာပဲ၊ ရေနစ်သေရအောင်လည်း မောင်ကျော်လွင်က ရေကူးကျွမ်းကျင်တယ်ဆိုတော့ ဒါလည်းမဖြစ်နိုင်ဘူး၊ အခုလောလောဆယ်တော့ လူပျောက်ဖွင့်ပြီး နီးစပ်ရာ ရဲစခန်းတွေကို အမြန်အကြောင်းကြားရမှာပဲ၊ ကဲ.....စာရေးကြီးရေ၊ မောင်ကျော်လွင်အမေနဲ့တွေ့ပြီး လိုအပ်တဲ့ ပုံသဏ္ဍာန်၊ အချက်အလက်တွေယူပြီးတာနဲ့ ရဲစခန်းတွေကို အမြန်ပို့တော့ဗျာ"

စာရေးကြီး တပ်ကြပ်ကြီး မောင်ရင် (ကွယ်လွန်)ကလည်း ဒေါ်အေးနွယ်ကိုခေါ်ပြီး လိုအပ်သော အချက်အလက်များကို မေးမြန်းမှတ်သား ရေးယူပါတော့သည်။

"ဒါနဲ့ နေပါဦး ဥက္ကဋ္ဌကြီး၊ မောင်ကျော်လွင်က ရန်ကုန်ကိုသွားမယ်လို့ပြောတာက သူတစ်ယောက်တည်းသွားတာလား၊ အဖော်ပါသေးလား"

"ကျွန်တော် သူ့အမေကိုမေးတော့ အိမ်ကထွက်သွားတုန်းက တစ်ယောက်တည်းပဲတဲ့၊ ငွေတစ်သောင်းငါးထောင်နဲ့ တစ်မတ်သားကျောက်နီရွှေလက်စွပ်တစ်ကွင်း ပါသွားတယ်တဲ့၊ သူ့အမေကို ပြောသွားတာက ရွာမြောက်ပိုင်းက သူငယ်ချင်းတစ်ယောက်နဲ့သွားမယ်လို့ ပြောသံကြားတယ်တဲ့၊ သူလည်း နာမည်မသိဘူးလို့ပြောတယ်"

"ဒါဆို လွယ်ပါတယ် ဥက္ကဋ္ဌကြီးရယ်၊ ရွာမှာစုံစမ်းလိုက်ရင် ရပါတယ်"

"ဟုတ်တယ်၊ ကျွန်တော်လည်း ချက်ချင်းကြီးထွက်လာတာမို့ ဘယ်သူနဲ့သွားတယ်ဆိုတာကိုတော့ မစုံစမ်းရသေးဘူး၊ ကျွန်တော်

www.burmeseclassic.com

www.burmeseclassic.com



ရွာပြန်ရောက်တာနဲ့ စုံစမ်းလိုက်ရင် ရပါတယ်''

ရဲစခန်းမှူး ရဲအုပ် နှင်းဦးက နယ်ထိန်းခေါင်းဆောင် တပ်ကြပ် ချစ်တီးအားခေါ်ခိုင်းလိုက်ပြီး ရောက်သည့်အခါ.....

''ကဲ.....ဆရာချစ်တီးရေ၊ ကျွန်တော်နဲ့ ဆရာ့နယ်ထိန်းအဖွဲ့တို့ ကျောင်းရွာကို အမြန်သွားကြရမယ်၊ ရထားတော့ မမီတော့ဘူး၊ အခု ညောင်လေးပင်ကို စက်ဘီးနဲ့အမြန်သွားကြမယ်၊ ညောင်လေးပင်ကို ရောက်ရင် မဒေါက်ကိုသွားတဲ့ ကားကြုံတွေရှိမှာပါ၊ မရှိလည်း ကားစီစဉ်ကြရမှာပေါ့၊ မဒေါက်ရောက်တာနဲ့ စက်လှေစီစဉ်ပြီး သွားကြတာပေါ့၊ ဥက္ကဋ္ဌကြီးလည်း ကျွန်တော်တို့နဲ့ တစ်ခါတည်းလိုက်ခဲ့ပေါ့ဗျာ''

စခန်းမှူး ရဲအုပ် နှင်းဦးလည်း အိမ်ခဏပြန်ပြီး လိုအပ်သောအဝတ်အစားများယူ၍ ရဲစခန်းသို့ပြန်လာခဲ့သည်။ နယ်ထိန်း တပ်ကြပ် ချစ်တီးနှင့်အဖွဲ့ကလည်း ယူနီဖောင်းအသင့်ဖြင့် ရောက်လာကြသည့်အခါ ရဲစခန်းမှူး ရဲအုပ် နှင်းဦးက.....

''ဆရာချစ်တီးတို့အဖွဲ့က လေးယောက်တည်းဆိုတော့ အင်အားနည်းမယ်ထင်တယ်၊ နောက်ထပ် ဒုတပ်ကြပ် လှဝင်း (တပ်ကြပ်ကြီး၊ ပြန်တန်ဆာ)၊ တပ်သား မြင့်ဆွေ (ကွယ်လွန်)တို့နှစ်ယောက်ပါ ထပ်ခေါ်လိုက်ပါ၊ လိုရမည်ရပေါ့''

''ကောင်းပါတယ် ဆရာ၊ အင်အားများတော့ ကျွန်တော်တို့ ဖြန့်ခွဲသတင်းယူလို့ရတာပေါ့''

စခန်းမှူး ရဲအုပ် နှင်းဦးနှင့်အဖွဲ့လည်း ညောင်လေးပင်မှတစ်ဆင့် ကားကြုံနှင့်လိုက်လာကြပြီး မဒေါက်ရောက်သည့်အခါ စက်လှေနှင့် ဆက်လက်ထွက်ခွာလာရာ ကျောင်းရွာကျေးရွာသို့ ညနေ ၅ နာရီခန့် ရောက်ရှိပါသည်။ ဥက္ကဋ္ဌ ဦးကျော်သိန်းအိမ်၌ပင် စခန်းမှူး ရဲအုပ် နှင်းဦးနှင့်အဖွဲ့ တည်းခိုကြသည်။

စခန်းမှူး ရဲအုပ် နှင်းဦးက နယ်ထိန်းတပ်ကြပ် ချစ်တီးနှင့်အဖွဲ့အား ရွာတွင်းသို့ စုံစမ်းရန် စေလွှတ်လိုက်သည်။ အထူးသဖြင့် ယခုပျောက်ဆုံးနေသူ မောင်ကျော်လွင်နှင့်အတူ မည်သူပါသွားသည်ကို အဓိက မျက်မြင်စုံစမ်းရန်နှင့် စုံစမ်းရရှိက အပျူသွားသူမှာ ရွာတွင် ရှိ/မရှိ၊ ဆွေမျိုးစာရင်း၊ သွားလာတတ်သည့်နေရာများကိုပါ လျှို့ဝှက်စုံစမ်းရန် မှာကြားစေလွှတ်လိုက်ပါသည်။ စခန်းမှူး ရဲအုပ် နှင်းဦးလည်း ဥက္ကဋ္ဌ ဦးကျော်သိန်းတို့ကျွေးမွေးသော ညစာကို စားပြီးနောက် အနားယူရန် ပြင်ဆင်နေစဉ်တွင် ည ၈ နာရီခန့်၌ နယ်ထိန်းတပ်ကြပ် ချစ်တီးနှင့်အဖွဲ့ ပြန်ရောက်လာသည်။

နယ်ထိန်းတပ်ကြပ် ချစ်တီးနှင့်အဖွဲ့၏ စုံစမ်းချက်များအရ မောင်ကျော်လွင်မှာ ကျောပိုးအိတ်လွယ်ပြီး ရွာမှထွက်သွားသည်ကို လွန်ခဲ့သော လေးရက်ခန့်က ၎င်းအား သိကျွမ်းသူ မောင်ကံထူးဆိုသူမှ တွေ့မြင်ကြောင်း၊ ရွာထဲမှထွက်သွားစဉ်က တစ်ဦးတည်းဖြစ်ကြောင်း၊ သို့သော် လွန်ခဲ့သော တစ်ပတ်ကျော်ခန့်က တစ်ရွာတည်းနေ ညိုကြီးနှင့်အတူ ရွာပြင်၌ စကားပြောနေကြသည်ကိုလည်း တွေ့မြင်ခဲ့ကြကြောင်း၊ ညိုကြီးမှာ ရွာတွင် အလုပ်အကိုင်အတည်တကျရှိသူမဟုတ်ကြောင်း၊ မုဆိုးဖို ဖခင်နှင့်အတူ နေထိုင်ကြောင်း၊ ဖခင်၏ လယ်သူရင်းငှား လုပ်ခလေးနှင့်ပင် ချို့ချို့တဲ့တဲ့ နေထိုင်ကြကြောင်း၊ အပေါင်းအသင်းဆုံးပြီး လက်ရဲဇက်ရဲ လုပ်ကိုင်တတ်သူဖြစ်ကြောင်း၊ ရွာတွင် အမဲပေါ်၊ ဝက်ပေါ်ရာ၌လည်း ညိုကြီးမှာကိုယ်တိုင်သတ်ဖြတ်ရဲသူဖြစ်ကြောင်း၊ ညိုကြီး၏ဖခင် ဦးလှမောင်နှင့် တွေ့ရှိခဲ့ပြီး ၎င်း၏သားမှာ ရန်ကုန်သွားမည်ပြောပြီး လွန်ခဲ့သော လေးရက်ခန့်လောက်က ထွက်သွားကြောင်း၊ ၎င်းနှင့်အတူ မည်သူပါသည်ကို မသိကြောင်း၊ ဆွေမျိုးစာရင်း ရယူခဲ့ပြီး စုံစမ်းချက်များအား ပြန်လည်တင်ပြခဲ့သည်။

စခန်းမှူး ရဲအုပ် နှင်းဦးကလည်း ဥက္ကဋ္ဌ ဦးကျော်သိန်းထံမှ ဦးလှမောင်၏ ဆွေမျိုးများရှိနိုင်မည့်နေရာများအား စုံစမ်းရာ ဦးလှမောင်၏ညီမတော်စပ်သူ ဒေါ်လှနွဲ့မှာ ရွှေကျင်မြို့၊ ပျဉ်းမပင်ရပ်ကွက်တွင်ရှိသည်ဟု သိရှိရကြောင်း၊ ယခင်ကလည်း သွားလေ့သွားထရှိသည်ဟု သိရကြောင်း စုံစမ်းသိရှိရသည်။

ထို့ပြင် နယ်ထိန်းတပ်ကြပ် ချစ်တီးနှင့်အဖွဲ့က ထူးထူးခြားခြား သတင်းတစ်ခု ရရှိခဲ့ရာ လွန်ခဲ့သော သုံးရက်ခန့်လောက်က စစ်တောင်း

www.burmeseclassic.com



**စခန်းမှူး ရဲအုပ် နှင်းဦးက နောက်နေ့တွင် စစ်တောင်းမြစ်ကြောင်း တစ်လျှောက် ခေါင်းပြတ်နေသည့် အလောင်းရှာ ဖွေရန်နှင့် တွေ့ရှိက လှေဖြင့် တင်လာရန် စိတ်ကူးဖြင့်**



မြစ်အလယ်တွင် ခေါင်းမပါသော လူသေအလောင်းတစ်လောင်းမှာ မြုပ်ချည်ပေါ်ချည်ဖြင့် တောင်ဘက်သို့ မျောသွားသည်ကို ငါးဖမ်းလှေများက တွေ့မြင်လိုက်သည်ဟု သတင်းရကြောင်း စုံစမ်းသိရှိရပါသည်။ စခန်းမှူး ရဲအုပ် နှင်းဦးက ရရှိသော သတင်းများ စုစည်းသုံးသပ်ပြီး.....

"ကဲ.....ဒီလိုလုပ်ကြရအောင်၊ နယ်ထိန်း ဆရာချစ်တီးနဲ့အဖွဲ့က အခုညတွင်းချင်းပဲ စက်လှေနဲ့ ရွှေကျင်ကိုထွက်မယ်၊ ရောက်ရင် ရွှေကျင်ရဲစခန်းကို သတင်းပို့ပြီး ပျဉ်းမပင်ရပ်ကွက်မှာရှိတဲ့ ဒေါ်လှနွဲ့အိမ်ကိုရှာမယ်၊ ကျွန်တော့်အထင်တော့ ညီကြီး သူ့အဒေါ်အိမ်မှာရှိလိမ့်မယ် ထင်တယ်၊ ကျော်လွင်နဲ့ ရွာပြင်မှာဆုံပြီး သူတို့နှစ်ယောက် သွားကြတာဖြစ်မယ်၊ ဒီကောင့်ကိုမိရင်တော့ ကျော်လွင်နဲ့ပတ်သက်ပြီး ထူးခြားမှုရှိနိုင်တယ်ထင်တယ်၊ အဲဒီတော့ ဥက္ကဋ္ဌကြီးက စက်လှေတစ်စီး စီစဉ်ပေးပါဗျာ"

"ရပါတယ် စခန်းမှူး၊ ဒီအချိန်ကတော့ စက်လှေတွေ ပေါပါတယ်"

"ဟုတ်ပြီ၊ ဒါဆိုရင် ဆရာချစ်တီးတို့ ရွှေကျင်ရောက်မယ့်အချိန်က ညဉ့်နက်ပိုင်းဖြစ်မယ်၊ အလစ်ဝင်နိုင်တာပေါ့ဗျာ"

နယ်ထိန်းတပ်ကြပ် ချစ်တီးနှင့် အဖွဲ့လည်း မြစ်ဆိပ်ဘက်သို့ ဆင်းသွားကြပါသည်။ စခန်းမှူး ရဲအုပ် နှင်းဦးက ဥက္ကဋ္ဌ (ယခု အုပ်ချုပ်ရေးမှူး)ဦးကျော်သိန်းဘက်လှည့်ပြီး.....

"ကဲ.....ဥက္ကဋ္ဌကြီး၊ ကူညီလက်စနဲ့ ဆက်ကူညီပါဦး၊ ကျွန်တော်နဲ့အဖွဲ့ကတော့ မနက် ၇ နာရီလောက် ကျောင်းရွာကနေ သိမ်ဇရပ်ဘက်ကို စက်လှေနဲ့ထွက်မယ်၊ လှေအလွတ်တစ်စင်းကိုလည်း ကျွန်တော်တို့စက်လှေနဲ့ တွဲပေးလိုက်ပါ၊ ထူးခြားမှုရှိရင် ကျွန်တော် အသုံးပြုချင်လို့ပါ"

စခန်းမှူး ရဲအုပ် နှင်းဦးက နောက်နေ့တွင် စစ်တောင်းမြစ်ကြောင်းတစ်လျှောက် ခေါင်းပြတ်နေသည့်အလောင်းရှာဖွေရန်နှင့် တွေ့ရှိက လှေဖြင့်တင်လာရန်စိတ်ကူးဖြင့် ကြိုတင်စီစဉ်ထားခြင်းဖြစ်သည်။ ဥက္ကဋ္ဌ ဦးကျော်သိန်းကိုတော့ အသေးစိတ်မပြောပြတော့ပါ။ ဥက္ကဋ္ဌ ဦးကျော်သိန်းလည်း အိမ်ပေါ်မှဆင်းသွားပြီးနောက် စခန်းမှူး ရဲအုပ် နှင်းဦးလည်း မနက်ဖြန်ပြုလုပ်မည့် အစီအစဉ်များကို တွေးတောရင်း အိပ်ရာဝင်ခဲ့ပါတော့သည်။

♠ ♠ ♠

နောက်နေ့နံနက် ၇ နာရီခန့်တွင် စခန်းမှူး ရဲအုပ် နှင်းဦးနှင့် အဖွဲ့က ကျောင်းရွာမှ စက်လှေနှင့် ထွက်လာခဲ့သည်။ စစ်တောင်းမြစ်အတိုင်း ရေစုန်အလိုက် မောင်းနှင်လာခဲ့ကြသည်။ မြစ်ကြောင်းလမ်းတွင် တွေ့ရှိသော ငါးဖမ်းလှေများအား စုံစမ်းရာ ထူးခြားမှု မရှိခဲ့ကြပါ။ ထင်းကုန်းရွာလွန်ပြီးနောက် ငါးဖမ်းလှေ သုံးစင်းခန့်တွေ့၍ ထပ်မံစုံစမ်းရာ လွန်ခဲ့သော သုံးရက်ကျော်

www.burmeseclassic.com



ခန့်လောက်က ခေါင်းမပါသော လူသေအလောင်းတစ်လောင်းမှာ တောင်ဘက်သို့ မျောသွားသည်ကို တွေ့မိကြကြောင်း၊ အဝေးကသာ ကြည့်မိသော်လည်း ဦးခေါင်းမပါသည်မှာ သေချာကြောင်း၊ သူရဲသူမိန့်ရွာဘက်မှ ငါးဖမ်းလှေသမားများလည်း တွေ့မြင်ကြသည်ဟု သိရသဖြင့် စစ်တောင်းမြစ်မှ ခွဲထွက်သော သူရဲသူမိန့်ချောင်းမှတစ်ဆင့် ရွာဘက်သို့မောင်းပြီး စုံစမ်းရာ ငါးဖမ်းသမားများ ပြောပြချက်အရ ခေါင်းမပါသောအလောင်းမှာ စစ်တောင်းမြစ်တစ်လျှောက် မြုပ်ချည်ပေါ်ချည်ဖြင့် တောင်ဘက်သို့မျောသွားသည်ကို တွေ့မြင်မိကြကြောင်း စုံစမ်းသိရှိရသည်။

စခန်းမှူး ရဲအုပ် နှင်းဦးကလည်း ထိုခေါင်းပြတ်အလောင်းမှာ စစ်တောင်းမြစ်၏ကမ်းစပ်တစ်နေရာတွင် ဆိုက်ကပ်နိုင်သည်ဟု ယူဆပြီး စစ်တောင်းမြစ်အား အလျားလိုက်၊ ကန့်လန့်တို့ဖြင့် စက်လှေကို မောင်းစေပြီး ရှာဖွေခဲ့သော်လည်း ခေါင်းပြတ်အလောင်းအား မတွေ့ရှိခဲ့ပါ။ ကျောက်ညှပ်ကျေးရွာအနီး စစ်တောင်းတံတားကြီးအောက်ရောက်ပြီး လွန်သည့်အခါ မြစ်မှာ ကျယ်ဝန်းလာပြီး ကမ်းစပ်အား မှုန်ဝါးဝါးသာ မြင်ရတော့သဖြင့် ဆက်လက်ရှာဖွေခြင်း မပြုတော့ဘဲ ကျောင်းရွာသို့ ပြန်လည်ထွက်ခွာလာရာ ညနေ ၃ နာရီခန့် ပြန်လည်ရောက်ရှိကြသည်။

ဥက္ကဋ္ဌ ဦးကျော်သိန်းအိမ်သို့ ရောက်ပြီး ခေတ္တအမောဖြေနေစဉ် တပ်ကြပ် ချစ်တီးနှင့်အဖွဲ့လည်း ပြန်လည်ရောက်ရှိကြသည်။ ၎င်းတို့အဖွဲ့နှင့်အတူ ကျောင်းရွာနေ ညိုကြီးဆိုသူပါ အတူပါလာပြီး ဥက္ကဋ္ဌအိမ်ပေါ်သို့ ခေါ်လာသည်။ ခရီးရောက်မဆိုက်ပင် နယ်ထိန်း တပ်ကြပ် ချစ်တီးက.....

“ဆရာပြောတဲ့အတိုင်းပဲဆရာ၊ ညိုကြီးကို သူ့အဒေါ်အိမ်မှာ အိပ်နေတာတွေ့လို့ ခေါ်လာတယ်၊ သူ့အိတ်ထဲမှာတော့ ငွေ ငါးထောင်လောက် တွေ့တယ်၊ သူ့ပိုက်ဆံလို့ ပြောတယ်၊ ကျွန်တော်ကတော့သိပ်မယုံချင်ဘူး၊ သူက ကျော်လွင်နဲ့ အတူသွားတာမဟုတ်ဘူးလို့ ငြင်းနေတယ်”

ညိုကြီးက ခေါင်းငိုက်စိုက်ချပြီး စခန်းမှူးနှင့် တပ်ကြပ်ချစ်တီးတို့ ပြောဆိုနေသည်များကို မသိသယောင် နားထောင်နေပါသည်။ စခန်းမှူး ရဲအုပ် နှင်းဦးက ညိုကြီး မျက်နှာကို စေ့စေ့ကြည့်ပြီး.....

“ကဲ...ညိုကြီးရေ မင်း အမှန်ပြောသင့်ပြီကွာ”

“ဆရာတို့ပြောတာ ကျွန်တော်ဘာမှနားမလည်ဘူး ဆရာ”

“မင်း ငါပြောတာတွေ နားလည်မှာပါကွာ၊ ရာဇဝတ်ဘေးဆိုတာ ပြေးလို့မလွတ်ဘူးကွ၊ မင်းနဲ့အတူ ဘယ်သွားတယ်ဆိုတာ မျက်မြင်သက်သေတွေ စုံစမ်းပြီးပြီကွ၊ နောက်ပြီး မင်းမှာ ပိုက်ဆံတစ်ပြားမှမရှိဘူးဆိုတာလည်း သိပြီးပြီ၊ အခု မင်းမှာတွေ့တဲ့ ပိုက်ဆံတွေက ဘယ်



www.burmeseclassic.com

www.burmeseclassic.com



သူ့ဟာတွေလဲ''

ဥက္ကဋ္ဌ ဦးကျော်သိန်းကလည်း စခန်းမှူး ရဲအုပ် နှင်းဦး မေးပြီးသည်နှင့် တစ်ဆက်တည်း.....

''ဟုတ်တယ် ညီုကြီး၊ မင်း အမှန်အတိုင်း ပြောရင်တော့လည်း ဥပဒေနဲ့အညီ ကူညီပေးလို့ ရတာပေါ့ကွာ၊ နောက်ပြီး မင်းအဖေကိုလည်း သနားပါဦးကွာ၊ သူ့ခမျာ အိုကြီးအိုမနဲ့ သူရင်းငှားလုပ်နေပြီး မင်းကိုရှာကျွေးနေရတာ၊ မင်းမိဘကို ဒုက္ခမပေးသင့်ဘူး၊ ကံကြီးငါးပါးထိုက်မယ်နော်၊ သေသေချာချာ စဉ်းစားဦး''

ညီုကြီးကတော့ တစ်စုံတစ်ခုကို လေးလေးနက်နက် တွေးနေပုံရသည်။ သက်ပြင်းကိုလည်း ခဏခဏချနေသည်ကို စခန်းမှူး ရဲအုပ် နှင်းဦးကလည်း လုပ်သက်အတွေ့အကြုံအရ သတိပြုမိနေပါသည်။ ''အားသာရာကိုရှောင်၊ အားပျော့ရာကိုတိုက်''ဆိုသည့် ပျောက်ကြားစစ်ဗျူဟာနည်းအတိုင်း ညီုကြီး၏ မှုပျက်နေသော ပုံပန်းသွင်ပြင်အမူအရာများအား အခွင့်ကောင်းယူပြီး ပြောလိုက်သည်။

''ဒီမှာ ညီုကြီး၊ လူဆိုတာ မှားတတ်တာပဲကွာ၊ အမြဲတမ်းတော့ မမှန်ဘူးပေါ့၊ ပျက်အစဉ်၊ ပြင်ခဏ ဆိုသလိုပေါ့ကွာ၊ မင်း အမှန်ပြောခဲ့ရင် ငါ့အနေနဲ့ ဥပဒေနဲ့အညီ အကူအညီပေးမယ်ဆိုတာ ငါကတိပေးပါတယ်ကွာ၊ ဟုတ်ပြီလား၊ စဉ်းစားပေါ့ကွာ''

စခန်းမှူး ရဲအုပ် နှင်းဦးစကားဆုံးသည်နှင့် ညီုကြီးက ဒီတစ်ခါတော့ စိတ်ကိုပိုင်းဖြတ်လိုက်သည်ထင်ပါသည်။

''စခန်းမှူးနဲ့ ဥက္ကဋ္ဌကြီးကို ကျွန်တော် အမှန်အတိုင်း ပြောပြပါတော့မယ်၊ ကျွန်တော့်ရဲ့ အတ္တစိတ် ကြီးမားမှုကြောင့် ကျော်လွင်က သားကောင်ဖြစ်သွားရတာပါ၊ ကျွန်တော့်ကိုတော့ အတတ်နိုင်ဆုံး အကူအညီပေးကြပါ''

''ဒါပေါ့ကွ၊ ယောကျ်ားဆိုတာ လုပ်ရဲရင် ခံရဲရမယ်ဆိုတဲ့ သတ္တိရှိဖို့လည်းလိုတယ်၊ တို့အနေနဲ့ မင်းကို အတတ်နိုင်ဆုံး ဥပဒေနဲ့ အကူအညီပေးမှာပါ၊ စိတ်ချပါကွာ''

ညီုကြီးက မျက်လုံးအိမ်တွင် ဝေ့လာသော မျက်ရည်စများအား ပုဆိုးဖြင့်သုတ်လျက်.....

''အဖြစ်က ဒီလိုပါဗျာ.....''

♠ ♠ ♠

ကျောင်းရွာကျေးရွာ၏ တောင်ပိုင်းတွင်နေထိုင်သူ မောင်ကျော်လွင်နှင့် မြောက်ပိုင်းတွင်နေထိုင်သူ ညီုကြီးတို့မှာ ကျောင်းနေဖက်တော့ မဟုတ်ကြပါ။ ညီုကြီးက မောင်ကျော်လွင်ထက် သုံးနှစ်ခန့်အသက်ကြီးပြီး ကိုယ်လုံးကိုယ်ထည်တောင့်တင်းသူဖြစ်သည်။ မောင်ကျော်လွင်ကတော့ ဖြူဖြူ၊ မြင့်မြင့်၊ ကိုယ်လုံးသွယ်သူဖြစ်ပါသည်။ တစ်ဦးတည်းသောသားများပီပီ အလုပ်ကို လက်ကြောတင်းအောင် လုပ်ချင်ကြသူများ မဟုတ်ပါ။ မိဘလုပ်စာကိုသာ ခိုကပ်ပြီး နေထိုင်ကြသူများဖြစ်ပါသည်။ မောင်ကျော်လွင်က မုဆိုးမသား၊ ညီုကြီးက မုဆိုးဖိုသားများဖြစ်ကြ၍ ဘဝကို ဒေါင်ကျကျ၊ ပြား ကျကျဖြင့် လျှောက်လှမ်းကြရန် ခံ ယူချက်တူသူများဖြစ်ပါသည်။ ကွာခြားချက်ကတော့ မောင်ကျော်လွင်က အတန်းပညာ ရှစ်တန်းသောက် အထိ ပညာသင်ကြားဖူးပြီး ညီုကြီး ကတော့ သေစာရှင်စာအဆင့်သာ ဖတ်တတ်သူများဖြစ်ပါသည်။ တစ် ခုဆိုးသည်မှာ ညီုကြီးက လက်ရဲ ဇက်ရဲ လုပ်ကိုင်တတ်ပြီး ရွာတွင် ဝက်သတ်၊ နွားသတ် ပေါ်ရောင်းရာ တွင် သူမပါလျှင် မပြီးပါ။ အပေါင်း အသင်းများကြောင့် စရိုက်လက္ခဏာ ပြောင်းလဲနေခြင်းဖြစ်ပါသည်။ တစ် ဦးနှင့်တစ်ဦး ခင်မင်မှုမရှိသော်လည်း တစ်ရွာတည်းသားများဖြစ်သဖြင့် တွေ့ဆုံသည့်အခါများတွင် မေးထူး ခေါ်ပြောအဆင့်တော့ ရှိကြပါသည်။ ယခုလည်း မည်သို့မျှ ချိန်းဆိုထား ခြင်းမရှိဘဲ ရွာမြောက်ဘက်ပိုင်းတွင် ဆုံစည်းမိကြခြင်းဖြစ်ပါသည်။ ထိုသို့ ဆုံမိသည့်အခါတွင် ညီုကြီးက.....

''ဟေ့...ကျော်လွင်၊ မင်းဘာတွေ လုပ်နေလဲကွ''

''ဘာမှလုပ်စရာ မရှိပါဘူးဗျာ၊ ကျောင်းတုန်းကသိတဲ့ သူငယ်ချင်းတစ်ယောက်ကတော့ ရန်ကုန်မှာ ရောက်နေတယ်၊ သူ့ဆီလာရင်တော့ အလုပ်ရှာပေးနိုင်တယ်လို့ ပြောဖူးတယ်''

''အဲဒါဆိုလည်း သွားလိုက်ပေါ့ကွ''

www.burmeseclassic.com



"သွားတာကဟုတ်တယ်၊ ခရီးစရိတ်လိုသေးတယ်၊ အမေ့ကို စရိတ်ရှာပေးဖို့ပြောတော့ ဝက်ရောင်းပြီးရင် ပေးမယ်လို့ ပြောတယ်ဗျာ"

"ငါလည်းဒီလိုပါပဲကွာ၊ ဘာအလုပ်မှမရှိတော့ ဟိုယောင်ယောင်၊ ဒီယောင်ယောင်ပေါ့ကွာ၊ ကြုံသလိုပဲ ကျပန်းလုပ်နေရတယ်"

မောင်ကျော်လွင်က တုတ်တစ်ချောင်းဖြင့် မြေကြီးပေါ်တွင် အကြောင်းမဲ့ခြစ်နေရင်း.....

"ကျွန်တော်တို့ ဒီရွာမှာဆက်နေရင်တော့ ကြာရင် တံငါသည်ပဲ ဖြစ်မယ်ထင်တယ်"

"မင်းသူငယ်ချင်းနဲ့ ထပ်ဆက်သွယ်ပါလား၊ တကယ်လို့ အဆင်ပြေရင် ငါလည်း မင်းနဲ့လိုက်မယ်ကွာ၊ မင်းလည်းအဖော်ရတာပေါ့"

"ပြောကြည့်မယ်လေ၊ ဒါပေမဲ့ ကျွန်တော် စရိတ်တော့ မခံနိုင်ဘူးနော်"

"ရပါတယ်ကွာ၊ ငါလည်း ငါ့စရိတ် ငါရှာမှာပေါ့၊ မင်းသွားဖြစ်ရင်တော့ ငါ့ကိုကြိုပြောကွာ၊ ဟုတ်ပြီလား"

ဤသို့ဖြင့် မောင်ကျော်လွင်နှင့် ညိုကြီးတို့ အလုပ်လုပ်ရန် ချိန်းဆိုမိကြခြင်းဖြစ်ပါသည်။ မောင်ကျော်လွင်ကလည်း သူ့အမေထံမှ လမ်းစရိတ် ငွေ ၁၅၀၀၀ ရပြီဖြစ်၍ ညိုကြီးနှင့် သွားမည့်ရက်ကို ချိန်းဆိုပြီး သွားမည့်နေ့တွင် ရွာပြင်ကိုင်းတောအနီး လှည်းလမ်းမှနေ၍ တစ်ဦးကိုတစ်ဦးစောင့်ရန် ချိန်းဆိုခဲ့ကြခြင်းဖြစ်သည်။

ချိန်းဆိုသည့်နေ့တွင် ကျော်လွင်နှင့် ညိုကြီးတို့ ရွာပြင်လှည်းလမ်း၊ စစ်တောင်းမြစ်ကမ်းပါး၌ ဆုံကြပါသည်။ သူတို့နှစ်ဦးက စက်လှေမစီးဘဲ ညိုကြီးက စစ်တောင်းမြစ်ကမ်းပါးဘေးရှိ ဆုံကုန်းရွာတွင် ငွေရစရာရှိသဖြင့် ရွာတွင်ဝင်ယူပြီးမှ စက်လှေစီးကြရန် ဆုံးဖြတ်ကြခြင်းဖြစ်သည်။ ကျောင်းရွာနှင့် ဆုံကုန်းရွာမှာ သုံးမိုင်ခန့်ဝေးသည်။ စစ်တောင်းမြစ်ကမ်းပါးတစ်လျှောက် လမ်းလျှောက်သွားပါက တစ်နာရီခန့်ကြာသည်။ လူသွားလမ်းဘေးတွင် မြင့်မားသော ကိုင်းတောကြီးများကသာ စိုးမိုးနေသဖြင့် ခြေကျင်ခရီးသွားကြသူများအား အဝေးမှမမြင်နိုင်ပါ။ လူသူပြတ်လပ်သောလမ်းလည်းဖြစ်သည်။ နာရီဝက်ခန့်လျှောက်ပြီး ကိုင်းတောများအလယ် မြေပြန့်အရောက်တွင် ညိုကြီးက.....

"ကျော်လွင်၊ ငါ ဆုံကုန်းရွာက ပိုက်ဆံမရရင် မင်းငါ့ကို ရန်ကုန်ထိ စရိတ်ခံကွာ၊ နောက်တော့ ငါပြန်ဆပ်ပါ့မယ်"

"ဟာဗျာ.....ခင်ဗျားကို အစကတည်းက ပြောပြီးသားပဲ၊ ကိုယ့်စရိတ်နဲ့ကိုယ် လိုက်ပါလို့၊ ကျွန်တော်ကတော့ မစိုက်နိုင်ဘူးဗျာ"

"မင်းကလည်းကွာ တစ်ရွာတည်းသားချင်းတွေပဲ"

"အို.....ခင်ဗျားနဲ့ကျုပ်နဲ့က ငယ်သူငယ်ချင်းလည်းမဟုတ်ဘူး၊ သိတာလည်း မကြာသေးဘူး၊ ခင်ဗျားလိုက်ချင်တယ်ဆိုလို့သာ ကျုပ်က ခေါ်ရတာ၊ ကျုပ်က တစ်ယောက်တည်းသွားချင်တာ"

ကျော်လွင်ပြန်ပြောလိုက်သည့်စကားကြောင့် ညိုကြီးက မျက်နှာကြောတင်းသွားပြီး စိတ်ထဲက ရုတ်တရက် ခံပြင်းဒေါသထွက်သွားမိပါသည်။ တစ်ရွာတည်းသားဖြစ်ပြီး ဒီလောက်တောင် မကူညီနိုင်ဘူးလား၊ ပြောရက်လေခြင်းဆိုသော အသိဝင်

**ကျော်လွင့်အလောင်းအား ဒီအတိုင်းထားပါက အမြန်ပေါ်ပေါက်နိုင်သဖြင့် မည်သို့လက်စဖျောက်ရမည်ကို တစ်ခဏစဉ်းစားလိုက်၏။ တဒင်္ဂပေါ်လာသော ဆုံးဖြတ်ချက်နှင့်အတူ ကျော်လွင်၏လည်ပင်းအား ဓားနှင့်ဖြတ်ထုတ်သည့်အခါ ခေါင်းတခြား ကိုယ်တခြား ဖြစ်သွားသည်။ ဖြတ်ထားသော ကျော်လွင့်ခေါင်းအား ဆံပင်မှဆွဲပြီး စစ်တောင်းမြစ်ထဲသို့ ပစ်ချလိုက်သည်။**

www.burmeseclassic.com

www.burmeseclassic.com





လာပြီး စိတ်ရိုင်းတစ်ခုက အလိုလို ပေါ်ပေါက်လာပါသည်။ သင်းက ငါ့ အတွက် မစိုက်နိုင်တော့လည်း မင်း ဆီက ငါရအောင်ယူရမယ်ဟု စိတ် ထဲတွင် ကြုံးဝါးပြီးနောက် ရှေ့မှသွား နေသော ကျော်လွင်အား နောက် ကျောမှ ရုတ်တရက်သိုင်းဖက်၍ အသင့်ပါလာသော နှစ်ဖက်သွားဓား မြှောင်ဖြင့် နံကြားသို့ အဆက်မပြတ် ထိုးလိုက်ပါတော့သည်။

"အား...ခင်ဗျား...ကျုပ်ကို..... ဓားနဲ့ထိုး.....ထိုး"

ကျော်လွင်မှာ စကားပင်ဆုံး အောင်မပြောနိုင်တော့ဘဲ ခွေလဲကျ ပြီး မကြာမီ အသက်ပျောက်သွားပါ သည်။ ညိုကြီးက ကျော်လွင်အား ခြေထောက်မှဆွဲပြီး လူမမြင်ရာ ကိုင်း တောအတွင်းသို့ ဆွဲသွင်းလိုက်သည်။ ဆွဲလမ်းတစ်လျှောက် သွေးများက မြင်မကောင်းအောင်ဖြစ်နေပါသည်။ ညိုကြီးက ကျော်လွင့်ကျောပိုးအိတ် ထဲမှ ငွေတစ်သောင်းခွဲအားယူပြီး ၎င်းလွယ်အိတ်ထဲသို့ အမြန်ထည့် လိုက်သည်။ ကျော်လွင်၏ ဝဲဘက် လက်သူကြွယ်တွင် ဝတ်ထားသော ကျောက်နီရွှေလက်စွပ်အားချွတ်ရာ ချွတ်မရသဖြင့် ဓားမြှောင်ဖြင့်ပင် လက်သူကြွယ်အရင်းမှဖြတ်ပြီး လက် စွပ်အား ချွတ်ယူလိုက်ပါသည်။

ကျော်လွင့်အလောင်းအား ဒီ အတိုင်းထားပါက အမြန်ပေါ်ပေါက် နိုင်သဖြင့် မည်သို့လက်စဖျောက်ရ မည်ကို တစ်ခဏစဉ်းစားလိုက်၏။ တဒင်္ဂပေါ်လာသော ဆုံးဖြတ်ချက် နှင့်အတူ ကျော်လွင်၏လည်ပင်းအား ဓားနှင့်ဖြတ်ထုတ်သည့်အခါ ခေါင်း တခြားကိုယ်တခြားဖြစ်သွားသည်။ ဖြတ်ထားသော ကျော်လွင့်ခေါင်း အား ဆံပင်မှဆွဲပြီး စစ်တောင်းမြစ် ထဲသို့ ပစ်ချလိုက်သည်။

ညိုကြီး လှုပ်ရှားနေသည်မှာ စက်ရုပ်တစ်ရုပ်ကဲ့သို့ အဆက်မပြတ် လှုပ်ရှားနေခြင်းဖြစ်သည်။ နောင်တ အသိတရားကတော့ မဝင်သေးပါ။ ကျော်လွင့်ကိုယ်အား ခြေထောက် နှစ်ချောင်းမှကိုင်၍ စစ်တောင်းမြစ် ကမ်းပါးသို့ ဆွဲလာသည်။ ကျော်လွင် ၏ ကျောပိုးအိတ်တွင်ပါသော ကြိုး များနှင့် ကျော်လွင့်ကိုယ်အားပတ်ပြီး စစ်တောင်းမြစ်ထဲသို့ တွန်းချလိုက် သည်။ ညိုကြီးက သူ့ကိုယ်တွင်ပေ နေသော သွေးစွန်းအင်္ကျီ၊ ပုဆိုးတို့ အား ၎င်းတွင်ပါလာသော ပုဆိုး အင်္ကျီတို့နှင့် လဲဝတ်ပြီး ၎င်း၏သွေး စွန်းအင်္ကျီ၊ ပုဆိုးတို့ထဲတွင် အနီး မြေကြီးခဲများထည့်ပတ်၍ စစ်တောင်း မြစ်ထဲသို့ ထပ်မံပစ်ချလိုက်သည်။ ထို့ အတူ အသုံးပြုခဲ့သော သွေးစွန်းဓား မြှောင်ကိုလည်း မြစ်လယ်သို့ လွှဲ၍ ပစ်လိုက်သည်။

မိမိကိုယ်မိမိ မြစ်ရေဖြင့် သန့် ရှင်းရေးပြုလုပ်၍ ခဏစဉ်းစားပြီး နောက် ဆုံကုန်းရွာဘက်သို့ ဟန် မပျက် ဆက်ထွက်ခဲ့သည်။ ဆုံကုန်း ရွာရောက်မှ စက်လှေနှင့် မဒေါက် သို့လာခဲ့ရာ ညနေ ၄ နာရီခန့်တွင် ရောက်ရှိခဲ့သည်။ လက်ထဲတွင် ငွေ ကလည်း အသင့်ရှိနေသဖြင့် 'လူ မိုက်နှင့်ငွေ အတူမနေ'ဆိုသကဲ့သို့ ရပ်ကွက် ၁ ရှိ ဖဲဝိုင်းသွားပြီး ဖဲရိုက် သည်။

ကျော်လွင်ထံမှယူလာသော ငွေ အားလုံး ကုန်လုနီးပါးဖြစ်သည့်အခါ မှ သတိဝင်လာပြီး ဖဲဝိုင်းမှထွက်လာ ခဲ့ပါသည်။ ငွေမရှိတော့သဖြင့် ကျော် လွင်၏ ကျောက်နီလက်စွပ်အား မြ ကူးတို့ဆိပ်အနီး ကုန်စုံဆိုင်တွင် ရောင်းလိုက်ရာ ငွေကျပ်ငါးထောင် ခန့် ထပ်မံရခဲ့သည်။ ထို့နောက် ညို ကြီးမှာ ဗိုက်ထဲတွင် ဆာလောင်လာ သဖြင့် အနီးရှိ ခေါက်ဆွဲဆိုင်သို့ဝင် ပြီး အရက်တစ်စိတ်မှာ၍ အမြည်း တစ်ပွဲနှင့် စားသောက်ပါသည်။ သူ သွားရမည့်ခရီးစဉ်အား စဉ်းစားရာ

www.burmeseclassic.com

www.burmeseclassic.com



တွင် လောလောဆယ် ကိုယ်ယောင်ဖျောက်နေသင့်သည်ဟု ယူဆပြီး ရွှေကျင်ဘက်ကမ်းသို့ကူး၍ ပျဉ်းမပင်ရပ်ရှိ အဒေါ်နေအိမ်သို့ သွားရောက်ကာ ခိုလှုံနေခဲ့ပါသည်။ ထိုသို့ ခိုလှုံနေစဉ် တပ်ကြပ် ချစ်တီးနှင့်အဖွဲ့၏ ရောင်တခင်ဖမ်းဆီးခြင်းကို ခံခဲ့ရခြင်းဖြစ်ပါသည်။

♠ ♠ ♠

ညိုကြီးက ရှည်လျားစွာပြောဆိုပြီးသည့်နောက် ချုံးပွဲချငိုလိုက်ပါတော့သည်။ စခန်းမှူး ရဲအုပ် နှင်းဦးက.....

"ကဲ.....ဒီလိုဆိုရင် မင်းက ကျော်လွင့်အလောင်းကိုရော၊ ဖြတ်ထားတဲ့ခေါင်းကိုရော မြစ်ထဲမျှောလိုက်ပြီဆိုတော့ တို့လိုက်ရှာတာလည်း မတွေ့ဘူး၊ နောက်ပြီး ကျော်လွင့်ကို ထိုးသတ်ခဲ့တဲ့ ဓားမြှောင်ကိုလည်း မြစ်ထဲပစ်ချတယ်ဆိုတော့ ဘာသဲလွန်စမှမရဖြစ်နေတယ်၊ အဲဒီတော့ မင်းက ကျော်လွင့်ကိုသတ်ခဲ့တဲ့နေရာ တို့ကိုလိုက်ပြပေတော့"

"ဟုတ်ကဲ့၊ ကျွန်တော်လိုက်ပြပါ့မယ် ဆရာ"

စခန်းမှူး ရဲအုပ် နှင်းဦးနှင့်အဖွဲ့၊ ကျေးရွာဥက္ကဋ္ဌ(ယခု ကျေးရွာအုပ်ချုပ်ရေးမှူး)ဦးကျော်သိန်းနှင့်အဖွဲ့ဝင်များပါသော ပူးပေါင်းအဖွဲ့သည် လူသတ်မှုကျူးလွန်ခဲ့သူ ညိုကြီးနှင့်အတူ အချင်းဖြစ်အရပ်သို့ ထွက်လာခဲ့ကြသည်။ နာရီဝက်ကျော်ခန့် လမ်းလျှောက်ပြီးသည့်အခါ စစ်တောင်းမြစ်ကမ်းပါးအနောက်ဘက် ၂၅ ကိုက်ခန့်အကွာ ကိုင်းတောများအနီး မြေကွက်လပ်နေရာကိုပြသည်။ ထိုနေရာတွင် သွေးစွန်းဟု ထင်ရသော မြက်ခြောက်များ၊ မြေကြီးခဲများ တွေ့ရှိသဖြင့် စခန်းမှူး ရဲအုပ် နှင်းဦးက မှတ်တမ်းဓာတ်ပုံရိုက်ကူးခြင်း၊ အချင်းဖြစ်မြေပုံကြမ်းရေးဆွဲခြင်းများကို ပြုလုပ်ပြီးနောက် ညိုကြီးအား.....

"မင်း ကျော်လွင့်လက်စွပ်ဖြုတ်မရလို့ လက်သူကြွယ်ကို ဓားနဲ့ဖြတ်ပြီး ယူတယ်ဆို၊ အဲဒီလက်ချောင်းလေးရော ဘယ်မှာလဲ"

"အဲဒီလက်ချောင်းလေးတော့ ရှိမယ်ထင်တယ် ဆရာ၊ ကျွန်တော်လည်း လူတွေမြင်မှာစိုးလို့ အမြန်လုပ်ရတာဆိုတော့ ဒီနားပဲရှိမယ်ထင်တယ်"

စခန်းမှူး ရဲအုပ် နှင်းဦးနှင့်အဖွဲ့က အချင်းဖြစ်နေရာအနီးတစ်ဝိုက် ရှာဖွေခဲ့ရာတွင် မြေပပ်ကြားအက်ထဲ၌ အသားများ ဆွေးမြည့်ပုပ်နေသော အရိုးပါ လက်ချောင်းလေးတစ်ချောင်း တွေ့ရှိရသည်။ လက်ချောင်းလေးအား သိမ်းယူပြီး ပလတ်စတစ်အိတ်အတွင်း ထည့်ယူခဲ့သည်။ ထို့အပြင် သွေးများစွန်းထင်နေသော မြေစာခဲများကိုလည်း သိမ်းဆည်းလာခဲ့သည်။

အချင်းဖြစ်အရပ်မှ ပြန်ရောက်ပြီး မဒေါက်သို့ ချက်ချင်းခရီးဆက်ခဲ့ကြသည်။ ညိုကြီးရောင်းချခဲ့သော ကျောက်နီလက်စွပ်ကိုလည်း ကုန်စုံဆိုင်မှ ပြန်လည်သိမ်းဆည်းရမိခဲ့ပါသည်။

စခန်းမှူး ရဲအုပ် နှင်းဦးက အမှုနှင့်ပတ်သက်ပြီး ပစ္စည်းတန်းစီပြသခြင်း၊ သိမ်းဆည်းရမိခဲ့သည့် သွေးစွန်းမြေစာခဲများအား ဓာတုဗေဒရုံးသို့ ပို့အပ်စစ်ဆေးခြင်း၊ ပုပ်ပွအသားကျနေသည့် လက်ချောင်းအား ဆေးရုံသို့ ပို့အပ်စစ်ဆေးခဲ့ရာ လူလက်ဖြစ်ကြောင်း မှတ်ချက်ပြုခဲ့ခြင်း၊ ညိုကြီးကိုယ်တိုင် တရားရုံးတွင် ၎င်း၏ သဘောအလျောက် ဖြောင့်ချက်ပေးခဲ့ခြင်းများကြောင့် ရရှိသော သက်သေအထောက်အထားများနှင့်ပင် ညိုကြီးအား ပြစ်မှုပုဒ်မ ၃၀၂/၂၀၁ ဖြင့် တရားစွဲတင်နိုင်ခဲ့သဖြင့် ထိုက်သင့်သောပြစ်ဒဏ် ရရှိခဲ့သည်။

ဤဖြစ်စဉ်သည် တစ်ရွာတည်းသားအချင်းချင်းဖြစ်သော်လည်း အတ္တကို အရင်းတည်၍ လိုချင်တပ်မက်မှု လောဘရှိလာသည့်အခါတွင် စိတ်ရိုင်းများ ဝင်ရောက်တတ်ပြီး အသက်ဆုံးရှုံးသည်အထိ ရက်စက်စွာ သတ်ဖြတ်တတ်သည့် လူ့သဘောကို သံဝေဂယူသင့်ကြပါသည်။ တစ်နည်းဆိုသော် ညိုကြီး၏ လောဘကိုယ်ကျိုးအတ္တကြောင့် မောင်ကျော်လွင်သည် သားကောင်ဖြစ်ခဲ့ရသည်ဟု သတ်မှတ်ရတော့မည်ဖြစ်ပါသည်။

(ဖြစ်စဉ်အမှန်အား အမည်များ လွှဲပြောင်းရေးဖွဲ့ထားပါသည်။)

အုံးမြင့်(မြိုင်)

www.burmeseclassic.com

www.burmeseclassic.com





# လှမိုး

(ပညာရေး)

# ဟစ်တလာ ပြန်လည်မွေးဖွားခဲ့ပြီလော

ကျွန်တော်သည် ၂၀၁၃ ခုနှစ်၊ ဩဂုတ်လအတွင်း ''ဟစ်တလာဖန်တီးခဲ့သော ဂမ္ဘီရဖြစ်ရပ်ဆန်းများ''အမည်ဖြင့် စာအုပ်တစ်အုပ် ရေးသားပြုစု ထုတ်ဝေခဲ့ပါသည်။ ထိုစာအုပ်ကို ပညာရွှေတောင်စာအုပ်ထုတ်ဝေရေးတိုက်က ထုတ်ဝေခဲ့ပါသည်။ အမှန်အားဖြင့် ကျွန်တော်သည် လွန်ခဲ့သော ဆယ်နှစ်ခန့်ကပင် ဒုတိယကမ္ဘာစစ်ကြီးအတွင်း နိုင်ငံတကာမှ ဖိမ့်ဖိမ့်တုန်အောင် ကြောက်ရွံ့ခဲ့ကြရသော နာဇီထိပ်သီးခေါင်းဆောင်များ ကပြခဲ့ကြ သည့် ရုပ်ကြီးစင်တော်ကြီးအကြောင်း ဆောင်းပါးများက မဂ္ဂဇင်းများ၊ ဂျာနယ်များတွင် အလျဉ်းသင့်သလို ရေးသားဖော်ပြခဲ့ပြီး အချိန်သင့်လျှင် အထက်ဖော်ပြပါ စာအုပ်တစ်အုပ် ရေးသားထုတ်ဝေမည်ဟု ရည်ရွယ်၍ လက်လှမ်းမီသလောက် စာအုပ်စာတမ်းများကို စုဆောင်းခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့သည် ဒုတိယကမ္ဘာစစ်ကြီး မဖြစ်ပွားမီက လူလူသူသူ ဖြစ်လာခဲ့ပြီး ဒုတိယကမ္ဘာစစ်ကြီးအတွင်း ကြီးပြင်းလာခဲ့ရသူများဖြစ်ပါသည်။ တစ်နည်းအားဖြင့်ဆိုလျှင် စစ်ကြီးနှင့်အတူ လူလားမြောက်ခဲ့ရသူများဖြစ်၍ စစ်ပြိုင်နိုင်ငံများ၏အကြောင်းကို နှိုက်နှိုက်ချွတ်ချွတ် ရေးသားဖော်ပြကြသော သတင်းစာများ၊ ဂျာနယ်များ၊ မှတ်တမ်းများကို ဖတ်ရှုခွင့်ရခဲ့ကြသည်သာမက သူပြောကိုယ်ပြော၊ ပါးစပ်ဂေဇက်သတင်းများလည်း နားထောင်ခဲ့ရ၏။ စစ်ကြီးပြီးဆုံး၍ ဒုတိယကမ္ဘာစစ်ကြီးအတွင်း ကိုယ်တိုင်ပါဝင်ခဲ့ကြသည့် စစ်ဗိုလ်ချုပ်များ၊ စစ် သတင်းထောက်များ၊ မျိုးချစ်ပုဂ္ဂိုလ်များ၊ စာနယ်ဇင်းသမားများ၊ စစ်သုတေသီများ ရေးသားပြုစုခဲ့သော စာအုပ်စာတမ်းများကိုလည်း ဖတ်ရှုလေ့လာခဲ့သည်သာမက လက်လှမ်းမီသလောက် စုဆောင်းခဲ့ပါသည်။

ကာလစည်းကမ်းသတ်မှတ်ချက် ကင်းလွတ်လာခဲ့၍ ယခင်က ထိပ်တန်းလျှို့ဝှက်ချက်ဟု သတ်မှတ်ခြင်းခံထားရသည့် မှတ်တမ်းများကို စာရေးဆရာများ၊ သုတေသီများ၊ သတင်းစာဆရာကြီးများက ရေးသားထုတ်ဝေသည့် မှတ်တမ်းများကိုလည်း ဖတ်ရှုခဲ့ရသဖြင့် အထက်ဖော်ပြပါ "ဟစ်တလာဖန်တီးခဲ့သော ဂမ္ဘီရဖြစ်ရပ်ဆန်းများ"အမည်ဖြင့် စာအုပ်တစ်အုပ် ရေးသားထုတ်ဝေခဲ့ခြင်းဖြစ်ပါသည်။

ဤစာအုပ်ကို ဖတ်ရှုခဲ့ကြရသော ကျွန်တော့်ကျောင်းနေဖက် မိတ်ဆွေများ၊ စာဖတ်သူများ၊ ဒုတိယကမ္ဘာစစ်ကြီးကို မမီလိုက်ကြသော မျိုးဆက်သစ်လူငယ်များ၊ ကျောင်းသားဟောင်းများက တယ်လီဖုန်းဖြင့်လည်းကောင်း၊ စာဖြင့်လည်းကောင်း ဆွေးနွေးခဲ့ကြပါသည်။

အချို့စာဖတ်သူများကလည်း သူတို့စုဆောင်းထားသည့် မှတ်တမ်းများ၊ စာအုပ်များ၊ စစ်သတင်းရုပ်ရှင်ကားများ၊ အကြောင်းအမျိုးမျိုးကြောင့် ကြည့်ရှုခွင့်မရခဲ့သည့် ဗီဒီယိုရုပ်ရှင်ကားများကို ပေးခဲ့ကြပါသည်။ တိုက်တိုက်ဆိုင်ဆိုင်ဟုပင် ဆိုရပေတော့မည်။ လွန်ခဲ့သောအနှစ် ၃၀ ကျော်ခန့်က ကျွန်တော်သည် စာရေးဆရာကအိုင်ရာလာဗင်ရေးသော " The Boys from Brazil" ဘရာဇီးမှ တို့လူလေးများဟူသောစာအုပ်ကို ဖတ်ရှုခဲ့ရသည်။ (ထိုစာအုပ်ကို စာရေးဆရာကြီး မြတ်ငြိမ်းက 'ဟစ်တလာကို ပြန်လည်မွေးဖွားသူ'အမည်ဖြင့် မြန်မာဘာသာပြန်ဆိုထုတ်ဝေခဲ့ရာ အကြိမ်ကြိမ် ပုံနှိပ်ထုတ်ဝေခဲ့ရသော ဝတ္ထုဖြစ်ပါ၏။)


ထိုစာအုပ်နှင့်အတူ စာရေးဆရာ စီလီယန်ဂိုးမင်း ရေးသားထုတ်ဝေသော "Marathon Man"မာရသွန်အပြေးသမားဟူသော ဝတ္ထုကိုလည်း ဖတ်ရှုခဲ့ရပါသည်။ ထိုဝတ္ထုနှစ်အုပ်သည် ဒုတိယကမ္ဘာစစ်ကြီးအတွင်းက ကမ်းကုန်အောင် ရက်စက်ခဲ့ကြသော နာဇီအက်(စ်)အက်(စ်)အဖွဲ့ဝင် ဆရာဝန်တစ်ယောက်၏ ဖြစ်ရပ်မှန်အဖြစ်အပျက်များကို အခြေခံကာ ရေးသားခဲ့ကြသည့် စာအုပ်များဖြစ်၏။ အဓိကဇာတ်ဆောင်မှာ ဒေါက်တာဂျိုးဇက်မင်ဂျလေဖြစ်ပါသည်။

**ယခုရေးသားဖော်ပြမည့်ထူးခြားဖြစ်စဉ်မှာ သူ့ကိုယ်သူ နာဇီခေါင်းဆောင်ကြီး ဟစ်တလာဝင်စားသူဟု ယူဆထားသော အမေရိကန်ပြည်ထောင်စု၊ ပြည်နယ် ဆယ်ပြည်နယ်တွင် လူသတ်မှုပေါင်း ၂၀ ကျော် ကျူးလွန်ခဲ့သည်ဟု စွပ်စွဲခံရသည့် စဉ်ဆက်မပြတ် လူသတ်မှုများကျူးလွန်သူ (Serial Killer) ဂျိုးဇက်ပေါလ်ဖရန် ကလင်ဆိုသူ ဖြစ်ရပ်ဆန်းဖြစ်ပါသည်။**

www.burmeseclassic.com

www.burmeseclassic.com






ပထမစာအုပ်အား ကျွန်တော်တို့မြန်မာရုပ်ရှင်ဝါသနာအိုးများ စွဲလမ်းနှစ်ခြိုက်ခဲ့ကြသော ကမ္ဘာကျော်သရုပ်ဆောင်မင်းသားကြီး ဂရီဂိုရီပက်က ဒေါက်တာဂျိုး ဇက်မင်ဂျလေအဖြစ် သရုပ်ဆောင်ကာ ရိုက်ကူးပြသခဲ့ရာ သောက်သောက်လဲ ဝင်ငွေရသည့် ရုပ်ရှင်ကားဖြစ်ပါသည်။

ဒုတိယစာအုပ်ဖြစ်သော မာရသွန်အပြေးသမားမှာလည်း အက်(စ်)အက်(စ်)အဖွဲ့ဝင် ဂျိုးဇက်မင်ဂျလေ၏ ဖြစ်စဉ်ကို နာဇီသွားဆရာဝန် ဒေါက်တာ ခရစ်စီရန်းဇယ်ဟု အမည်ပေးကာ ရိုက်ကူးခဲ့သော ရုပ်ရှင်ကားကြီးဖြစ်ပါသည်။ ထိုရုပ်ရှင်ကားတွင်လည်း နာဇီသွားဆရာဝန်အဖြစ် နာမည်ကျော်မင်းသားကြီး ဆာလောရင့်(စ်)အော်လီဗာက သရုပ်ဆောင်ခဲ့ပါသည်။ ထိုရုပ်ရှင်ကားနှစ်ကားစလုံးမှာ ဒုတိယကမ္ဘာစစ်ကြီး ပြီးဆုံးသည်နှင့် ဒုတိယကမ္ဘာစစ်ကြီးအတွင်း ဥရောပတိုက်နိုင်ငံအသီးသီးမှ အပြစ်မဲ့ပြည်သူများ၊ ဂျူးလူမျိုးများ၊ မဟာမိတ်စစ်သုံ့ပန်းများ၊ နာဇီဝါဒကို ဆန့်ကျင်ကြသော အပြစ်မဲ့ပြည်သူများအား ထိုစဉ်က ချွေးတပ်စခန်းဟု အမည်ပေးထားသည့် လူသတ်စခန်းများတွင် လူအများ မကြုံဖူး၊ မကြားဖူးလောက်အောင် အစုလိုက်၊ အပြုံလိုက် ရက်ရက်စက်စက် သတ်ဖြတ်ခဲ့ကြပြီး စစ်ကြီးရှုံးနိမ့်သည်နှင့် နည်းလမ်းအမျိုးမျိုးနှင့် ကိုယ်ယောင်ဖျောက်ကာ ထွက်ပြေးတိမ်းရှောင်ခဲ့ကြသော နာဇီဝရမ်းပြေးများအကြောင်း ပါဝင်ပါသည်။

သူတို့၏ မဟာခေါင်းဆောင်ကြီး ဟစ်တလာ ချမှတ်ခဲ့သော လမ်းစဉ်အား နာဇီမျိုးဆက်သစ်များနှင့် နာဇီစတုတ္ထနိုင်ငံတော် ထူထောင်ရန် ကြိုးစားခဲ့ကြသည့် ဖြစ်ရပ်မှန်များကို အခြေခံကာ ရေးသားခဲ့ကြသော စာအုပ်များဖြစ်ကြပြီး ထိုစာအုပ်များကို ရုပ်ရှင်အဖြစ် ရိုက်ကူးခဲ့ရာမှ ဗီဒီယိုအခွေများအဖြစ် ကူးယူထားသည်များကိုလည်း ကြည့်ရှုခွင့်ရရှိခဲ့သည်။ ဤတွင် ဆက်စပ်မိသဖြင့် ယနေ့ ဟစ်တလာခင်းခဲ့သည့် လမ်းစဉ်ကို တစိုက်မတ်မတ်လိုက်ခဲ့သော၊ မိမိကိုယ်မိမိ နာဇီခေါင်းဆောင် ဟစ်တလာဝင်စားသူဟု မှတ်ယူထားသော အမေရိကန်ပြည်ထောင်စုသား အကြမ်းဖက်သမားတစ်ယောက်အကြောင်း ရေးသားဖော်ပြမည်ဖြစ်ပါသည်။ အလျဉ်းသင့်သဖြင့် နာဇီမျိုးဆက်သစ်တို့ နိုင်ငံတကာတွင် လှုပ်ရှားမှုများ ပြုလုပ်လျက်ရှိသည့် သတင်းများသည် ၁၉၆၀ ပြည့်နှစ်ခန့်ကပင် လိုင်လာခဲ့သည်။ အထူးသဖြင့် တောင်အမေရိကတိုက်၊ အာဂျင်တီးနားနိုင်ငံအပါအဝင် လက်တင်အမေရိကနိုင်ငံများနှင့် ဥရောပတိုက် နိုင်ငံအချို့တွင် နာဇီဝါဒလေ့လာသူများ၊ နာဇီစတုတ္ထနိုင်ငံတော်သစ် ထူထောင်ရန် လျှို့ဝှက်စွာ စီမံနေသူများအကြောင်း မီဒီယာများက ဖော်ပြခဲ့သည်။

အလယ်အရှေ့အာရှနိုင်ငံများ၊ အီဂျစ်နှင့် အာရပ်နိုင်ငံများတွင် ဂျာမနီနိုင်ငံမှ ဒုတိယကမ္ဘာစစ်ကြီးအပြီး ထွက်ပြေးတိမ်းရှောင်လာခဲ့ကြသော နာဇီဝရမ်းပြေး စစ်ရာဇဝတ်သားများသည် စစ်ဘက်အကြံပေးများ၊ ဆရာဝန်များ၊ သိပ္ပံပညာရှင်များအဖြစ် တာဝန်ယူဆောင်ရွက်ခဲ့ရာမှ နာဇီဝါဒသည် လုံးဝချုပ်ငြိမ်းသွားခြင်းမရှိခဲ့ဟု ဆိုကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ဩစတြေးလျနိုင်ငံ၊ ကမ္ဘာလှည့်ခရီးသွားလာရေး အဖွဲ့များ၏ မှတ်တမ်းများအရ ဩစတြေးလျနိုင်ငံ၊ လင့်ဇ်မြို့၊ ဆင်ခြေဖုံးရှိ ဟစ်တလာမွေးဖွားခဲ့သည့် နေအိမ်ကလေးအား နိုင်ငံတကာမှ ကမ္ဘာလှည့်ခရီးသည်များ၊ ပြည်တွင်းပြည်ပမှ မျိုးဆက်သစ်လူငယ်များသည် သွားရောက်ဂါရဝပြုကြသည်ဟုဆိုသည်။ ဤသတင်းကို ဂျာမနီနိုင်ငံမှ သတင်းမီဒီယာများနှင့် ဩစတြေးလျနိုင်ငံမှ သတင်းမီဒီယာများမှ အကျယ်တဝင့် ရေးသားဖော်ပြခဲ့ကြသည်။ ဩစတြေးလျနိုင်ငံ၊ ပြန်ကြားရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးကမူ ဩစတြေးလျအစိုးရအနေဖြင့် နာဇီခေါင်းဆောင်ကြီး ဟစ်တလာအား မွေးဖွားခဲ့သော နေအိမ်ကို အမှတ်တရ ပြတိုက်အဖြစ် ထားရှိခဲ့ခြင်းမရှိကြောင်း၊ ပြည်တွင်း၊ ပြည်ပမှ ခရီးသွားများ၊ လူငယ်များက အခါအားလျော်စွာ သူတို့အစီအစဉ်ဖြင့် နာဇီခေါင်းဆောင်ကြီး ဟစ်တလာ၏နေအိမ်သို့ သွားရောက်ဂါရဝပြုကြည့်ရှုကြခြင်းကို တားဆီးပိတ်ပင်ရန် အစီအစဉ်မရှိပါဟု သတင်းမီဒီယာများကို ပြောပြခဲ့သည်။

ယခုရေးသားဖော်ပြမည့် ထူးခြားဖြစ်စဉ်မှာ သူ့ကိုယ်သူ နာဇီခေါင်းဆောင်ကြီး ဟစ်တလာဝင်စားသူဟု ယူဆထားသော အမေရိကန်ပြည်ထောင်စု၊ ပြည်နယ်ဆယ်ပြည်နယ်တွင် လူသတ်မှုပေါင်း ၂၀ ကျော် ကျူးလွန်ခဲ့သည်ဟု စွပ်စွဲခံရသည့် စဉ်ဆက်မပြတ် လူသတ်မှုများကျူးလွန်သူ (Serial Killer) ဂျိုးဇက်ပေါလ်ဖရန်ကလင်ဆိုသူ ဖြစ်ရပ်ဆန်းဖြစ်ပါသည်။

သူ့အား ၁၉၅၀ ပြည့်နှစ်၊ ဧပြီလ ၁၃ ရက်နေ့တွင် အမေရိကန်ပြည်ထောင်စု၊ အယ်လ်ဘားမားပြည်နယ်၊ မိုဘီးလ်မြို့ကလေးတွင် လူမသိသူမသိ ဆင်းရဲသော ကျပန်းအလုပ်သမားမိသားစုမှ ဖွားမြင်ခဲ့သည်။ ငယ်စဉ်ဘဝက မှောင်ထဲကစခဲ့သူဖြစ်သဖြင့် ကျောင်းကောင်းကောင်းမနေခဲ့ရ။ ကလေးဘဝကပင် ပတ်ဝန်းကျင်ရှိ လူ ချမ်းသာမိသားစုများက ပေါက်ဖွားသော ကလေးငယ်များက အနိုင်ကျင့်မှုခံလာရသဖြင့် စိတ်ပိုင်းဆိုင်ရာ ချို့တဲ့မှု ဖြစ်ခဲ့ရ၏။ အစစအရာရာ ချို့တဲ့မှုဒဏ်နှင့် အမေရိကန်ပြည်ထောင်စု၏ လူတန်းစားကွာခြားမှုဒဏ်ကို အလူးအလဲ ခံခဲ့ရသည်။ သူတို့နေထိုင်ရသည့် တဲငယ်

ခေတ်သစ်နာဇီပါတီ၏ရည်မှန်းချက်မှာ
မဟာအမေရိကပြည်ထောင်စုကြီး
တည်ထောင်ရေး၊ လူဖြူမျိုးနွယ်များ၏
လူမျိုးကြီးဝါဒ ပြန့်ပွားရေး၊ အသားအရောင်
ခွဲခြားရေး၊ လူမည်းနှင့်
ဂျူးဆန့်ကျင်ရေးဝါဒများကို
လူငယ်များအား မှိုင်းတိုက်ပေးသော
ပါတီဖြစ်၏။ သို့ဖြစ်၍ ဂျိုးဇက်ပေါလ်
ဖရန်ကလင်အဖို့ လူဖြူကြီးစိုးရေး
အစွန်းရောက်ဝါဒကို သက်ဝင်ယုံကြည်လာခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



ကလေးမှာ မိုဘီလ်မြို့မှ အမှိုက်များစွန့်ပစ်သည့် နေရာ အစွန်တွင် တည်ရှိရကား အမှိုက်ပုံအတွင်း ကြီးပြင်းလာခဲ့ရသည်ဟု ဆိုနိုင်သည်။

အသက်အရွယ်ရောက်လာခဲ့သည်နှင့် ဧဝံဂေလိ ခရစ်ယာန်အသင်းဝင်ဖြစ်လာသည်။ ဤတွင် အမေရိကန်ပြည်ထောင်စုတွင် လျှို့ဝှက်စွာ ဖွဲ့စည်းတည်ထောင်ထားသော အမေရိကန်ပြည်ထောင်စု လူဖြူတို့၏ အမျိုးသား ဆိုရှယ်လစ်ပါတီဝင် National Socialist White People Party ဖြစ်လာသည်။ အမှန်အားဖြင့် ထိုပါတီမှာ ဒုတိယကမ္ဘာစစ်ကြီး မဖြစ်ပွားမီက ဂျာမနီနိုင်ငံတွင် တည်ထောင်ခဲ့သော နာဇီပါတီ၏ လမ်းစဉ်နှင့် မူဝါဒများကို ခေတ်နှင့်လိုက်လျောညီထွေဖြစ်စေရန် ပြင်ဆင်ထားသည့် ခေတ်သစ်နာဇီပါတီဖြစ်သည်။ ထိုခေတ်သစ်နာဇီပါတီ၏ ရည်မှန်းချက်မှာ မဟာအမေရိကပြည်ထောင်စုကြီး တည်ထောင်ရေး၊ လူဖြူမျိုးနွယ်များ၏ လူမျိုးကြီးဝါဒ ပြန့်ပွားရေး၊ အသားအရောင် ခွဲခြားရေး၊ လူမည်းနှင့် ဂျူးဆန့်ကျင်ရေးဝါဒများကို လူငယ်များအား မှိုင်းတိုက်ပေးသော ပါတီဖြစ်၏။ သို့ဖြစ်၍ ဂျိုးဇက်ပေါလ် ဖရန်ကလင်အဖို့ လူဖြူကြီးစိုးရေး အစွန်းရောက်ဝါဒကို သက်ဝင်ယုံကြည်လာခဲ့၏။

သူ့အဖို့ ငယ်စဉ်ကပင် ဒုတိယကမ္ဘာစစ်ကြီးအတွင်း နာဇီခေါင်းဆောင်ကြီး ဟစ်တလာအကြောင်း၊ နာဇီတို့၏ တတိယဂျာမနီနိုင်ငံတော်ကြီးကို အားသွန်ခွန်စိုက် တည်ထောင်ခဲ့ပုံ၊ ဂျာမန်လူမျိုးနွယ်များသာ မြင့်မြတ်သော မဟာလူမျိုးကြီးများဖြစ်ရာ နိမ့်ကျသော ဂျူးလူမျိုးများအဖို့ ဤကမ္ဘာမြေပြင်တွင် နေရာမရှိ၊ ဂျူးလူမျိုးများ၊ ဂျစ်ပစီအမျိုးသားအားလုံး မျိုးတုံးစေရန် ဆောင်ရွက်သည့်လမ်းစဉ်ကို စွဲလမ်းယုံကြည်လာသည်။ သို့ဖြစ်၍ အသားအရောင် ကွဲပြားခြားနားသည့် လူမျိုးပေါင်းစုံ မှီတင်းနေထိုင်သော အမေရိကန်ပြည်ထောင်စုတွင် မြင့်မြတ်သော လူဖြူခရစ်ယာန်ဘာသာဝင်များသာ ကြီးစိုးရေး၊ အခြားနိမ့်ကျသော လူမည်းများ၊ ဂျူးလူမျိုးများအား မျိုးတုံးပျောက်ကွယ်စေရေးကို စိတ်ဝင်စားလာခဲ့သည်။

ဤတွင် ဒုတိယကမ္ဘာစစ်ကြီးကာလက ဂျာမနီနိုင်ငံတော်ပုန်ကန်မှုနှင့် ထောင်ဒဏ်ကျခံခဲ့ရစဉ် ဟစ်တလာ ရေးသားပြုစုခဲ့သော Meinkamp ခေါ် ကျွန်ုပ်၏ကြိုးစားမှုဟူသော စာအုပ်အား ဖရန်ကလင်သည် ဖန်တစ်ရာတေအောင် ဖတ်ရှုခဲ့သည်။ အမှန်အားဖြင့် ဤစာအုပ်သည် ဟစ်တလာ၏ ကိုယ်ရေးအတ္ထုပ္ပတ္တိတစ်ပိုင်းဟုဆိုရသော်လည်း တတိယဂျာမနီနိုင်ငံတော်ကြီးအား တည်ထောင်ရေး၊ ဂျာမန်လူမျိုးကြီးဝါဒနှင့် ဂျူးလူမျိုးမုန်းတီးရေး အမျိုးသားအစွန်းရောက်ဝါဒကို လှုံ့ဆော်ထားသော စာအုပ်ဖြစ်သည်။

ဤစာအုပ်အား ဖန်တစ်ရာတေအောင် စွဲစွဲလမ်းလမ်း လေ့လာခဲ့သော ဖရန်ကလင်သည် သူ့ကိုယ်သူ နာဇီခေါင်းဆောင်ကြီး ဟစ်တလာဝင်စားသူဟု ယူဆလာသည်။ အမေရိကန်ပြည်ထောင်စုတွင် ကြီးစိုးနေကြသော လူမည်းနှင့် ဂျူးလူမျိုးများကို သန့်စင်ပစ်မှသာ မြင့်မြတ်ကြီးကျယ်သော မဟာအမေရိကန်ပြည်ထောင်စုကြီး ပေါ်ပေါက်လာမည်ဟု မှတ်ယူခဲ့သည်။

ဤတွင် ဟစ်တလာလက်သစ် ဖရန်ကလင်သည် လူမည်းနှင့် ဂျူးလူမျိုး သုတ်သင်ရှင်းလင်းရေးကို အဖော်မပါ၊ တစ်ဦးတည်း စတင်ပြုလုပ်ခဲ့သည်။ ၁၉၇၇ ခုနှစ် ဇူလိုင်လ ၂၅ ရက်နေ့တွင် မိုဘီလ်မြို့တွင် နှစ်ပေါင်းများစွာ ကြောင့်ကြမဲ့ကင်းစွာ နေထိုင်ခဲ့သော ဂျူးလူမျိုး မောရစ်အမစ်တေ၏အိမ်အား ဗုံးခွဲတိုက်ခိုက်ခဲ့သည်။ ကံအားလျော်စွာ မိသားစုဝင်များအားလုံး တစ်စုံတစ်ရာ ထိခိုက်ဒဏ်ရာရရှိခြင်းမရှိခဲ့သော်လည်း အိမ်မှာမူ ပျက်စီးသွားခဲ့သည်။

ထိုနှစ် ဇူလိုင်လ ၂၉ ရက်နေ့တွင်ပင် အမေရိကန်ပြည်ထောင်စု၊ တင်နက်ဆီပြည်နယ်၊ ချက်တင်နဂါမြို့ရှိ ဂျူးအမျိုးသားများ၏ ဘုရားရှိခိုးကျောင်းအား ဖရန်ကလင်သည် မီးလောင်ဗုံးဖြင့် ပစ်ခတ်ခဲ့ရာ မီးလောင်ကျွမ်းခဲ့သည်။ ရဲနှင့်အက်ဖ်ဘီအိုင်တို့က ပိုက်စိတ်တိုက် စုံစမ်းစစ်ဆေးခဲ့သော်လည်း ဖရန်ကလင်ကို ခြေရာခံမရခဲ့ပေ။ ၁၉၇၇ ခုနှစ်တွင် ဖရန်ကလင်သည် သူ၏ သားရဲတွင်းကို မစ်ဇူရီပြည်နယ်သို့ ပြောင်းရွှေ့ခဲ့သည်။ ထိုနှစ်၊ အောက်တိုဘာလတွင် ရစ်ချ်မွန်မြို့ရှိ ဂျူးလူမျိုးတို့၏ ဘက်သ်ရှလွန်ဘုရားရှိခိုးကျောင်းသို့ ဝတ်ပြုရန်

www.burmeseclassic.com






လာခဲ့သော ဂျူးအမျိုးသားများနှင့် မိသားစုများအား ဖရန်ကလင်သည် ရိုင်ဖယ်သေနတ်ဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ရာ ဘုရားဝတ်ပြုသူတစ်ဦးသေဆုံး၍ အခြားနှစ်ဦး ပြင်းပြင်းထန်ထန် ထိခိုက်ဒဏ်ရာရခဲ့၏။

၁၉၇၈၊ ဇူလိုင်လတွင်မူ ဖရန်ကလင်သည် ချက်တင်နဂါမြို့မှာပင် လူမည်းတစ်ဦးနှင့်တွဲလာသူ လူဖြူအမျိုးသမီးငယ်တစ်ဦးတို့အား ပြောင်းတိုသေနတ်ဖြင့် ပြောင်ပြောင်တင်းတင်း ပစ်ခတ်သတ်ဖြတ်ခဲ့သည်။ သူ့နောက်သို့ ရဲနှင့်စုံထောက်တို့က ခြေရာခံ၍ လိုက်ခဲ့သော်လည်း ဖရန်ကလင်သည် ပြည်နယ်တစ်နယ်မှ တစ်နယ်သို့ ထွက်ပြေးတိမ်းရှောင်ရင်း ဂျူးလူမျိုးများနှင့် လူမည်းပိုင်နေအိမ်များ၊ ဂျူးလူမျိုးများနေထိုင်သည့် လူစည်ကားရာ ရပ်ကွက်များတွင် ဗုံးခွဲတိုက်ခိုက်ခြင်းအမှုများ ကျူးလွန်ခဲ့သည်။ ထိုစဉ်က ထုတ်ဝေသော သတင်းစာကြီးများ၊ ဂျာနယ်များတွင် ဖရန်ကလင်အား နာဇီလက်သစ်တစ်ဦးအဖြစ် အကျယ်တဝင့် ရေးသားဖော်ပြခဲ့သဖြင့် ဖရန်ကလင်မှာ ဟိုးဟိုးကျော်ခဲ့သည်။ ဤကဲ့သို့ အမေရိကန်ပြည်ထောင်စု ပြည်နယ်အနှံ့အပြားအား လှည့်လည်သွားလာ၍ လူသတ်မှု၊ ဗုံးဖောက်ခွဲမှုများ ပြုလုပ်နိုင်ရန် ဖရန်ကလင်အဖို့ ငွေကြေးစရိတ် လိုလာသည်။ သို့ဖြစ်၍ ပြည်နယ်အချို့ရှိ ဘဏ်များကို ဝင်ရောက်ဓားပြတိုက်ခဲ့ရာတွင်လည်း လူသတ်မှုများ ကျူးလွန်ခဲ့သည်ဟု သိရသည်။

ဟစ်တလာဝင်စားသူဟု ကင်ပွန်းတပ်ခံရသော ဖရန်ကလင်မှာ အမေရိကန်ပြည်ထောင်စု၊ အက်ဖ်ဘီအိုင်စုံထောက်ဌာန၏ အလိုအရှိဆုံး အကြမ်းဖက်သမားတစ်ဦး ဖြစ်ခဲ့သည်။ မှတ်တမ်းအရ လူပေါင်း ၂၀ ကျော်သတ်ဖြတ်ခဲ့ပြီး ဗုံးခွဲမှု တစ်ဒါဇင်နီးပါး ပြုလုပ်ခဲ့သည်။ နောက်ဆုံးတွင် သူ့အား ဖမ်းဆီးရမိခဲ့သည်။ ပြည်နယ်များတွင် ကျူးလွန်ခဲ့သော အမှုများအားလုံးအား ဖရန်ကလင်က အသေးစိတ် တိတိကျကျ ဖြောင့်ချက်ပေးခဲ့၏။

ပြည်နယ်တရားရုံး အသီးသီးတွင် ဖရန်ကလင် ကျူးလွန်ခဲ့သော လူသတ်မှု၊ ဘဏ်ဓားပြတိုက်မှု၊ ဗုံးခွဲမှုများကို စစ်ဆေးခဲ့ကြသည်။ မှုခင်းဆေးပညာရှင်များ၊ စိတ်ရောဂါကု ဆရာဝန်များကမူ ဖရန်ကလင်သည် စိတ်ရောဂါဒေနာ စွဲကပ်နေသူဟု တင်ပြခဲ့ကြသော်လည်း အထူးတရားရုံးက သေဒဏ်ချမှတ်ခဲ့သည်။

ဟစ်တလာလက်သစ်ဟု ကင်ပွန်းတပ်ခံရသော စိတ္တဇလူသတ်သမား ဖရန်ကလင်အား အမေရိကန်ပြည်ထောင်စု တရားရုံးချုပ်က သေဒဏ်ကို အတည်ပြုခဲ့သည်။ သို့သော် ကန့်ကွက်မှုများရှိသဖြင့် သေဒဏ်အား ဆိုင်းငံ့ထားခဲ့သည်ဟု ဆိုကြပါကြောင်း။ ။

လှမိုး (ပညာရေး)

ကျမ်းကိုး– (၁) Serial Killer By Colin Wilson

(၂) Internet

(၃) Mind Hunter-By J.Douglas

www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com



■

ပုံတစ်ပုံ လက်စသတ်ပြီးသွား ၍ အကြောဖြေကာ ထိုင်ရာကအထ မှုးဝေနောက်ကျိမှုတို့ ဦးနှောက်ဆီ တစ်ဟုန်ထိုးပြုံဆင်းလာကြပေရာ မျက်ဝန်းအစုံတို့ မိုက်ခနဲဖြစ်သွား လေသည်။ နီးစပ်ရာ စားပွဲခုံနှင့် ကုလားထိုင်လက်ရန်းကို ဆတ်ခနဲ ဆုပ်ကိုင်လိုက်မိပေမယ့် ခန္ဓာကိုယ် တစ်ခုလုံးကို ကိုင်မြှောက်ပြီးခါယမ်း လိုက်သလိုပင် ကမ္ဘာကြီးတစ်ခုလုံး ယိမ်းထိုးသွားရသည်။

အလို.....ဘယ်လောက်တောင် ယိမ်းထိုးသွားသလဲမသိပေ။ သူ့ခန္ဓာ ကိုယ်တစ်ခုလုံး ပိုင်းကြီးပတ်ပတ်ဒူ ဝေဝေဖြစ်နေသည်ကို သူ ကောင်း ကောင်းကြီးခံစားမိနေသည်။

လောကကြီးတစ်ခုလုံးသည် လည်း ပြာဝေနေပေ၏။ သည်လို အချိန် သူ့နံဘေးမှာ စားပွဲခုံလို၊ ကုလားထိုင်လက်ရန်းလို ကိုင်စရာ ပြုစရာ တစ်စုံတစ်ခုသာ ရှိမနေခဲ့ ဘူးဆိုလျှင် သူ ကြမ်းပြင်ပေါ်သို့ လဲ ပြိုကျသွားမည်မှာ အမှန်ပင်။ မူးဝေ မှုတို့သည် သူ့ဦးခေါင်းထဲတွင် ဟို ဟိုသည်သည် ပြေးလွှားလှုပ်ရှားနေ သလိုရှိ၏။ လက်နှစ်ဖက်လုံးသည် စားပွဲခုံနှင့် ကုလားထိုင်လက်ရန်းကို တင်းကျပ်စွာ ဆုပ်ကိုင်ထားမိသည်။

ခန္ဓာကိုယ်ယိမ်းထိုးမှုကြောင့် ပေပဲလားတော့မသိ စားပွဲခုံနှင့် ကုလားထိုင်လက်ရန်းကို ဆုပ်ကိုင် ထားသော သူ့လက်တွေသည် တဆတ်ဆတ်တုန်ယင်နေပေသည်။

သူ ကုလားထိုင်ပေါ်ကို ကြိုး စားပြီး ဖြည်းညင်းစွာ ပြန်ထိုင်ချ လိုက်ပါသည်။ မူးဝေမှုတို့ သက်သာ သွားသလားဆိုတော့ မသက်သာ ပေ။ လောကကြီးတစ်ခုလုံး ချာလည် နေဆဲ၊ ပြာဝေနေဆဲပင်ဖြစ်၏။ ပို၍ သက်သာလိုသက်သာငြား နှာခေါင်း ပေါ်ကမျက်မှန်ကို ချွတ်ချလိုက်ကာ နားထင်ကို လက်ဖြင့်ခပ်နာနာဖိမိ လိုက်သည်။ ထို့နောက် ခေါင်းကိုပါ ခပ်သာသာလေး ခါယမ်းလိုက်သည်။ သည်တော့မှပင် သူ့မျက်စိရှေ့ ကြမ်း ပြင်ပေါ်တွင် အရုပ်ကလေးတွေနှင့် ပျော်ရွှင်စွာ ဆော့ကစားနေသော သားလေးကို အနည်းငယ်ကြည်လင် စွာ တွေ့ရလေသည်။

ဦးခေါင်းတို့ကတော့ လေးလံ အုံမှိုင်းနေဆဲ။ အခုတလော သူအလို လို မူးမူးနေတတ်သည်မှာ ဘာ ကြောင့်မှန်းမသိ။ ထိုင်ပြီးထလိုက် တိုင်း သူ့မျက်လုံးတို့ ပြာဝေသွား သည်မှာ တစ်ခါတစ်ခါ ပြန်ပြီးကြည် လင်မလာတော့ဘူးလို့တောင် ထင် ရသည်။ ရိုးရိုးခေါင်းမူးခေါင်းကိုက် သာဆိုလျှင် သူ အခုလို စာဖွဲ့နေ မည်မဟုတ်ပါပေ။ အခု မူးဝေသည် က သူ့ခန္ဓာကိုယ်ကို မ,တည်ထား သော ခြေထောက်တွေပင် ယိုင်နဲ့ လာသလို။ ဘေးနားက ကိုင်စရာ အကူအသာမရှိပါက ဗိုင်းခနဲ လဲကျ သွားနိုင်သော မူးဝေမှုမျိုးဖြစ်သည်။ သူဘာကြောင့် သည်လိုမူးဝေနေရ သလဲ။



www.burmeseclassic.com

www.burmeseclassic.com



သချောတာကတော့ လောလောလတ်လတ်အတွင်း သူအိပ်ရေးပျက်နေသည်မှာ ဒီနေ့နှင့်ပါဆိုလျှင် လေးရက်တောင်ရှိသွားလေပြီ။ အပ်ထားသောပုံတွေကို ရေးဆွဲနေရပေရာ သူ့မှာ အိပ်ရေးဝဝအိပ်ဖို့ အခွင့်အရေး မရရှိသေး။

ညဥ့်အတော်နက်သည့်တိုင်အောင် သူအလုပ်လုပ်နေသည်။ သည်လေးရက်တာအတွင်း အချိန်ဘယ်လောက်များများ သူအိပ်ခဲ့ရပြီးပြီလဲ။ စဉ်းစားကြည့်မည်ဆိုလျှင် တစ်နေ့ပျမ်းမျှ သုံးနာရီထက်မပိုဟု သူထင်သည်။ သူ့ကိုအားကိုးယုံကြည်၍ အလုပ်အပ်ကြသောသူတွေ၏ တောင်းဆိုမှုတွေကို ငြင်းဆန်လိုက်ဖို့ အင်အားမရှိခြင်းကြောင့် သူ့အိပ်ချိန်တွေ ဆုံးရှုံးခဲ့ရသည်။ အင်းပေါ့လေ.....သည်အလုပ်လေးက သူတို့မိသားစုကို ထမင်းကျွေးနေသည် ဆိုတော့လည်း သူ့ဘက်က ရင်းနှီးသင့်သလောက်တော့ ရင်းနှီးရမည် မဟုတ်လား။

သို့ပေမယ့် အမှန်အတိုင်း ဝန်ခံရလျှင် သူ အရမ်းပင်ပန်းနေပါပြီ။ စိတ်ဆောင်ခြင်းနှင့် ခန္ဓာကိုယ်ခုခံအားကောင်းနေ၍သာ တော်တော့သည်။ နို့မို့သာဆို အခက်။ ပို၍ခက်သည်က ကတိဆိုသော စကားတစ်ခွန်းကို သူ လွန်ဆန်နိုင်စွမ်း မရှိခြင်းပင်။ ငယ်ငယ်လေးကတည်းက သူ့အဖေ ရိုက်သွင်းပေးခဲ့သော မင်းမှာသစ္စာ၊ လူမှာကတိဆိုသော ခံယူချက်ကြီးသည် သူ့ခေါင်းထဲတွင် စွဲမြဲနေ၏။ သို့ဖြစ်ပေရာ သူ့အိပ်ချိန်တွေ နည်းသည်ထက် နည်းလာခြင်းမှာ ဆန်းတော့မဆန်းပါချေ။ ပုံတွေကို အလုပ်အပ်သူတွေ လိုချင်သည့်ရက်အမီ သူ ကြိုးစားပမ်းစား ရေးဆွဲပေးနေရသည်လေ။

တကယ်တော့ ဘယ်နေ့အပြီးဆိုသော ကတိတစ်ခုသာ အလုပ်အပ်သူတွေနှင့် သူ့ကြားတွင် မရှိပါက သူ့ဘာကြောင့် သည်လောက်အပင်ပန်းခံနေမည်နည်း။ "ကိုတင်အောင်ကမှ အချိန်တိကျပြီး စေ့စပ်

သေချာတာ"ဆိုသော နာမည်တ[...]
ခုသာ သူ့ထံမှာ ရှိမနေဘူးဆိုလျှ[...]
သူသည်လောက် အပင်ပန်းခံနေမည်[...]
မဟုတ်ပါ။ ပုံတွေတော်တော်များမျာ[...]
ကို သူရေးဆွဲဖူးနေသည်ပဲ။ စကေ[...]
မှန် ပုံတစ်ပုံလောက်တော့ အိပ်ပြ[...]
တောင် ဆွဲလို့ရသည်။ သို့သော် သ[...]
အလုပ်တစ်ခုကို ပြီးစလွယ်မလု[...]
ချင်ပါပေ။ စားခွင့်ရသော ထမင်းမ[...]
များ၏ အရည်အသွေးနှင့်အည[...]
ထမင်းရှင်များအား သူ့လုပ်အား[...]
ပြန်ပေးဆပ်ချင်ပါသည်။ ပထမဆ[...]
အလုပ်အအပ်ခံရတုန်းက ဖြစ်တည[...]
ဖူးသော ကြိုးစားအားထုတ်မှုမျိုးန[...]
သာ သူ ပုံတွေကို ရေးဆွဲချင်[...]
ပေါ်ဆန်းမွေးစားပြီး ထမင်းနင်မှာ[...]
သူ သေမလောက်ကြောက်သည်[...]

သူ အတော်လေးပင်ပန်းန[...]
သည်ကိုလည်း သူကိုယ်တိုင်အသ[...]
ဆုံးပင်ဖြစ်ပါ၏။ တစ်ခါတလေသည[...]
အလုပ်ကြီးကို မလုပ်ဘဲနေလိုက်ချ[...]
သော်လည်း ငါ့မှာ မိသားစုက [...]
နေသေးသည်ဆိုသောအသိက သ[...]

တစ်ခါတလေသည် အလုပ်ကြီးကို မလုပ်ဘဲနေလိုက်ချင်သော် လည်း ငါ့မှာ မိသားစုက ရှိနေသေးသည်ဆိုသောအသိက သူ့ခြေလှမ်းတို့ကို နောက်မဆုတ်ဖို့ တွန်းအားပေးနေသည်။ ဗိုက်တို့မည်သည် မစားပါဘဲ ပြည့်ရိုးထုံးစံ ရှိမည်ဆိုလျှင် သူသည် အလုပ်ကြီးကို တစ်သက်တာ စွန့်လွှတ်လိုက်ပါမည်။ အိမ်မပုံ ဆွဲရသောအလုပ်ကို အရိပ်ထဲတွင် ကွန်ပျူတာလေးတစ်လုံးနှင့် အေးအေးလူလူ လုပ်နေရသော အလုပ်ဟု ထင်ကောင်းထင်နိုင်၏။

www.burmeseclassic.com

www.burmeseclassic.com



ခြေလှမ်းတို့ကို နောက်မဆုတ်ဖို့ ကွန်းအားပေးနေသည်။ ဗိုက်တို့မည် သည် မစားပါဘဲ ပြည့်ရိုးထုံးစံရှိ ည်ဆိုလျှင် သူ သည်အလုပ်ကြီး ကို တစ်သက်တာ စွန့်လွှတ်လိုက်ပါ ည်။ အိမ်ပုံဆွဲရသောအလုပ်ကို အရိပ်ထဲတွင် ကွန်ပျူတာလေးတစ် လုံးနှင့် အေးအေးလူလူ လုပ်နေရ သော အလုပ်ဟု ထင်ကောင်းထင် နိုင်၏။ မထင်ပါနှင့်။ ပုံတစ်ပုံရရှိဖို့ အရေး သူဘယ်လောက်များ ကြိုး မ်း အားထုတ်ရသလဲ။ ဦးနှောက် ကို နေကျဲကျဲတောက်ပူနေသော ကွင်းပြင်မှာ နေလှန်းခံထားရသလို ပင်။ ပြင်ပခန္ဓာကိုယ်က ချွေးဒီးဒီး ကျဘူးဆိုပေမယ့် အတွင်းက ဦး နှောက်နှင့် နှလုံးသားကတော့ တင်း ကျပ်မှုတွေနှင့် ချွေးတွေရွှဲနစ်နေ၏။ တစ်ခါတလေတော့ သည်အလုပ် ကြီးကို သူ အတော်လေး စိတ်ပျက် ငြီးငွေ့မိသည်။

သို့တစေ သည်အလုပ်လေးက သူတို့မိသားစုကို ကောင်းစွာထောက် ကျွေးမွေးပေးနေသည်ဆိုတော့ စားဝတ်နေရေးဆိုတာကြီး ရှိနေသေး သရွေ့ သူ ပင်ပန်းနေပေမယ့်လည်း ကြိုးစားလုပ်ကိုင်နေရဦးမည်။ သား အတွက်၊ မယားအတွက်ဆိုသည့် ခေါင်းစဉ်တွေအောက်မှာ သူ မော သည်း ပြေးနေရဦးမည်ဖြစ်သည်။

ကိုယ်ကိုယ်တိုင် ကျေနပ်၍ ရွေးချယ်လျှောက်လှမ်းခဲ့သော လမ်း တစ်ခုအတွက် အခုမှ နောင်တရနေ ည်ဆိုလျှင်လည်း အပိုသာဖြစ်ပေ လိမ့်မည်။ တကယ်တော့ သူ သည်



အလုပ်ကို နည်းနည်းလေးမျှဝါသနာ မပါပေ။ အဖေ့ကြောင့်သာ မဟုတ် ဘူးဆိုလျှင် သူ သည်ပညာရပ်ကို ရွေးချယ်သင်ယူမိမည်မဟုတ်။ မြန်မာစာအထူးပြုတက္ကသိုလ်တက် ပြီး စာတွေရေးကောင်းရေးနေနိုင်၏။ သူငယ်ငယ်က စာရေးသည့်အလုပ် ကို အလွန်အမင်း ဝါသနာပါခဲ့သည်။ စာအုပ်တွေ စပြီးဖတ်ပါပြီဆိုကတည်း က စာရေးဆရာဆိုသူတွေကို သူ အလွန်အမင်း အားကျခဲ့သည်။ ထို ဂုဏ်ပုဒ်သည်လည်း သူအလွန် အမင်း မက်မောခဲ့ရသော ဆုလာဘ် တစ်ခုပင် ဖြစ်ခဲ့၏။

သို့ဖြစ်ပေမယ့်လည်း ဖြစ်ချင် တာထက် ဖြစ်သင့်တာကို ဦးစားပေး ခဲ့ရသော ဘဝမှာ စိတ်ကူးစိမ်းတွေ လည်း ကောင်းကောင်းမယဉ်နိုင်ခဲ့ သလို အိပ်မက်တွေလည်း ဆုံးခန်း တိုင်အောင် မက်ခွင့်မရခဲ့ပေ။ အရာ ရာ ထောက်ချင့်ညှာတာမှုတွေမှာ သူ့စိတ်ကူးအိပ်မက်တို့ ရေစုန်မျော ခဲ့ရသည်။ အဖေတစ်ခု၊ သားတစ်ခု ဆိုသော အသိသည် သူ့အလိုကျ ဘဝကို ဖြစ်တည်ခွင့်မပေးခဲ့။

♠ ♠ ♠

အဖေ့ဆန္ဒတွေကို အကောင် ကျ ဖြည့်ဆည်းပေးရင်း အခုနှင့် အလုပ် ထပ်တူမကျသေးတာကို

www.burmeseclassic.com

www.burmeseclassic.com



သူပိုင်ဆိုင်ခဲ့ရသည်ပင်။ သူ အဖေ့ဆန္ဒတွေကို ဘယ်လိုစိတ်မျိုးနှင့် ချိုးဖျက်ရက်နိုင်မလဲ။ သူ့အတွက်နှင့် ဆူးခင်းလမ်းကိုတောင် ရဲရဲကြီးလျှောက်လှမ်းခဲ့သော အဖေ့ကို သူဘယ်လိုခံယူချက်မျိုးတွေနှင့်မှ ဆန့်ကျင်ကျောခိုင်း မျက်ကွယ်မပြုရက်ပေ။ အဖေ့ကို သူမှ မသနားမညှာတာဘူးဆိုလျှင် ဘယ်သူက သနားညှာတာမည်လဲ။

ဆွေကင်းမျိုးကင်းဖြစ်သော အဖေ့ကို ဘယ်သူကမှ အရေးတယူလာပြီးစာနာနေမည်မဟုတ်ပါ။ ထို့ကြောင့်.....

"ငါ့သားက ဆယ်တန်းလည်း အောင်ပြီ၊ အောင်တာတောင်မှ ဂုဏ်ထူးကလည်း ပါသေးတယ်ဆိုတော့ ကဲ..ငါ့သား ဘာတက္ကသိုလ်လျှောက်ဖို့ စိတ်ကူးထားလဲ၊ ဆေးတက္ကသိုလ်လား၊ စက်မှုတက္ကသိုလ်လား"

ဆိုပြီးမေးတုန်းက အဖေခင်းပေးခဲ့သောလမ်းကို ငြူစူခြင်းမရှိဘဲ လျှောက်လှမ်းခဲ့ပါသည်။ သူ့စိတ်ကူးထဲက မြန်မာစာအထူးပြုတက္ကသိုလ်တက်ရန်စိတ်ကူးကို အတွေး၊ အသွေးတွေထဲကနေ မောင်းနှင်ထုတ်ပယ်ပစ်လိုက်၏။

"အဖေကလည်း သားက ဂုဏ်ထူးတစ်ခုတည်းပါတာလေ၊ ဘယ်လိုလုပ် ဆေးတက္ကသိုလ်အမှတ်မီမှာလဲ အဖေရဲ"

အဖေ့စိတ်ထဲတွင် သူ့ကိုအကြီးကြီး မျှော်မှန်းထားမည်မှာ သေချာပါသည်။ သူတို့သားအဖ၏ အခြေအနေက ဘယ်လိုဖြစ်နေပါစေ အဖေ့

ကိုယ်ကိုယ်တိုင်
ကျေနပ်၍ ရွေးချယ်
လျှောက်လှမ်းခဲ့သော
လမ်းတစ်ခုအတွက်
အခုမှ နောင်တရနေ
မည်ဆိုလျှင်လည်း
အပိုသာဖြစ်ပေလိမ့်မည်။
တကယ်တော့ သူ
သည်အလုပ်ကို
နည်းနည်းလေးမျှ
ဝါသနာမပါပေ။
အဖေ့ကြောင့်သာ
မဟုတ်ဘူးဆိုလျှင်

အတွေးတွေထဲမှာ သူသည် ဆ[illegible]
ဝန်ကြီးလည်း ဖြစ်နေနိုင်သ[illegible]
အင်ဂျင်နီယာကြီးလည်း ဖြစ်နေ[illegible]
သည်။ သို့သော် စာရေးဆရာတ[illegible]
ယောက်လို့တော့ အဖေ သူ့ကိုမျှ[illegible]
လင့်ထားမှာမဟုတ်။

"အင်း.....ဒါဆိုရင် စက်[illegible]
တက္ကသိုလ်တော့ မီနိုင်ကောင်းပါ[illegible]
နော် သား"

"အဟဲ.....အဖေက သား[illegible]
အင်ဂျင်နီယာဖြစ်စေချင်လို့လား၊ [illegible]
ပါတယ် အဖေရဲ၊ စက်မှုတက္ကသို[illegible]
ကိုတော့ သားအမှတ်က ကော[illegible]
ကောင်းမီပါတယ်"

"ကဲ.....ဒါဆိုလည်း စက်[illegible]
တက္ကသိုလ်ပဲ လျှောက်လိုက်တေ[illegible]
သား၊ အဖေက ငါ့သားကို ဆရာ[illegible]
ကြီး၊ ဒါမှမဟုတ်ရင် အင်ဂျင်နီယ[illegible]
ကြီးဆိုပြီး မျှော်မှန်းထားတာကွ၊ [illegible]
သား စာသာကြိုးစားနော်၊ သူ[illegible]
အပ်တာမှန်သမျှ အဖေဖြည့်ဆ[illegible]
ပေးမယ်"

သူ့အတွေးတွေ မမှားခဲ့ပါ[illegible]
အဲသည်တုန်းကသာ.....

"အဖေ ကျွန်တော် မြန်မာ[illegible]
အထူးပြုနဲ့ တက္ကသိုလ်တက်ပြီး [illegible]
ရေးဆရာလုပ်မယ်"

လို့များဆိုလိုက်လျှင် အ[illegible]
ဘယ်လိုများ ခံစားသွားရမှာပါလိ[illegible]

မထင်မှတ်ဘဲ ထိုးနှက်ခံလို[illegible]
ရသူတစ်ယောက်လို အဖေ့မျက်[illegible]
မှာ အံ့ဩခြင်းအရိပ်အယောင်[illegible]
ယှက်သန်းသွားမည်လား။ သည်[illegible]
မှမဟုတ် မသေချာသည့်အလုပ်ကို [illegible]
လုပ်မှာလားဆိုပြီး အဖေ သူ့[illegible]

www.burmeseclassic.com

www.burmeseclassic.com



ရွတ်ချလေမလား။ သို့တည်းမဟုတ် အဖေစိတ်ဆိုးလျှင် လုပ်နေကျပုံစံအတိုင်း သုံးလေးရက်လောက် သူ့ကို စကားမပြောဘဲ နေမည်လား။

ဘာပဲဖြစ်ဖြစ်ပါ။ သူ့အတွက်နှင့် ဆူးခင်းလမ်းကိုတောင် လျှောက်ရဲခဲ့သော အဖေသည် သူ့မျက်နှာညှိုရလေအောင် သူဖြစ်ချင်တာတွေကိုလည်း ဖြည့်ဆည်းပေးဦးမည်မှာ သေချာပါသည်။ သားအဖနှစ်ယောက် ရွာမှာသည်အတိုင်းနေလျှင်တောင် အဆင်ပြေရဲ့သားနှင့် အဖေသည် သူ့ပညာရေးအတွက် လွှာဘုံဆိုသော ရွာကလေးကနေ ကြားရုံသာကြားဖူးသော နေပြည်တော်တပ်ကုန်းမြို့ဆီ အရဲစွန့်ပြီး တက်ခဲ့သည်။ အဲသည်တုန်းက သူ ခုနစ်တန်းအရွယ် ရောက်နေပြီမို့ အခြေအနေအရပ်ရပ်ကို နားလည်စပြုနေပါပြီ။ အဖေ မြို့တက်နေတော့မည်ဆိုတော့ နီးစပ်ရာဝန်းကျင်က အဖေ့ကို အမျိုးမျိုးပြောကြ၊ တားကြသည်။ ရွာမှာ အဆင်ပြေသားနဲ့ မြို့တက်ပြီး ဘာလုပ်မှာလဲတဲ့၊ ကိုယ့်ရွာမှာပဲ အေးအေးလူလူ လုပ်ကိုင်စားပါလားတဲ့၊ သားအဖနှစ်ယောက် ဒုက္ခရောက်လိမ့်မယ်နော်တဲ့။

သူ အကုန်လုံးကို မှတ်မိနေပါသေး၏။ အဖေကတော့ ပြတ်သည်။

''ကျွန်တော့်သားကို မြို့သားပဲဖြစ်စေချင်တယ်ဗျာ၊ မြို့ပညာကိုပဲ သင်ယူစေချင်တယ်၊ အဲဒီအတွက် ကြိုးစားရမယ်ဆိုရင် ကျွန်တော့်မှာ ရှိသမျှအားတွေနဲ့ အစွမ်းကုန် ကြိုးစားသွားမယ်''တဲ့။

အဖေသည် အပြောနှင့်အလုပ် ထပ်တူညီအောင် သက်သေပြခဲ့ပေသည်။ သူ့လက်ကိုဆွဲကာ ရွာကနေ မြို့ကို မရောက်ရောက်အောင်တက်ခဲ့သည်။

ထိုမှစပြီး ကျွန်တော် မြို့သားဖြစ်ခဲ့ရလေသည်။ မြို့ကျောင်းတစ်ကျောင်းမှာလည်း ပညာကို သင်ကြားခွင့်ရခဲ့သည်။ သူ မသိခဲ့ပေ။ မြို့မှာ ပညာသင်ရပြီ၊ ငါ မြို့သားဖြစ်ပြီဆိုသော အပျော်တွေနှင့်သာ မိုးမမြင်လေမမြင် ကြည်နူးနေခဲ့သည်။ သူ့ရဲ့ပျော်ရွှင်ကြည်နူးမှုတွေကို အဖေ ဘယ်လိုဖန်တီးပေးနေသလဲဆိုတာကို သူလုံးဝမသိခဲ့။ မြို့ကိုရောက်ပြီး သုံးနှစ်အကြာ သူ ဆယ်တန်းနှစ်မှာမှ အဖေ သူ့ကို ဘယ်လိုအင်အားတွေနှင့် စောင့်ရှောက်ပျိုးထောင်နေသလဲဆိုတာကို သူ လုံးဝသိမြင်လိုက်ရပါသည်။

ထိုနေ့က သူ့နှလုံးသားတစ်ခုလုံး ပွင့်ဖတ်တွေလို အထပ်လိုက်၊ အလွှာလိုက် ကြွေကျခဲ့ရသည်။

''တစ်ထည် ၁၅၀၀၊ တစ်ထည် ၁၅၀၀''

ဆိုသော အဖေ့အသံသည် သူ့နှလုံးသားကို ချေမွ ခြွေချနေသလိုပင်။ သူဖြင့် အဖေ့ကိုသနားလိုက်တာ။ တိုက်ကြီးတစ်တိုက်နံဘေး ပလက်ဖောင်းပေါ်မှာ ချွေးတလုံးလုံးနှင့် ဘောထည်တွေကို အော်ရောင်းနေသော အဖေ့ကို သူဆက်ပြီး မကြည့်နိုင်တော့။ သူ့ရင်ဘတ်တစ်ခုလုံးကို ထက်စွာသော အချွန်တစ်ခုခုနှင့် တဆွဆွထိုးဆွနေသလို နာ



ကျင်မှု၊ အောင့်မျက်မှု၊ စူးရှမှုတို့သည် သူ့ရင်ဘတ်တစ်နေရာတွင် စုပြုံအုံကျင်းဖွဲ့လျက် ရှိနေခဲ့သည်။

ထိုနေ့က အတန်းဖော်သူငယ်ချင်းနှင့် မေးခွန်းဟောင်းစာအုပ်သွားအဝယ် အဖေ ဘောထည်တွေ ရောင်းချနေတာကို သူ တွေ့မြင်ခဲ့ရခြင်းဖြစ်သည်။ ဘုရားစူး၊ မိုးကြိုးပစ်ပါစေ အဖေ ဘောထည်တွေ ရောင်းပြီး သူ့ဘဝကို ဖြည့်ဆည်းပေးနေတယ်ဆိုတာ သူလုံးဝမသိခဲ့။ အဖေလည်း သူ့ကိုမြင်သွားဟန်တူသည်။ တစ်ဖက်လမ်းကိုကူးဖို့ သည်ဘက်လမ်းမှာ ယာဉ်သွားယာဉ်လာများကိုစောင့်စားနေချိန် အဖေနှင့်သူ

www.burmeseclassic.com

www.burmeseclassic.com



**တက္ကသိုလ်ဝင်တန်းစာမေးပွဲမှာ ဂုဏ်ထူးတစ်ဘာသာနှင့် ထူးချွန်စွာ အောင်မြင်ခဲ့ခြင်းက အဖေဂုဏ်ယူထိုက်သော သားတစ်ယောက်သူ ဖြစ်ခဲ့လေပြီ။ အဲသည်တုန်းက အဖေ ပျော်နေတာကိုကြည့်ပြီး သူငိုတောင် ငိုမိသည်။ မျက်ရည်တွေကြားထဲက အဖေ့အပြုံးဆိုတာ ကမ္ဘာပေါ်မှာ အလှပဆုံးဟု သတ်မှတ်ခြင်း ခံထားရသော အပြုံးထက်ပင် လှနေသလိုပင်။**

အကြည့်ချင်းဆုံသွားခဲ့သည်။ အဖေ့ပါးစပ်လေး အတိုင်းအဆမဲ့ ဟသွားပြီး ဘေထည်တွေကို မြှောက်ကိုင်ထားသော အဖေ့လက်တွေသည် တဖြည်းဖြည်းနှင့် အောက်ကိုကျလာသည်။ အဖေ သူ့ကိုလှမ်းခေါ်မှာလား။ ဟင့်အင်း.....လှမ်းမခေါ်ပါနဲ့ အဖေ။ လူတွေသွားလာလှုပ်ရှားနေသော လမ်းကြီးပေါ်မှာ သူယောက်ျားတန်မဲ့ ငိုမိလိမ့်မည်။

သို့ပေမယ့် အဖေလှမ်းမခေါ်ခင်မှာပင် သူ အဖေ့ကို ကျောခိုင်းလိုက်ကာ သူငယ်ချင်းကို.....

"မင်းဘာသာမင်း သွားဝယ်လိုက်တော့ကွာ၊ ငါမဝယ်တော့ဘူး"

ထိုသို့ဆိုကာ လှည့်ပြန်ခဲ့သည်။

ထိုနေ့က အဖေ မျက်နှာမကောင်းပါ။ ခါတိုင်း စကားတပြော ပြောနှင့် စိုစိုပြည်ပြည် ရှိခဲ့ဖူးသော သူတို့သားအဖနှစ်ယောက်၏ ထမင်းဝိုင်းလေးမှာ တိတ်ဆိတ်မှုတို့နှင့် ခြောက်ကပ်နေပေသည်။ အဖေဝယ်လာသည့် ခေါက်ဆွဲကြော် ပူပူသည်လည်း အရသာကင်းမဲ့နေ၏။ ထမင်းစားပြီးတော့ အဖေ ကျွန်တော့်ကို မေးခွန်းတစ်ခုမေးသည်။

"သား ရှက်သလား"တဲ့။

အဖေ့မေးခွန်းသည် အဆက်အစပ်မရှိ တိုတိုတုတ်တုတ်နိုင်လွန်းလှပေမယ့် အဖေ ဘာကိုမေးချင်တာလဲ သူနားလည်ပါသည်။

မဟုတ်ပါ။ သူမရှက်ပါပေ။ အဖေဘေထည်ရောင်းသောအလုပ်ကိုရှက်လို့ သူလှည့်ပြန်ခဲ့ခြင်းမဟုတ်ပါ။ သူဘာကြောင့်ရှက်ရမည်နည်း။

ဝမ်းနည်းခြင်းသာဖြစ်ပါသည်။

"သားမရှက်ပါဘူး အဖေ သားရှက်လို့ လှည့်ပြန်သွားခဲ့တာ မဟုတ်ပါဘူး"

အသံကို အဖျားမခတ်အောင် ကြိုးစားပြောလိုက်နိုင်ပေမယ့် မျက်ရည်စီးကြောင်းနှစ်ခုကတော့ သူ့ပါး ပြင်ထက်ကို စီးအားသန်စွာ လျှော ခနဲ လိမ့်ဆင်းသွားသည်။ အဖေ့ကို ကျောခိုင်းထားပြီး ပန်းကန်ဆေးနေ ရင်းက ဖြေခြင်းမို့သာတော်၏။

သူ့မျက်ရည်တွေကို အဖေ့အား မမြင်စေလိုပေ။

"ဒါဆိုလည်း စာကိုပဲ ကြိုးစား သင်ယူပါ သား၊ သားလိုတာရှိရင် ပြော၊ အဖေတတ်နိုင်သလောက် ဖြည့်ဆည်းပေးမယ်၊ ဟုတ်ပြီလား"

တတ်နိုင်သလောက်တဲ့။

ထိုစကားကို အဖေ အမြဲဆို သလို အသုံးပြု ပြောဆိုလေ့ရှိသည် သူ မေးလိုက်ချင်၏။ အဖေပြော သော တတ်နိုင်သလောက်ဆိုတာ အဖေ့ချွေးတွေ ကုန်ခန်းသွားသည် အထိလား အဖေ။ ထိုနေ့က ဆုံး ဖြတ်ချက်တစ်ခုကို ခိုင်ခိုင်မာမာချ လိုက်သည်။ အဖေ့အပြုံးသည် သူ့ အောင်မြင်ခြင်း။

♠ ♠ ♠

သူ ကျေနပ်ပါသည်။

တက္ကသိုလ်ဝင်တန်းစာမေးပွဲ ဂုဏ်ထူးတစ်ဘာသာနှင့် ထူးချွန်စွာ အောင်မြင်ခဲ့ခြင်းက အဖေဂုဏ်ယူ ထိုက်သော သားတစ်ယောက် သူ

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ခဲ့လေပြီ။ အဲသည်တုန်းက အဖေ ပျော်နေတာကိုကြည့်ပြီး သူငိုတောင် ငိုမိသည်။ မျက်ရည်တွေကြားထဲက အဖေ့အပြုံးဆိုတာ ကမ္ဘာပေါ်မှာ အလှပဆုံးဟု သတ်မှတ်ခြင်းခံထား ရသော အပြုံးထက်ပင် လှနေသလို ပင်။ ပါးပြင်ညိုညိုထက်မှ မျက်ရည် ကြည်ကြည်လေးတွေသည် သူ့ကို ဆက်ပြီး ကြိုးစားဖို့ တိုက်တွန်းနေ သယောင်ယောင်။ သူ ဘီအီးအင် ဂျင်နီယာဘွဲ့ရခဲ့သည်။ ခက်ခဲမှုများ ကြားက ဖြစ်တည်လာခဲ့သော ဘွဲ့ ဖြစ်၍ သူနှင့်အဖေ အတိုင်းမသိ ဝမ်းမြောက်ကြည်နူးခဲ့ရသည်။ ဇရာ ထောင်း၍ ကိုယ်ကြေရပြီဖြစ်သော် လည်း အဖေ့မျက်ရည်တွေကတော့ မခန်းသေး။ ဘွဲ့နှင်းသဘင်ခန်းမရှေ့ အဖေနှင့်သူ အမှတ်တရ ဓာတ်ပုံ ရိုက်ကြတော့ သားအဖနှစ်ယောက် အပြုံးတွေပွင့်ရင်း မျက်ရည်တွေဝေ နေကြရပြန်၏။

ထို့ကြောင့် သူကျေနပ်ပါသည်။ အဖေ မနှစ်ကမှ ဆုံးပါးသွားခြင်း ဖြစ်သည်။ အခုလို ပင်ပန်းသည့် အခါတိုင်း အဖေ့ကို အတော်လေး သတိရမိ၏။ စိတ်ညစ်စရာတွေ ကြုံ လာရချိန်တိုင်း အဖေ့ပေါင်ပေါ်မှာ မှီ အိပ်ရင်း အဖေ့ရဲ့ဆုံးမစကားတွေကို နားထောင်ကာ စိတ်အစဉ်တို့ သာ ယာခဲ့ဖူးသည်လေ။

"အဖေရေ....."ဟုသာ သူ အကျယ်ကြီး အော်ခေါ်လိုက်ချင်ပါ ပြီ။ သူ အတော်လေး ပင်ပန်းနေပါ ပြီ အဖေ။ မလုပ်ချင်သော အလုပ် တစ်ခုကို အကြောင်းကြောင်းတွေ ကြောင့် ဇွတ်ကြိတ်မှိတ်ပြီး လုပ်နေ ရသည်မှာ သူ့ဘဝကြီး အတော် လေး ပင်ပန်းနေပါပြီ။ သူဝါသနာပါ သော စာရေးသည့်အလုပ်လေးလုပ် နေရလျှင်တောင် သူသည်လောက် ပင်ပန်းမည်မထင်။ ပင်ပန်းနေမည် ဆိုလျှင်တောင် စိတ်ကျေနပ်မှုတို့နှင့် ပင်ပန်းမှုတို့ မသိမသာ ပျောက် ကွယ်ချင် ပျောက်ကွယ်သွားနိုင် သည်။ အခုတော့ အဖေဖောက်ပေး ခဲ့သည့်လမ်းမှာလျှောက်ရင်း ပင်ပန်း မှုတွေ ခံစားရတိုင်း သူ လိုတာ ထက်ပိုပြီး ရင်မောရပါသည်။ အဖေ သာ ရှိနေဦးမည်ဆိုလျှင် သူ့ညည်း တွားသံတွေကိုကြားပြီး ဟားတိုက် ရယ်မောလိမ့်မလားမသိ။ အဖေဘော ထည်ရောင်းသည်ကို သူစပြီး သိ သွားသည့်အချိန်က အဖေ သူ့ကို စကားတစ်ခွန်း ပြောခဲ့ဖူးသည်။

ထိုစကားတစ်ခွန်းကို သူ ဘယ် တော့မှမမေ့။ ဘဝပင်လယ်ထဲမှာ ကူးခတ်ရ၍ မောပန်းလေတိုင်း ထို စကားကို ပြန်ကြားယောင်ပြီး ဆက် လက်ကူးခတ်နေခဲ့ရသည်။

"ငါ့သား.....ထမင်းဆိုတာကို ငါတို့စားချင်လို့ စားနေရတာလား၊ တစ်ခါတလေ မစားချင်ဘဲနဲ့ရော မစားရဘူးလား၊ အေး...အဲဒီလိုပဲ၊ မလုပ်ချင်ပေမယ့်လည်း လုပ်သင့် လုပ်ထိုက်ရင် ငါတို့လုပ်ရမှာပဲ၊ အဖေလည်း ဘောထည်ဘယ်ရောင်း ချင်ပါ့မလဲ သားရယ်၊ ဒါပေမဲ့....."

♠ ♠ ♠

တကယ်တော့ အခု သူခံစား နေရသော ပင်ပန်းမှုတွေဆိုတာ

အခု သားလေးသည် သုံးနှစ်ထဲ ဝင်နေပြီလေ။
နောက်နှစ်နှစ်ဆို ငါးနှစ်။ ကျောင်းတောင်တက်ရတော့မည်။ သူ့သားလေးကို
ဘယ်ကျောင်းမှာထားလျှင် ကောင်းမည်လဲ။
အို· · ဖြစ်နိုင်လျှင် ရန်ကုန်မြို့ကြီးမှာရှိသော အဆင့်မြင့်ကျောင်းတွေမှာ
သူ့သားလေးကို ထားချင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com





အဖေခံစားခဲ့ရသော ပင်ပန်းမှုတွေနှင့် နှိုင်းစာမည်ဆိုလျှင် ပမ္မားအဆင့်လောက်သာ ရှိပါလိမ့်မည်။

အဖေသည် နေပူကျဲတဲမှာ ဘေထည်ရောင်းပြီး သူလျှောက်ဖို့လမ်းကို ခက်ခဲစွာ ဖောက်ပေးခဲ့သည်ကို သူအသိဆုံး။ သို့၍လည်း သူ ကောင်းမွန်စွာ လျှောက်လှမ်းခဲ့ပြီ။ အခု အဖေဖောက်ပေးသောလမ်းမှာ သူ့ဘဝ အတန်အသင့်ပြည့်စုံနေပြီလေ။ ဒါကို သူ ညည်းတွားနေသင့်သလား။ သူလည်း ဖခင်တစ်ယောက် ဖြစ်နေပြီပဲ။ သားလေးအောင်ဘို၏မျက်နှာကို သူ ဆတ်ခနဲ လှမ်းကြည့်လိုက်မိသည်။

သားလေးသည် အရုပ်ကလေးတွေကို တစ်ရုပ်နှင့်တစ်ရုပ်တိုက်ကာ ဆော့ကစားနေသည်။ ကလေးတို့ ဝသီအတိုင်း ဆော့ကစားနေရသည်ကိုပင် ဘဝဟုထင်မှတ်ကြကာ တစ်ချက်တစ်ချက် ရယ်များပင်ရယ်လိုက်သေး၏။

ဇနီးသည်လိုမျိုး ဝမ်းနှင့်လွယ်၍ မမွေးရဘူးဆိုပေမယ့် သူ သားလေးကို မိခင်ထက်မလျော့သော အချစ်တွေနှင့် ချစ်မြတ်နိုးရပါသည်။ သားလေးသည် သူ့အသက်သာဖြစ်၏။

သည်လိုဆို သူ့အဖေလိုမျိုး သားတစ်ယောက်အတွက်နှင့်အခက်အခဲ ပင်ပန်းမှုတွေကို ရင်ဆိုင်ယှဉ်ပြိုင်ကာ လိုအပ်သမျှ ဖြည့်ဆည်းပေးခဲ့သလို သူကော သူ့သားလေးအတွက် ဘာတွေများ ဘယ်လောက်ပေးဆပ်ပြီးပြီလဲ။ အဖေဖောက်ပေးခဲ့သောလမ်းကို ကောင်းမွန်စွာ လျှောက်လှမ်းသွားရုံနှင့် တာဝန်ကျေပြီလို့ သူထင်နေသလား။

ထိုအတွေးမေးခွန်းသည် သူ့ပင်ပန်းနေမှုတွေကို အနည်းငယ် ပြေလျော့သွားစေသလိုပင်။ သူ့နှုတ်ခမ်းထက်မှ စကားတစ်ခွန်းသည် သူ မသိလိုက်ခင်မှာပဲ အပြင်သို့ ခုန်ပေါက်ထွက်ကျသွားသည်။

"မိန်းမရေ.....ထွန်းရွှေဝါဘူးလေး ယူခဲ့ပါဦး၊ ကိုယ် ခေါင်းလေးနည်းနည်းနောက်နေလို့"

"ဟုတ်.....အစ်ကို"

ဇနီးသည်၏ တုံ့ပြန်စကားသံအဆုံးမှာတော့ သားလေးထံမှတခစ်ခစ်ရယ်သံများ အဆက်မပြတ် ထွက်ပေါ်လာလေရာ သူ သားလေးကို မြတ်နိုးစွာ ကြည့်လိုက်သည်။

အခု သားလေးသည် သုံးနှစ်ထဲ ဝင်နေပြီလေ။ နောက်နှစ်နှစ်ဆိုငါးနှစ်။ ကျောင်းတောင်တက်ရတော့မည်။ သူ သားလေးကို ဘယ်ကျောင်းမှာထားလျှင် ကောင်းမည်လဲ။ အို.....ဖြစ်နိုင်လျှင် ရန်ကုန်မြို့ကြီးမှာရှိသော အဆင့်မြင့်ကျောင်းတွေမှာ သူ သားလေးကို ထားချင်ပါသည်။

"ရော့.....ကို"

ဇနီးသည်,သည် ရှူဆေးဘူးကို သူ့လက်ထဲထည့်ပေးခဲ့ပြီး လုပ်စရာရှိတာ သွားလုပ်နေသည်။ သူ ရှူဆေးဘူးကို ဖွင့်လိုက်ပြီး တစ်ဝကြီး ရှူရှိုက်ပစ်လိုက်သည်။ ရှူဆေးရနံ့သည် နှာခေါင်းအတွင်းသို့ စူးရှစွာ ဝင်ရောက်လာပြီး မူးဝေနောက်ကျိမှုတို့ကို တိုက်စားသွားလေသည်။ ထို့နောက် ခေါင်းတစ်ခုလုံး ကြည်လင်ပေါ့ပါးသွားရသည့်အဆုံးမှာတော့ အဆင်သင့်ဖြစ်နေသော စိတ်တို့နှင့်အတူ မီးအနီရောင်လေးလင်းနေသော ကွန်ပျူတာမောက်စ်လေးကို သူလှမ်းကိုင်လိုက်လေသည်။

မောင်သစ္စာ (ယင်းတော်)

www.burmeseclassic.com

www.burmeseclassic.com





# ထက်ထက်
## ဟာသများ



### စည်းလုံးကြပါလား



လင်မယားနှစ်ယောက်သည် ညှော်သည်တစ်ဦးအား ...မင်းလိုက်ကျွေးပြီးနောက် အပြန်လမ်းတွင်.....

**...င်ပွန်း။** ။ မိန်းမရေ ဘက်ထရီအပိုတစ်လုံးလောက် ဝင်ဝယ်ပါဦးကွာ၊ ကိုယ့်ဖုန်း ဘက်ထရီက သိပ်မကောင်းတော့ဘူး။

ဇနီးဖြစ်သူလည်း ဖုန်းအပိုပစ္စည်း အရောင်းဆိုင် ...စ်ဆိုင်သို့ ဝင်ဝယ်ပေးလိုက်သည်။ ဝင်ဝယ်ပြီးသည့် ...နောက်.....

**...နီး။** ။ ရော့.....ရှင်လိုချင်တဲ့ ဘက်ထရီ၊ ၄၅၀၀တဲ့၊ ဒါက ပိုတဲ့ငွေ။

ဇနီးဖြစ်သူက ပိုငွေကို ပြန်ပေးလိုက်သည်နှင့်.....

**...င်ပွန်း။** ။ အောင်မယ်လေးဗျာ.....ပိုငွေပြန်ရတာ ဒီ တစ်ခါပဲရှိတယ်။

သည်တော့ ဇနီးဖြစ်သူက.....

**...နီး။** ။ ဟင်း...ဒါတောင် ကောက်ရိုးတွေမို့နော်၊ အိတ်ထဲရှုပ်မှာစိုးလို့ ပြန်ပေးတာ။

ညှော်သည်အမျိုးသမီးကလည်း ဝင်ကူပြောပေးလိုက် ...း။

**ညှော် သည်။** ။ ပြောလိုက်ဦးလေ၊ အိတ်မလေးတဲ့ ငါးထောင်တန်၊ တစ်သောင်းတန်တွေပဲထည့် ချင်တာပါလို့။

**ခင်ပွန်း။** ။ ဩော်.....မိန်းမတွေများ တယ်စည်းလုံးကြသကို။

www.burmeseclassic.com

www.burmeseclassic.com



## စိုးရိမ်လို့ပါ

သမီးဖြစ်သူသည် အပြင်သွားရန် ပြင်ဆင်နေစဉ်တွင် မိခင်ဖြစ်သူက ဝင်လာ၏။

**မိခင်။** ။ သမီးရေ...အပြင်သွားတာ အင်္ကျီအပါးတွေ မဝတ်နဲ့နော်၊ ယောကျ်ားတွေမျက်စိကျသွားဦးမယ်။

သမီးဖြစ်သူလည်း ဝတ်ထားသောအင်္ကျီကို ပြန်လဲဝတ်လိုက်သည်။

**မိခင်။** ။ အလွယ်တကူချွတ်လို့ရတဲ့ အင်္ကျီမျိုးလည်း မဝတ်နဲ့ဦးလေ၊ ပြန်လဲလိုက်ပါ သမီးရယ်။

သမီးဖြစ်သူမှာ နှုတ်ခမ်းစူလာတော့၏။ အဝတ်အစားဝတ်ပြီးနောက် ဆံပင်အား ဖြန့်ချလိုက်ပြန်သည်။

**မိခင်။** ။ ဆံပင်ကို သပ်သပ်ရပ်ရပ် စည်းလိုက်ပါလားကွယ်၊ Sexy ပုံကြီး ပေါက်နေပြီကွဲ့။

နောက်ဆုံးတော့ သမီးဖြစ်သူလည်း စိတ်ညစ်သွားတော့သည်။

**သမီး။** ။ ဟင်း.....မေမေပြောတဲ့အတိုင်းပြင်ရရင် ဒီတစ်သက် သမီး ချစ်သူရတော့မှာမဟုတ်ဘူး၊ စိတ်ညစ်လာပြီ။



www.burmeseclassic.com

www.burmeseclassic.com



# ဒါပဲကောင်းတယ်



**အမျိုးသား။** ။ မိန်းမရေ၊ ဒီညတော့ စောစောအိပ်လိုက်မယ်ကွာ။

**အမျိုးသမီး။** ။ မနက်ကျ ကျွန်မပဲ ဆွမ်းထချက်ပါ့မယ်ရှင်။

အမျိုးသားလည်း ညဘက်တွင် စောစောအိပ်ရာဝင်သွား၏။ အမျိုးသမီးလည်း လုပ်ကိုင်စရာပြီးသည်နှင့် အိပ်ရာဝင်လိုက်သည်။ သို့သော် အမျိုးသမီးက တခေါခေါနှင့် အိပ်မောကျသွားသည့်တိုင် အမျိုးသားမှာ အိပ်မပျော်သေးပေ။

နံနက် ၄ နာရီထိုးသည်နှင့် မိန်းမ၏ လက်ကိုင်ဖုန်းမှ Alarm မြည်သံကြားရတော့သည်။

**အမျိုးသား။** ။ တောက်...အိပ်ပျော်ခါစရှိသေး၊ ဒုက္ခပေးပြီ။

ဖုန်းကိုထပိတ်ပြီးနောက် ပြန်အိပ်လိုက်ရသည်။ မျက်စိကျယ်သွားသဖြင့် တော်တော်နှင့် အိပ်မပျော်ပေ။ ထို့နောက် အိပ်ပျော်ချိန်ရောက်မှ နံနက် ၅ နာရီ Alarm ပေးထားသော သူ့ဖုန်းက ထမြည်တော့၏။

**အမျိုးသား။** ။ အိပ်မယ်ကြံတုန်းကွာ၊ ဒီဖုန်းတွေက တစ်မျောင့်။

အဆုံးတွင်တော့ အမျိုးသားလည်း စိတ်ညစ်ညစ်နှင့် ငုတ်တုတ်ထိုင်နေလိုက်တော့သည်။

www.burmeseclassic.com

www.burmeseclassic.com



## သိပ်သိတာပေါ့



လူပျိုကြီးတစ်ဦးသည် ချစ်သူနှင့် ညပိုင်း လမ်းလျှောက်ထွက်ချင်သဖြင့် နှမဖြစ်သူအား လိမ်ညာပြောနေ၏။ ချစ်သူက နှမ၏သူငယ်ချင်းဖြစ်နေသည်။

နှမ။ ။ ကိုကြီးတို့

လူပျိုကြီး။ ။ မလိုက်ပါ

နှမ။ ။ သူငယ်ချင်းကတောင်

လူပျိုကြီး။ ။ ညည်း နားမလည်သေးပါဘူးကွာ။

နှမ။ ။ ကိုကြီးတို့က ဘုရားသွားမယ်၊ မုန့်

လူပျိုကြီးက ရယ်ကျဲကျဲဖြင့်.....

လူပျိုကြီး။ ။ ညည်း မသိသေးပါဘူးကွာ။

သည်တော့ နှမဖြစ်သူက ခါးကိုထောက်၍.....

နှမ။ ။ သိတယ်၊ သိပ်သိတယ်၊ မပြောချင်လို့ မပြောတာ၊ ပန်းခြံထဲသွားထိုင်ပြီး.....ဟင်း.....။



www.burmeseclassic.com

www.burmeseclassic.com



# ရှင်လွှန်းမယ်
# အိမ်အိုကြီးထဲကရယ်သံ

ပန်းချီမင်းထက်နိုင်



www.burmeseclassic.com

www.burmeseclassic.com



■

မုံရွာမြို့ကို တစ်ခါမှမရောက်ဖူးသော သက်ထက်ခိုင်အတွက် ယခုမုံရွာဘုရားဖူးခရီးစဉ်သည် ပထမဆုံးပင်ဖြစ်သည်။ ဘုရားဖူးခရီးစဉ်ဆိုပေမယ့် ဘုရားဖူးယာဉ်ကားနှင့်မဟုတ်ချေ။ ကားပေါ်တွင် လူ (၁၅)ဦးခန့်ပါသည်။

မုံရွာမြို့၌ အသိမိတ်ဆွေ ရှိသဖြင့်လည်း တည်းဖို့ကတော့ ပူစရာမလိုချေ။ ထိုမိတ်ဆွေ၏သားရှင်ပြုအလှူပွဲကိုလာရင်း ဘုရားဖူးခြင်းဖြစ်သည်။

မိုးညှင်းသမ္ဗုဒ္ဓေဘုရားသို့ ရောက်သောအခါ နံနက် ၁၀ နာရီခန့်ရှိလေပြီ။ အညာနေမို့ နေမြင့်လေလေ၊ ပူပြင်းအားကြီးလေလေဖြစ်သည်။ အသိမိတ်ဆွေများက ဘုရားဖူးသူဖူး၍ ဘုရားဖူးပြီးသူများက ဘုရားအနီး အရိပ်ရအပင်အောက်က ခုံတန်းပေါ်တွင် ထိုင်၍ အနားယူနေကြသည်။

သက်ထက်ခိုင်တစ်ဦးတည်း ကင်မရာတစ်လုံးနှင့် အလုပ်ရှုပ်နေသည်။ ကြည်ညို၍မဝသော ဘုရားကြီးကို လက်ယာရစ်ရှိခိုးရင်း ရှုခင်းကောင်းသည့် နေရာတွေ့လျှင် ဓာတ်ပုံရိုက်သည်။

မိတ်ဆွေများ အနားယူသည့် အပင်အောက်သို့ ရောက်သောအခါ သူမသည် ဦးထုပ်ဖြင့် ယပ်ခတ်ရင်း ကင်မရာထဲမှ ရိုက်ပြီးသားပုံများကို ကြည့်နေစဉ်.....

"ဘယ်ကလာကြတာလဲ"

အသံတစ်သံကြောင့် သူမ မော့ကြည့်လိုက်သောအခါ အသက် ၇၀ ခန့် အဘိုးအိုတစ်ယောက်ကို မြင်ရ၏။ အဘိုးအိုသည် အညာတဘက်စောင်ကို ခေါင်းပေါင်းထားပြီး လက်ထဲ၌ တောင်ဝှေးတစ်ချောင်းကိုကိုင်ထားသည်။ အရောင်လွင့်နေပြီဖြစ်သော အကွက်ကျဲကျဲပုဆိုးကို ခပ်တိုတို ဝတ်ဆင်ထား၏။

"လားရှိုးကလာတာပါ အဘ"

"ဟုတ်လား"

အဘိုးအိုသည် သူမနှင့်အတန်ငယ်လှမ်းသည့်နေရာတွင်ထိုင်ရင်း ဘုရားအား လက်အုပ်ချီ၍ ရှိခိုးလေသည်။ သူမသည် အဘိုးအိုထံ တစ်ချက်ကြည့်ပြီး ပုံများကို ဆက်လက်ကြည့်ရှုနေစဉ်.....

"မလေးကြည့်ရတာ ဓာတ်ပုံဆရာလား"

အဘိုးအို၏ အမေးစကားကြောင့် သူမ ရယ်လိုက်ရင်း ခေါင်း... ယမ်းသည်။ ပြီးတော့ သပ္ပာယ်လှ... သော ဘုရားကို မော့ကြည့်ပြီး

"မဟုတ်ပါဘူး အဘ၊ စာလေ... ဘာလေး နည်းနည်းပါးပါးရေးတာ... ပါ"

"ဪ.....စာရေးဆရာ... လား၊ စာရေးဆရာမဆိုတော့ ဇာတ်... လမ်းတွေ၊ အဖြစ်အပျက်လေးတွေ... သိချင်မှာပဲနော်၊ မလေး စိတ်ဝင်... စားမယ်ဆိုရင် အိမ်အိုကြီးထဲက... ရယ်သံအကြောင်း အဘပြောပြချင်... တယ်"

"အိမ်အိုကြီးထဲက ရယ်သံ... ဟုတ်လား အဘ၊ ကျွန်မ စိတ်ဝင်... စားပါတယ်၊ အဘပြောပြပါလား"

အဘိုးအိုက ခေါင်းညိတ်လိုက်... သည်။ သက်ထက်ခိုင်ကတော့ ထူး... ဆန်းသော အမည်နာမတစ်ခုကို... ကြားလိုက်ရသဖြင့် သိချင်စိတ်များ... သွားသည်။

**သမီးယူမယ့်သူဟာ**
**မချမ်းသာချင်နေပါ၊**
**ပညာအရည်အချင်း**
**နည်းပါးလည်းရတယ်၊ ရိုးသားတယ်၊**
**ကြိုးစားတယ်ဆိုရင် တော်ပြီ၊**
**ဒါပေမဲ့ လူမှာအမျိုး**
**ကြက်မှာအရိုးဆိုတဲ့စကားအတိုင်း**
**မျိုးရိုးကောင်းတဲ့သူဖြစ်ပါစေလို့**
**လေလေ သတိပေးရစေ**

www.burmeseclassic.com

www.burmeseclassic.com





လွန်ခဲ့သော နှစ်ပေါင်း (၅၀) ခန့်က အဖြစ်အပျက်တစ်ခုဖြစ်သည်။

နယ်ပိုင်ဝန်ထောက် ဦးသူရိန်သည် ပုံရွာမြို့နှင့် အနီးပတ်ဝန်းကျင်တွင် မသိသူမရှိသလောက် နာမည်ကြီးလေသည်။ ဦးသူရိန်၏ဇနီးမှာ ဒေါ်တင်တင်ကြီးဖြစ်သည်။ နာမည်ကြီးရခြင်းမှာ လင်မယားနှစ်ယောက်လုံးသည် ချမ်းသာသော်လည်း မာန်မာနမရှိ၊ ဘက်လိုက်မှုမရှိဘဲ တရားမျှတသောကြောင့်ဖြစ်သည်။ ရွာသူရွာသား၊ မြို့သူမြို့သားများအပေါ် ညှဉ်းပန်းနှိပ်စက်ခြင်း၊ ကြိုးနိုင်ငယ်ညှဉ်း လုပ်ခြင်းအပေါ်တွင်လည်း လုံးဝခွင့်မလွှတ်ချေ။

သူတို့တွင် ချစ်စရာကောင်းသော သမီးတစ်ယောက်ရှိ၏။ သူမအမည်မှာ 'ခင်ခင်သူ'ဖြစ်သည်။ သူမအား မိဘများက ချစ်စနိုးဖြင့် 'မခင်သူ'ဟုခေါ်သည်။ မခင်သူသည် အသက် နှစ်ဆယ်ခန့်၊ ဖြူဖြူချောချောဖြစ်သည်။

အင်္ဂလိပ်ကျောင်းတွင် တက်ခဲ့သော်လည်း မြန်မာမှု၊ မြန်မာဟန်ကိုသာ မြတ်နိုးသူဖြစ်သည်။ ကျောင်းပြီးသောအခါတွင်လည်း အိမ်ထဲတွင် ထမင်းဟင်းချက်ပြုတ်ခြင်း၊ အိမ်သန့်ရှင်းရေးလုပ်ခြင်းဖြင့် အချိန်ကုန်သည်။ မျက်နှာကြီးသော အထက်တန်းအသိုင်းအဝိုင်းတွင်တော့ မခင်သူသည် လိမ္မာရေးခြားရှိသူအဖြစ် နာမည်ရလေသည်။ မြို့အုပ်များ၊ ရာဇဝတ်အုပ်များက မခင်သူအား စုံမက်သဖြင့် လာရောက်တောင်းရမ်းကြသော်လည်း.....

"သမီးလေးက ငယ်ပါသေးတယ်၊ သမီးလေးရဲ့ အိမ်ထောင်ဖက်ဟာ သူသဘောကျသူဖြစ်ရင် ကျွန်တော်တို့လည်း သဘောကျပါတယ်"

ထိုသို့ ယဉ်ကျေးစွာ ငြင်းပယ်ခဲ့သဖြင့် ရာဇဝတ်အုပ်များ၊ မြို့အုပ်များက မခင်သူ၏အချစ်ပန်းကို ရရှိရန် အပြိုင်အဆိုင် ပိုးပန်းကြ၏။ မခင်သူသည် ပညာတတ်မိန်းမပျိုတစ်ဦးမို့ အားလုံးအပေါ် အခင်အမင်မပျက် ဆက်ဆံသည်။

ယခုလည်း မြို့အုပ်လေး ကိုဘုန်းသော်ကို ညှော်ခံနေရလေသည်။ ကိုဘုန်းသော်မှာ အသက် (၃၀)ခန့်၊ အသားညိုညိုနှင့် ယောက်ျားပီသသူဖြစ်သည်။ သူ့ပတ်ဝန်းကျင်၌ ပျိုတိုင်းကြိုက်သည့်နှင်းဆီခိုင် ဖြစ်နေသော်လည်း သူသည် မခင်သူမှ မခင်သူ ဖြစ်နေလေသည်။

"မခင်သူ ကိုယ့်အချစ်ကိုမယုံကြည်လို့ ငြင်းနေတာလား"

"မဟုတ်ပါဘူး မြို့အုပ်မင်းရယ်၊ မခင်သူ မြို့အုပ်မင်းကို လေးစားပါတယ်၊ ခင်လည်းခင်ပါတယ်၊ ဒါပေမဲ့ အိမ်ထောင်ဖက်တစ်ယောက်အနေနဲ့ မခင်သူ စိတ်ကူးလို့မရလို့ပါ"

"မခင်သူ စိတ်ကူးလာတဲ့အထိ ကိုဘုန်းသော် စောင့်နေမယ်"

မြို့အုပ်မင်း ကိုဘုန်းသော်ပြန်သွားသောအခါ မခင်သူက သက်ပြင်းချလိုက်သည်။ ညဘက် ထမင်းဝိုင်းတွင် ဦးသူရိန်က.....



"မောင်ဘုန်းသော်ကို သမီးငြင်းလိုက်တယ်ဆို"

"ဟုတ်ပါတယ် ဖေဖေ"

"အင်းလေ၊ ဒါဟာ သမီးရဲ့ဆုံးဖြတ်ချက်ပဲ၊ သမီးနှစ်သက်တဲ့လူကို သမီးရွေးနိုင်ပါတယ်၊ ဖေဖေ တစ်ခုတော့ အပြင်းအထန် သတိပေးစရာတစ်ခုရှိတယ် သမီး၊ သမီးယူမယ့်သူဟာ မချမ်းသာချင်နေပါ၊ ပညာအရည်အချင်း နည်းပါးလည်းရတယ်၊ ရိုးသားတယ်၊ ကြိုးစားတယ်ဆိုရင် တော်ပြီ၊ ဒါပေမဲ့ လူမှာအမျိုး၊ ကြက်မှာအရိုးဆိုတဲ့စကားအတိုင်း မျိုးရိုးကောင်းတဲ့သူဖြစ်ပါစေလို့ ဖေဖေ သတိပေးပါရစေ"

www.burmeseclassic.com



ဦးသူရိန်၏ စကားအဆုံးတွင် မခင်သူက ဖျတ်ခနဲ မျက်လွှာချလိုက်သည်။

♠ ♠ ♠

"မျက်နှာလည်းမကောင်းပါလား မခင်သူ"

အမေးစကားကြောင့် မခင်သူ၏အကြည့်သည် ချစ်သူ ကိုသိုက်ထွဋ်ထံ ရောက်သွားသည်။

"အစ်ကို မခင်သူတို့တော့ ဝေးရတော့မယ်ထင်တယ်"

"ဘာဖြစ်လို့လဲ၊ အစ်ကိုတို့အကြောင်း မခင်သူမိဘတွေ သိကုန်ကြပြီလား"

"သိတော့မသိသေးပါဘူး၊ ဒါပေမဲ့ မနေ့ညက ဖေဖေကပြောတယ်၊ မချမ်းသာချင်ရင်နေပါ၊ ရိုးသားရမယ်၊ ကြိုးစားရမယ်၊ မျိုးရိုးကောင်းရမယ်တဲ့"

"အစ်ကိုနားလည်ပါတယ် မခင်သူ၊ အစ်ကိုဘဝထဲ ဝင်လာပါလို့ လက်ကမ်းမကြိုရက်ဘူး၊ အစ်ကို့ကိုချစ်တဲ့ မခင်သူရဲ့အချစ်ကို ယုံကြည်တယ်၊ လေးလည်းလေးစားတယ်၊ မခင်သူရဲ့မိဘတွေက တစ်ယောက်ယောက်နဲ့ စီစဉ်ခဲ့ရင် နာခံလိုက်ပါ မခင်သူ၊ အစ်ကိုနဲ့ မခင်သူရဲ့အကြောင်း ဘယ်သူ့မှမသိဘဲ ပြီးသွားတာက အကောင်းဆုံးပါကွယ်"

"အစ်ကိုရယ်....."

မခင်သူသည် ရွေးချယ်စရာမရှိသောလမ်းပေါ်၌ ဝမ်းနည်းစွာ ငိုရှိုက်လိုက်လေသည်။ နောက်ဆုံးတွင် မချစ်သော်လည်း အစစအရာရာ သူ့အပေါ်ကောင်းသော ကိုဘုန်းသော်ကို လက်ထပ်လိုက်သည်။ ထိုလက်ထပ်ပွဲသည် မုံရွာမြို့တွင် အကြီးကျယ်ဆုံး၊ အကောင်းမွန်ဆုံး မင်္ဂလာပွဲတစ်ခုအဖြစ် အများ၏ချီးမွမ်းခြင်းကို ခံရလေသည်။

အားလုံး၏ မျက်လုံးများ၌ အပြုံးပန်းများ ဝေနေလေသည်။ ထိုမင်္ဂလာပွဲကို တက်ရောက်ခွင့်မရသော ကိုသိုက်ထွဋ်သည် အဝေးတစ်နေရာမှ ချောင်းကြည့်ရင်း မျက်ရည်ဝေ့လာသည်။ သို့သော်လည်း သူ၏နှုတ်ခမ်းထက်၌ ပြုံးနေသည်။


သူနှင့်သာ မခင်သူ လက်ထပ်ခဲ့လျှင် လူအများသည် ယခုလိုပြုံးရယ်နေကြမည့်အစား တံတွေးနှင့်ဝိုင်းထွေးကြမည်၊ ခဲနှင့်ပေါက်၍ မြို့ထဲမှ နှင်ထုတ်လိမ့်မည်။ မခင်သူ၏မိဘများသည်လည်း စိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲ ဖြစ်ရလိမ့်မည်။

"အစ်ကို ခွင့်ပြုပါတယ် မခင်သူရယ်"

မခင်သူနှင့် သူ၏ဘဝသည် မိုးနှင့်မြေပမာ ကွာခြားလှသည်။ မခင်သူက ချမ်းသာသည်၊ သူကဆင်းရဲသည်။ မခင်သူက မျိုးရိုးကောင်းသည်။ သူက မျိုးရိုးမကောင်းချေ။ သူတို့တစ်မိသားစုလုံးသည် အရပ်ထဲက ပယ်ထားခြင်းခံရသူများဖြစ်သည်။ သူ့ဖခင်အား စုန်းပြုစားတတ်သည့် မကောင်းဆိုးဝါးဟု သတ်မှတ်ထားသောကြောင့် သူတို့သည် မြို့စွန်၊ မြို့ဖျား၌ တစ်အိမ်တည်း တဲထိုး၍နေကြရသည်။ သူတို့ကို မည်သူမှ အရေးအဖက်လုပ်၍ စကားမပြောကြချေ။

သူတို့နှင့် စကားပြော... ကြောက်ကြသည်။ သူတို့နှင့်စကားပြောသည့်လူသည် ထိုနေ့တွင်ပဲ တစ်ခုမဟုတ် တစ်ခုဖြစ်တတ်သည်။ လူအားလုံးသည် သူတို့အား ရွံမုန်းကြသည်။

"အဘ.....လူတွေပြောသလို ကျွန်တော်တို့က တကယ်ပြုစားတတ်တဲ့သူတွေလား"



www.burmeseclassic.com

www.burmeseclassic.com



သူက ဖခင်အား ဤကဲ့သို့ မေးခဲ့သော်လည်း ဖခင်ထံမှ ရေရာသောအဖြေ မရခဲ့ပေ။

သူ သူဌေးသမီးနှင့် ရည်ငံနေသည်ဟူ၍ သိသောအခါတွင်လည်း ပြုံးရုံသာပြုံး၍ မဖြစ်နိုင်ဘူး၊ ဖြစ်နိုင်တယ် ဘာမှတ်ချက်မှ မပေးခဲ့ပေ။

ယခုကဲ့သို့ သူ့ဘက်က စွန့်လွှတ်လိုက်ရခြင်းသည် အကောင်းဆုံးပင်ဖြစ်သည်။ အနစ်နာခံစရာရှိလျှင် သူသာအနစ်နာခံချင်သည်။ သူ့ဘဝကတော့ သန်းခေါင်ထက်ညဥ့်မနက်တော့ပါ။

သို့သော်လည်း.....

"မင်း သိပ်အပါလား၊ အခုမင်းမိန်းကလေး တခြားသူနဲ့ လက်ထပ်သွားပြီ၊ မင်းကို သစ္စာဖောက်ပြီး ထားခဲ့ပြီ"

ကိုသိုက်ထွန်းက ဒေါသတကြီးနှင့် သူ့ကိုဆူငေါက်နေသော ဖခင်ကို မော့ကြည့်ပြီး.....

"ကျွန်တော် ခွင့်ပြုတယ် အဘ၊ ကျွန်တော့်ဘဝထဲ သူ့ကို မခေါ်ရက်ဘူး၊ ကျွန်တော် အတ္တကြီးတဲ့သူ မဖြစ်ချင်ဘူး အဘ၊ သူများရဲ့ပန်းကောင်းကို အညွန့်ချိုးတဲ့သူလည်း မဖြစ်ချင်ဘူး"

"ဘာလဲ၊ အဲဒီမိန်းကလေးက မင်းကို ထားသွားခဲ့တာ အဲဒီအကြောင်းကြောင့်လား၊ သိမယ်၊ ငါ့အကြောင်း သင်းတို့တွေ ကောင်းကောင်းသိစေရမယ်"

"အဘ သူတို့ကို ဘာလုပ်မလို့လဲ၊ သူတို့ကို အဘ ဘာမှမလုပ်ရဘူးနော်"

သူ ထိတ်လန့်တကြား မေးလိုက်သောအခါ.....

"မင်း အသာနေစမ်းပါ လူလေး"

ဦးဖိုးအေးသည် ထိုနေ့မှစ၍ အရှည် နှစ်လက်မခန့်ရှိသော ဘီလူးရုပ်တစ်ရုပ်ကို မန်ကျည်းသားနှင့်ထုလေသည်။ ထိုအရုပ် ထုပြီးသောအခါ အရုပ်ကိုကြည့်၍ နှုတ်မှ တတွတ်တွတ် မန်းမှုတ်လေသည်။ ထိုအရုပ်အား အမည်းရောင် သစ်စေးများသုတ်ထားပြီး မြင်ရုံနှင့်တင် အော့နှလုံးနာစရာ၊ ကြောက်စရာကောင်းလောက်အောင် လက်ရာမြောက်ပါသည်။

ဦးဖိုးအေးသည် နေ့အခါ၌ မြို့ထဲသို့ဝင်၍မရသဖြင့် ညအခါ လူခြေတိတ်ချိန်တွင် နယ်ပိုင်ဝန်ထောက် ဦးသူရိန်၏အိမ်ရှေ့သို့ ရောက်လာခဲ့သည်။ လူရှင်းပြီး တိတ်ဆိတ်နေသဖြင့် ခြံဝင်းထဲသို့ ဝင်၍ရသည့် အပေါက်တစ်ခုကိုရှာလေသည်။ ထိုအပေါက်မှဝင်၍ မန်ကျည်းပင် တစ်ပင်အောက်၌ လက်တစ်ဆိုက်စာခန့် မြေကြီးတူး၍ သူထုခဲ့သော ဘီလူးရုပ်ကိုမြှုပ်သည်။

နှုတ်မှလည်း တတွတ်တွတ် ခိုင်းစေ အမိန့်ပေးလေသည်။ သုံးကြိမ်သုံးခါ ပြောပြီးသောအခါ ဝင်လာသောအပေါက်မှ ထွက်၍ အမှောင်ရိပ်ထဲသို့ တိုးဝင်သွားလေသည်။ သိပ်မကြာခင် ဦးဖိုးအေး၏ အရိပ်အယောင်ကိုပင် မတွေ့ရတော့ပေ။

♠ ♠ ♠

ထိုအချိန်မှစ၍ နယ်ပိုင်ဝန်ထောက် ဦးသူရိန်၏အိမ်သည် ကံဆိုးမိုးမှောင်ကျလေတော့သည်။ ကံဆိုးခြင်းများ ဆက်တိုက်ဖြစ်လေတော့သည်။ အနီးအပါးရွာသို့ အမှုစစ်ရန်သွားသော ကိုဘုန်းသော်မှာ လမ်းခရီး၌ ဘာရောဂါမှမရှိဘဲ မူးတယ်၊ မူးတယ်ဟုအော်ရင်း လဲကျသွားသည်။ တစ်ခါတည်း ထိုနေရာတွင် အသက်ပျောက်သွားခဲ့သည်။

နောက် ကံဆိုးသူက ဒေါ်တင်တင်ကြီးဖြစ်လေသည်။ အိမ်အပေါ်ထပ်၊ ဘုရားခန်းမှထွက်ပြီး အောက်ထပ်သို့ဆင်းလာစဉ် အနောက်ဘက်မှ တစ်စုံတစ်ယောက်က တွန်းလိုက်

**သူတို့မိသားစုအတွင်း၌ ဖြစ်ပျက်နေသေးသည့် ကိစ္စရပ်များအပေါ်တွင် ဘဝင်မကျ ဖြစ်မိလေသည်။ ဤအရာများသည် သွေးရိုးသားရိုးလော ဟုတ်ရဲ့လား။ အမှောင့်ပယောဂတစ်ခုခု ဝင်ရောက်နှောင့်ယှက်နေသလား။**

www.burmeseclassic.com

www.burmeseclassic.com



သလိုခံစားရပြီး အပေါ်ဆုံးလှေကားထစ်မှ အောက်ဆုံးသို့ တလိမ့်ခေါက်ကွေး ပြုတ်ကျသွားလေသည်။

"အား....."

ဟူသော ဒေါ်တင်တင်ကြီး၏ အလန့်တကြားအော်လိုက်သည့် အသံနက်ကြီးမှာ ကြောက်မက်ဖွယ်ပင်ကောင်းနေသည်။

ဒေါ်တင်တင်ကြီးမှာ ကိုယ်တစ်ပိုင်းသေကာ အိပ်ရာထဲလဲသည့် လူမမာတစ်ယောက်ဖြစ်သွားလေသည်။

"ဒီအိမ်မှာ ဂြိုဟ်ဆိုးဝင်နေပြီ သမီး"

ဦးသူရိန်၏စကားကြောင့် မခင်သူ ထိတ်လန့်သွားသည်။ ကိုဘုန်းသော် သူမနှင့်လက်ထပ်ပြီး သိပ်မကြာခင် ရောဂါမရှိဘဲ လဲကျသေဆုံးသွားခဲ့သည်။ နောက် မေမေသည် မည်သူမှမတွန်းဘဲ တွန်းတယ်ဟုပြော၏။ နောက် ထူးခြားချက်များ ရှိပါသေးသည်။ ဖခင်သိလျှင် စိတ်ဆင်းရဲရမည်စိုး၍ သူမမပြောတော့ပေ။ ယခုပင် ဖခင်သည် စိတ်ထောင်းကိုယ်ကြေ ဖြစ်နေလေသည်။



လွန်ခဲ့သောတစ်ပတ်က ထူးခြားမှုတစ်ခုကို မခင်သူ မြင်ခဲ့ရလေသည်။ မိခင်ကို ဆေးတိုက်ပြီး အခန်းထဲမှ ထွက်လာစဉ် သူမ၏ အခန်းထဲသို့ ရိပ်ခနဲဝင်သွားသော လူတစ်ယောက်ကို တွေ့မြင်လိုက်ရသဖြင့် သူမ အံ့သြထိတ်လန့်သွားကာ ဖခင်ဖြစ်သူကိုလှမ်းအော်ကာ သူမအခန်းထဲသို့ ဝင်ကြည့်သောအခါ မည်သူ့ကိုမှ မတွေ့ရချေ။ ဖေဖေတက်လာသောအခါ ဘာမှ မဟုတ်ပါဘူးဟု ပြောခဲ့သော်လည်း တစ်စုံတစ်ယောက် ဝင်သွားသည်ဟု သူမစိတ်ထဲ၌ ခံစားသိရှိနေရသည်။

ညရောက်သောအခါ မခင်သူ အိပ်၍မပျော်ချေ။ သူတို့မိသားစုအတွင်း၌ ဖြစ်ပျက်နေသေးသည့် ကိစ္စရပ်များအပေါ်တွင် ဘဝင်မကျဖြစ်မိလေသည်။ ဤအရာများသည် သွေးရိုးသားရိုးကော ဟုတ်ရဲ့လား။ အမှောင့်ပယောဂတစ်ခုခု ဝင်ရောက်နှောင့်ယှက်နေသလား။ ဘာကြောင့်ဆိုသည့် အဖြေတစ်ခုသိရဖို့ မခင်သူ ကြိုးစားရပေမည်။

"ရှပ်.....ရှပ်"

ခြေသံတရှပ်ရှပ် ကြားလိုက်ရ သဖြင့် ခေါင်းထောင်သွားသည်။ မခင်သူသည် ခုတင်ပေါ်၌ အိပ်ပျော်နေသော မိခင်ကို တစ်ချက်ကြည့်၍ လှဲနေရာမှထကာ တံခါးကို ဆွဲဖွင့်လိုက်သည်။ အခန်းအပြင်ဘက်၌ ဘာမှမရှိသဖြင့် အလိုမကျဖြစ်သွားသည်။

"ဒေါက်.....ဒေါက်"

အခန်းထဲသို့ ပြန်ဝင်လိုက်သောအခါ တံခါးခေါက်သံကို အဆက်မပြတ် ကြားလိုက်ရသဖြင့် မခင်သူ ခေါင်းနားပန်းကြီးသွားရလေသည်။ လေများက တဝူးဝူးနှင့် တိုက်ခတ်နေသည်။

"ခွမ်း....."

ရုတ်တရက် ပိတ်ထားသော တံခါးသည် ဆောင့်ပွင့်သွားကာ နံရံနှင့် အရှိန်အဟုန်ပြင်းစွာ တိုက်ခိုက်မိပြီး မှန်များကွဲသွားလေသည်။ အိပ်ပျော်နေသော ဒေါ်တင်တင်ကြီးမှာ လန့်နိုးသွားသည်။ မခင်သူ မိခင်အနီးသို့ အပြေးလျှောက်လာစဉ်.....

"ဟင်.....အခန်းထဲမှာ ဘီလူး ဘီလူးရောက်နေတယ်"

"မေမေ သတိထားလေ၊ အခန်းထဲမှာ ဘယ်သူမှမရှိပါဘူး"

ဒေါ်တင်တင်ကြီးသည် ကြောက်လန့်တကြားဖြင့် မခင်သူ ပွေ့ဖက်ထားသည်ကို ရုန်းကန်လျက်ရှိသည်။

"ဖယ်.....ဖယ်၊ ငါ့ကိုချုပ်နှောင် လာကြပါဦး...ဒီဘီလူးကို လာဖမ်းကြပါ"

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်တင်တင်ကြီးသည် သွေးရူးသွေးတန်းနှင့် အော်ဟစ်ရင်း လဲကျသွားလေသည်။ မခင်သူသည် မိခင်အား စိုးရိမ်တကြီး ပွေ့ဖက်ထားရင်း ထိုဘီလူးဆိုသည့်စကားကို ဘဝင်မကျ၊ နားမရှင်းဖြစ်မိသည်။

♠ ♠ ♠

နောက်တစ်ရက်တွင် ဒေါ်တင်တင်ကြီးသည် အိပ်ရာပေါ်မှပြုတ်ကျရင်း သေဆုံးနေသည်။ ဦးသူရိန်၏အိမ်တွင် အကုသိုလ်ကြိုဟ်ဆိုးများ တစ်ခုပြီးတစ်ခု ဝင်လာခဲ့သည်။ မခင်သူဝမ်း၌ ကိုဘုန်းသော်နှင့်ရသော ကိုယ်ဝန်ကျန်ခဲ့သည်။ မခင်သူ၏ ကိုယ်ဝန် တဖြည်းဖြည်းရင့်လာလေလေ အမှုများ၊ ပြဿနာများ တဖြည်းဖြည်း များလာလေလေဖြစ်လာသည်။

မခင်သူသည် မီးတွင်း၌ ဆုံးသွားသည်။ ဆုံးသွားရခြင်းမှာ သူမ၏ကလေးမှာ ဘီလူးကဲ့သို့ အစွယ်နှစ်ချောင်းပါနေသည်ကို သိရသောကြောင့်ဖြစ်သည်။ မည်သူမှ အသိမခံသော်လည်း မခင်သူ သိသွားကာ သွေးတက်၍ ကွယ်လွန်သွားသည်။

ဤသို့ဖြင့် နယ်ပိုင်ဝန်ထောက် ဦးသူရိန်၏အိမ်တွင် လူများ တစ်ယောက်ပြီးတစ်ယောက် အကြောင်းအမျိုးမျိုးနှင့် သေဆုံးသွားခဲ့ရသည်။ နောက်ဆုံး ဦးသူရိန်၏ မျိုးဆက်ကို ဆက်ခံမည့်သူ တစ်ဦးတစ်ယောက်မှ မရှိတော့ချေ။

ထိုအချိန်မှစ၍ နယ်ပိုင်ဝန်ထောက် ဦးသူရိန်၏အိမ်သည် သရဲခြောက်သောအိမ်အဖြစ် နာမည်ကြီးလာခဲ့သည်။ အစောပိုင်းကာလ၌ ဦးသူရိန်၏ညီမိသားစု လာရောက်နေထိုင်သော်လည်း အဆက်မပြတ် ရယ်သံများကြားရခြင်း၊ ကလေးများ ထိခိုက်ခြင်း၊ မိသားစု ကျန်းမာရေးများ ထိခိုက်ခြင်း စသည်တို့ကြောင့် ပြန်ပြောင်းသွားသည်။ နောက်ထပ် မည်သူမှ လာရောက်နေထိုင်ခြင်း မရှိတော့ချေ။

ညအခါ ထိုအိမ်ရှေ့မှ ဖြတ်သွားသောသူများသည် ရယ်သံများ အဆက်မပြတ်ကြားရသည်။ ထိုအိမ်ရှေ့မှလွန်လျှင် ရယ်မောသံသည် ရပ်သွားတတ်သည်။ ထို့ကြောင့် နေဝင်ရီတရောအခါတွင်ပင် ထိုအိမ်ရှေ့မှ မည်သူမှ ဖြတ်မလျှောက်ရဲကြတော့ချေ။

ထိုအချိန်မှစ၍ အိမ်အိုကြီးထဲမှ ရယ်သံအကြောင်းသည် လူအများ၏ ပါးစပ်ဖျား၌ ပြောစမှတ်ပြုကြလေတော့သည်။

♠ ♠ ♠

**နိဂုံး.....။**

အဘိုးအို၏ စကားဆုံးသွားသောအခါ သက်ထက်ခိုင်သည် အသက်ဝင်လာကာ.....

"အခုကော အဲဒီအိမ်အိုကြီး ရှိသေးသလား အဘ"

"ချိုးနွယ်ပိတ်ပေါင်းတွေနဲ့ ပျက်စီးနေပါပြီကွယ်၊ နှစ်ပေါင်းကလည်း အတော်ကြာနေပြီမဟုတ်လား"

"ဒါဆို အဲဒီ ဦးဖိုးအေးဆိုတဲ့ လူကြီးက စုန်းတတ်တယ်ဆိုတာ သေချာပြီပေါ့နော်၊ ဒါနဲ့ အဘရယ် သူ့ရဲ့သား ကိုသိုက်ထွဋ်ကကော အဲဒါတွေ ဘာမှမသိဘူးလား"

အဘိုးအိုသည် ဦးခေါင်းထက်သို့ တည့်တည့်ရောက်နေပြီဖြစ်သော နေမင်းကြီးကို မော့ကြည့်ကာ.....

"အချိန်အတော်လင့်နေပြီ မလေး၊ အဘလည်း သွားလိုက်ဦးမယ်၊ အခု အဘပြောခဲ့တာတွေကို ယုံချင်ရင် ယုံနိုင်ပြီး မယုံချင်ရင် ပုံပြင်လို့ မှတ်ယူနိုင်ပါတယ်ကွယ်"

အဘိုးအိုသည် သက်ထက်ခိုင်၏မေးခွန်းကို မဖြေခဲ့ဘဲ သူပြောချင်သည်ကိုပြော၍ တရွေ့ရွေ့နှင့်ထွက်ခွာသွားလေသည်။ သက်ထက်ခိုင်ကတော့ မေ့ပင်အောက်သို့ ဝင်မိသူ တစ်ယောက်ပမာ ငြိမ်သက်ငေးမောနေသည်။

ဤအဘိုးအိုသည် မည်သူနည်း။ နယ်ပိုင်ဝန်ထောက် ဦးသူရိန်၏အိမ်နှင့် ပတ်သက်သူတစ်ယောက်လား၊ ဒါမှမဟုတ် မခင်သူ၏ချစ်သူ ကိုသိုက်ထွဋ်လား၊ ဤအဘိုးအိုသည်.....။

**(မှတ်ချက်- ဤဇာတ်လမ်းသည် စာရေးသူ၏ စိတ်ကူးမျှသာဖြစ်ပြီး မည်သူ့ကိုမှ မရည်ရွယ်ပါ)**

**ရှင်လွန်းမယ်**

www.burmeseclassic.com

www.burmeseclassic.com


# ဆရာမ ဒေါ်အေးမြတ်ချို B.A (MS)

## (အမျိုးသမီးသီးသန့်) လက္ခဏာဗေဒင် ယတြာအစီအရင်

- မိမိနောက်ကွယ် ချစ်သူ၊ ခင်ပွန်း ရှုပ်ထွေးခြင်း အမြန်ဆုံးကင်းရှင်းဖို့။
- သားနှင့်သမီး အချစ်ရေးစိတ်မဝင်စား၊ အပေါင်းအသင်းမမှားဘဲ ပညာကြိုးစားဖို့။
- အိမ်ထောင်ရေးဒုက္ခ၊ သောကမှ အမြန်စိတ်ချမ်းသာရဖို့။
- မိမိအိမ်ထောင်ရေး၊ အချစ်ရေးတွင် ဝင်ရောက်နှောင့်ယှက်နေသူရန်မှ ကင်းဝေးဖို့။
- ချစ်ခင်နှစ်သက်သူနှင့် အတူနေထိုင်ရဖို့။
- သားသမီး လိမ္မာယဥ်ကျေးပြီး ဆရာ၊ မိဘ ပြောဆိုစကား နားထောင်ဖို့။

အမှတ် (၈၄၃)၊ (၁၄)ရပ်ကွက်၊ ဦးဝိစာရလမ်း၊ မြောက်ဒဂုံ။

ဖုန်း-၀၉-၄၉၃၃ ၉၈၅၄၊ ၀၉-၅၃၆ ၂၈၄၃



# ခရသင်း၊ သမင်ဖြူ

ခရသင်း၊ သမင်ဖြူ၊ အနာကြီးရောဂါ၊ **Fungus-Psoriasis**
မှိုစွဲရောဂါများ၊ ဖြူ-နီ-နက်ကွက်များ ကာလသားရောဂါ၊ ဆီးပူညောင်းညာကျ၊
ဂနိုရီးယား၊ ဆစ်ပလစ်၊ ရှန်ကရိုက်၊ ရေယုန်၊ ရိုဖြူ-ရိုနီဆင်းရောဂါ၊
အသားမည်းခြောက်ခြင်း၊ ပူခြင်း၊ ယားယံခြင်းရောဂါ၊ ပွေး-ဝဲ-နှင်းခူ-ညှင်း၊
<u>ယားနာအမျိုးမျိုးကို အာမခံနှင့် ကုပေးသည်။</u>

CHISHTI MISSION ကျွန်းကလေးဆရာကြီးဆေးတိုက်
အမှတ်(၂၅၁)၊ ၂၈လမ်း၊ ၈၁×၈၂ ကြား၊ ဈေးချိုအနီး၊ မန္တလေးမြို့။
ဖုန်း - ၀၉ ၄၉၂ ၇၀၉၅၁၊ ၀၉ ၄၀၂၅၄၃၆၂၉

ပင်ရင်း-အမှတ်(၇၀၆)၊ ကျွန်းကလေး၊
လှည်းကူး၊ ရန်ကုန်မြို့။ ဖုန်း - ၀၁ ၆၂၉၅၄၈၊ ၀၉ ၄၂၁၀၀၆၅၄၅


www.burmeseclassic.com

www.burmeseclassic.com





# ဂိုဂို (ငယ်ချစ်)

နှိုင်းဆရှုမြင် သတိယှဉ်၍

www.burmeseclassic.com

www.burmeseclassic.com



မယုံလျှင် ပုံပြင်သာမှတ်ဟု ပြောရပေလိမ့်မည်။ ရယ်စရာ အကြောင်းအရာလေးတစ်ခု။

အမှန်တကယ် ဖြစ်ခဲ့ဖူးသော အကြောင်းအရာလေးများသည် အချိန်ကာလအားဖြင့် နှစ်ပေါင်းများ စွာကြာလာသော် ဒဏ္ဍာရီလေလား၊ ပုံပြင်လေလား ဖြစ်သွားခဲ့ကြသည်။

တစ်ခါတစ်ရံ သက်ကြီးစကား သက်ငယ်ကြား နာယူမှတ်သားကြ ရဖူးပါ၏။

ရည်ရွယ်ထားသည့်အတိုင်း၊ ထင်မှတ်ထားသည့်အတိုင်း ဖြစ်မလာဘဲ မထင်မှတ်ထားသည်တို့က ရုတ်တရက် ထဖြစ်တတ်သည့်သဘော ရှိတတ်ပါသည်။

ထိုအခါ စကားပုံအားဖြင့်.....

ခုတ်ရာတခြား၊ ရှရာတခြား၊

ခါးတောင်းကျိုက်တလွဲ၊ ဖင်တလွဲ၊

ယုန်ထောင်ကြောင်မိ၊

ကျော်တော့လှေသူကြီး၊ ညားတော့လှေထိုးသားဟူ၍လည်းကောင်း၊

ယုန်တောင်ပြေး၊ ခွေးမြောက်လိုက်၊

ခလောက်မဆွဲသောကျွဲ အရှာရခက်၊

ရင်လောက်မှန်းမှ ဒူးလောက်ကျ။

အဖြေဘုရားလောင်း အမေးန္တားကျောင်းသားဟူ၍လည်းကောင်း၊

ပြောတော့မူး၊ လူးတော့အိုင်

စိုင်ကော်လို့ ချုံပေါ်ရောက်၊

လူနေချုံကြား၊ စိတ်နေဘုံဖျား ဟူ၍လည်းကောင်း မြန်မာစကားပုံ အမျိုးမျိုးတို့ဖြင့် ဆန္ဒနှင့်ဘဝ မျှော်မှန်းထားသည်နှင့် ဖြစ်လာသည်တို့ တစ်ထပ်တည်းမကျတတ်ခြင်းကို နှိုင်းယှဉ်တင်စား ဖော်ပြထားပါ၏။

& & &

တစ်ခါက အသင်းသားတစ်ဦးသည် အောင်ဘာလေသိန်းထီဆုကြီး တစ်ဆုပေါက်၏။ ထိုအခါ မိတ်ဆွေထီရောင်းသူက ၎င်းတွင်နှလုံးရောဂါရှိကြောင်း သိရှိထားပြီး ရုတ်တရက် ထီပေါက်ကြောင်း ပြောပြလိုက်ပါက ဝမ်းသာလုံးဆို့၍ နှလုံးလေဟပ်ကာ ဒုက္ခရောက်သွားနိုင်ကြောင်း တွေးမိသည်။

သို့ဖြစ်၍ ထိုအသင်းသား ဝတ်ပြုကိုးကွယ်ရာ ဘုရားကျောင်းသို့ သွားရောက်၍ သင်းအုပ်ဆရာနှင့် တွေ့၏။ ဖြစ်စဉ်အကျိုးအကြောင်း

ပြောပြပြီး ၎င်းအား တရားဓမ္မ
ပြောပြကာ ထီပေါက်ကြောင်း အ
ပေးရန် အကူအညီတောင်းသ
သင်းအုပ်ဆရာလည်း ဝမ်းသာအ
ဖြင့် ကူညီမည့်အကြောင်း
ကတိပြုကာ နောက်တစ်နေ့
အသင်းသားအား ခေါ်တွေ့၏
သင်းအုပ်ဆရာ။ ။
အသင်ယုံကြည် သူမိတ်ဆွေ၊
ယ နေ့ အေ
ဘာလေသိန်းထီဆုကြီးပေါက်
ပါက ဘာလုပ်မည်နည်း။
အသင်းသား။ ။ ဟာ.....
နှယ် ကျွန်တော် သိန်းထီဆု
ပေါက်တယ်ဆိုလို့ကတော့ ဘု
ကျောင်းကို တစ်ဝက်တိတိလှူ
မယ်။
သင်းအုပ်ဆရာ။ ။ ဟင်..တက
သင်းအုပ်ဆရာကိုယ်တိုင်
သာလုံးဆို့၍ နှလုံးလေဟပ်ကာ
ဆုံးသွားခဲ့သည်။ သိန်းထီပေါက်
အသင်းသားအား ဒုက္ခရောက်
စိုးရိမ်၍ သင်းအုပ်ဆရာအား အ
အညီတောင်းပါမှ သင်းအုပ်ဆ
ကိုယ်တိုင် မိမိတွင် နှလုံးရော
ကြောင်း မေ့လျော့ကာ အသက်
ဆုံးသွားခဲ့ရခြင်းဖြစ်ပါ၏။
ဤသည်ကား ထင်မှတ်
သည်နှင့် ဖြစ်လာသည်တို့ တစ်
တည်းမကျ ကမောက်ကမနှင့် တ
တချော်ဖြစ်တတ်ကြောင်း သာ
ပြယုဂ်တစ်ခုပင် ဖြစ်ပါ၏။

& & &

www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့သောအခါ ကျွန်တော့် ...ခန်း ညှိုခေတင်အတွင်းသို့ အရပ် ...းမိတ်ဆွေတစ်ဦး ဝင်ရောက်လာ ... ထိုသူသည် ကျွန်တော့်ရဲစခန်း ...ိုင်နယ်မြေအတွင်း အကောင်း၊ ...ဆိုး သတင်းဟူသမျှကို ရရှိလျှင် ...ချင်း မခြွင်းမချန် လာရောက် ...ာပြတတ်သော သစ္စာရှိသတင်း ...ဖြစ်၏။ တစ်နည်းဆိုသော် တာ ...သိပြည့်သူတစ်ဦး၊ စေတနာရှိ ...ာခံသတင်းပေးဖြစ်ပါသည်။

ငင်းပေးသောသတင်းအရ ...နေ့ ငင်း၏ဥယျာဉ်ခြံမြေအတွင်းရှိ ...ာင်ယာတဲသို့ လူစိမ်းတစ်ဦး ...ာက်ရှိလာကြောင်း၊ ငင်းတွင် ...ျာပိုးအိတ်တစ်လုံးပါရှိပြီး မသင်္ကာ ...ယ်ရာကောင်းသော အမူအရာရှိ ...ကြောင်း၊ မျက်လုံးများ ကျီးကန်း ...ာင်းမှောက်ကြည့်တတ်ပြီး လက် ...တွင် ဘက်နက်မားတစ်ချောင်း ...ဲ့ထားကြောင်း၊ ငင်းအတွက် လူ ...တ်ရသည်မှာ မထူးဆန်းကြောင်း ...ာပြီး ထမင်းတောင်းစားသဖြင့် ...မင်းဟင်းအပြင် ခေါင်ရည်ဘူး ...စ်ဘူး၊ ချိုင်ပိတ်အရက်ပုလင်း နှစ် ...ပါ ချထားပေးခဲ့ကြောင်းသတင်း ...ေး၏။

ပုပုဂင်တိုတိုဆိုသဖြင့် မိမိ ...က်လှမ်းမီသမျှ တရားခံပြေးများထဲ ... လိုက်စဉ်းစားကြည့်၏။ မှတ်တမ်း ...ားတွင် ရှာဖွေကြည့်၏။ ငင်း ...တွက် လူသတ်ရသည်မှာ မထူး ...န်းဟု ဆိုပြန်သောကြောင့် စဉ်း ...းရင်း စဉ်းစားရင်း လူသတ်တရား ...ံပြေး စောသာစေးကို သတိရမိ

သည်။ ဟုတ်သည်။ ပုပုဂင်တိုတို။ သည်ကောင် စောသာစေးမှ စော သာစေး။

စောသာစေးဆိုပါက သိပ်တော့ မလွယ်။ သည်ကောင်က လက်စ လက်နရှိသည်။ ယခင်က တောတွင်း သောင်းကျန်းသူ။ နောက် အလင်း ပြန်ဝင်လာသည်။ ဘာခံယူချက်မှ မရှိ။ အကျင့်စာရိတ္တ မကောင်း၊ ခိုး တတ်၊ ဓားတတ်သည်။

ကြာတော့ အကျင့်တူသူအချင်း ချင်း မကျေနပ်ချက်ဖြင့် သတ်ဖြတ် ကာ ထွက်ပြေးတိမ်းရှောင်နေ၏။ ထို့ နောက် တောတွင်းသို့ပဲ ပြန်လည် ဝင်ရောက် ခိုလှုံသွားသလို၊ ဘာလို လို ညာလိုလို.....။

သည်လိုလိုအချက်များကို စဉ်း စားမိပြီး သတင်းပေးနောက် ချက် ချင်း ထမလိုက်ဖြစ်။ ဆရာသမား အကြီးအကဲများထံ ဖုန်းဆက်အကျိုး အကြောင်းပြောပြ သတင်းပို့ရသည်။ ညွှန်ကြားချက်အမိန့် တောင်းခံရ သည်။ သက်ဆိုင်ရာ ဒေသအာဏာ ပိုင်များထံသို့လည်း သတင်းပို့တင်ပြ ရသည်။ အကြီးအကဲများထံမှ လုံခြုံ ရေး အထူးဂရုပြုရန်နှင့် စစ်ရေး အသိ၊ စစ်ရေးသတိရှိရန် ညွှန်ကြား သည်။ ဆရာသမားများကိုယ်တိုင် လာရောက်ကြီးကြပ် ကွပ်ကဲဖို့ရန် လည်း နယ်မြေဒေသအရ မလွယ် ကူ၊ မဖြစ်နိုင်။

မိမိကိုယ်တိုင် ဦးစီးကွပ်ကဲပြီး တရားခံပြေးအား လက်ရဖမ်းဆီးရ မိနိုင်ရေး စီစဉ်ညွှန်ကြားရသည်။ မြေ ပုံညွှန်းဖတ်ရ၏။ စစ်ဆင်ရေးနယ်



www.burmeseclassic.com

www.burmeseclassic.com



မြေဒေသဖြစ်၍ အမှားအယွင်းမရှိစေရန် ဒေသအာဏာပိုင် တာဝန်ရှိသူများက စီစဉ်ဆောင်ရွက်ပေး၏။ မိမိလုံခြုံရေးအတွက် မိမိတို့ကိုယ်တိုင် တာဝန်ယူဆောင်ရွက်ပြီး တရားခံပြေး ရောက်ရှိခိုအောင်းနေရာ 'စလောင်းလိုးဒေသ'ကို စစ်ကြောင်းအတိုင်း ချီတက်ရသည်။

စုရပ်သို့ရောက်သည်နှင့် တောင်ယာတဲတစ်ဝိုက်အား ပတ်ဝိုင်း၍ ညွှန်ကြား၏။ ဝိုင်းသည့်နေရာတွင် ထွက်ပေါက်ချန်ထားပေးရသည်။ သို့မဟုတ်ပါက ခွေးများပင် ချောင်ပိတ်ရိုက်ပါက ပြန်ကိုက်တတ်ပါ၏။ ၎င်းသည် ယခင်ကပင် တောတွင်းနှင့် ပတ်သက်ခဲ့သူဖြစ်သဖြင့် လက်နက်တစ်စုံတစ်ရာ ပါ၊ မပါ အတတ်မပြောနိုင်။ မိမိဘက်က ခြေချော်လက်ချော် မဖြစ်ဖို့ အရေးကြီးသည်။ မလိုအပ်က သေနတ်ဖြင့် အသေပစ်မဖမ်းရ။ လူသတ်တရားခံပြေးဖြစ်သည့်တိုင် ဖြစ်နိုင်က ခြေလက်တို့ကိုသာ ပစ်၍ဖမ်းရမည်။

တားဂက် (Target)သို့ရောက်၍ မိမိက အတည့်ဝင်မည်။ အဖွဲ့ ၁/၂ တို့က ဘယ်ညာမှပန်း၍ 'ဂ' ငယ်ပုံသဏ္ဌာန် ဝိုင်းပတ်မည်။ တစ်ဖက်မှ ခုခံပစ်ခတ်ပါက ထွက်ပေါက်သို့ ကျုံးသွင်းပြီး သုံးဘက်သုံးတန်မှ ညှပ်၍ပစ်ခတ်မည့်အကြောင်း၊ ယခုမှစ၍ ခြေသံလုံလုံဖြင့် တောတိုးမည်၊ လိုအပ်ပါက တွားသွားနည်း (မိကျောင်းတက်နည်း)ဖြင့် တက်မည်၊ စမျဉ်းရောက်သည်နှင့် အခြေအနေကြည့်၍ မိမိအမိန့်ပေးမှ လုပ်ဆောင်ရန် ညွှန်ကြားသည်။

တပ်ဖွဲ့ဝင်အားလုံး ပင်ပန်းကြရသည်။ ပွန်းရာခြစ်ရာများ ဗရပွရကြသည်။ ဒူးတွေ၊ တံတောင်တွေ ပွန်းကုန်သည်။ အဝတ်အစားများ စုတ်ကုန်သည်။ သို့သော် မှန်းချက်နှင့် နှမ်းထွက် မကိုက်ကြတော့။ ပန်းတိုင်သို့ရောက်သည့်အခါ ခုခံမည် ထင်မှတ်ထားသည့် တရားခံပြေးကား ဓားတခြား၊ လူတခြားနှင့် ဖလက်ပြနေသည်။ စိတ်တင်းထားသမျှ ပြေလျော့ချလိုက်၏။ ပါလာသည့်သက်သေခံပစ္စည်းများ သိမ်းဆည်းပြီး ၎င်းအားလက်ထိတ်ခတ်ပြီးသည့်တိုင် တရားခံပြေးမှာ အိပ်မောကျ၍ကောင်းနေဆဲ။ နောက်ဆုံး ဥယျာဉ်ခြံအတွင်း စမ်းရေတစ်ပုံး သွားခပ်၍ မျက်နှာအပေါ် လောင်းချလိုက်မှ သူကောင်းသား နိုးလာသည်။

သတိရလျှင်ရချင်း ရဲများ၊ သက်သေများ တွေ့မြင်လိုက်သည်နှင့် ငတိ သဘောပေါက်သွားသည်။ ဘာတစ်ခုမျှ အတွန့်မတက်။ ဘာတစ်ခုမျှ ကလန်ကဆန်မလုပ်။ အေးငြိမ်းသက်သာစွာဖြင့် လူသတ်တရားခံပြေး စောသာစေးအား ဖမ်းဆီးရမိခဲ့ပါ၏။

မိမိဘက်မှ အထိအခိုက်အကျအရှုံးမရှိ။ အောင်မြင်ခြင်း၏ ရလဒ်ဖြစ်၏။ သတိဆိုသည်မှာ ပိုသည်မရှိပါ။

လုံခြုံရေးသတိ၊ လုံခြုံရေးအသိ အပြည့်ရှိနေပါက အကောင်းဆုံးဖြစ်၏။ ယခုဖြစ်စဉ်တွင် မိမိထင်မှတ်ထား



သကဲ့သို့ တရားခံပြေးအား ခက် ခဲခဲ ဖမ်းဆီးရခြင်းမရှိဘဲ ခရ ခါးတောင်းကျိုက်၍ ဖမ်းရသကဲ့ လွယ်လင့်တကူ ဖမ်းဆီးရမိခြင်း လျှင်ဖြစ်ပါ၏။

* * *

ကျွန်တော်ရည်ရွယ်သည် ခက်ခဲမည်ထင်မှတ်ထားသော များသည် တစ်ခါတစ်ရံ လွယ်ကူ တတ်ပြီး လွယ်ကူလိမ့်မည်ဟု ကြည့်ရသောအရာများကား တ တစ်ရံ အခက်အခဲနှင့် ကြုံတွေ့ တတ်သည့် သဘောကိုသာ ဆို ခြင်းဖြစ်ပါသည်။

ကျွန်တော်တို့ ရဲတပ်ဖွဲ့ဝင် အဖို့ ကြိုတင်စဉ်းစားတွေးခေါ် ခြင်းသည် အလွန်ကောင်းမွန် ဖိုးရှိပါ၏။ သို့သော် မှခင်နှင့် သက်၍ သေချာစွာ စုံစမ်းစစ်ဆေးရ မရှိသေးဘဲ ကြိုတင်တွေးဆ၍

www.burmeseclassic.com

www.burmeseclassic.com



ရန်သူအပေါ် အထင်သေးလွန်းခြင်း သည်လည်း ပေါ့လျော့စွာပြုမူခြင်းဖြင့် ရန်သူမှ အခွင့်အရေး သာလွန်ရရှိကာ မိမိအတွက် များစွာ ထိခိုက်ပျက်စီး ဆုံးရှုံးမှု ဖြစ်စေသည် ...

လိုရာဆွဲလျက် တစ်ဖက်သတ် သုံးသပ် ဆုံးဖြတ်ချက်ချခြင်းသည် အလွန်မှားယွင်းပါ၏။ လမ်းလွဲတတ်ပါသည်။ အမှန်သို့မရောက်ဘဲ လမ်းကြောင်းလွဲချော်တတ်ပါသည်။ တရားသေ လေ့နမ်းထစ်ဝါဒကိုလည်း မကျင့်သုံးသင့်ပါ။ အညမည သဘောတရားကို နားလည်ပြီး ပြောင်းလွယ်ပြင်လွယ်ရှိရပါမည်။ ကြိုတင်တွေးဆထားသည့်အတိုင်း အမြဲဖြစ်နေရမည်ဟု မည်သူသတ်မှတ်ထားပါသနည်း။ ရှေးအနာဂတ်ကို ကြိုတင်တွေ့မြင်နိုင်သည့် ဒိဗ္ဗစက္ခုဉာဏ် ရရှိထားကြသော တန်ခိုးရှင်များလည်းမဟုတ်။ သာမန်ပုထုဇဉ်လူသားများသာဖြစ်သဖြင့် လူသားတစ်ယောက်ကဲ့သို့ ခံစားနားလည်တတ်လျှင် ပြည့်စုံပေပြီ။

စဉ်းစားတွေးခေါ်တတ်ခြင်းသည်ကား အရည်အသွေး တိုးတက်စေပါ၏။ သို့သော် ကြိုတင်မှန်းဆပြီး စိုးရိမ်စိတ်လွန်ကဲခြင်းသည်ကား အချိန်ကုန်၊ လူပန်းစေ၏။ ကာယ၊ ဉာဏစွမ်းအင်များအား အကျိုးမဲ့ ဖြုန်းတီးရာလည်းရောက်ပါသည်။

ရဲတပ်ဖွဲ့ဝင်များ၏ ကျင့်ဝတ်အပါး (၇၀)တွင် "**ရန်သူအပေါ်တွင် အထင်လည်းမကြီး၊ အထင်လည်း မသေးမိစေရန် အမြဲသတိပြုပါ**" ဟူသော ကျင့်ဝတ်တစ်ပါး ပါဝင်ပါ၏။ သာမန်အလေးထားခြင်းထက် အထင်ကြီးလွန်းခြင်းသည် ရန်သူ၏ စိတ်အစဉ်က မိမိအပေါ် ဖုံးလွှမ်းနေပြီး မလိုလားအပ်သော အုတ်တံတိုင်းခတ်ခြင်းများ၊ ကြိုတင်ကာကွယ်မှု ပြုလုပ်နေခြင်းများဖြင့် လိုရာသို့မရောက်။ အချိန်ကုန်၊ လူပန်းစေပါ၏။

ရန်သူအပေါ် အထင်သေးလွန်းခြင်းသည်လည်း ပေါ့လျော့စွာပြုမူခြင်းဖြင့် ရန်သူမှ အခွင့်အရေးသာလွန်ရရှိကာ မိမိအတွက် များစွာ ထိခိုက်ပျက်စီး ဆုံးရှုံးမှု ဖြစ်စေသည်။ ရဲတပ်ဖွဲ့ဝင်တို့သည် အခြေအနေနှင့် အချိန်အခါကိုလိုက်၍ မီးစင်ကြည့်ကတတ်ရပေမည်။ ထိုသို့ မီးစင်ကြည့်ကတတ်ဖို့ရန်အတွက်လည်း မိမိ၌ သတ်မှတ်အရည်အချင်းများ ပြည့်ဝနေဖို့တော့ လိုအပ်ပါသည်။

ထို့အတူ မဟောသဓောတ်တော်၌ ဝိဒေဟရာဇ်မင်းကြီးအား သေနကအမတ် လျှောက်တင်သော စကားတို့သည် အလွန်မှတ်သားဖွယ်ရာ ကောင်းလှပါ၏။ "အဆောတလျင် ပြုရမည့်ကိစ္စတို့၌ နှောင့်နှေးကြန့်ကြာနေလျှင် အကျိုးယုတ်လျော့စေသကဲ့သို့ ဖြည်းညင်းစွာပြုလုပ်ရမည့် အမှုကိစ္စတို့၌လည်း အဆောတလျင်ပြုခြင်းဖြင့် အကျိုးပျက်စီးစေတတ်ကြောင်း" လျှောက်တင်ခဲ့ပါသည်။


အတွေ့အကြုံ၊ ဗဟုသုတ ပေါကြွယ်ဝပြီး လူ့သဘောသဘာဝကို သိရှိနားလည်နိုင်ပါလျှင် လုပ်ငန်းကိစ္စများ ပြီးမြောက်အောင်မြင်နိုင်ပါကြောင်း တပ်ဖွဲ့စိတ်ထားဖြင့် တင်ပြလိုက်ရပါသည်။

[illegible]

www.burmeseclassic.com

www.burmeseclassic.com







www.burmeseclassic.com

www.burmeseclassic.com



လူတွေရဲ့ပတ်ဝန်းကျင်မှာ ''မေတ္တာတရား''ဆိုတဲ့ စကားပဲရှိတယ်နော်။ ''မေတ္တာမတရား''ဆိုတဲ့ စကားမရှိဘူး။ ဒါက စကားကိုကတ်ပြောကြည့် တာပါ။

မေတ္တာဆိုတဲ့ တရားသဘောကို မေတ္တာတရားလို့ ပြောခြင်းပါ။ ဒါပေမဲ့လည်း မေတ္တာဆိုတာ တကယ်ပဲတရားမျှတပါတယ်။ မမျှတတာကို မေတ္တာလို့ မခေါ်ပါဘူး။ မေတ္တာတရားတွေထဲမှာမှ မိဘမေတ္တာဟာ ပိုပြီးတော့ကို တရားမျှတပါတယ်။ ဘယ်လိုမေတ္တာတွေနဲ့မှ နှိုင်းလို့မရတာ မိဘမေတ္တာပါပဲ။ သားသမီးနဲ့ မိဘကြားမှာရှိတဲ့ ပြဿနာလေးတွေဟာ မိဘရဲ့မေတ္တာကြောင့် အချိန်တစ်ခုအတွင်းမှာ ငြိမ်းအေးသွားကြတာပဲ။ တော်တော်နဲ့ မငြိမ်းနိုင်ဘူးဆိုရင် သားသမီးတွေဆီမှာ ''မာန'' ဆိုတဲ့ အစိုင်အခဲထုထည် ကြီးမားနေလို့ပဲ။ ဘယ်လောက်ကြီးမားတဲ့ မာနအစိုင်အခဲပဲဖြစ်ဖြစ် မိဘရဲ့မေတ္တာကို စူးစူးနစ်နစ် ခံစားနားလည်ပြီဆိုတာနဲ့ သားသမီးတွေရဲ့ မာနတွေ အရည်ပျော်သွားကြတာပါပဲ။ အရည်မပျော်နိုင်ဘူးဆိုရင်တော့ မောက်မာရိုင်းစိုင်းတဲ့ သားသမီးမို့လို့ပဲ။





www.burmeseclassic.com

www.burmeseclassic.com



ဒီလတော့ မိသားစုလေးတစ်စုနဲ့ ပရိသတ်ကြီးကို မိတ်ဆက်ပေးရမယ်။ အိမ်ထောင်ဦးစီး မိဘနှစ်ပါးရှိတယ်။ သမီးနှစ်ယောက်ရှိတယ်။ မိဘနှစ်ပါးဆိုပေမယ့် ကြီးမှပေါင်းကြတာ။ သမီးနှစ်ယောက်ကလည်း တစ်ဖက်က တစ်ယောက်စီပါလာကြတာ။ မိဘနှစ်ပါးနာမည်က ဦး မြတ်ခနဲ့ ဒေါ်မိမိချိုတဲ့။ ဦးမြတ်ခရဲ့သမီးက 'ယုယုယ'တဲ့။ ဒေါ်မိမိချိုရဲ့သမီးက 'ပျို့ကဗျာ'တဲ့။ နောက်



'နေဝန်းခ'ဆိုတာ ဦးမြတ်ခရဲ့တူ။ ဦးမြတ်ခရဲ့အစ်ကို ဦးမြတ်လှရဲ့သား။ ဦးမြတ်လှဆုံးသွားတော့ ဦးမြတ်လှပိုင်ဆိုင်တဲ့ ကုမ္ပဏီနဲ့သားကို ဦးမြတ်လှကညီဖြစ်တဲ့ ဦးမြတ်ခရဲ့လက်ကို အပ်သွားခဲ့တယ်။ ဦးမြတ်ခနဲ့ ဒေါ်မိမိချိုအဖြစ် ဦးဝင်းမြိုင်နဲ့ ဝါဝါအောင်၊ ပျို့ကဗျာအဖြစ် သက်မွန်မြင့်၊ ယုယုယအဖြစ် ထက်ဆုကုမ္မွေ နေဝန်းခအဖြစ် 'ထူး' တို့က သရုပ်ဆောင်ထားကြပါတယ်။

သိတဲ့အတိုင်းပေါ့နော်။ ဖအေကပါတဲ့ ယုယုယရဲ့ စိတ်ထဲမှာ မအေနေရာ အစားဝင်လာတဲ့ မိထွေးနဲ့ မိထွေးကပါလာတဲ့ ပျို့ကဗျာကို မကြည်သလို မအေကပါတဲ့ ပျို့ကဗျာ



www.burmeseclassic.com

www.burmeseclassic.com




ရဲ့ စိတ်ထဲမှာလည်း ဖအေနေရာ အစားဝင်လာတဲ့ ပထွေးနဲ့ ပထွေးကပါတဲ့ ယုယုယတို့ကို မကြည်ဘူးပေါ့။ မိန်းကလေးတွေဆိုတော့ တစ်ယောက်နဲ့တစ်ယောက် နှာတစ်ဖျားအသာမခံကြဘူး။ စောင်ကြ၊ မာန်ကြပေါ့။ သမီးနှစ်ယောက် မတည့်ကြတော့ စိတ်ညစ်ကြရတာက ဦးမြတ်ခနဲ့ ဒေါ်မိမိချို။

ပိုဆိုးနေတာက ပျို့ကဗျာက စာတော်တယ်။ ဆယ်တန်းကို ထူးထူးချွန်ချွန်အောင်လို့ ဆေးတက္ကသိုလ်တက်နေတယ်။ ယုယုယက ဆယ်တန်းတော့အောင်တယ်။ မထူးချွန်ဘူး။ တစ်နေ့တော့ ပျို့ကဗျာက စာဖတ်နေတယ်။ အိမ်ဖော် မိတိုးကလည်း မအားဘူး။ ယုယုယက ကော်ဖီသောက်ချင်တော့ ပျို့ကဗျာကို ဖျော်ပေးဖို့ပြောတယ်။ ပျို့ကဗျာက မခံချင်တော့ စကားများကြတာပေါ့။ ယုယုယက သူ့အိမ်မှာဆိုတော့ စကားကို အပေါ်စီးက ပြောတာပေါ့။ အဲဒီမှာ ပျို့ကဗျာက "ငါက အဖေမရှိတဲ့အိမ်မှာ ပညာရှာရင်း နေနေတာ၊ ပညာတန်ဖိုးကို နင်နားလည်ရင် နင်ကတောင် ငါ့ကိုကော်ဖီဖျော်ပေးသင့်တာ"ဆိုပြီး ငြိကြတော့တာပေါ့။ နေဝန်းခပြန်ရောက်လာတော့မှ ဖျန်ဖြေပေးလိုက်ရတယ်။

ပျို့ကဗျာက ဆေးတက္ကသိုလ်တက်နေရတော့ စာတွေကများလွန်းလို့ အချစ်ဆိုတာ ဘာမှမခံစားဖူးဘူး။ စိတ်ကူးဖို့အချိန်လည်း မရှိခဲ့ဘူးပေါ့။ ဒါပေမဲ့လည်း အချစ်ဆိုတာ အချိန်ကန့်သတ်ချက်ရှိတာမဟုတ်ဘူးလေ။ သူ့ဘာသာသူ ပေါ်ချင်တဲ့အချိန် ပေါ်လာတာ။ ကျောင်းမှာ "ရွှေဘုန်းဂါ"နဲ့ စတင်တွေ့တဲ့အချိန်မှာတော့ ပျို့ကဗျာရဲ့ အချစ်ကန့်ရေပြင်မှာ လှိုင်းဂယက်တွေထပြီး မငြိမ်မသက် ဖြစ်ရပါတော့တယ်။ ရွှေဘုန်းဂါက ဒီနေ့ Class မရှိဘူးလို့ပြောတော့ ပျို့ကဗျာက သူငယ်ချင်းကို ဖုန်းဆက်မေးတဲ့အခါ ရှိတယ်ဆိုတာလည်းသိရော ရွှေဘုန်းဂါကို ကောတော့တာပေါ့။ သူတို့နှစ်ယောက်စတင်ဆုံစည်းပုံက အဲဒီလို။ ရွှေဘုန်းဂါအဖြစ် အောင်ရဲလင်းက သရုပ်ဆောင်ထားပါတယ်။


ရွှေဘုန်းဂါနဲ့ ပျို့ကဗျာရဲ့အမေ ဒေါ်မိမိချိုတို့ ဆုံစည်းပုံကိုလည်း ကြည့်ဦး။ ရွှေဘုန်းဂါ ရန်ဖြစ်လို့ ရဲစခန်းရောက်သွားတယ်။ ရန်ဖြစ်တာကို မြင်လိုက်တဲ့ ဒေါ်မိမိချိုက ရဲစခန်းမှာ အာမခံပြီး ထုတ်ပေးလိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com





ဒေါ်မိမိချိုကို ကျေးဇူးတင်ကြောင်း၊ ဘယ်လို ကျေးဇူးဆပ်ရမှန်းမသိကြောင်းပြောတော့ ဒေါ်မိမိချိုက တူလိုသားလို သဘောထားပြီး ကူညီတာဖြစ်ကြောင်းပြောပြီး ကျေးဇူးဆပ်ချင်တယ်ဆိုရင် အကူအညီလိုတဲ့အခါ ပြန်ကူညီပေါ့ကွယ်ဆိုတော့ ကူညီပါ့မယ်လို့ ကတိပေးတယ်။

တစ်နေ့ ပျို့ကဗျာ ကျောင်းဆင်းတော့ အိမ်ကို လမ်းလျှောက်ပြီး ပြန်လာတာ။ ကုမ္ပဏီကပြန်လာတဲ့ နေဝန်းခကတွေ့လို့ ကားရပ်ပြီးတင်ခေါ်လာတော့ လိုက်လာတာပေါ့။ အိမ်ပြန်ရောက်တော့ ဒေါ်မိမိချိုကတွေ့ပြီး သဘောတွေကျသွားတယ်။ နေဝန်းခကို အခုလိုစောင့်ရှောက်၊ အကူအညီပေးတာ ကျေးဇူးတင်ကြောင်း ပြောတယ်။ သမီးပျို့ကဗျာနဲ့ နှစ်ယောက်တည်းတွေ့တော့ နေဝန်းခနဲ့ ပြေလည်နေပြီလားလို့ မေးတယ်။ "ရှိုးရှိုးခင်တယ်ဆိုရုံပဲ၊ စိတ်မဝင်စားဘူး"တဲ့။ ဒေါ်မိမိချိုက ပြောတယ်။ "သမီးအတွက်ပြောတာပါ၊ ကောင်းစားစေချင်လို့၊ ဒါမှ ယုယုယကို ကျော်ဖြတ်နိုင်မှာ"တဲ့။

ဆေးကျောင်းကျူရှင်တက်ဖို့ ဆရာမဒေါက်တာ ခင်မြမြဆီကို ပျို့ကဗျာသွားတော့ ဆရာမအိမ်မှာမမျှော်လင့်ဘဲ ရွှေဘုန်းဂါနဲ့ဆုံတယ်။ ဆရာမက စာသင်ပေးဖို့ စနေနဲ့ တနင်္ဂနွေညနေပိုင်းတွေမှာ အိမ်ကိုလာဖို့ နှစ်ယောက်လုံးကို ချိန်းလိုက်တယ်။ ဆရာမဆီက ပြန်လာတော့ ဆေးကျောင်းသားအချင်းချင်းဖြစ်တဲ့အတွက် ဟိုတစ်နေ့က နောက်မိတာကို စိတ်မဆိုးဖို့ တောင်းပန် တဲ့အကြောင်းပြောတော့ ပျို့ကဗျာ စိတ်ဆိုးပြေလိုက်တယ်။

ဒေါ်မိမိချိုက ဦးမြတ်ခရဲ့သမီး ယုယုယကို နေရာတကျဖြစ်စေချင်တယ်။ အဲဒီတော့ တစ်ခါက သူကူညီခဲ့တဲ့ ရွှေဘုန်းဂါကို အကူအညီတောင်းလိုက်တယ်။ ယုယုယကို ချဉ်းကပ်ဖို့၊ ရွှေဘုန်းဂါက ကတိပေးလိုက်တယ်။ ယုယုယက Shopping Mall တစ်ခုမှာ Fashion ဆိုင်တစ်ဆိုင်ဖွင့်ထားတယ်။ ရွှေဘုန်းဂါက ယုယုယဆီသွားပြီး ဝင်ရောတာပေါ့။ သူငယ်ချင်းမင်္ဂလာဆောင်ပွဲကိုတက်ဖို့ ဝတ်စုံအပ်ရင်းနဲ့ပေါ့။ ယုယုယက ရွှေဘုန်းဂါကို ရင်းနှီးသွားတော့ "ဂါက ရည်းစားများမယ့်ပုံပဲ"လို့ပြောတော့ "အခုမှ ရည်းစားထားဖို့ စိတ်ကူးနေတာ၊ ရည်းစားထားရင် ကောင်းမလားလို့၊ ဒါနဲ့ ယုယုယရော"လို့ မေးတယ်။ ယုယုယက "ဝေမျှခံစားပေးမယ့်သူဆိုရင်တော့ ချစ်မိမလားပဲ"တဲ့။ အင်း..... စကားလေးတွေကတော့ ချိတ်ကလေးတွေနဲ့ပါလားနော်။

ဒီလိုနဲ့ ရွှေဘုန်းဂါက ဒေါ်မိမိချိုကိုပေးထားတဲ့ကတိအတိုင်း ယုယုယကို ချစ်တဲ့အကြောင်းဖွင့်ပြော၊ ယုယုယက လက်ခံဆိုတော့ ချစ်သူတွေဖြစ်သွားကြတယ်။ ဆိုပါတော့ အဲဒီလိုပဲ နေဝန်းခကလည်း ပျို့ကဗျာကို ချစ်တဲ့အကြောင်း ဖွင့်ပြောဖြစ်တယ်။ ဒါပေမဲ့ ပျို့ကဗျာက နေဝန်းခကို မချစ်ဘူး။ သူ့ရင်ထဲမှာ ရှိနေတာက ရွှေဘုန်းဂါ။


ဇာတ်လမ်းရဲ့ ချိတ်ကလေးတစ်ခုက ဒီလို၊ တစ်နေ့ ပျို့ကဗျာ ကျူရှင်ကအပြန် ရွှေဘုန်းဂါက သူ့ကား မပါလာလို့ဆိုပြီး ပျို့ကဗျာနဲ့ ကားကြုံလိုက်ရင်း ပျို့ကဗျာ ကားပေါ်မှာ I.Pad ကျန်နေခဲ့တယ်။

www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့ နေဝန်းခက ပျို့ကဗျာကို Shopping Centre လိုက်ပို့တော့ ရွှေဘုန်းဂါနဲ့တွေ့တယ်။ ကားပေါ်မှာ I.Pad ကျန်ခဲ့တဲ့အကြောင်းပြောတော့ လာယူမယ်ဆိုပြီး ပြောသွားတယ်။ နေဝန်းခရင်ထဲမှာ ကျင်ခနဲခံစားလိုက်ရတယ်။ ရွှေဘုန်းဂါရဲ့ အတွေးမှာလည်း သူ့ချစ်သူများလားဆိုပြီး အတွေးပွားသွားခဲ့ရတယ်။



ရွှေဘုန်းဂါ ဆေးတက္ကသိုလ်နောက်ဆုံးနှစ်ပြီးလို့ ရန်ကုန်ဆေးရုံကြီးမှာ House ဆင်းနေရပြီ။ ရွှေဘုန်းဂါ ဆီကို ယုယုယရောက်လာပြီး လက်ထပ်ကြဖို့ကိစ္စပြောတာပေါ့။ ရွှေဘုန်းဂါ အကျပ်ရိုက်သွားတယ်။ ဒေါ်မိမိချိုအကူအညီတောင်းလို့သာချဉ်းကပ်ပေမယ့် တကယ်မချစ်သေးဘူး။ ဒီတော့ House ပြီးတဲ့အထိစောင့်ဖို့အချိန်ဆွဲလိုက်တယ်။

ပျို့ကဗျာကိုလည်း ဒေါ်မိမိချိုက နေဝန်းခနဲ့အတင်းတိုက်တွန်းနေတော့ စိတ်တွေမွန်းကျပ်ပြီး တစ်ယောက်တည်း လမ်းထွက်လျှောက်ရင်း ရွှေဘုန်းဂါကားနဲ့ဆုံတော့ ရွှေဘုန်းဂါကားနဲ့ လိုက်သွားပြီး ရယ်မောပျော်ရွှင်စရာ စကားတွေပြောရင်း အချိန်ကုန်သွားတယ်။




www.burmeseclassic.com

www.burmeseclassic.com



အပြန်မှာ ရွှေဘုန်းဂါက ကားနဲ့ပြန်ပို့မယ်ဆိုတော့ Taxi ကားခပဲ ချေးပြီး ပြန်တယ်။ အပြန်မှာ ရွှေဘုန်းဂါက လက်ဆောင်တစ်ခုပေးလိုက်တယ်။ အိမ်ပြန်ရောက်လို့ ဖွင့်ကြည့်တော့ မန္တလေးကြိုးကြိုးချိတ် ဝမ်းဆက်လေးဖြစ်နေတယ်။ နောက်နေ့ တက္ကစီကားခ အကြွေးသွားပြန်ဆပ်တော့ ပျို့ကဗျာ မတော်တဆ ခြေခေါက်သွားတာကို ရွှေဘုန်းဂါက လှမ်းအထိန်း ဖက်သလိုဖြစ်သွားတာကို ယုယုယက





မြင်သွားခဲ့တယ်။ ယုယုယက ပျို့ကဗျာကို ပြဿနာရှာတဲ့အပြင် ရွှေဘုန်းဂါကိုပါ သွားပြီးပြဿနာရှာတော့ တာပေါ့။ အဲဒီမှာတင် ရွှေဘုန်းဂါက အကွက်ဝင်သွားပြီး ယုယုယကို လမ်းခွဲမှာဖြစ်တဲ့အကြောင်း၊ ပျို့ကဗျာကို ချစ်ခွင့်ပန်မှာဖြစ်တဲ့အကြောင်း ပြောလိုက်တော့တယ်။

ဒေါ်မိမိချိုက ရွှေဘုန်းဂါကို တွန်းအားပေးပြန်တယ်။ ယုယုယကို လက်ထပ်ဖို့ပေါ့။ မထူးတော့ပါဘူးဆိုပြီး ရွှေဘုန်းဂါက သူ့မှာချစ်သူရှိကြောင်း၊ သူ့ချစ်သူဟာ ပျို့ကဗျာဖြစ်တဲ့အကြောင်းပြောတော့ ဒေါ်မိမိချိုက သဘောမတူပါဘူးတဲ့။ ဒီကြားထဲမှာ ဦးမြတ်ခက သမီးယုယုယကို သူ့မိတ်ဆွေသားနဲ့ ပေးစားဖို့ စီစဉ်နေကြောင်း၊ သူ့ မိတ်ဆွေရဲ့သားနာမည်က ရွှေဘုန်းဂါ ဖြစ်ကြောင်းပြောတော့ ယုယုယက သူ့ဘက်က ဖခင်ရဲ့ မဲတစ်ပြားတိုးလာခဲ့အတွက် ဝမ်းသာသွားခဲ့ရတယ်။ ဒါပေမဲ့ ဒီဝမ်းသာမှုက ကြာရှည်မခံပါဘူး။ တစ်ပတ်လောက်ကြာတော့ ဖခင်ဦးမြတ်ခက ပြောလာပြန်တယ်။ ယုယုယနဲ့ ရွှေဘုန်းဂါ

www.burmeseclassic.com

www.burmeseclassic.com



အစီအစဉ်ကို ဖျက်လိုက်ပြီတဲ့။ ဘာဖြစ်လို့လဲဆိုတော့ ရွှေဘုန်းဂါက ပြောလိုက်တယ်တဲ့။ သူ့မှာချစ်သူရှိနေတဲ့အကြောင်း၊ သူ့ချစ်သူနာမည်က ဖျို့ကဗျာဖြစ်ကြောင်းပေါ့။ ဒီမှာတင် ယုယုယ ပေါက်ကွဲတော့တာပဲ။ သူ အမြဲတမ်း ဖျို့ကဗျာကို ရှုံးနေခဲ့ရတာ၊ အခုလည်း ရှုံးရပြန်ပြီလားဆိုပြီးတော့ ဒေါသတွေဖြစ်နေတဲ့အချိန်မှာ ဖျို့ကဗျာ ရောက်လာတော့ ဖျို့ကဗျာကို ပါးရိုက်လိုက်တာပေါ့။ ဖျို့ကဗျာကလည်း သည်းမခံဘဲ ယုယုယကို ပါးပြန်ရိုက်တော့ သမီးနှစ်ယောက်ကြားမှာ ဗျာများပြီး ဦးမြတ်ခ နှလုံးရောဂါအခံကြောင့် မူးလဲသွားပါတော့တယ်။

ဆရာဝန်ပင့်ပြီး ပြုစုကုသမှုကြောင့် ဦးမြတ်ခ သတိပြန်ရလာတော့ ဘေးနားမှာ လူစုံရှိနေတာနဲ့ ယုယုယကို ပင်တိုင်ထားပြီး ဦးမြတ်ခ စကားတွေပြောပါတော့တယ်။ ဒေါ်မိမိချိုနဲ့ ငယ်ချစ်တွေဖြစ်ပြီး နှစ်ဖက်အိမ်ထောင်တွေ မရှိတော့တဲ့အချိန်မှာ ပြန်လက်တွဲခဲ့ကြတာဖြစ်လို့ နားလည်ပေးဖို့၊ သမီးယုယုယ၊ တူ နေဝန်းခ၊ မိရဲ့သမီး ဖျို့ကဗျာတို့ဟာ တစ်အိမ်တည်းမှာ လာဆုံတာ ရေစက်တွေကြောင့်ဖြစ်တဲ့အကြောင်း၊ အားလုံးကို သားရင်း၊ သမီးရင်းတွေလိုပဲ ချစ်ခဲ့ရတဲ့အကြောင်း၊ အခုကိစ္စကိုလည်း မေတ္တာတရားကို အခြေခံပြီး အကောင်းဆုံးပုံဖော်ဆုံးဖြတ်ကြဖို့၊ အမေ့ကိုချစ်ရင် အမေ့ရဲ့ဆန္ဒကို ဝိုင်းဝန်းအကောင်အထည်ဖော်ပေးကြဖို့ တောင်းဆိုတဲ့အခါ ဦးမြတ်ခရဲ့ မေတ္တာတရားကို သိသွားကြတဲ့ မောင်နှမတစ်တွေ ကတိပေးလိုက်ကြတယ်။

ဖျို့ကဗျာက နိုင်ငံခြားပညာတော်သင်သွားခွင့်ရလို့ သုံးနှစ်ကြာအောင် အမေရိကားမှာ သွားနေရမှာဖြစ်တော့ သုံးနှစ်ပြည့်လို့ မြန်မာပြည်ပြန်ရောက်တဲ့အခါ ဘယ်လိုအဖြစ်အပျက်တွေနဲ့ ရင်ဆိုင်ရမလဲဆိုတာ ဒီဇာတ်လမ်းရဲ့ ဇာတ်သိမ်းပိုင်းပါ။ စောင့်ကြည့်ကြပါဦးစို့နော်။

ဒီဇာတ်ကားကို အသစ်စက်စက် အကယ်ဒမီဒါရိုက်တာ ကိုဇော်(အရုဏ်ဦး)က ခံစားရိုက်ကူးထားပြီး အောင်သီရိဗီဒီယိုက ထုတ်လုပ်ဖြန့်ချိမှာဖြစ်တဲ့အကြောင်း မိတ်ဆက်တင်ပြလိုက်ပါတယ်။

ဦးဝင်းမြင့် (သရုပ်ဆောင်)






www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com



သည်နေ့ ဒေါ်သန်းသန်းနိုင် တစ်ယောက် မုဆိုးမဘဝရောက်ခဲ့တာ ငါးနှစ်တင်းတင်းပင် ပြည့်ခဲ့ပြီ။ သွားလေသူအတွက် ရည်စူး၍ မုန့်ဟင်းခါးဆွမ်းချက်၍ သံဃာငါးပါးကို ဆွမ်းကပ်ပြီး သင်္ကန်းငါးစုံ လှူဒါန်းလိုက်သည်။

အလှူကိစ္စပြီးတော့ ပန်းကန်ဆေး သန့်ရှင်းရေးလုပ်ပြီး ဘုရားစင်ရှေ့က သင်ဖြူးဖျာလေးပေါ်ခဏ လှဲရင်း အမောဖြေနေမိသည်။ ပြီးလျှင် သမီးလေးနှစ်ယောက်ကို ကျူရှင်ကျောင်း သွားကြိုရဦးမည်။

ကိုယ်နေသော တိုက်ခန်းလေးက ကန်ထရိုက်တိုက်၏ ခြောက်လွှာမှာဆိုတော့ ဆင်းရတက်ရ ပင်ပန်းလှသည်။

ဒါပေမဲ့လည်း မတတ်နိုင်။ တက်ရ၊ ဆင်းရမည်။ ကိုယ့်မှာရှိသောငွေက သည်ခြောက်လွှာမှာ ငှားနေရတာတောင် အနိုင်နိုင်။ ဒါတောင် အိမ်အရောင်းအငှား ပွဲစားလုပ်နေ၍သာ။ စားရေးသောက်ရေးက တစ်ဖက်ရှိသေးသည်။ ကလေးလေးယောက် ကျောင်းစရိတ်၊ ရေဖိုး၊ မီးဖိုးကအစ တစ်လတစ်လ လုံလောက်အောင် သွားနေရသည်။ ကိုယ်ပိုင်တိုက်ခန်းလေးဝယ်နိုင်အောင် ရွှေတိုရွှေစလေးတွေ ဝယ်စု၊ ရပ်ကွက်ထဲ စုကြေးလေးတွေစုထားတဲ့ ကိစ္စကလည်း ရှိသေးသည်။ သည်လိုမှမလုပ်လျှင်လည်း တစ်နှစ်တစ်နှစ် တိုက်ခန်းနှစ်ချုပ်ငှားခက မနည်း။ လူကနားနေပေမယ့် စိတ်က မနား။

ဒေါ်သန်းသန်းနိုင်က နဖူးပေါ်လက်တင်ရင်း အိမ်မျက်နှာကြက်ကို ငေးကြည့်လျက် အတွေးပိုနေမိသည်။ ဟင်းခနဲနေအောင် သက်ပြင်းရှည်ကြီးတစ်ချက်အချမှာ ပါးပေါ်မှာ မျက်ရည်တွေ ပိုးပိုးပေါက်ပေါက် ကျလာသည်။ ဘယ်လောက်ပဲ ခွန်အားနှင့်ရှုန်းနေပါစေ မိန်းမသားပီပီ တစ်ခါတစ်ခါ သည်လိုပဲ ဝမ်းနည်းတတ်သည်။

"ဒေါက်.....ဒေါက်...ဒေါက် မေမေရေ"

တံခါးခေါက်သံနှင့်အတူ သမီးလေးနှစ်ယောက်အသံကို ကြားရသည်။ စောစောကအတွေးတို့ ဘယ်ကိုလွင့်စဉ်ကုန်သည်မသိ။ ပါးနှစ်ဖက်မှ မျက်ရည်စများကို လက်နှစ်ဖက်ဖြင့် ပွတ်လိုက်ရင်း ကပျာ ကယာ တံခါးသွားဖွင့်ရသည်။

"မေမေရေ ဒီနေ့ ကျူရှင်မှာ ဆရာမလာလို့ သမီးတို့ပြန်လာတာ၊ ဗိုက်ဆာတယ် မေမေ၊ မုန့်ဟင်းခါး ကျန်သေးလား"

"သမီးကတော့ ထမင်းပဲစားမယ်"

ညီအစ်မနှစ်ယောက် တစ်ယောက်တစ်ပေါက်ပြောရင်း မီးဖိုချောင်ထဲ တန်းဝင်သွားကြသည်။

♠ ♠ ♠

သည်နေ့ အိမ်ဝယ်မည့်သူကို အခန်းလိုက်ပြရတာ ခြေထောက်တွေပင် တောင့်တင်းကိုက်ခဲနေသည်။ အလုပ်တော့မဖြစ်ခဲ့ပေမယ့် သူတို့ကြိုက်တဲ့အခန်းတွေ့ထားသည့်အတွက် မနက်ဖြန်တော့ အဆင်ပြေလောက်သည်။ မနက်က အလှူအတွက် လက်ထဲရှိတာလေးနှင့် ဖျစ်ညှစ်လုပ်ခဲ့ရသောကြောင့် လက်ထဲမှာ ငွေလေးငါးထောင်နှင့် စုကြေးသုံးထောင်ပေးပြီး သမီးတွေမှာလိုက်သော ကြက်သားလေးနှစ်ဆယ်သားနှင့် အာလူးဝယ်ခဲ့သည်။ မနက်ဖြန်အတွက်တော့ လက်ထဲမှာ ငွေတစ်ထောင်။ ကြက်သားကိုတော့ အာလူးနှင့် ရောချက်ခဲ့သည်။

"အမေ ထမင်းစားမယ်"

ကြက်သားဟင်းနံ့ရတာနှင့် ကလေး လေးယောက်လုံး ဗိုက်[illegible] ကုန်သည်ထင့်။ [illegible] ယောက်အတွက် [illegible]

www.burmeseclassic.com

www.burmeseclassic.com



ကန်ထည့်ပြီး ကြက်သားတစ်တုံးစီနှင့် အာလူး ခွဲတမ်းထည့်ပေးလိုက်သည်။

ပြီးတော့ မနက်က မုန့်ဟင်းခါးဟင်းရည်ကို အရည်သောက်ချပေးလိုက်သည်။ ကြက်သားက နှစ်ဆယ်သားကို ရှစ်တုံးပဲရသည်မို့ မနက်အတွက် လေးတုံးချန်ထားလိုက်သည်။ ကိုယ်ကတော့ အာလူးအနှစ်လေးနှင့်ဖြစ်သည်။ ထမင်းပွဲမှာ အသင့်ပြင်ပြီး လှမ်းခေါ်လိုက်သည်။

"ကဲ.....ကဲ သားတို့သမီးတို့ လာကြ.....လာကြ၊ စားလို့ရပြီ"

ကလေးလေးယောက်စလုံး မီးဖိုခန်းက ထမင်းစားပွဲဆီ ကဆုန်ပေါက်ပြေးဝင်လာပြီး လက်ဆေးကာ အားရပါးရစားနေပုံက မိခင်၏ရင်ကို ပီတိဖြစ်စေခဲ့သည်။ ထမင်းစားနေသော သားသမီးလေးတွေကိုကြည့်ပြီး ဒေါ်သန်းသန်းနိုင် ပြုံးမိသည်။

♠ ♠ ♠

"သန်းသန်းနိုင် ညည်းနောက်အိမ်ထောင်မပြုဘူးလား၊ အရွယ်လေးရှိတုန်းအေ၊ အားကိုးအားထားရအောင် ယူသင့်တယ်၊ ပန်းထိမ်မောင်ဝင်းက လူပျိုကြီးနော်၊ ညည်းစဉ်းစား၊ ဒီကလေး လေးယောက်နဲ့ ရေရှည် ညည်းမလွယ်ဘူးအေ့၊ ဟိုက ညည်းကို သနားချစ်အေ့၊ တကယ်ဆို သူ့အနေအထားနဲ့ အပျိုတွေမှ တစ်ပုံကြီး"

"မဖြစ်ပါဘူး မလုံးရယ်"

ဒေါ်သန်းသန်းနိုင်က ခေါင်းကိုတွင်တွင်ယမ်းရင်း ပြောလိုက်သည်။

"ညည်းကိုပြောလိုက်ရင် ဒီစကားပဲ ကြားရတယ်"

ဒေါ်လုံးက ငေါ့တော့တော့ဆိုပြန်၏။

"မလုံး၊ ကျွန်မ ဒီနေ့ရတဲ့ ပွဲခထဲက ဘုရားပွဲလေးထိုးချင်လို့ အုန်းပွဲငှက်ပျောပွဲ သွားဝယ်ရအောင်"

ဒေါ်သန်းသန်းနိုင်ကတော့ သူပြောချင်တာ ဆက်ပြောနေသည်။

"ကောင်မ ငါ့ကိုစကားလွှဲနေပြီ"



ဒေါ်လုံးက နှုတ်ခမ်းတစ်ချက်မဲ့ရင်းဆိုသည်။

"မဟုတ်ပါဘူး မလုံးရယ်၊ ကျွန်မ လုပ်နေကျပဲဟာ"

"ငါက ညည်းကို စေတနာအကြံပေးတာပါအေ"

ဒေါ်လုံးအပြောကို ဒေါ်သန်းသန်းနိုင်က ခေါင်းကိုအသာအယမ်းလျက် သက်ပြင်းတစ်ချက်လိုက်ပြန်သည်။

"ဩော်.....မလုံးရယ်၊ ကျွန်မှာ ရှေ့နှစ်ဆို သမီးလေးနှစ်ယောက အရွယ်ရောက်တော့မှာ၊ ပထနဲ့ ဘယ်သင့်တော်ပါ့မလဲ၊ အခုကျွန်မဝင်ငွေနဲ့ ချွေချွေတာတာဆောင်းခဲ့လို့ ရွှေတိုရွှေစလေးလည်စုနိုင်နေပြီ၊ နောက်နှစ်ဆို တိုဟောင်းက အခန်းလေးတစ်ခန်တော့ အပိုင်ဝယ်မယ်စိတ်ကူးထာတယ်၊ အခု စုကြေးလေးတွေစောနေတာ၊ ကျွန်မ ရှန်းနိုင်ပါတယမလုံးရယ်"

ဒေါ်သန်းသန်းနိုင်က လမ်လျှောက်နေရာမှ ရုတ်တရက် ခြေစုံရပ်ကာ တွေတွေငေးငေးလေးပြောနေပြန်သည်။

"အေးပါအေ၊ ညည်းအဆင်ပြေရင် ပြီးတာပါပဲ၊ ညည်းလိုမိန်းမကတော့ ရှားပါတယ်"

ဒေါ်လုံးက ပြောနေလည်းမထူးဆိုသောလေသံဖြင့်၊ ထိုအခါဒေါ်သန်းသန်းနိုင်က သူပြောချင်သောစကားကို ဆက်လိုက်သည်။

"ကျွန်မအတွက်လည်း ဖေချောင်ကောင်းတဲ့အခန်းလေး ကူရှ

www.burmeseclassic.com



သေးနော် မလုံး၊ စုထားတဲ့ ရွှေအတို အစလေးတွေနဲ့ စုကြေးလေးတွေ ဆိုင်းရင် ခြောက်လှ္ဗာလောက်တော့ နိုင်ပါတယ်၊ တစ်နှစ်တစ်နှစ် ငှားခ တွေ နှမြောတယ် မလုံးရယ်၊ သမီး လေးတွေကိုလည်း အခန်းပိုင်နဲ့ထား ချင်တယ်၊ ငွေလိုရင်လည်း မလုံး ကျွန်မကို နည်းနည်းပါးပါးချေးပေး ဦး''

''အေးပါတော်.....အေးပါ''

♠ ♠ ♠

သမီးအကြီးက စစ်တပ်က ဗိုလ်ကြီးတစ်ယောက်နှင့် အိမ်ထောင်ကျပြီးနောက် ခင်ပွန်းတာဝန်ကျရာအေသသို့ လိုက်သွားရသည်။ သားလေးနှစ်ယောက်က မလေးရှားနိုင်ငံမှာ အလုပ်သွားလုပ်ကြသည်။ အခုတော့ ဒေါ်သန်းသန်းနိုင်တစ်ယောက် သမီးအငယ်နှင့် လွန်ခဲ့သော ဆယ်နှစ်ကျော်ခန့်က ဝယ်ခဲ့သော တိုက်ခန်းလေးမှာပင်...



သမီးအကြီးက စစ်တပ်က ဗိုလ်ကြီးတစ်ယောက်နှင့်အိမ်ထောင် ကျပြီးနောက် ခင်ပွန်းတာဝန်ကျရာ ဒေသသို့ လိုက်သွားရသည်။ သား လေးနှစ်ယောက်က မလေးရှားနိုင်ငံ မှာ အလုပ်သွားလုပ်ကြသည်။ အခု တော့ဒေါ်သန်းသန်းနိုင်တစ်ယောက် သမီးအငယ်နှင့် လွန်ခဲ့သော ဆယ် နှစ်ကျော်ခန့်က ဝယ်ခဲ့သော တိုက် ခန်းလေးမှာပင် အတူတူနေသည်။

အသက်ကလည်း ရလာသလို အိမ်အရောင်းအဝယ်၊ အငှားကိစ္စ တွေအတွက် အရင်လို သိပ်မသွား သာနိုင်တော့ပေ။ တစ်ခါတစ်ရံတော့ ကိုယ့်မိတ်ဟောင်းဆွေဟောင်းတွေ ကြောင့် ပွဲခဝေစုလေးရတတ်သည်။ ဒါကလည်း ဟုတ်တိပတ်တိမဟုတ်။ ယောင်ဂဏာန်း၊ သောင်းဂဏာန်းမျှ သာ။ အသက်ကလည်း ငါးဆယ် ကျော်၊ ခြောက်ဆယ်နား နီးခဲ့ပြီ။ ကိုယ်ပိုင်ဝင်ငွေလည်း သိပ်မရှိတော့။ သမီးအငယ်က ကိုးရီးယားကုမ္ပဏီ တစ်ခုမှာ မန်နေဂျာရာထူးဆိုတော့ သားသမီးတွေအတွက်တော့ ဒေါ် သန်းသန်းနိုင် မပူပင်ရတော့ပေ။

''အမေ အမေ့သမီးအကြီးက အိမ်ကိုလုံးဝပြန်မကြည့်ဘူးနော်၊ ဗိုလ်ကတော်ဖြစ်သွားလို့ ဘဝမေ့ သွားပြီထင်တယ်''

သမီးအငယ်က ဘာစိတ်ကူး ပေါက်သည်မသိ။ ကွန်ပျူတာနှိပ်နေ ရင်းမှ မိခင်ဖြစ်သူကို လှည့်မကြည့် ဘဲဆိုသည်။

''ဩော်.....သမီးရယ်၊ သူ့မှာ လည်း တစ်နယ်တစ်ကျေးမှာ ဘယ် လိုအခက်အခဲရှိမှန်းမှ မသိတာ''

ညီအစ်မချင်း စိတ်ဝမ်းမကွဲစေ ရန် မိခင်က ဖျောင်းဖျပြောသော စကားကို သမီးငယ်က မကျေနပ် သေး။

''အမေ့သားတွေလည်း ဖောင်း ထဲကလွှတ်လိုက်တဲ့ မြင်းတွေလိုပဲ၊ လုံးဝမသိတတ်ဘူး''

သမီးငယ်က မကျေမနပ်လေ သံဖြင့် ဆိုပြန်သည်။

ဒေါ်သန်းသန်းနိုင်ကလည်း ဖျောင်းဖျဆဲ။

''သမီးရယ် နိုင်ငံရပ်ခြားမှာ ရုန်းကန်နေရတာ''

''အဲဒါက အရေးမကြီးဘူး။ သမီးလစာက တစ်လတစ်လလျှော့ တယ်၊ မနက်ဖြန် မီတာခ ပေးဦး မယ်၊ ရေခွန်လည်း ဆောင်ရဦးမယ်''

သမီးအငယ်က ကလေးဆန် စွာဖြင့်ပြောလာသောစကားအဆုံး မိခင်တစ်ယောက်အနေဖြင့် မနေ သာတော့။

www.burmeseclassic.com

www.burmeseclassic.com



"အမေ့မှာနစ်သောင်းရှိတယ်"

ဒေါ်သန်းသန်းနိုင်က အလိုက်သိစွာ ပြောလိုက်သည်။

"ရပါတယ်၊ အဲဒါ အမေ့ဘာသာ ဆေးဝယ်သောက်ပေါ့"

ညည်းညည်းညူညူပြောလိုက်သောသမီးအငယ်ကြောင့် ဒေါ်သန်းသန်းနိုင် ရင်ထဲနင့်သွားရသည်။ တစ်အိမ်လုံးမှာရှိတာမှ သားအမိနှစ်ယောက်တည်း။ ကုန်ကျစရိတ်ကို ညည်းညူနေတော့ ဒေါ်သန်းသန်းနိုင် အနေခက်ရသည်။

မနက်က လက်ဖက်ရည်တစ်ခွက် ဖျော်သောက်ထားပြီး ဘာမှမစားရသေး။ ဗိုက်ကဆာလာသည်။ လျှော်ထားသော သမီးငယ်၏အဝတ်နှင့် ကိုယ့်အဝတ်များကို အမြန်လှန်းကာ ထမင်းထည့်ပြီး ချက်ထားသောကြက်သားဟင်းအိုးကို လှန်လိုက်သည်။ ဘာမှမတွေ့တော့။

"သမီးရေ ကြက်သားတွေ အိုးထဲက သမီးလှယ်လိုက်သေးလား"

ဒေါ်သန်းသန်းနိုင်၏အမေးကို ကြားသော သမီးအငယ်က မီးဖိုခန်းထဲသို့ ဝင်လာသည်။

"ဟုတ်တယ်"

စကားကို ပြတ်တောင်းစွာပြောပြီး ကြောင်အိမ်ထဲမှ အထပ်ထပ်ဝှက်ထားသော စတီးလ်ချိုင့်ကို ယူလိုက်ပြီး ဒေါ်သန်းသန်းနိုင်ပန်းကန်ထဲသို့ ကြက်သားဟင်းတစ်တုံးကို ထည့်လိုက်သည်။

"သမီး ဟို.....အသည်းလေးများ မကျန်ဘူးလား"

ဒေါ်သန်းသန်းနိုင်က ဟင်းခွက်လေးကို မျက်ခုံးလေးပင့်လျက် လှမ်းကြည့်ရင်း ပြောလိုက်သည်။

"ကျွန်မတို့ငယ်ငယ်တုန်းက အမေလည်း ကျွန်မတို့ကို ကြက်သားတစ်ဖတ်ပဲ ထည့်ကျွေးခဲ့တာပဲ"

သမီးအငယ်၏ ထိုစကားကြောင့် ဒေါ်သန်းသန်းနိုင် ဆွံ့အသလို ဖြစ်သွားရသည်။ သမီးငယ်ကတော့ ပြောပြီး ဟင်းချိုင့်ကို ကြောင်အိမ်ထဲထည့်ကာ အိမ်ရှေ့ခန်းသို့ထွက်သွားပြီး တီဗွီသွား ကြည့်နေသည်။

ကြားလိုက်ရသောစကားက မထင်မှတ်ထားသောစကား။ ထမင်းပန်းကန်ကို တွေတွေကြီးငေးစိုက်ကြည့်နေရင်းက ဒေါ်သန်းသန်းနိုင်၏ မျက်ဝန်းမှာ မျက်ရည်တွေပြည့်လျှံလာသည်။

ပြီးတော့ မျက်ရည်တွေက ထမင်းပန်းကန်ပေါ် တပေါက်ပေါက်။ ဒါပေမဲ့ ဒေါ်သန်းသန်းနိုင် ခပ်ယဲ့ယဲ့ တစ်ချက်ပြုံးလိုက်ပြီး ထမင်းကို တစ်လုတ်ချင်း ဖြည်းညင်းစွာစားလိုက်သည်။

ထမင်းစားခန်းထဲမှာ တိတ်ဆိတ်ခြောက်ကပ်လျက်။ ဒေါ်သန်းသန်းနိုင်၏ ရှိုက်သံမျှပင်ထွက်မလာ။

♠ ♠ ♠

"သန်းသန်းနိုင် ညည်းနှယ်အေ ဒီလောက်နေပြင်းတာ ထီးတစ်ချောင်းနဲ့ အိမ်လိုက်ပြရတယ်လို့ ညည်းအသက်အရွယ်လည်း ညည်း

သတိထားပါဦးအေ၊ ဒီလောက် သား သမီးတွေ လစာကောင်းနေတာ တောင် လောဘတက်နေသေးတယ် ကျုပ်တို့ဆို အေးအေးဆေးဆေး လက်ဆေးစားရုံပဲ၊ ကိုယ် အဲဒီလို တော့ သားသမီးတွေကတော် ကုသိုလ်ရတယ်ဆိုပြီး ကျေးဇူးတ ဦးမှာ"

ပြောရင်း ဒေါ်လုံးက ဒေါ်သ သန်းနိုင်ကို ယပ်ခတ်ပေးနေသည် ပြီးတော့ ဆံစတွေကို သပ်ပေးရင် ဖြင့်.....

"ကြည့်ပါဦး၊ ဆံစပ်တွေမှာ ချွေးသီးတွေချည်းပဲ"

ပြောလည်းပြော တစ်ရှူးစက္က တွေနှင့် ချွေးတွေကိုလည်း သုတ် ပေးနေပြန်သည်။

"ညည်း မူးလဲတယ်အသံ ကြားတာနဲ့ ဆိုက်ကားဆရာ ချောင်းကို ငါ့အိမ်က မြေနဲ့လွှတ်ပြ ညည်းကို ခေါ်လာခိုင်းတာ၊ တော သေးတာပေါ့အေ ကိုယ့်ရပ်ကွက်ထဲ မို့သာ"

ဒေါ်လုံးပြောသမျှနားထော ရင်း ဒေါ်သန်းသန်းနိုင်အသက်ကို ဖြည်းဖြည်းချင်း ရှူသွင်းလိုက်သည် ပြီးမှ အပြုံးတစ်ဝက်လေသံအေ အေးဖြင့် စကားကို တစ်လုံးချင် ပြောလိုက်သည်။

"ပွဲစားလုပ်တဲ့ ဝါသနာ မကုန်သေးလို့ပါ မလုံးရယ်"

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com



“စီးပွားရေးက ပန်းပုထုသလို မလိုတာတွေကိုလည်း ဖဲ့ထုတ်ပစ်ရတာပဲ၊ လိုအပ်တာ ဖဲ့ထုတ်မိလျက်သားဖြစ်သွားရင်လည်း ခံပေဦးတော့ပဲ၊ သမ္မာအာဇီဝလုပ်ငန်းဆိုရင် အကုန်သာလုပ်၊ မရောင်းကောင်းတဲ့ကုန်ဆိုလို့ ငါးမျိုးပဲရှိတယ်”

ဦးသိန်းက မန္တလေးဘူတာ လက်ဖက်ရည်ဆိုင်မှ ပြောလက်စ စကားကို ရထားပေါ်ရောက်သည်အထိ မပြီးနိုင်မစီးနိုင် ဆက်ပြောနေသည်။

သူ့အသံက ရန်ကုန်–မန္တလေး အမြန်ရထား၏ ခုတ်မောင်းသံကို ဖောက်ထွင်းနေသည်။ သူပြောသည့် စကားက ဆန်းနေသဖြင့် ကျွန်တော်က အံ့သြစွာဖြင့်.....

“အလို...ဘာတွေလဲဗျ၊ အဲဒီ ငါးမျိုးက”

“လက်နက်ရောင်းတာရယ်၊ ဆင်၊ မြင်း၊ လူစတဲ့ အစေခံသတ္တဝါ အပေါင်းကို ရောင်းတာရယ်၊ ဝက်၊ သမင်စတဲ့ အသားစားကြောင်း သတ္တဝါအပေါင်းကို ရောင်းတာရယ်၊ အရက်ရောင်းတာရယ်၊ အဆိပ်ရောင်းတာရယ်”

ဦးသိန်းက စနစ်တကျ လက်ချိုးပြီးကို ပြောပြသည်။ ကျွန်တော်က အထောက်အထားမဲ့ ပြောသည်ထင်၍.....

“ဘယ်သူကပြောတာလဲ ဦးသိန်း”

“ကျုပ်ကထင်တာတွေလျှောက်ပြောနေတယ်ထင်လို့လား၊ ကိုယ့်လူ စာလည်းမဖတ်ဘူးထင်တယ်”

“ဟုတ်ပါပြီ၊ ခင်ဗျားပြောတာက ၊ ိ ေ တ ါ . မဖတ်မိဘူးလို့ထင်တယ်ဗျ”

“ဥပါသကဂုဏပကာသနီကျမ်းက ပြောထားတယ်၊ လူတိုင်းသိတဲ့ စကားပါဗျာ”

“ကျွန်တော် တကယ်မသိတာပါဗျာ၊ ကျွန်တော်တို့လုပ်တဲ့ စီးပွားရေးလုပ်ငန်းတွေက ဦးသိန်းပြောတဲ့ ကျမ်းက ပြောထားတဲ့ပစ္စည်းတွေမပါလို့ တော်သေးရဲ့၊ ဒါပေမဲ့ အခြားနိုင်ငံတွေမှာ လက်နက်ရောင်းတာတို့၊ လက်နက်မှောင်ခိုရှိတာတို့ တွေ့ရတယ်ဗျ၊ အသားစားကြောင်း သတ္တဝါတွေ၊ အရက်တွေ၊ အဆိပ်တွေ ရောင်းတာက ထားပါဦးဗျာ၊ လူရောင်းတယ်ဆိုတာ ဘယ်လိုလဲဗျ”

“လူကုန်ကူးတာလေဗျာ”

ရထားကမြို့ဟောင်းကျော်လာ သည်။ ရထားသံလမ်းတံခါး ပိတ် ထားသဖြင့်ဖြတ်သန်းရန်စောင့်ဆိုင်း နေကြသည့် ယာဉ်များ၊ လူများကို တွေ့ရသည်။ ခုတ်မောင်းသံက ခပ် ပြင်းပြင်း၊ ထိုခပ်ပြင်းပြင်းရထားသံ ကိုပင် ဦးသိန်း၏အသံက အောင် မြင်စွာ ကျော်လွှားဖောက်ထွက်နိုင် လေသည်။

§ § §

“ဦးသိန်း ကျုပ်ကိုစိတ်တော့ မပျက်နဲ့ဗျ၊ ကလေးတစ်ယောက်နဲ့ တွေ့တယ်လို့ သဘောထားပြီး ရှ ပေးပါဦး၊ လူကုန်ကူးတယ်ဆိုတာ ဘာလဲဗျ”

ကျွန်တော်က တောင်းတောင် ပန်ပန်နှင့် ပြောသည့်တိုင် ဦးသိန် က ကျွန်တော့်ကို ပြုံးကြည့်သည် သည်လောက်လေးတောင် မသိ ကောင်းလားဆိုသည့် အမူအရာမျ ဖြစ်သည်။

လူကုန်ကူးတယ်ဆိုတာကဗျ လူတစ်ယောက်က လူတစ်ယောက် ကို သိမ်းသွင်းတာ၊ သယ်ယူပို့ ဆောင်ပေးတာ၊ လွှဲပြောင်းရောင်း တာ၊ ဝယ်ယူတာ၊ ငှားရမ်းတာ၊ ငှ ယူတာ၊ ခိုလှုံခွင့်ပေးတာ၊ လက် ဘာတွေပါတာပေါ့ဗျာ”

“ဦးသိန်းကတော့ဗျာ ဒိုး ဒေါက်ခနဲကိုနေတာပဲ၊ သူတို့ဘာ ဖြစ်လို့ အဲဒီလိုလုပ်တာလဲ၊ သဘော က ငွေရဖို့လား၊ ရည်ရွယ်ချက် မေးတာပါ”

www.burmeseclassic.com

www.burmeseclassic.com



"သူတို့ရည်ရွယ်ချက်ကတော့ အခြားဟုတ်ရိုးလားဗျ၊ ခေါင်းပုံဖြတ်ဖို့ ရည်ရွယ်ချက်နဲ့ ပြုလုပ်တာပေါ့"

"တော်တော်ဆိုးတဲ့လူတွေပဲ"

ဦးသိန်းက ရထားပြတင်းမှ ကျောက်ဆည်မြို့ဝန်းကျင်မှ တောင်တန်းပြာပြာများကိုကြည့်ရင်း ဆက်ပြောသည်။

"အဲဒီမှာ ဘာဖြစ်လဲဆိုတော့ ခိုးမိးခြောက်တာတွေလည်း ပါလာမယ်၊ အင်အားသုံးတာနဲ့ အခြားနည်းလမ်းတစ်ခုခုနဲ့ အနိုင့်အထက်ပြုတာတွေလည်း ပါလာမယ်၊ သွေးဆောင်ခေါ်ယူတာ၊ လိမ်လည်လှည့်ဖြားတာတွေလည်း ပါတယ်ဗျ"

"အင်း.....ဆိုစမ်းပါဦး"

"အဓိကအချက်က ဘဝရပ်တည်ဖို့ ခက်ခဲတဲ့အခြေအနေကို အလွဲသုံးစားပြုတာများတယ်ဗျ၊ ပြီးတော့ ငွေကြေး၊ ဒါမှမဟုတ် အကျိုးအမြတ်ကို ပေးတာမျိုးပေါ့ဗျာ"

"ကျုပ်ကတော့ ငွေဘယ်လောက်ရရ ဒီအလုပ်ရယ်၊ ဘုရားရှုတ်ချတဲ့အလုပ်ရယ်ကိုတော့ လုပ်စားဘူးဗျာ"

"----"

"နေပါဦးဗျ၊ နားမရှင်းလို့ ခင်ဗျားပြောတဲ့အထဲမှာပါတယ်၊ ဘာတဲ့ ခေါင်းပုံဖြတ်တယ်ဆိုတာလေ"

"ဒါကလည်း ရှင်းပါတယ် ကိုယ့်လူရာ"

ဦးသိန်းက လက်ကနာရီကို အမှတ်တမဲ့ကြည့်လိုက်ရင်း.....

"ခေါင်းပုံဖြတ်တယ်ဆိုတာ လူတစ်ယောက်က လူတစ်ယောက်ကို ပြည့်တန်ဆာလုပ်ဖို့ အဓမ္မအလုပ်ခိုင်းစေဖို့၊ နောက်ပြီးတော့ ကျွန်ပြုတာ၊ ကျွန်လိုခိုင်းတာပေါ့ဗျာ"

"----"

"ကြွေးမြီနဲ့ နှောင်ဖွဲ့ပြီး ခိုင်းတာလည်း ရှိတယ်ဗျ"

"ပေးစရာရှိရင်လည်း ပေးလိုက်ရောပေါ့"

ကျွန်တော်က နားထောင်ရင်း မခံမရပ်ဖြစ်လာသဖြင့် ဖြတ်ပြောလိုက်သည်။ ခပ်လှမ်းလှမ်းကောင်းကင်ပြင်တွင် လျှပ်စစ်မီးရောင်များ ထိန်လင်းနေသည်ကို တွေ့ရသည်။ မကြာမီ သာစည်သို့ ဆိုက်ရောက်တော့မည်ဖြစ်သည်။ သာစည်မြို့ရှိ လျှပ်စစ်ဓာတ်အားထိန်းဖြန့်စက်ရုံကြီးမှ လျှပ်စစ်မီးအလင်းရောင်များ ဖြစ်သည်။

ဒ ဒ ဒ

"ဒီ့ထက်ဆိုးတာတောင်ရှိသေးတယ်၊ ခန္ဓာကိုယ်ရဲ့ အစိတ်အပိုင်းကို ထုတ်ယူဖယ်ရှား ရောင်းချတာ ရှိသေးတယ်"

"ကြက်သီးထစရာပါလား၊ လူကိုလူလို့မှ မြင်ကြရဲ့လားမသိပါဘူး"

ဦးသိန်းက အိတ်ထဲက ဆေးပြားတစ်ပြားထုတ်ကာ ရေနှင့် သောက်လိုက်ပြီး စကားဆုပ်စွာဖြင့် ဆက်ပြောသည်။

"ရည်ရွယ်ချက်ကတော့ ငွေကြေးအကျိုးအမြတ် တစ်စုံတစ်ရာအတွက်ပေါ့ဗျာ"

"ဒီလိုလုပ်မှ စားရမယ်ဆိုရင်



အငတ်ခံ၊ အသေခံလိုက်မယ်ဗျာ"

"----"

"ဦးသိန်းပြောတဲ့ ပြည့်တန်ဆာကိစ္စက ကိုယ်ကိုယ်တိုင် လုပ်ချင်လို့ လုပ်တာမဟုတ်လား"

"ကိုယ့်လူပြောသလို ကိုယ်တိုင်လုပ်ချင်လို့လုပ်တာလည်း ရှိကောင်းရှိမလားတော့မသိဘူး၊ အခုဟာက ပြည့်တန်ဆာပြုတာဗျ"

"ပြည့်တန်ဆာပြုတယ်ဆိုတာကရော....."

"ပြည့်တန်ဆာပြုခြင်းဆိုတာကတော့ ငွေကြေးနဲ့ အဖိုးစားနားတစ်ခုအတွက် ကာမစပ်ယှက်ဖို့၊ ကာမရာဂစိတ်ဖြစ်ပေါ်ဖို့ လူတစ်ယောက်ကို လူတစ်ယောက်က ပြုလုပ်တာ၊ အသုံးပြုတာ၊ ဆက်ဆံတာပေါ့ဗျာ၊ ဥပမာ ညစ်ညမ်းတွေပြပြီး သိမ်းသွင်းစည်းရုံးတာလည်း

www.burmeseclassic.com

www.burmeseclassic.com



ရှိတယ်၊ တကယ်ပါဗျာ၊ ယုတ်မာပက်စက်တဲ့လူတွေဗျ၊ သူတို့က အဲဒီလိုလုပ်ဖို့ အစီအစဉ်တွေချပြီး စနစ်တကျ လုပ်ကြတာဗျ''

''ဩော်..လောက တယ်ခက်ပါလားနော်၊ ငွေအတွက်နဲ့ ဒီလိုလုပ်ကြ၊ ငွေအတွက်နဲ့ ဒီလိုခံကြရနဲ့၊ တော်တော်လေးတရားကျဖို့ကောင်းပါတယ်ဗျာ''

''အေးပေါ့ဗျာ၊ ငွေအတွက်တွေကြောင့်ပေါ့ဗျာ''

''ငွေဆိုတာထက် အကြွေးနွံနစ်တာက အဆိုးဆုံးပဲ၊ အကြွေးနွံနစ်ပြီဆိုတာနဲ့ ကြွေးမြီနှောင်ဖွဲ့တော့တာပဲ''



ဦးသိန်းစကားတွေက အဆန်းတွေချည်းဖြစ်နေသည်။ ကြွေးမြီနှောင်ဖွဲ့ခြင်းဆိုတာတွေ ပါလာသည်။

''ကြွေးမြီနှောင်ဖွဲ့တယ်ဆိုတာ နည်းနည်းဆန်းနေတယ်''

ဦးသိန်းက သဘောကောင်းနေသည်။ ခါတိုင်းလို စိတ်မတိုဘဲ စိတ်ရှည်လက်ရှည် ရှင်းပြသည်။

''ကြွေးမြီနှောင်ဖွဲ့ခိုင်းစေခြင်းဆိုတာက အကြွေးပေးရမယ့်ကိစ္စကို ကာလနဲ့ လုပ်ငန်းအမျိုးအစား အတိ အကျမရှိဘဲ အကြွေးကျေသည် အထိ အလုပ်လုပ်ကိုင်ပေးရတာကိုပြောတာဗျ၊ လုပ်အားတန်ဖိုးကို သတ်မှတ်ချက်မရှိတော့ဘူး၊ ကျေးဖူးရှင်နေရာက တစ်ပြားမှမလျှော့တော့ဘူး''

ကျွန်တော်တို့ စီးနင်းလိုက်ပါလာသည့် ရထားသည် သာစည်မြို့ကိုကျော်လွန်လာပြီး ဟန်ဇားဘူတာဆိုင်းဘုတ်ကို အလင်းရောင်ပျပျတွင် အမှတ်မထင် ဖတ်လိုက်ရသည်။

''ဦးသိန်း စောစောကပြောတဲ့ ညစ်ညမ်းပုံပြတယ်လို့ပါတယ်၊ အဲဒါကြီးက မလွန်လွန်းဘူးလား''

''သူတို့ရဲ့လုပ်ကွက်တွေပဲလေ၊ ဒီဘဝဒီကိုယ်၊ ဟိုဘဝ ဟိုကိုယ်က ခံလိမ့်မယ်ဆိုတဲ့လူတွေဗျ၊ အဲဒီလို ညစ်ညမ်းပုံ ပြသတာကလည်း ကာမရာဂစိတ်ဖြစ်ဖို့အတွက်၊ ဖိုမဆက်ဆံမှုကို နှစ်ခြိုက်စေလိုတဲ့အတွက်ပေါ့ဗျာ''

''ကိုယ်ကျင့်တရားကို သတ[...]
သက်ဖျက်ဆီးတာပဲ''

''ဒီ့ထက်ပိုဆိုးတာက လိ[...]
အင်္ဂါကို ပြသတာတွေ၊ အမူအ[...]
လုပ်ပြတာတွေကလည်း ညစ်ည[...]
ပုံပြတာနဲ့ အတူတူပဲဗျ''

''----''

''ဒါ့အပြင် ပုံနှိပ်ထုတ်ဝေ[...]
တို့၊ ရုပ်ရှင်ရိုက်ကူးပြသတာ[...]
ခေတ်မီနည်းပညာတစ်ရပ်ရပ်အ[...]
ပြုတာတွေလည်းပါတယ်''

''အံ့ပါရဲ့ဗျာ၊ မရှက်မကြေ[...]
လုပ်ရဲ စားရဲကြတယ်၊ ဒီလိုလုပ်[...]
တဲ့လူတွေ လူကြားထဲ ဘယ်လို[...]
နှာပြုကြလဲမသိဘူး၊ ကျုပ်အမျိုး[...]
မှာသာရှိရင် သတ်ပစ်ပြီ''

ဦးသိန်းက လက်ကာပြသ[...]

''နောက်မှသတ် ဆရာရေ[...]
အလုပ်က ဂိုဏ်းဖွဲ့ပြီးတောင် [...]
လွန်ကြသေး''

''ငရဲသားတွေ...ငရဲသား[...]

ကျွန်တော် စုတ်တသပ်[...]
ဖြစ်ရတော့သည်။ ကြောက်[...]
အကောင်းဆုံး သတ္တဝါသည် လူ[...]
နေပါပကောလားဟု တွေးမိသ[...]
ဦးသိန်းနှင့် ကျွန်တော်သ[...]
နားလိုက်၊ ပြောလိုက်[...]
ပျော်ဘွယ်ဘူတာသို့ [...]
ရောက်ရှိလာသည်။ ပျော်ဘ[...]
မုန့်ကြွပ် နာမည်ကြီးသဖြင့် [...]
ယောက်တစ်ထုပ်စီ ဝယ်လိုက်သ[...]
မကြာမီ တပ်ကုန်းဘူတာ [...]
တော့မည်ဖြစ်သည်။ တပ်ကုန်း[...]
ထမင်းချဉ်အရမ်းကောင်းသ[...]
နေပြည်တော်ပျဉ်းမနားဘူတာ[...]

www.burmeseclassic.com

www.burmeseclassic.com



လျှင်အိမ်သူသက်ထားမှာလိုက်သည့် ပျဉ်းမနားမျှစ်ချဉ်ဝယ်ဖို့ မမေ့မှဖြစ်မည်။

* * *

ဦးသိန်းက ဆက်ပြောသည်။ တော်တော်စကားပြောနိုင်သည့်လူဟု စိတ်ထဲက မှတ်ချက်ချမိသည်။

"ဂိုဏ်းဖွဲ့ကျူးလွန်သူအုပ်စုဆိုတာကတော့ လူသုံးဦးနဲ့အထက်ဆိုရင် ဂိုဏ်းဖြစ်သွားပြီပေါ့ဗျာ၊ ငွေကြေး၊ ဒါမှမဟုတ် အကျိုးအမြတ်ကို တချို့လည်း တိုက်ရိုက်ရတာပေါ့၊ တချို့လည်း သွယ်ဝိုက်တဲ့နည်းနဲ့ ရကြတာပေါ့ဗျာ၊ ဘယ်လိုပဲဖြစ်ဖြစ် သူတို့တွေ စုပေါင်းလုပ်နေသမျှတော့ သူတို့ကို ဂိုဏ်းဖွဲ့ကျူးလွန်သူအုပ်စုလို့ ခေါ်တာပဲ၊ တကယ်ကြီးလေးတဲ့ ပြစ်မှုတွေလုပ်နေပါလားလို့ တစ်ခါမှ မတွေးမိကြဘူးလားမသိဘူး"

"ကြီးလေးတဲ့ပြစ်မှုဆိုတာလေး နည်းနည်းလောက်ရှင်းပြပါလား"

"ထောင်ဒဏ်လေးနှစ်နဲ့အထက် ပြစ်ဒဏ်ကိုပြောတာပါ"

"ဩော်.....ဖြစ်ရလေ၊ လေးနှစ်ဆိုတဲ့အားက နည်းလား"

"ကိုယ့်ဆရာ၊ ဒီလိုအမှုမျိုးနဲ့ ပြစ်မှုထင်ရှား စီရင်ခံရပြီဆိုရင် ဆယ်နှစ်ကနေ ထောင်ဒဏ်တစ်သက်အထိ ချမှတ်တယ်ဗျ၊ အဲဒီလိုချတဲ့ အပြင် ငွေဒဏ်လည်းချနိုင်သေးတယ်"

"ဂိုဏ်းဖွဲ့ကျူးလွန်တဲ့သူတွေလည်း ဒီအတိုင်းပဲ ချမှတ်တာပဲလား"

"သူတို့က ပြင်းတယ်ဗျ၊ အနှစ်နှစ်ဆယ်ကနေ အများဆုံး ထောင်ဒဏ်တစ်သက်ပဲ၊ ခုနကလိုပဲ ပြစ်ဒဏ်အပြင် ငွေဒဏ်လည်းချမှတ်နိုင်တယ်ဗျ"

"ဦးသိန်း ခင်ဗျားက စီးပွားရေးလုပ်ငန်းရှင်တစ်ယောက်ဖြစ်ပြီး ဒီလိုမျိုးတွေကိုလည်း နိုက်နိုက်ချွတ်ချွတ် ဥပဒေတွေလည်း သိနေပါလား၊ အံ့တော့အံ့သြစရာပဲ"

ဦးသိန်းကရယ်သည်။

"ခက်ပါလား ကိုယ့်ဆရာရယ်၊ မြန်မာလိုရေးထားတဲ့ မြန်မာနိုင်ငံက ဥပဒေကို မြန်မာစာဖတ်တတ်သူ နိုင်ငံသားတိုင်း ဖတ်သင့်တယ်၊ သိသင့်တယ်၊ လေးစားလိုက်နာသင့်တယ်၊ ပြစ်မှုဆိုတာက ပြုလုပ်မှုတင်ပြစ်မှုမဟုတ်ဘူးဗျ၊ ပျက်ကွက်မှုကလည်း ပြစ်မှုပဲ၊ ပြီးတော့ မသိလို့ပါဆိုပြီး ကျူးလွန်လို့လည်း ဘွာတေးမရဘူး၊ ဆိုလိုတာကတော့ဗျာ ဥပဒေဆိုတာ နိုင်ငံသားတိုင်း သိသင့်တယ်၊ လိုက်နာသင့်တယ်၊ တစ်ဦးချင်းစီကနေ နိုင်ငံသားတိုင်းကို ပြောတာပါ"

"ဒီနေ့ခရီးကတော့ တန်သွားပြီ"

"ခင်ဗျားက ခုထိ ကုန်သည်တွက် တွက်တုန်းပါလား"

"ကုန်သည်ဆိုတော့ အရာရာကို ကုန်သည်တွက်တော့ တွက်ရတာပေါ့ ဦးသိန်းရာ၊ ဒါပေမဲ့ လူကုန်သည်တော့ မဟုတ်ဘူး"

"လူကုန်ကူးလို့ ပြောစမ်းပါဗျာ၊ တစ်လမ်းလုံးရှင်းပြတာတောင် မမှတ်မိဘူးလား"

နှစ်ဦးသား ရယ်မောကာ ရန်ကုန်ဘူတာကြီးအဝင်ကို ပြတင်းပေါက်မှ ခေါင်းထွက်ကာ ကြည့်နေကြတော့သည်။

လေးစားစွာဖြင့်

မောင်သိန်းနိုင်

**ဝန်ခံချက်။** ။ အောက်ဖော်ပြပါ "လူကုန်ကူးမှု တားဆီးကာကွယ်ရေးဥပဒေ"မှ စကားရပ်များဖြင့် ဇာတ်လမ်းရေးဖွဲ့ထားခြင်းဖြစ်ပါသည်။ အဆိုပါ ဥပဒေစာအုပ်ကို လက်လှမ်းမမီသူများ၊ သို့မဟုတ် လက်လှမ်းမီသော်လည်း မဖတ်ဖြစ်သူများအတွက် (ဥပဒေကဲ့သို့ အသေးစိတ်အချက်အလက်များ တိကျစွာ မပါသော်လည်း)သိသင့်သည့်အချက်များ သိသွားစေလိုသည့် စေတနာအရင်းခံဖြင့် ရေးသားခြင်းဖြစ်ပါကြောင်း။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ၁၃၆၇ ခုနှစ်၊ တော်သလင်းလဆန်း ၁၁ ရက် (၁၃-၉-၂၀၀၅) ရက်နေ့ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေ

The Union Of Myanmar

The State Peace And Development Council

The Anti Traffickingin Persons Law

www.burmeseclassic.com

www.burmeseclassic.com



# ငွေအလွန်

## မြင်းမိုရ်ရှုနှလုံးသား

လူဆိုတာ
ကိုယ့်အကြောင်းတရားနဲ့
ကိုယ်ပဲ၊
လူတိုင်းမှာ
လျှို့ဝှက်ချက်
ရှိနေတာပဲ၊
အမှန်တရားကို
ဘယ်ပြောထွက်ရဲပါ့မလဲ

ပန်းချီမင်းထက်နိုင်



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ချို့အပေါ် မကျေနပ်ဖြစ်နေမိသည်။ မနေ့က ချိုက အဝတ်ဗီရိုတွင် စာချုပ်တစ်ခု ရှာခိုင်းသည့်အတွက် ကျွန်တော်က မိန်းမ၏ဗီရိုကိုဖွင့်ကြည့်ရင်း အလိုမကျခဲ့ပေ။ ကျွန်တော်မသိအောင် စုထားသည့် ငွေများက ဘဏ်စာအုပ်တွင် ရှိနေ၏။ ငြင်းမရသော သက်သေဖြစ်နေသည်။ ငွေစုခြင်းကို ကျွန်တော်က ဘဝင်မကျဖြစ်ခြင်းထက် ချိုက မည်သည့်ရည်ရွယ်ချက်ဖြင့် စုဆောင်းနေသည်ကို ကျွန်တော် သိချင်နေ၏။

"မင်းက ငါမသိအောင် ငွေစုနေတာ ဘာသဘောလဲ"

ချိုသည် ကျွန်တော့်ထံ နားမလည်သော မျက်ဝန်းအစုံဖြင့် မော့ကြည့်သည်။ သူမစိတ်ထဲတွင် ကျွန်တော်က အံ့အားသင့်ပြီး ဝမ်းသာနေမည်ဟု ယုံကြည်ထားပုံရ၏။ သည်တော့ ကျွန်တော့်အမေးအား မျက်ခုံးနှစ်ခု ရှုံ့တွကာ ပြန်၍အံ့သြနေသည်။

"ဒီမေးခွန်းကို မေးနေစရာလိုသေးလို့လား ကိုမောင်"

"ဟ.....လိုတာပေါ့ကွ၊ မင်းမှာ ဘာအကြောင်းတွေရှိလို့ ငွေကို ကြိတ်စုနေရတာလဲ"

"သြော်.....ရှင့်ကို တကယ်အံ့သြပါတယ်၊ ငါ့မိန်းမက ဇနီးအလိမ္မာလေးလို့များ ပြောမလားမှတ်ပါတယ်၊ မချီးကျူးတဲ့အပြင် အပြစ်မြင်ခံရသေးတယ်၊ ဒီငွေကို ရှင်သိအောင် ပြလိုက်တာလေ"

"တော်ပါကွာ၊ မင်းရဲ့ဗီရိုကို ဘယ်တုန်းကများ ဖွင့်ကြည့်ဖူးလို့လဲ၊ အခုတောင် စာချုပ်ရှာခိုင်းလို့ တွေ့ရတာများ"

ချိုက ရယ်ကျဲကျဲနှင့် ကျွန်တော့်ကို အကြောင်းပြနေ၏။ ငွေကို လစဉ်မှန်မှန် မိန်းမအပ်ခဲ့သည်။ အပိုဝင်ငွေမှန်သမျှ ကျွန်တော်က ပေးအပ်ခဲ့သည်။ ကိုယ့်အသုံးစရိတ်ကို ကြိုဖယ်ထားပြီးမှ မိန်းမအား ငွေအပ်နေကျပင်။ တစ်ခါတလေ ငွေလိုလျှင် မိန်းမက အပြစ်တင်ခံရပြန်၏။ အတူတူသွားစဉ်များ တစ်ခုခု ဝယ်လျှင်လည်း သူမအိတ်ကြီးကို ဖွင့်နေသည်က စိတ်မရှည်ချင်စရာပါ။ ကျွန်တော့်အိတ်ထဲကသာ ခနဲ ထွက်သွားတတ်၏။ သည်တော့ သူ့ကို အကြောင်းသိသူဖြစ်၍ ကျွန်တော်က ငွေအပ်လျှင် ဘတ်ငွေလေးတော့ ချန်အပ်တတ်ကြောင်း ဝန်ခံပါ၏။

"တွေ့အောင်လို့ကို တမင်ရှာခိုင်းလိုက်တာလေ"

"သွားစမ်းပါကွာ၊ ရောမချနဲ့"

"ရှင်က အမြဲတမ်းပြောတယ်လေ၊ ပေးသမျှ ကုန်နေတာပဲဆို၊ ပြီးတော့ ဘာလုပ်သလဲ၊ ဘယ်ကောင့်ဝယ်ပေးသလဲနဲ့ စစ်လားဆေးလား လုပ်လွန်းလို့ သက်သေပြလိုက်တာပဲ"

ကျွန်တော်က ချို့အပြောကို သဘောကျဟန်ဖြင့်.....

"ယုံပေးလိုက်ပါ့မယ်ကွာ၊ လူဆိုတာ ကိုယ့်အကြောင်းတရားနဲ့ကိုယ်ပဲ၊ လူတိုင်းမှာ လျှို့ဝှက်ချက်ရှိနေတာပဲ၊ အမှန်တရားကို ဘယ်ပြောထွက်ရဲပါ့မလဲ"

ချိုသည် မှုန်မှိုင်းသော မျက်ဝန်းလေးများဖြင့် ကျွန်တော့်အား တွေတွေလေး စိုက်ကြည့်နေ၏။ ကျွန်တော်လည်း ဆက်မပြောချင်တော့ပေ။

"ကိုမောင်က ငွေစုတာမှ မကြိုက်တာဘဲလေ၊ ဈေးမှာစုဘူးဝယ်ရင်တောင် ကိုမောင်က မဝယ်ခိုင်းဘူး၊ ဒီတော့ ချိုက ငွေစုစာအုပ်နဲ့ သွားစုရတာပါ"

"တော်တော့ ချို၊ မင်းရဲ့ အကြောင်းပြချက်တွေက ရိုးနေပြီ၊ တခြားဟာ စဉ်းစားပြောဦး"

ကျွန်တော်က အငြင်းမပွားလိုသည့်အတွက် မကျေနပ်စိတ်ကို ချုပ်

www.burmeseclassic.com

www.burmeseclassic.com



မှာသိမ်းဆည်းပြီး အပြင်သို့ထွက်လာခဲ့တော့သည်။ ချိုတစ်ယောက်မည်သို့ဖြစ်ကျန်ခဲ့မည်မသိပေ။ ကျွန်တော့်မှာ ဒေါသကို ချုပ်တည်းပြီး ထွက်လာခဲ့ခြင်းပဲဖြစ်၏။

♠ ♠ ♠

"ဟ.....အဲဒါ ကောင်းတာပေါ့ကွာ၊ စီးတဲ့ရေ ဆယ်တဲ့ကန်သင်းတဲ့၊ ချိုက ဦးနှောက်ရှိတယ်၊ နောင်ရေးအတွက် စုထားတာပေါ့ကွာ"

ကိုတိုးကြီးက ကျွန်တော့်ကို ဝမ်းသာအားရပြောပြသည်။

"တော်ပါဗျာ၊ နောင်ရေးအတွက် ငွေစုတာဆိုပြီး ငွေလည်းစုမိရော တခြားကောင်နောက်ကိုပါ သွားမှာ မြင်ယောင်သေး"

"မင်းက အဲဒီလိုမိန်းမမျိုးနဲ့ တွေ့ခဲ့လို့လားကွာ"

"ပြောပြတာလေ၊ မိန်းမတွေက ဒီပုံစံအတိုင်းချည်းပဲ၊ ချိုလည်း အလှတွေ ဒီလောက်ပြင်နေမှ သူ့မှာ တွေ့ထားလို့ပေါ့"

"ကောင်လေး၊ မင်းစိတ်ကို လျှော့ကွာ၊ မင်းနှလုံးသားမှာကောင်းတာလေး တွေးကြည့်ပါလား၊ ချိုက မင်းထင်သလို မိန်းကလေးမျိုးမဟုတ်ဘူးကွ"

ကျွန်တော်က ကိုတိုးကြီးထံ သရော်ကြည့် ကြည့်လိုက်၏။

"ဘာကြည့်တာလဲကွ၊ ငါက အမှန်ကိုပြောနေတာ"

"အင်း.....လောကမှာ အဲဒီ အမှန်တွေဟာ ကြာတော့ အမှားတွေဖြစ်ကုန်တာပဲ၊ ကိုတိုးကြီးလည်း မိန်းမဋ္ဌိကာကျမ်းတွေဖတ်ဦး၊ ဖတ်ပြီးမှ မှတ်ချက်ပေး၊ သိလား"

"ကောင်လေး မင်းတော့ခက်ပြီကွာ၊ ကဲ...လက်ဖက်ရည်ပူပူတုန်း သောက်လိုက်ဦး၊ ဒါမှ မင်းရင်ထဲက အပူတွေ ပျော်ဆင်းသွားမှာ၊ ဟဲ... ဟဲ"

"အပူတွေက ပျော်ဆင်းဖို့နေနေသာသာ အပူတွေစုပြီး မီးတောင်လို ပေါက်ကွဲလာတော့မယ်ဗျ၊ ခင်ဗျားကိုတောင် ချော်ရည်ပူတွေလွင့်စဉ်လာကုန်လိမ့်မယ်"

"မင်းက အလာကြီးပဲ၊ ချို့ကို စိတ်မချတော့ မင်းရဲ့အတွေးမှာ အဆိုးပဲမြင်နေမှာပေါ့ကွာ၊ ကဲ... သောက်လိုက်ဦး"

ကိုတိုးကြီးနှင့် စကားပြောရသည်မှာ ကျွန်တော့်ခံစားမှုက ပျောက်မသွားသည့်အတွက် ကိုတိုးကြီး ပြန်သွားသည့်နောက် လက်ဖက်ရည်ဆိုင်တွင် ဆက်ထိုင်နေလိုက်၏။

"ဟ...တစ်ယောက်တည်းထိုင်နေပါလား မင်းထက်မောင်"

"ဟုတ်တယ် စိုးဝေ၊ လာ... ဘာသောက်မလဲ၊ မှာလေ"

"ဟော့..ကျဆိမ့်တစ်ခွက်ဟော့"

စိုးဝေက ကျွန်တော့်ရှေ့တွင်ဝင်ထိုင်ကာ ကျွန်တော့်မျက်နှာကို စေ့စေ့ကြည့်နေပြန်၏။ သူနှင့်ကျွန်တော်က ငယ်ပေါင်းကြီးဖော်များဖြစ်ကြပြီး ကျွန်တော့်အရိပ်အကဲအား သိနေသူဖြစ်သည်။

"မင်းကိုကြည့်ရတာ တစ်ခုခု



ပိုးဇာခြည်က ငါ့ကို
သင်ခန်းစာပေးသွားတာ
မင်းအသိဆုံးမဟုတ်လား
လက်ထပ်ဖို့
ငွေစုတယ်ပြောပြီး ငါ့ဆီ
ညာယူသွားတာ၊ ပြီးတော့
သူ့အကောင်နောက်ကို
ကောက်ကောက်ပါအောင်
လိုက်သွားတာလေး ..

www.burmeseclassic.com

www.burmeseclassic.com



ပဲကွာ၊ ကဲ.....ချိုနဲ့ရန်ဖြစ်လာကြသလား။ ဒါမှမဟုတ် အကြောင်းတစ်ခုခု ရှိရမယ်”

ကျွန်တော်က ချိုနှင့်ဖြစ်ခဲ့သည်ကို ပြောပြလိုက်ရတော့၏။ ချို့အကြောင်းကို ပြောပြီးသည်နှင့် စိုးဝေက.....

“မင်းပြောတာ မှန်တယ်ကွ၊ မိန်းမတွေဟာ ငွေရှိတဲ့သူဆို ကပ်ချင်ကြတယ်၊ ငွေရမယ်ဆိုရင် ဘာဆိုလုပ်ဖို့ ဝန်မလေးတတ်ကြဘူး၊ ငွေမရှိရင် ယောကျ်ားကို အပြစ်မြင်ပြီး ထင်ရာစိုင်းချင်ကြတာလေ”

“ဟုတ်တယ် စိုးဝေ၊ ဒါကြောင့်မို့ ချို့ကိုစိတ်ဆိုးတာ၊ ဒီမိန်းမကို နှိမ်ထားတာ အကောင်းဆုံးပဲ၊ ဘာကြောင့်လဲဆိုရင် ပိုးဇာခြည်က ငါ့ကို သင်ခန်းစာပေးသွားတာ မင်းအသိဆုံးမဟုတ်လား၊ လက်ထပ်ဖို့ ငွေစုတယ်ပြောပြီး ငါ့ဆီက ညာယူသွားတာ၊ ပြီးတော့ သူ့အကောင်နောက်ကို ကောက်ကောက်ပါအောင် လိုက်သွားတာလေ၊ ဒီအဖြစ်က ငါ့ရင်ထဲမှာ အခုထိ နာနာကြည်းကြည်း ရှိနေတုန်းပဲကွ”

“မင်းက ခုချိန်ထိ ပိုးဇာခြည်ကို မမေ့သေးဘူးကိုး၊ ဟိုက အမေရိကားမှာ ကလေးနှစ်ယောက်တောင် ရနေပြီ”

ကျွန်တော်က သရော်လှောင်ပြုံးဖြင့်.....

“အမာရွတ်မြင်တိုင်း မပျော်သဓာကို သတိရတဲ့ ကေးဝင့်ပုဏ္ဏားလိုပေါ့ကွာ၊ ကိုယ့်ကိုဒုက္ခပေးခဲ့တဲ့လူကို ရင်ထဲကနာတာမဟုတ်ဘူး၊ နှလုံးသားထဲကကို နာတာ၊ အဲဒါကြောင့်မို့ ချို့ကို အဲဒီလိုလုပ်သွားမှာမျိုး ထပ်စိုးရိမ်နေတာပါ”

“မင်းမှန်တာပေါ့ကွာ၊ အဲဒီအကြောင်းကို ချိုမှမသိသေးတာ၊ ပြောပြရင် ဇာတ်လမ်းက ရှုပ်နေဦးမယ်နော်”

“ဟုတ်တယ် စိုးဝေ၊ ဒါကြောင့်မို့ ငါလည်း ချို့ကိုပြောပြရခက်နေတယ်၊ ဒါပေမဲ့ ငွေစုတာကို မကြိုက်ဘူးကွာ၊ အစားအသောက် ခြိုးခြံချွေတာရင် ကျန်းမာရေးညံ့ပြီပေါ့၊ ဒီတော့ ကိုယ်စုထားတဲ့ငွေက ဆရာဝန်ပြတာနဲ့ချည်းကုန်နေမှာပဲ၊ အစားအသောက်ကို သင့်တင့်မျှတအောင် စားဖို့လိုတယ်ကွာ၊ လူဆိုတာက အာဟာရပြည့်မှ ကျန်းမာတာလေ၊ အာဟာရမပြည့်ရင် ဘယ်လိုလုပ်ပြီး ကျန်းမာနိုင်မှာလဲ၊ အဲဒါ ငါ့အမျိုးထဲမှာရှိတယ်”

“ဟ..ဒါဆိုလည်း မင်းရဲ့ချိုကို ပြောပြပေါ့ကွာ၊ မိန်းမကို ဝဝလှလှလေး ဖြစ်စေချင်လို့ပါဆိုပြီး ပြောပေါ့”

“ကိုယ့်မှာ ငိုစားမယ့် သားသမီးလည်းမရှိ၊ နှစ်ယောက်တည်းနေတာပဲကွာ၊ အချိန်တန်တော့ဖြစ်လာမှာပေါ့၊ ကံကပေးလာမှာကို မစောင့်ဘူး”

“ဒါအမှန်ပဲပေါ့ကွာ၊ ငါ့မိန်းမကိုလည်း ပြောရဦးမယ်၊ ဟင်းချက်ရင် အာဟာရဖြစ်အောင်ချက်လို့၊ သူချက်လိုက်ရင် အသားဓာတ်ကနည်းနေတယ်၊ အသီးအရွက်ကြော်ပဲ အချက်များတယ်ကွာ”

ဘဝတူအချင်းချင်း ညည်းတွားပြောဆိုနေကြသည့် အဖြစ်ပါ။ အတော်လေးမှောင်မှပင် ကျွန်တော်က လက်ဖက်ရည်ဆိုင်မှ အိမ်ပြန်လာခဲ့၏။

♠ ♠ ♠

“ဒီဟင်းမျိုးကို စိတ်အပျက်ဆုံးပဲကွာ၊ ငါ့ကို ဆီနည်းနည်းနဲ့ မင်းစားသလိုမျိုး ချက်မကျွေးနဲ့ ချိုရေ၊ ငါ့မိဘလက်ထက်ကတည်းက ဒီလိုဟင်းမျိုး စားတာမဟုတ်ဘူး၊ ဆီကိုလက်ကြားယိုမှ စားတာကွ”

ချိုက ကျွန်တော့်ကိုမော့ကြည့်သည်။ ပြီးတော့ ထုံးစံအတိုင်း မျက်ရည်က ဝဲတက်လာ၏။ မိန်းမတွေ၏ လက်နက်မှာ မျက်ရည်ဟုဆိုက မမှားပေ။

“ကိုမောင့်ကို ဆီမစားစေချင်လို့ပါ၊ ဆီများများစားရင် ကျန်းမာရေး ထိခိုက်တတ်တယ်လေ”

“တော်စမ်းပါ ချိုရာ၊ ငါမသိဘူးများ မှတ်နေသလား၊ ဆီဖိုးကို ချွေတာပြီး မင်းက ငွေစုဦးမှာမဟုတ်လား၊ ပေးသမျှကိုချည်း မဝတ်၊ မစားဘဲ ငွေစုနော်၊ မင်းရုပ်ကိုပြန်ကြည့်ဦး၊ မျက်နှာမှာ သနပ်ခါးဘဲကြားနဲ့၊ အဝတ်အစားက အပြင်သွားရင် ထပ်နေပြီ၊ သူများမိန်းမတွေနဲ့များ တခြားစီပဲကွာ”

ကျွန်တော်က ထမင်းကို ဆက်မစားတော့ဘဲ ဧည့်ခန်းတွင် သွားထိုင်နေလိုက်၏။ ချိုက ကျွန်တော် ပြောသလောက် မဆိုးသော်လည်း

www.burmeseclassic.com

www.burmeseclassic.com



တမင်ပင် သူ့အားဆူနေခြင်းဖြစ်သည်။ တကယ်တော့ ချိုသည် ယဉ်ကျေးသိမ်မွေ့သူပါ။ အဝတ်အစားများကို ကြည့်ကောင်းအောင်ဝတ်တတ်၏။ သို့ပေမယ့် မျက်နှာပေါ်တွင် သနပ်ခါးကို မပြတ်တမ်းလိမ်းတတ်သူဖြစ်သည်။ ထိုသနပ်ခါးနံ့မွှေးမွှေးလေးက လေသင့်တိုင်းမွှေးပျံ့နေတတ်၏။ ကျွန်တော်သည်လည်း ချို့ပါးပြင်မှ သနပ်ခါးကို မနာလိုဖြစ်နေရသူပါ။ အမှန်တော့ ထိုသနပ်ခါးနံ့လေးကြောင့် ချို့အား ကျွန်တော်က မြတ်မြတ်နိုးနိုး ချစ်မိခြင်းဖြစ်၏။

စိုးဝေ၏ဇနီး နေခြည်နှင့် ယှဉ်လိုက်လျှင် ချိုက ဆန့်ကျင်ဘက်ဖြစ်နေ၏။ နေခြည်သည် ဆံပင်ကို အမျိုးမျိုး ပုံစံပြောင်းလဲကာ ဟော့ရှော့နေတတ်၏။ မျက်နှာတွင် မိတ်ကပ်က မပြတ်ပေ။ ကာလာစုံခြယ်သထားသေးသည်။ ထိုမျှနှင့်မပြီးပါ။ ပလာဇာအသီးသီးမှ ခေတ်ပေါ်ဒီဇိုင်းမျိုးစုံနှင့် ဖန်တီးထားသော အဝတ်အစားများသာ ကိုယ်ပေါ်တင်တတ်၏။ ကိုယ်နှင့်လိုက်သည်၊ မလိုက်သည်မသိပေ။ အကြွေးရသမျှ ဝယ်၏၊ ဝတ်၏၊ ကြွားတတ်၏။ ရှိသမျှ ပေါင်နှံ၍သုံးတတ်၏။

ချိုက ယနေ့ခေတ် မိန်းကလေးများနှင့် ယှဉ်ကြည့်ပါက လွန်စွာ ဒိတ်အောက်နေသည်။ အလန်းလေးများကြားထဲတွင် အဘွားအိုပုံပေါက်နေပေမည်။ သည်တော့ ကျွန်တော်က ချို့အား ခေတ်ဆန်ဆန်နေစေချင်၏။ ခေတ်ရှေ့မပြေးသည့်တိုင်

**ဆီဖိုးကို ချွေတာပြီး မင်းက ငွေစုဦးမှာ မဟုတ်လား၊ ပေးသမျှကိုချည်း မဝတ်၊ မစားဘဲ ငွေစုနေဖော်၊ မင်းရုပ်ကို ပြန်ကြည့်ဦး၊ မျက်နှာမှာ သနပ်ခါးဘဲကြားနဲ့၊ အဝတ်အစားက အပြင်သွားရင် ထပ်နေပြီ သူများမိန်းမတွေနဲ့များ တခြားစီပဲကွာ**

ခေတ်နှင့်အညီ ရှိစေချင်သည်။ ချို ရုပ်ရည်နှင့် ကိုယ်လုံးကိုယ်ပေါက် မည်သည့်အဝတ်အစားပင်ဝတ်ဝ လိုက်ဖက်မည်ကို သိနေသည်။ သို့ပေမယ့် ချိုက ထိုသို့မဟုတ်ပေ ကျွန်တော်ဖြစ်စေချင်သည့်ပုံစံမျ ဝင်မလာခဲ့ပေ။ ထို့ကြောင့်လည်း ကျွန်တော်က ချို့အား ဘဝင်မကျခြင်းဖြစ်နေသည်။

ကျွန်တော့်အစ်မနှင့် နှမများ ရောက်လာသည့်အခါတွင်လည်း ချို့ကို တိုးတိုးတိတ်တိတ် ပြောသွားကြသေး၏။

"မိချိုနော် ကိုယ့်အသက်က ငယ်သေးတာပဲ၊ လှလှပပလေးနေဦးမှပေါ့၊ သိပ်ပြီးကပ်စေးနှဲမနေနဲ့ သူများဖို့ ဖြစ်သွားလိမ့်မယ်"

"ဟုတ်တယ် ချိုရေ့၊ အခုခေတ်ကောင်မလေးတွေက ခပ်သွက်သွက်နော်၊ မော်ဒယ်လ်မျိုးအေ့၊ တော်ကြာ အလန်းလေးတွေနောက်ပါသွားလို့ ဇယားရှုပ်နေဦးမယ်၊ ပြင်စမ်းပါအေ၊ လူဆိုတာ ခဲတဲ့ဘဝလေးမှာ လှလှပပလေးသာနေ၊ ကောင်းကောင်းစား၊ စိတ်ချမ်းသာမှ လောကကြီးမှာ နေပျော်တာပါကွယ်"

ချိုကတော့ တုံးကိုဘာဝေပါ ဘယ်လောက်ပင်ပြောပြော ရယ်ပြ၍သာနေ၏။ မည်မျှ ဒေါသဖြစ်စရာကောင်းလိုက်သည့် ချိုပါလဲ။ ကျွန်တော့်နှမ ရွှေစင်က ပြန်ခါနီး ကပ် ပြောသွားသေး၏။

"ကိုလေးနော် ချို့မိဘအိမ်က တိုက်ဆောက်နေတယ်၊ သူ့မိဘက

www.burmeseclassic.com





"ဩော်.....ကိုယ့်မိဘအပေါ် အဲဒီလို ကပ်စေးနဲ့နေ သိလား၊ ဒါကြောင့်မို့ ချိုက လုပ်ချင်တိုင်းလုပ်နေတာ ဘာမှမသိဘူး"

"အမေ့မှာ အရင်ဝတ်ထားတဲ့ စိန်တစ်လုံးနားကပ်ရှိနေတာပဲ"

"ဟုတ်တယ်လေ၊ အဲဒါကြီးက ရိုးနေပြီ၊ ဒါကြောင့်မို့ ရွှေစင်က အဲဒါကိုပြန်ရောင်းပြီး အမေဝတ်ဖို့ထပ်စိုက်ပေးမှာပေါ့"

"မိဘအမွေကို မဖျောက်ဖျက်နဲ့ ရွှေစင်၊ ငါတော့ သဘောမတူဘူး"

"သဘောမတူလည်းနေပေါ့၊ ပြန်မယ်"

ရွှေစင်တစ်ယောက် စိတ်ကောက်ပြီး ပြန်သွားမှ ကျွန်တော့်အစ်မ စိန်မှုန်က ပြောပြသည်။

"အမေက သူနဲ့အတူနေတာဆိုတော့ အမေ့ပစ္စည်းတွေကို အခုကတည်းက အပိုင်စီးချင်တာ မောင်လေးရေ့ မမစိန် မပြောချင်တော့ပါဘူး၊ အခုလည်း အမေ့နားကပ်ကို သူက အောက်ဈေးနဲ့ပြန်ဝယ်မှာ၊ အမေ့ကို ၁၃ သိန်းတန် စိန်နားကပ်လို့ပြောပေမယ့် အမေက စိန်အကြောင်းမှ နားမလည်တာဘဲ၊ သူခိုးပေးဖို့ ငွေစုနေလားမှ မသိတာ၊ ကိုလေးရှာဖွေသမျှ သူများဖို့ချည်းဖြစ်နေပြီနော်"

ကျွန်တော့်တက်က တော်တော်လေး စိတ်မကောင်းဖြစ်သွားစေရ၏။ ချိုသည် မိဘများအတွက် သမီးလိမ္မာတစ်ယောက်ဖြစ်မှန်း ကျွန်တော်က သိနေသည်။ မည်သို့ပင်ငြင်းဆန်နေပါစေ သူ့မိဘအတွက်တော့ ပံ့ပိုးနေပါလိမ့်မည်။

"အမေသာသိရင် ဝမ်းရေစပ်တဲ့သားလို့ ပြောမှာပဲ၊ ကိုလေးက ယောက္ခမအပေါ် သိတတ်လွန်းလို့လေ၊ အခု အမေ့ကို စိန်နားကပ်လုပ်ပေးဖို့ မောင်နှမတွေ တိုင်ပင်ထားကြတယ်၊ ကိုလေးရော ဘယ်လောက်ထည့်မှာလဲ"

ရွှေစင်က လည်၏။ ကျွန်တော့်ထံမှ ရသမျှ နှိုက်ယူတတ်သူဖြစ်ရာ အမေ့စိန်နားကပ်ထက် ကျွန်တော့်အိတ်ကပ်ထဲတွင် ငွေပိုငွေလျှံမရှိသည်ကို ရွှေစင်က မသိပေ။ စိန်နားကပ်က ၁၃ သိန်းတန်တဲ့။

"အမေက အသက်ကြီးနေပါပြီဟာ၊ ဂိန်နားကပ်ကြီးဝတ်ပြီး ဘယ်မှလျှောက်သွားနိုင်တာလည်းမဟုတ်ဘူး"

**အမေသာသိရင် ဝမ်းရေစပ်တဲ့သားလို့ ပြောမှာပဲ၊ ကိုလေးက ယောက္ခမအပေါ် သိတတ်လွန်းလို့လေ၊ အခု အမေ့ကို စိန်နားကပ်လုပ်ပေးဖို့ မောင်နှမတွေ တိုင်ပင်ထားကြတယ်၊ ကိုလေးရော ဘယ်လောက်ထည့်မှာလဲ**

www.burmeseclassic.com

www.burmeseclassic.com



ဆင်တဲ့အတိုင်း ဝတ်ရမှာ၊ ရွှေစင်က တို့ဆီကငွေရဖို့ပဲ ကြည့်နေတာကွဲ့၊ ကိုယ့်အစ်မတွေ၊ အစ်ကိုတွေအဆင် ပြေရဲ့လားလို့ မမေးဘူး''

''မိရွှေစင်အကြောင်း သိနေ တာပဲဗျာ၊ သူကအငယ်ပဲ၊ သူစီစဉ် တိုင်း လုပ်ရမှာလား၊ အမေ့ကိုပြော ပြပြီး တားရမှာပဲ''

ကျွန်တော့်ဘက်တွင်လည်း ဆွေမျိုးပြဿနာလေးက ရှိနေပြန် သည်။ ဒါကြောင့်လည်း ကျွန်တော် က ဆွေမျိုးများနှင့် ဝေးဝေးနေချင် ၏။ ခက်သည်က ကိုယ်ကနေနိုင် သော်လည်း သူတို့က ရောက်လာ တတ်၏။ အမေတစ်ယောက်တည်း ကျန်ရှိနေချိန်တွင် အမေ့အားစိတ် ချမ်းသာစေချင်သည်။ အမွေကိစ္စဖြင့် မောင်နှမများ စိတ်ဝမ်းမကွဲစေလိုပါ။

ကျွန်တော်တို့တွင် မောင်နှမ သုံးယောက်သာရှိကြ၏။ အစ်မက ရွှေစင်နှင့်မပြေလည်တိုင်း ကျွန်တော့် ထံရောက်လာပြီး ရင်ဖွင့်တတ်သည်။ မိဘရှိနေချိန်တွင် အမွေခွဲဝေစေချင် ပုံရ၏။ သို့သော် ကျွန်တော်က အမေ စိတ်ဆင်းရဲစေမည့်အပြင် ပတ်ဝန်း ကျင်က ကဲ့ရဲ့ပြစ်တင်ခံရမည်ကို ကြောက်၏။ လူကြားမကောင်းသည့် လုပ်ရပ်ဖြစ်၍ ငြိမ်နေခဲ့၏။

♠ ♠ ♠

တစ်နေ့ ကျွန်တော် အူအတက် ပေါက်၍ ဆေးရုံသို့ အရေးပေါ်တင် ရသည်။ ရောဂါဝေဒနာထက် ဆေး ကုသစရိတ်က အရေးကြီးနေ၏။ ချို သည် ကျွန်တော့်အား ဘာမှမစိုးရိမ် ရန် အားပေးစကားပြောပြီးနောက် အော်ပရေးရှင်းခန်းထဲသို့ ကျွန်တော် ရောက်သွား၏။ ကျန်တာကိုဘာမျှ မသိနိုင်တော့ပေ။

ကျွန်တော် သတိရလာသည့် အချိန်တွင် ချို၏ ပြုံးရွှင်သောမျက် ဝန်းတစ်စုံကို ဦးဆုံးတွေ့ရတော့ သည်။

''ကိုမောင် သက်သာသွားပြီ နော်၊ ဆရာဝန်ကြီးက ကိုမောင် သတိရလာရင် စိုးရိမ်စရာ မရှိတော့ ဘူးတဲ့၊ ဗိုက်အရမ်းအောင့်နေသေး လားဟင်''

စိုးရိမ်စိတ်ဖြင့် တရစပ်မေးလာ သော ချို့အား ကျွန်တော့်က ကျေး ဇူးတင်သော အကြည့်လေးဖြင့် ခေါင်းခါပြလိုက်သည်။ ချိုသည် ကျွန် တော့်နဖူးအား ချွေးသုတ်ပေးရင်း ကျွန်တော်နှင့်အနီးဆုံးတွင် ထိုင် လိုက်၏။ ပြီးနောက် ကျွန်တော့် လက်ဖမိုးများအား တယုတယဆုပ် ကိုင်ကာ အားပေးနေရှာသည်။

''ချို ဘယ်သူ့ကိုအကြောင်း ကြားပေးရမလဲ ကိုမောင်၊ အမေ့ကို ခေါ်လိုက်ရမလားဟင်''

''အမေစိုးရိမ်သွားဦးမယ် ချို၊ ခေါ်မနေပါနဲ့တော့ကွာ''

''ချိုလည်း အဲဒါကိုစိုးရိမ်လို့ ကို မောင်သတိရမှပဲ မေးမယ်ဆိုပြီး မခေါ်တာပါ၊ မမစိန်နဲ့ မရွှေစင်တို့ကို ရောဟင်''

''ခေါ်မနေပါနဲ့ကွာ၊ ကိုယ် လည်း သေရေးရှင်ရေးမှမဟုတ်တာ၊ သူတို့ရောက်လာမှ စိတ်ညစ်ပြီးသေ မှာ''

ကျွန်တော်က ကိုယ့်မောင်နှမ များအကြောင်း ကိုယ်သိ၏။ ချို လည်း ကျွန်တော့်နည်းတူ သိနေပေ မည်။ သို့ပေမယ့် ချိုသည် တစ်ခွန်း တစ်ပါဒမျှ အပြစ်မပြောခဲ့ပေ။ ပုံမှန် ဆက်ဆံတတ်၏။ သည်တော့ ယောက်မများက ကျေနပ်ကြ၏။

''ချို.....ငွေရေးကြေးရေး အဆင်ပြေရဲ့လားဟင်''

ကျွန်တော့်အသံတိုးတိုးလေးဖြင့် အထိတ်တလန့် မေးမိသည်။ ချိုက ခေါင်းလေးကို ညိတ်ပြ၏။

''ဘဏ်မှာစုထားတဲ့ ငွေလေး နေတော့ အဆင်ပြေသွားတယ် ကို မောင်''

''မင်းငွေလေးတွေ ပြန်ထည့် ပေးပါ့မယ်ကွာ''

''ကိုမောင် ဘာမှစိတ်မကောင်း မဖြစ်ပါနဲ့၊ ချို့မှာ ငွေအတွက်နှမြော တာမျိုး မရှိပါဘူး၊ ချိုတို့နောင်ရေး မှာ ကြုံတွေ့ရမယ့် ပြဿနာမျိုး ကြိုတွေးမိလို့ ငွေစုရတာပါ ကို မောင်''

ကျွန်တော်က ချို့ကိုကြည့်ပြီး ချိုပြောလာမည့်စကားကို နားထောင် နေသည်။

''ချို့သူငယ်ချင်းတစ်ယောက်က ပြောပြခဲ့ဖူးတယ်၊ သူတို့မိသားစုရေး အကြောင်းပေါ့ ကိုမောင်၊ ချို့သူငယ် ချင်းနာမည်က မြနှင်းပွင့်ပါ၊ မြနှ ဟာ အရင်ကတော့ လိုလေသေး အောင် မိဘရဲ့အလိုလိုက်ခြင်းခံရ ပေါ့၊ သူ့အဖေက အကျိုးဆော် ဆောင်တစ်ယောက်ပါ၊ အိမ်၊ မြေ

www.burmeseclassic.com

www.burmeseclassic.com



မြေနှဲ့ယှာဉ်အပြင် ရတနာပစ္စည်းတွေပါ ပွဲစားလိုက်လုပ်တယ်၊ အကျိုးပေးတော့ သူတို့မှာ တိုက်နဲ့ကားနဲ့ဖြစ်လာတယ်၊ ဒီလိုပြည့်စုံတဲ့ဘဝမျိုးကို သူတို့က သာယာနေကြပြီး စုစုဆောင်းဆောင်း မရှိခဲ့ကြဘူးပေါ့''

ချိုက စကားကို ခဏရပ်လိုက်ပြီးမှ ဆက်ပြောပြခဲ့ပြန်သည်။

''မြနှင်း ဆယ်တန်းရောက်ချိန်မှာ ဘော်ဒါဆောင်တစ်ခုကိုရောက်သွားတယ်၊ ဒါဟာလည်း ကံကြမ္မာရဲ့ အလှည့်အပြောင်းကြောင့် မြနှင်းမိဘတွေဟာ ရတနာပစ္စည်းတွေ အလိမ်ခံလိုက်ရပြီး ရှိသမျှ ပစ္စည်းဥစ္စာတွေကို ရောင်းချပေးဆပ်လိုက်ရတယ်၊ အဲဒီမှာပဲ နေ့ချင်းညချင်း ဆင်းရဲသွားရတော့တာပေါ့ ကိုမောင်ရယ်''

ချိုသည် သူ့သူငယ်ချင်း မြနှင်းပွင့်ကို သတိရသွားပုံဖြင့် ပင့်သက်မောကိုချလိုက်၏။ ကျွန်တော်လည်း စိတ်ဝင်စားစွာဖြင့် ချို့စကားအား ကြားချင်နေသည်။

''ဒါကို မြနှင်းတစ်ယောက် မသိခဲ့ရှာဘူးပေါ့၊ သူဖြစ်ချင်တဲ့ ဆရာဝန်မ,ဖြစ်အောင်ကြိုးစားမယ်ဆိုတဲ့အသိနဲ့ မိဘကို အဆက်အသွယ် မလုပ်ခဲ့ဘူး၊ မြနှင်းမိဘတွေဟာ မြို့စွန်ရပ်ကွက်မှာ အိမ်ငှားဘဝနဲ့ နေလာကြပြီး မြနှင်းဖေဖေက သောကတွေ၊ ဒုက္ခတွေကြောင့် ရောဂါဝေဒနာတစ်ခုကို ခံစားရတော့တာပေါ့၊ ပစ္စည်းဥစ္စာဆိုတာ မျက်လှည့်လိုပဲ ကိုမောင်၊ ကံကပေးလာပေမယ့် လူက စုစုဆောင်းဆောင်း မရှိရင် ဒုက္ခရောက်မှာပဲ၊ မြနှင်းဖေဖေဟာ သူ့တပည့်တပန်းတွေအပေါ်လည်း စေတနာထားတယ်၊ မရှိတဲ့သူဆို ပေးကမ်းကူညီတတ်တယ်၊ ဒါပေမဲ့ သူဒုက္ခရောက်ချိန်မှာ သူကူညီခဲ့ဖူးတဲ့သူတွေက သူ့ကိုမောင်းထုတ်ကြတာပေါ့၊ အပြစ်တင်ပြောဆိုကဲ့ရဲ့ခြင်းတွေနဲ့ ပိုပြီးခံစားသွားရတော့တာပေါ့ ကိုမောင်ရယ်၊ ဒီလိုနဲ့ပဲ ဆုံးသွားခဲ့ရှာတယ်''

ချိုက ကျွန်တော့်အား ထိုဖြစ်ရပ်လေးကိုပြောပြီး သင်ခန်းစာပေးနေပုံပါ။

ကျွန်တော့ကိုယ်ကျွန်တော် မလုံမလဲဖြစ်မိ၏။ ကျွန်တော်လည်း လက်ဖွာသူဖြစ်ပြီး ငွေကြေးတွင် နှမြောတွန့်တိုခြင်းမရှိဘဲ ပေးကမ်းတတ်သူပါ။ သည်တော့ ကျွန်တော့်အကြောင်းသိသူက ကျွန်တော့်အား နည်းချက်ကို သိထားပြီး နင်းချင်တတ်ကြ၏။ ညှာချင်တတ်ကြ၏။ ချေးငှားချင်တတ်ကြ၏။ ဤသည်ကို ချိုလည်းသိထားပေမည်။

သို့သော် ကျွန်တော်က ကျန်းမာရေးမကောင်းသူ၊ ဆင်းရဲချို့တဲ့သူနှင့် သက်ကြီးဝါကြီးများကိုသာ ပို၍ ပေးကမ်းစွန့်ကြဲတတ်၏။ တချို့က ရင်းနှီးမှုရှာကာကပ်ချင်ကြသည်။ မာယာဖြင့် ဖြားယောင်းကာ ငွေကြေးရယူချင်သူမျိုးလည်း ရှိနေကြ၏။ ကျွန်တော့်နှလုံးသားထဲတွင် ချိုရှိနေမှ ထိုသူများကို ကျွန်တော်က ရှောင်နိုင်ရပေမည်။

''မြနှင်း ဆယ်တန်းဖြေပြီးချိန် သူ့အမေ လာခေါ်တော့မှ အဲဒီအကြောင်းကို သိခဲ့ရတာလေ၊ ဖခင်မျက်နှာတောင် နောက်ဆုံးအကြိမ် မမြင်တွေ့လိုက်ရတော့ မြနှင်းလည်း ခံစားရတော့တာပေါ့၊ သူဖြစ်ချင်တဲ့ ဆရာဝန်လည်း မဖြစ်နိုင်တော့ဘူးလေ၊ ဟိုတစ်ချိန်က အခုလို ပညာရေးဖောင်ဒေးရှင်းတွေမရှိတော့ မြနှင်းရဲ့ပညာရေးကို ဘယ်သူမှ ကယ်တင်မပေးနိုင်ကြဘူးပေါ့၊ နောက်ဆုံးတော့ သားအမိနှစ်ယောက်ဟာ ရရာအလုပ်ကို ဝင်လုပ်ကြရပြီး သူ့အမေဆုံးသွားချိန်မှ မြနှင်းက အိမ်ထောင်ကျသွားရတယ်၊ မြနှင်း ကံကောင်းသွားတာက သူယူတဲ့ ယောက်ျားဟာ မြနှင်းအပေါ် ကြင်နာသနားပြီး အလုပ်ကို ကြိုးစားလုပ်ကိုင်တဲ့ ခင်ပွန်းကောင်းတစ်ယောက် ဖြစ်နေလို့ပဲပေါ့၊ မြနှင်းပေးတဲ့ Message က ချို့အတွက် သင်ခန်းစာပဲလေ၊ ဒါကြောင့်မို့ ချိုက ငွေကို ချွေတာစုဆောင်းပြီး နေခဲ့တာပါ ကိုမောင်ရယ်''

ကျွန်တော် ချို့လုပ်ရပ်အား နားလည်သွားရတော့သည်။ ပြီးတော့ ချို့အပေါ် လေးစားခြင်းနှင့်အတူ သနားသွားမိ၏။ ကျွန်တော်က ချို့လောက်မှ ကြိုမတွေးတတ်သူ၊ အနာဂတ်ကို ပူပန်ခြင်းမရှိသူဖြစ်နေ၏။ တစ်နည်းအားဖြင့် ကံကိုယုံပြီး ဆူးပုံနင်းချင်သူပါ။ သည်တော့ လက်တွေ့ ကျန်းမာရေးမကောင်းချိန်တွင် နားလည်သွားရသည့် အသိတရားက မည်သို့မျှ [illegible] မှားသံသယစိတ် မဖြစ်တော့ပေ။ သည်တော့ ချို့အပေါ် နားလည်ခြင်း

www.burmeseclassic.com

www.burmeseclassic.com



နှင့်ထပ်တူ ပို၍မြတ်နိုးတွယ်တာချစ်မိရလေပြီ။

♠ ♠ ♠

ကျန်းမာရေးပြန်ကောင်းသွားချိန်တွင် ကျွန်တော်က ချိုနှင့်အတူ အပိုငွေကြေးလေးများအား စုဆောင်းကြသည်။ စုပါများတော့ တောင်ပို့ဆိုသည့်ပမာ ဘဏ်စာအုပ်လေးကို ကြည့်၍ ပီတိဖြစ်ရ၏။ မနှောင်းသေးသော ကျွန်တော့်အသိကြောင့် ငွေများ တဖြည်းဖြည်းတိုးပွားလာရသည်။ သည်လိုသာသိလျှင် ကျွန်တော်က လက်ဖွာမည်မဟုတ်ပေ။ ကိုယ်ရှာသော ချွေးနဲ့စာသည် ကုသိုလ်ရေးအတွက် ရည်ရွယ်ထား၏။ သေလျှင် ကိုယ့်နောက်ပါသော ကောင်းမှုကုသိုလ်သာလျှင် နိဗ္ဗာန်ရောက်မည့် ပေါင်းကူးတံတားအစစ်ဖြစ်ကြောင်း ကျွန်တော်ကိုယ်တိုင်သိခဲ့ရပေပြီ။

"သူငယ်ချင်း ကိုယ့်ကိုငွေ တစ်သိန်းလောက် ခဏလှည့်ပါဦးကွာ"

ငွေအမြဲတမ်း ချေးငှားနေကျ မိတ်ဆွေတစ်ယောက်က ငွေတစ်သိန်းချေးလာ၏။ ယခုတော့ ချေးရန်လည်း ကျွန်တော့်တွင် ငွေပိုငွေလျှံ မရှိတော့ပေ။ ထိုမိတ်ဆွေသည် ကာရာအိုကေသို့ တစ်လနှစ်ကြိမ်သွား၏။ ငွေကို တမင်ဖြုန်းတီးပစ်နေခြင်းဖြစ်ကြောင်း ကျွန်တော်က ပြောပြလိုက်၏။


"ဒီငွေကို စုထားလိုက်ရင် မင်းဘဝအတွက် တစ်ချိန်မှာ အသုံးဝင်လာမှာပဲ သူငယ်ချင်းရာ၊ ကိုယ်က အကောင်းဆုံးအကြံပေးတာပါကွာ၊ မင်းက လူပျိုလူလွတ်နော်၊ အိမ်ထောင်ပြုတဲ့တစ်နေ့....."

"သွားစမ်းပါကွာ၊ အိမ်ထောင်ပြုတာ ထောင်ကျတာနဲ့အတူတူပဲ၊ ကိုယ်က တစ်ယောက်တည်းပွေးနေတာပဲ သဘောကျတယ်၊ မိန်းမတွေ တစ်ယောက်ပြီးတစ်ယောက် တွဲနိုင်တယ်၊ တစ်ယောက်မကောင်း နောက်တစ်ယောက် ပြောင်းနိုင်တယ်"

"ကိုယ်ငွေမချေးနိုင်တာ ဝမ်းနည်းပါတယ်ကွာ"

ကျွန်တော့်ထံမှ ယတိပြတ်စကားကြောင့် မိတ်ဆွေက မျက်နှာပျက်သွား၏။ သူ့လိုမျက်နှာများသူကို ကျွန်တော်က အဆိပ်ပင်ရေလောင်း မလုပ်နိုင်တော့ပါ။ အသက် ၄၀ နီးပါး လူပျိုကြီးတစ်ဦး၏ စိတ်ဓာတ်က စိတ်ပျက်စရာကောင်းနေသည်။ သူ့ကို အတုယူကြလျှင် လူငယ်များ၏ စိတ်ဓာတ်နှင့် စာရိတ္တပါ ပျက်နိုင်၏။ ထိုမိတ်ဆွေလည်း နောက်ထပ်ငွေ လာမချေးတော့ပေ။

နောက်တစ်ယောက်ကျတော့ ပြောရဲဆိုရဲနှင့် ရဲတင်းလွန်းသော မိန်းမလည်တစ်ဦးပါ။ တစ်ရုံးလုံးနှင့် အဆင်ပြေအောင်နေတတ်၏။ ငွေထွက်သူ၊ အရေးပါသူကိုမှ ကပ်တတ်၏။ သူမကျတော့ ငွေမချေးဘဲ မြှူဆွယ်တောင်းယူတတ်သည်။ နှာဘူးကျသော ယောကျာ်းများအကြိုက်ဖြစ်နေသည်။ သူမအား ကျွန်တော်က စာရိတ္တပျက်ယွင်းမည်စိုး၍ ပြော



www.burmeseclassic.com

www.burmeseclassic.com



ဆိုဆုံးမမိ၏။ မောင်နှမစိတ်ဓာတ်ဖြင့် မသင့်တော်ကြောင်း ပြောပြမိသည်။ သူမကြောင့် အိမ်ထောင်သည်ချင်း စကားများခဲ့ကြသည်က အကြိမ်ကြိမ်ပါ။ ရည်းစားရှိပြီးဖြစ်သော်လည်း ညာစား၏။ အတည်တကျ မယူပေ။ သည်တော့ အိမ်ထောင်သည်ချင်း စာနာစိတ်ဖြင့် သူမ၏ စိတ်ဓာတ်ကို တားဆီးပေးမိ၏။

"ဟာဟ.....သမီးတို့က ငွေရဖို့ဆိုရင် ဘာလုပ်ရလုပ်ရ၊ အဲဒီလို တောက်တဲ့လို ကပ်နေရတာကိုက အရသာရှင့်၊ တချို့က ကျေနပ်ပြီး ငွေပေးကြတယ်၊ တချို့က ငွေမထွက်ဘဲ ကျေနပ်ကြတယ်၊ ဒီကြားထဲ မိန်းမ မသိအောင် ခိုးပေးတတ်တဲ့ ယောကျ်ားမျိုးဆို သမီးအတွက် ခွင်ပဲပေါ့၊ ဟီ.....ဟိ"

"ငွေအတွက် ကိုယ့်စာရိတ္တ အပျက်မခံပါနဲ့ကွာ၊ သူတို့ပေးတဲ့ငွေဟာ မင်းအတွက် အန္တရာယ်ပဲနော်၊ သူတို့ဆီက အယူရှိရင် ကိုယ့်ဘက်ကလည်း ပြန်ပေးရတတ်တယ်၊ ပြီးမှ နောင်တမရနဲ့"

> **အိမ်ထောင်မြူတာ**
> **ထောင်ကျတာနဲ့အတူတူပဲ၊**
> **ကိုယ်က**
> **တစ်ယောက်တည်း**
> **ပွေးနေတာပဲ**
> **သဘောကျတယ်၊**
> **မိန်းမတွေ**
> **တစ်ယောက်ပြီးတစ်ယောက်**
> **တွဲနိုင်တယ်၊**
> **တစ်ယောက်မကောင်း**
> **နောက်တစ်ယောက်**
> **ပြောင်းနိုင်တယ်**

ငွေကြောင့် ကိုယ်ကျင့်တရားပါ တစ်စတစ်စ ပျက်ယွင်းလာရတော့သည်။ နောက်ဆုံးတော့ လမ်းပေါ်က ပန်းတစ်ပွင့်ဘဝသို့ရောက်သွားရတော့၏။ သူတို့အတွက် ငွေကြေးဥစ္စာဟူသည် ဝတ်မည်၊ စားမည်၊ အသုံးအစွဲနှင့် အသုံးအဆောင်အတွက် အများနည်းတူ ကြွားနိုင်မည့် ဂုဏ်အား ရည်ရွယ်ခြင်းဖြစ်သည်။ ငွေကြေးကိုစုဆောင်းဖို့ဝေးစွ။ စိတ်ပင်ကူးလိမ့်မည်မဟုတ်ပါ။

အခုခေတ် မိန်းကလေးများအား ကျွန်တော် သုံးသပ်မိ၏။ ငွေကြေးအတွက် သူတို့တွင် မာန်မာန မရှိကြပေ။ မခံချင်စိတ်၏ တွန်းအားကြောင့် အရွဲ့တိုက်ရင်း သူတို့ဘဝအား လမ်းပေါ်သို့ရောက်စေရန် တွန်းလှတ်နေသလိုပင်။ ရင်နင့်စရာကောင်းမှန်း မသိကြပေ။ ယုတ်မာစိတ်ရှိသော ယောကျ်ားများ၏ အပြစ်မဟုတ်ပါ။ သူတို့၏ တပ်မက်စိတ်သည်သာလျှင် တရားခံဖြစ်နေ၏။ သူတို့တွင် ငွေကြေးအတွက် တပ်မက်စိတ်မရှိပါက မည်သည့်ယောကျ်ားသားကိုမျှ ဂရုစိုက်မည်မဟုတ်ပေ။ ရိုးသားစွာ ဆက်ဆံပါလိမ့်မည်။ ကျွန်တော်က ထိုသို့သုံးသပ်မိ၏။

သည်တော့ မသန့်ရှင်းသည့် ငွေကြေးဖြင့် ဝတ်စားနေသူမျိုးကို ကျွန်တော်က ရွံမုန်းမိ၏။ ချို့လိုမာန ရှိသည့် မိန်းကလေးနှင့် တခြားစီဖြစ်နေသည်။ ထိုသို့နှိုင်းယှဉ်ကြည့်မှ ချိုသည် တန်ဖိုးရှိသည့် မိန်းကလေးဟု ကျွန်တော် သိလိုက်ရပေပြီ။

♠ ♠ ♠

ကျွန်တော်ကျန်းမာရေးကောင်းလာပြီး သုံးနှစ်ခန့်အကြာတွင် အမေဆုံးပါးသွား၏။ အမေ့နာရေးကိစ္စအား ကျွန်တော်တို့မောင်နှမသုံးယောက်က စီစဉ်ရသည်။ ရွှေစင်ကတော့ ထုံးစံအတိုင်း မောင်နှမများထဲတွင် အရေးပါဆုံးသူပါ။ ကျွန်တော်က

www.burmeseclassic.com

www.burmeseclassic.com





အမေ့အလောင်း မြေကျရေးအတွက် လုံးပန်းနေရ၏။ အစ်မစိန်မှုန်မှာ လာသမျှ ဧည့်သည်များကို ဧည့်ခံရင်း မျက်ရည်လည်ရွဲဖြစ်နေသည်။ ချို လည်း ယောက်မများနှင့်အတူဝိုင်းကူလုပ်ကိုင်ပေးနေရ၏။

သည်လိုနှင့် အမေ့နာရေးကိစ္စနှင့် ရက်လည်ကိစ္စ ပြီးဆုံးသွားသည့် အချိန်တွင်တော့ အစ်မစိန်မှုန်က....

''ရွှေစင်ရေ အမေ့မှာရှိတဲ့ အတွင်းပစ္စည်းနဲ့ အမွေဆိုင်အိမ်ကို ခွဲဝေကြစို့နော်''

ကျွန်တော်လည်း အံ့သြသွားမိ၏။ အစ်မစိန်မှုန်က သူ့ခင်ပွန်းလေ ဖြတ်ပြီးနောက် စီးပွားရေးကျလာသည်။ သားသမီးများသဖြင့် စီးပွားရေး အဆင်မပြေ ဖြစ်လာ၏။ ကလေးများ၏ ပညာရေးမှာလည်း တစ်ပိုင်းတစ်စဖြစ်နေသည်။ သည်တော့လည်း အမွေလေးကို မျှော်မည်ပေါ့။ ကျွန်တော်ပို၍ အံ့သြမိသည်က ရွှေစင့်ကိုပါ။ ရွှေစင်သည် ခက်ထန်သော မျက်နှာထားဖြင့်....

''အမေဆုံးတာဖြင့် ဘာမှ မကြာသေးဘူး၊ အစ်မက ပတ်ဝန်းကျင်ကဲ့ရဲ့အောင် လုပ်နေတာလား၊ အစ်မမို့ ဒီစကားမျိုးထွက်တယ်နော်''

''ထွက်ရမှာပေါ့အေ၊ အမွေကိစ္စက မိဘဆုံးတာ ပူပူနွေးနွေးမှ ပြောလို့ကောင်းတာလေ၊ တော်ကြာ ညည်းတစ်ယောက်တည်း အပိုင်စီးသွားမှာပေါ့၊ အခုတောင် ညည်းဆီမှာ အမေ့ပစ္စည်းတွေ ရောက်နေပြီ မဟုတ်လား''

''ဟင်း.....ဟင်း၊ ကိုယ့်ဘယ်

လောက်လုပ်လုပ်၊ မိဘကို ဘယ်
ပဲ ကျွေးမွေးကျွေးမွေး အခုလိုပြေ
လာလိမ့်မယ်ဆိုတာ ရွှေစင်တို့က
ပြီးသား၊ အမေရှိတုန်းက ဘယ်သ
သမီးကများ ဟင်းတစ်ခွက်မပြေ
ဟင်းတစ်ဖတ်တောင် လာကျွေ
လို့လား၊ ပြောကြပါဦး''

ချိုက မျက်နှာပျက်သွား၏။
စင်သည် အစ်မကို ကက်ကက်လ
ပြန်ပြော၏။ ကျွန်တော်က ပင့်သ
မောကို ချနေမိတော့သည်။

''သြော်.....ကျွေးမွေးရအော
ညည်းပဲ ငါ့အမေ.....ငါ့အမေနဲ့ က
ချွဲနေတာလေ၊ အမေ့ကို ရွှေ
ကျွေးနိုင်တယ်ဆို၊ မမစိန်က
လည်တာမဟုတ်ဘူးလို့ ညည်းရဲ့
စပ်က ထွက်ခဲ့တာမဟုတ်လား''

''ဒါကတော့ အားနာလို့ပြော
တာပါ၊ အလိုက်မှုမသိကြဘဲကိုး''

''ကဲ.....အပိုတွေပြောမနေ
အခုပဲ အမွေပုံခွဲဝေတော့ ရွှေစင်''

''ဒါဆိုလည်း အမေ့အခန်း
ကို လာကြ၊ အမေ့ပစ္စည်းတွေ
ကြမယ်''

ကျွန်တော်က ရွှေစင့်ကို အ
လို အလွယ်တကူပြောလာလိမ့်မ
ဟု မထင်မိပေ။ တွေးကြည့်ပြန်လ
လည်း ရွှေစင်က အားလုံးကို စီ
ပြီးသား ဖြစ်နေပေမည်။ ထင်သ
အတိုင်းပင် ရွှေစင်တစ်ယော
အမေ့ပစ္စည်းများထားရာ ဗီရိုအ
သော့ဖြင့်ဖွင့်လိုက်၏။

''ရော့..ဒါက အမေ့သိမ်းထာ
တဲ့ ရွှေသေတ္တာဘူး''

အစ်မစိန်မှုံသည် ဝမ်းသ

www.burmeseclassic.com

www.burmeseclassic.com



အားရဖြင့် ရွှေသေတ္တာဘူးအား ဖွင့်ပြီသည်။ ကျွန်တော်က ဘာမျှမသိသေး၊ ပစ္စည်းများကို သိလိုစိတ်ဖြင့် ကြည့်မိ၏။ ချိုကတော့ မောင်နှမအရေးကိစ္စဖြစ်နေ၍ လိုက်မလာပေ။ အပြင်တွင်နေရစ်ခဲ့သည်။

"ဟင်.....အမေ့ပစ္စည်းတွေက ဒါပဲလား၊ မဖြစ်နိုင်ပါဘူး၊ နီလာတစ်ဆင်စာ၊ ပတ္တမြားတစ်ဆင်စာနဲ့ စိန်တစ်ဆင်စာက ဘယ်ရောက်သွားလဲ၊ ဒီသုံးကျပ်သား ကြိုးသုံးကုံးက အမေကိုယ်တိုင် ငါတို့မောင်နှမသုံးယောက်အတွက် လုပ်ပေးခဲ့တာလေ၊ ရွှေ သက်ကောက်တွေလည်း မတွေ့ဘူး၊ အဖိုးမတန်တဲ့ လော့ကက်နဲ့ လက်စွပ်တွေပဲ ကျန်နေတယ်"

"အဲဒါက အမေဆေးကုတုန်းက ရောင်းချလိုက်ရတာပါ၊ အမေ ပြောမပြဘူးလား၊ ရွှေစင်က ပြောပြမယ်မှတ်တာ"

"ဒီမှာရွှေစင်၊ ညည်းယောက်မကလာဆောင်တုန်းကတောင် အမေ့ဆီက ညည်း ငှားဝတ်သွားသေးတယ်မဟုတ်လား၊ အမေဆေးကုချိန်ထိ ရှိနေတုန်းပါအေ၊ လာလိမ်မနေနဲ့"

"မယုံကြည်လည်း မတတ်နိုင်ဘူး မမစိန်၊ အမေ့ပစ္စည်းတွေက အဲ ဒါပဲ၊ အမေက ဘယ်သားသမီးကို ခိုးပေးလိုက်လဲမှ မသိတာ"

ညီအစ်မနှစ်ယောက်မှာ အပြန်အလှန် အော်ကြဟစ်ကြရင်း ဆူညံသွားတော့သည်။ ရွှေစင့်ယောက်ျားက အခန်းထဲပြေးဝင်လာ၏။

"ဒီမှာ မမစိန်၊ ခင်ဗျားက မိဘရှိရှိန်မှာ သမီးကြီးဖြစ်ပြီး ကျွေးမွေးထောက်ပံ့တာမရှိဘဲနဲ့ အခုမှ အမွေလာတောင်းနေတာ တရားသလားဟင်၊ ခင်ဗျားတို့ မကျေနပ်ရင် ဆိုင်ရာနဲ့တောင်းကြ၊ ပတ်ဝန်းကျင်ကြားလို့မှ မတော်ဗျာ၊ ကျွန်တော်တို့မိသားစု သိက္ခာကျတယ်"

ကျွန်တော့်ဒေါသက ထောင်းခနဲထွက်သွားရ၏။ ဒီကောင်က နှမနှင့်ပတ်သက်မှ ယောက်ဖဖြစ်လာသူပင်။ သားအရင်းကျွန်တော်က မပြောရဘဲ သူကဝင်ပြောပြီး ပဏာယူနေသေးသည်။

"မင်း ဘာမှဝင်ပါစရာမလိုဘူး ကျော်ကျော်၊ ဒါ တို့မောင်နှမကိစ္စပါကွ၊ မင်းမပြောနဲ့ ငါ့မိန်းမတောင် ဝင်မခိုင်းဘူး၊ မင်းပြန်ထွက်သွားလိုက်တော့"

ကျော်ကျော်လည်း မကျေမနပ်ဖြင့် ပြန်ထွက်သွား၏။ ကျွန်တော့် ဒေါသက တစ်ဖက်သို့ ရောက်သွားရတော့သည်။

"ကဲ.....ကြားကြရဲ့လား၊ ခင်ဗျားတို့ မရှက်ကြဘူးလားဟင်၊ အမွေကိစ္စနဲ့ သံကုန်ဟစ်နေကြတာ၊ ဘယ်လောက်စိတ်ပျက်စရာကောင်းသလဲ၊ ခင်ဗျားတို့အစား ကျုပ်သိပ်ရှက်တယ်ဗျာ၊ အမွေဆိုတာ စားထိုက်မှ စားရတာ၊ မစားထိုက်ရင် ပြန်အန်ထွက်လိမ့်မယ်၊ စိတ်ချ"

ရွှေစင်က သူ့ကိုစောင်းပြောမှန်း သိသွား၏။ သည်တော့ ကျွန်တော့်အား မျက်ထောင့်နီကြီးဖြင့် ကြည့်ကာ.....

"ကိုလေးက ပေါ်တင်ပါလား နော်၊ ဒီမယ်.....အားလုံးသိအောင် ပြောလိုက်မယ်၊ ရွှေစင်က အထွေး

**ငွေလိုသူက ဗိုက်နာဈေးနှင့် ရောင်းချင်နေ၏။ ခြံနှင့်အိမ်က ဘိုးဘွားပိုင်ဖြစ်နေသည့်အတွက် ကျွန်တော့်မှာ နှမြောနေသည်။ ထိုခြံမြေတွင် ကျွန်တော်တို့မောင်နှမတွေ ကြီးပြင်းခဲ့ရ၏။ နေရာအကွက်အကွင်းကောင်းသည်။ တိုက်ပြန်ဆောက်လျှင် တန်ဖိုးပိုမြင့်ပေမည်။ ရွှေစင်ပြောသည့်ဈေးက...**

www.burmeseclassic.com

www.burmeseclassic.com



ဆုံးပါနော်၊ အားလုံးထက် ပိုရသင့်တယ်၊ အမေ့ကို ရွှေစင်ပဲ ကျွေးထားရတာပါ''

''နင်က မိဘလုပ်ကျွေးလို့ ပိုရသင့်တယ်ပေါ့၊ ဒီလိုဆိုလိုတာလား''

''ကိုလေးထင်တဲ့အတိုင်းပဲပေါ့၊ အမေက မေတ္တာနဲ့ပေးကမ်းရင်လည်း ရွှေစင်ယူရမှာပဲ''

''သြော်.....အမေက ပေးချင်တိုင်း ပေးလို့ရမလား၊ ကျန်သားသမီးတွေ သဘောမတူဘဲပေးရင် အကျုံးမဝင်ဘူး၊ တချို့က မိဘပေးတယ်ပြောပြီး လိမ်ညာယူထားရင် ကျန်သားသမီးတွေ နစ်နာတာပေါ့''

ရွှေစင် ပါးစပ်ပိတ်သွားတော့သည်။ သည်တော့ အစ်မစိန်မှုန်က အမွေခွဲဝေရေးကိုသာ တောင်းဆိုတော့၏။

''ဘိုးဘွားပိုင် အိမ်ခြံကို သုံးဦး ခွဲယူကြမယ်၊ အတွင်းပစ္စည်းတွေကိုလည်း အညီအမျှပဲ၊ နော် မောင်လေး''

ကျွန်တော့်အား မရဲတရဲဖြင့် တိုင်ပင်ပြန်သည်။ အစ်မတွင် မိသားစုပြဿနာအရေးရှိသည့်အတွက် ကျွန်တော်က ငဲ့ညှာလိုက်ရ၏။ လောဘအိုးမ ရွှေစင်က.....

''အဲဒီခြံက ငှားထားတာ နှစ်မပြည့်သေးဘူးလေ''

''ဘယ်လောက်လိုလို့လဲ''

''သုံးလ၊ ပြီးရင်ထပ်ချုပ်မယ်တဲ့''

''ရောင်းချပြီး နောက်လူဆီမှာ ငှားပေါ့၊ ဒါ ညည်းအလုပ်မဟုတ်ဘူး ရွှေစင်''

''မမစိန်က လိုချင်တာပဲသိတယ်၊ ချက်ချင်းရောင်းထွက်နိုင်တာ မဟုတ်ဘူးလေ၊ ဒီတော့ အဲဒီခြံက သိန်းရှစ်ရာကျော်ရှိတယ်၊ ရွှေစင် စုံစမ်းထားပြီးပြီ''

''ရသလောက်ပေါ့အေ၊ ရှစ်ရာဆိုလည်း တစ်ယောက်ကို ၂၆၀ ကျော်လောက်ရမှာပဲ၊ ရောင်းလိုက်တော့''

ငွေလိုသူက ဗိုက်နာဈေးနှင့် ရောင်းချင်နေ၏။ ခြံနှင့်အိမ်က ဘိုးဘွားပိုင်ဖြစ်နေသည့်အတွက် ကျွန်တော့်မှာ နမြောနေသည်။ ထိုခြံမြေတွင် ကျွန်တော်တို့မောင်နှမတွေ ကြီးပြင်းခဲ့ရ၏။ နေရာအကွက်အကွင်းကောင်းသည်။ တိုက်ပြန်ဆောက်လျှင် တန်ဖိုးပိုမြင့်ပေမည်။ ရွှေစင်ပြောသည့်ဈေးက မဖြစ်နိုင်ပေ။

''ဒါဆိုရင် ရွှေစင်က မမစိန်နဲ့ ကိုလေးကို သိန်း ၂၇၀ စီပေးမယ်၊ အဲဒီလိုဆို ဖြစ်မလား၊ ကိုယ့်ညီမလေးရတာပဲလေ၊ ကျေနပ်ကြပေါ့''

''ဘယ်လိုသဘောရလဲ မောင်လေး''

အစ်မစိန်မှုန်က ရတာယူမည့်သူပါ။ ရွှေစင်၏လောဘကအတောမသတ်သည့်အတွက် ကျွန်တော်က သွေးတိုးစမ်းလိုက်၏။

''ထပ်တိုးပေးနိုင်မလား၊ သိန်း ၃၀၀ စီလေ''

''ရွှေစင်နာမှာပေါ့၊ ကိုလေးတို့ မယူရင်လည်းနေလေ၊ ရသလောက်နဲ့ ရောင်းလိုက်မယ်၊ ပြီးမှ ခွဲဝေယူကြပေါ့''

ရွှေစင်သည် ခပ်တင်းတင်း ရောင်းနေသော ဈေးသည်ပမာ ... ပစ္စည်းဟုများ သဘောထား... သလားမသိပေ။ သူတင်းသ... အစ်မစိန်မှုန်က မတင်းနိုင်ရှာ... ကျွန်တော်ကတော့ ကျေးဇူးရှင် ... ကြောင့် သည်နေရာတွင် ရဲရဲ... ပြောနိုင်တော့၏။

''အေး ဒါဆို အစ်မနဲ့ရွှေ... တို့ကို သိန်း ၃၀၀ စီပေးမယ်၊ ကျွ... တော်ပဲ ဈေးဖြတ်ယူလိုက်တော့မ... ဗျာ''

''ဟယ်.....ကိုလေးမှာ ငွေ... လို့လား''

''ညည်းက ငါ့ကိုအထင်သေ... တာလား ရွှေစင်''

ကျွန်တော်က ခေါင်းလေး... ကာ ရင်ကော့၍ ပြောပစ်လိုက်... ရွှေစင်မှာ အံ့သြသွား၏။ ကျွန်တေ... အပေါ် အထင်သေးသော ရွှေစင်... မည်သည့်စကားမျှ မဆိုနိုင်တော့... ဈေးကို နှိမ်ပေးထားပြီးမှ သူ့ဘ... က အခက်တွေ့သွားပုံရ၏။

''ဒါဆို ငါ့မောင်ပဲ ယူလို... တော့ပေါ့၊ မမစိန် ကျေနပ်ပါတ... ကွယ်''

''ငွေကို မနက်ဖြန်မှာ ဘ... ကထုတ်လာပြီးပေးမယ်၊ အခု ... ချုပ်ချုပ်လိုက်မယ်ဗျာ''

''မောင်လေးသဘောပါကွယ်... ပေးမယ့်ပေး ငါ့မောင်ရတာပဲ...''

အစ်မစိန်မှုန်က ကျွန်တော်... အမ်းပေးမည်ဆို၍ ဝမ်းသာနေတော့... သည်။ ကျွန်တော်လည်း ချက်ချင်...

www.burmeseclassic.com

www.burmeseclassic.com



ပင် စာချုပ်ဝယ်နိုင်းပြီး လွှဲပြောင်း ယူလိုက်တော့သည်။ ရွှေစင်တို့လင် မယားမှာ မည်သည့်စကားမျှမဆို နိုင်တော့ပေ။ သူတို့စကားနှင့်သူတို့ ချောင်ပိတ်မိနေ၏။

''ကဲ.....မနက်ဖြန်နေ့လယ် ၁၂ နာရီတိတိမှာ ငွေလာပေးမယ်နော်၊ စိတ်ချသာနေကြတော့၊ အတွင်း ပစ္စည်းတွေကို သုံးပုံပုံပြီးသာ ယူကြ တော့ဗျာ၊ နည်းတာများတာ ပြော မနေနဲ့တော့၊ ကျုပ်တို့အမွေက သား သမီးသုံးယောက်အတွက် မိဘတွေ က ရည်ရွယ်ပြီးသား၊ ဘာစကား မှ များမနေကြနဲ့တော့''

အစ်မစိန်မှုန်လည်း သူနှစ်သက် သည့်အပုံအား ဦးစွာကောက်ယူ လိုက်၏။ ရွှေစင်က မကျေနပ်ပေ။

''မမစိန်က အစ်မဖြစ်ပြီး ဘယ် တော့မှ အငယ်တွေကို မညှာဘူး၊ ပေး.....အဲဒီအပုံ၊ ရွှေစင်ယူမယ်''

''ဘယ်ရမလဲအေး၊ ညည်းက အများဆုံးရတဲ့ဥစ္စာ၊ မပေးနိုင်ဘူး''

''ဟင်း.....ရွှေစင့်ကို ဝိုင်းပြီး နှိပ်စက်နေကြတယ်ပေါ့၊ ဒီမှာ ကို လေး၊ ရွှေစင်ရမယ့်ငွေကို ဒီနေ့ပဲလို ချင်တယ်၊ ဒီနေ့မှ မပေးနိုင်ရင် ရွှေ စင်အမ်းမယ်''

ကျွန်တော် အတော်ဒေါသ ထွက်သွားရ၏။ ညီအစ်ကိုမောင်နှမ သားချင်းဖြစ်၍သာ ကိုယ့်စိတ်ကို လျှော့ထားမိသည်။ သူစိမ်းဆိုလျှင် မလွယ်ပေ။ ရွှေစင်က စကားကို ကတ်ဖဲ့ပြောပြီး သူလိုချင်တာမရ၍ ကျွန်တော့်အားမဲ၏။

''သြော်.....ညည်းစိတ်ဓာတ်



❝


**ဝမ်းသာတာထက်**
**ကျေနပ်ပီတိ**
**ဖြစ်ရတာပါ**
**ကိုမောင်ရယ်၊**
**ကံကပေးလာတာကို**
**ကိုယ်က ဉာဏ်နဲ့**
**ချင့်ချိန်တတ်ရမယ်၊**
**သူတစ်ပါးပစ္စည်းကို**
**အချောင်လိုချင်တဲ့**
**စိတ်မျိုးနဲ့**
**ရယူပိုင်ဆိုင်ခဲ့တာမှ**
**မဟုတ်တာဘဲလေ**

❞

www.burmeseclassic.com

www.burmeseclassic.com





ကို ပိုသိသွားပြီ ရွှေစင်၊ ညည်းလို မောင်နှမအပေါ် ကောက်ကျစ်ယုတ်မာစိတ် ရှိသူမျိုး ငါကလည်း အရှုံးမပေးဘူး၊ အေး.....ညည်းလိုချင်တာ ရစေရမယ်''

ကျွန်တော်က ချို့ကိုခေါ်၍ တိုင်ပင်လိုက်သည်။ ချိုက ဘဏ်ပိတ်ခါနီးပြီဖြစ်၍ တက္ကစီငှားပြီး အလျင်အမြန် ပြေးလေတော့၏။ ဘဏ်မှထုတ်ချိန်မမီလျှင် တခြားမှ အတိုးဖြင့် ချေးရမည်ပင်။ ရွှေစင် ဒုက္ခပေးသည့်အတွက် ကျွန်တော်တို့ လင်မယားမှာ စိတ်မောသွားရ၏။ တစ်နာရီခန့်အကြာတွင် ရွှေစင်လိုချင်သည့်ငွေကို ကျွန်တော်က ထုတ်ပေးနိုင်ခဲ့သည်။ အစ်မစိန်မှုန်က ကျွန်တော့်အပေါ် ငဲ့ညှာပါသည်။

“မမစိန်ကို မနက်ဖြန်မှပဲပေးပါကွယ်၊ ဒါ သက်သက် မိရွှေစင် ယုတ်မာတာ၊ မင်းကို အခက်အခဲဖြစ်အောင်လုပ်လိုက်တာပဲ၊ ဒါမှ သူလိုချင်တာရမှာလေ၊ ဟိုကောင်ကျော်ကျော်က မီးထိုးပေးနေတာပါကွယ်''

“ကျွန်တော် သိပါတယ် မမ၊ ဒါကြောင့်လည်း သူလိုချင်တဲ့ငွေကို ရအောင် ယူပေးရတာပါ၊ ကျွန်တော်လည်း မခံချင်လို့ပါဗျာ''

ညှာတာစိတ်မရှိသည့် သားချင်းအတွက် ကျွန်တော်က နာကြည်းမိ၏။ ကျွန်တော်သာ သူ့နေရာတွင်ရှိလျှင် ရိုးသားစွာ ခွဲဝေပေးလိုက်ပါမည်။ ထို့ကြောင့်လည်း အမွေကိစ္စနှင့် မောင်နှမချင်းအမုန်းပွားကာ တရားမမှုများ ဖြစ်ကြခြင်းဖြစ်၏။ ကျွန်တော့်နှမ ရွှေစင်ကဲ့သို့

**အိမ်ထောင်ရေးတွင်**
**ခင်ပွန်းက**
**မည်သို့ပင်ရှာဖွေပါစေ၊**
**ဆယ်သည့်**
**ကန်သင်းမျိုးရှိမည့်**
**ဇနီးကောင်းတစ်ယောက်**
**ရှိသင့်၏။ သည်တော့**
**ချိုအား ဆထက်ထမ်းပိုး**
**တိုး၍ချစ်ကြင်နာမည့်**
**အပြင် . . .**

လောဘသမားများရှိနေခြင်းကြောင့်သာ ဖြစ်ပါလိမ့်မည်။

♠ ♠ ♠

ချိုလည်း ကျွန်တော့်ကိစ္စအတွက် ပင်ပန်းသွားရ၏။ သည်တော့ ကျွန်တော်က မိန်းမအပေါ် စာနာစိတ်ဖြင့်.....

“ချို့ကို ကျေးဇူးတင်ပါတယ်ကွာ၊ ကိုယ့်ကြောင့် ချို့ငွေလေးတွေ ဆုံးရှုံးသွားရတယ်''

“ကိုမောင်တို့မောင်နှမတွေ အဆင်ပြေတာပဲ ဝမ်းသာပါတယ်ရှင်''

www.burmeseclassic.com



"ဟုတ်တယ်နော်၊ အဆင်ပြေအောင် ငွေရှိမှရတာပါလား၊ ငွေရဲ့ တန်ဖိုးကို ကိုယ်သိပါပြီ ချိုရာ"

ချိုသည် ကျွန်တော့်အား နောက်ကျောမှသိုင်းဖက်၍ တိုးတိုးလေးဆိုလာ၏။

"ချိုလေ ကိုမောင့်ကို ဘယ်လိုကူညီရမလဲဆိုတာ အမြဲတမ်းခေါင်းထဲထည့်ထားတဲ့ မိန်းမပါ ကိုမောင်ရယ်၊ ကိုမောင်စိတ်ချမ်းသာရင် ချိုလည်း စိတ်ချမ်းသာတာပါပဲ"

"ဒါကြောင့်မို့ ချို့ကိုပိုပြီးကျေးဇူးတင်တာပေါ့ကွာ၊ အခုဆို ကိုယ်တို့ဘိုးဘွားပိုင်ခြံမြေကိုလည်း ဆက်လက်ထိန်းသိမ်းနိုင်ပြီ၊ မပျောက်ပျက်တော့ဘူးပေါ့ကွာ၊ အခုမှ ကိုယ်တို့လည်း မြေပိုင်အိမ်ပိုင်နဲ့ ဖြစ်သွားရပြီ၊ ချို ဝမ်းမသာဘူးလားဟင်"

ချိုက ကျွန်တော့်အား အကြည့်စူးစူးလေးဖြင့်ကြည့်ကာ.....

"ဝမ်းသာတာထက် ကျေနပ်ပီတိဖြစ်ရတာပါ ကိုမောင်ရယ်၊ ကံကပေးလာတာကို ကိုယ်က ဉာဏ်နဲ့ချင့်ချိန်တတ်ရမယ်၊ သူတစ်ပါးပစ္စည်းကို အချောင်လိုချင်တဲ့စိတ်မျိုးနဲ့ ရယူပိုင်ဆိုင်ခဲ့တာမှ မဟုတ်တာဘဲလေ၊ သမာသမတ်ကျကျ မျှတစွာနဲ့ ရယူပိုင်ဆိုင်ခဲ့တဲ့ အမွေအနှစ်ပစ္စည်းပါရှင်၊ ကိုမောင် ရထိုက်လို့ ရတာပါ"

ကျွန်တော်က မည်သို့ပင်ဆိုစေ ချို့ကြောင့်ပိုင်ဆိုင်ခွင့်ရသည်ကို ဝန်ခံပါ၏။ အိမ်ထောင်ရေးတွင် ခင်ပွန်းက မည်သို့ပင် ရှာဖွေပါစေ၊ ဆယ်သည့် ကန်သင်းမျိုးရှိမည့် ဇနီးကောင်းတစ်ယောက် ရှိသင့်၏။ သည်တော့ ချို့အား ဆထက်ထမ်းပိုး တိုး၍ချစ်ကြင်နာမည့်အပြင် ကျွန်တော်သည်လည်း ခင်ပွန်းကောင်းတစ်ယောက် ဖြစ်စေရမည်ဟု ချို့အား ရင်မှအခါခါ ကတိပေးနေမိတော့သည်။

လေးစားစွာဖြင့်
နွေအလွန်

အရေပြားရောဂါအတွက် စိတ်အချရဆုံးမှာ လီယိုမက်
နှင်းခူ၊ ပွေး၊ ဝဲလိမ်းဆေး ဟိမဝန္တာသွေးသန့်ဆေး
ခရသင်း သမင်ဖြူ
တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်010Y978/ 0102Y3654
ထုတ်လုပ်ခွင့်လိုင်စင်-အမှတ်(၄/၉၈)တဆထလ(၀၀၇)
ခရသင်း၊ သမင်ဖြူ၊ နီ၊ နက်ကွက်များ၊ အနာကြီးရောဂါ၊ ဆိုရီရေးစစ်ရောဂါ၊ မှို့စွဲရောဂါ၊
ခြေလက်အက်ကွဲရောဂါ၊ ဝက်ခြံ၊ တင်းတိတ်၊ ညှင်း၊ ပွေး၊ ဝဲ၊ ယားနာ၊ နှင်းခူနှင့်
အရေပြားရောဂါမျိုးမျိုး **ကာလသားရောဂါ၊** ဆီးပူညောင်းကျ၊ ဂနိုရီးယားရောဂါ၊ ဆစ်ဖလစ်၊
ရင်ကျိုက်၊ရေယုန်၊ မက်ခရု၊ ကြွက်နို့၊ ငါးမျက်စိ၊ ဝဲ၊ ရိုဖြူဆင်းရောဂါ
အသားအရေမည်းခြင်း၊ ခြောက်ခြင်း၊ ပူခြင်း၊ ယားယံခြင်းရောဂါများကို
**အဆင့်မြင့် အိန္ဒိယ ယူနာနီ** တိုင်းရင်းဆေး နည်းပညာ၊ အစွမ်းထက်သော
တိုင်းရင်းဆေးကုထုံးများဖြင့် ကုသပေးနေပါသည်။
**လီယိုမက်** အရေပြားရောဂါအထူးကုဆေးတိုက်
အမှတ် (၂၂၁)၊ ၃၂-လမ်း(ထက်)၊ ၃-ထပ်၊ ရန်ကုန်မြို့။ PH: 252598, 243851
နယ်မှ ဝေဒနာရှင်များ ကြိုတင်ငွေပို့စနစ်ဖြင့် တတိုက်မှတဆင့်မှာ ယူနိုင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com


အတားအဆီးအပိတ်အဆို့များကို
ဖယ်ရှားပြီး လွယ်ကူညင်သာ
ချောမွေ့သော ခံစားမှုအတွက်

# ရုပ္ပအေးအောင်

TMR. 011758(1215)

# ဝမ်းမှန်အကြောပြေဆေး

အမှတ် ၁၂၀၊ ပြည်လမ်း၊ ၈ မိုင်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း ၆၆၇၀၉၃



www.burmeseclassic.com

www.burmeseclassic.com



# လျှမ်းထက်

## အိမ်ဖြူတော်မှ တုန်လှုပ်ခဲ့ရသော အကြမ်းဖက်မှုကြီး



www.burmeseclassic.com

www.burmeseclassic.com



အင်္ဂလိပ်–မြန်မာ အဘိဓာန်များတွင် 'Terrorism' ဟူသော ဝေါဟာရအား 'အကြမ်းဖက်မှု'၊ 'အကြမ်းဖက်ဝါဒ'ဟူ၍လည်းကောင်း၊ Terrorist ဟူသောစကားလုံးကိုမူ အကြမ်းဖက်သမားများ၊ အကြမ်းဖက်ဝါဒီများဟူ၍ ဖော်ပြခဲ့ပါသည်။ ယနေ့ နိုင်ငံတကာမှထုတ်ဝေသော သတင်းစာကြီးများ၊ ဂျာနယ်များ၊ မဂ္ဂဇင်းများ၊ ရုပ်သံလွှင့်အစီအစဉ်များ၊ အင်တာနက် သတင်းစာမျက်နှာများပေါ်တွင် ဘာသာရေးအဆောက်အအုံများကို ဖျက်ဆီးခြင်း၊ အပြစ်မဲ့ကလေးငယ်များ၊ ကျောင်းသူ၊ ကျောင်းသားများအား ပြန်ပေးဆွဲခြင်း၊ သေနတ်ဖြင့် ပစ်ခတ်သတ်ဖြတ်ခြင်း၊ ဘုရားဖူးအဖွဲ့များ၊ ကမ္ဘာလှည့်ခရီးသည်များ လိုက်ပါလာသော မော်တော်ကား၊ မီးရထားများကို ဗုံးခွဲတိုက်ခိုက်ခြင်း၊ လူအများစုဝေးရောက်ရှိနေသည့် ပွဲလမ်းသဘင်များ၊ ဝတ်ပြုဆုတောင်းပွဲများအား ဗုံးခွဲတိုက်ခိုက်ခြင်း၊ နိုင်ငံအများတွင် အထင်ကရ ပုဂ္ဂိုလ်များအား

လုပ်ကြံသတ်ဖြတ်ခြင်း၊ ပြန်ပေးဆွဲခြင်း၊ လေယာဉ်
များ၊ သင်္ဘောများအား ပြန်ပေးဆွဲခြင်း စသည့်သတ
များကို ဖတ်ရှုကြရမည်ဖြစ်သည်။

အမေရိကန်ပြည်ထောင်စုမှ တာဝန်ရှိသူများနှင့်
ထောက်လှမ်းရေးအဖွဲ့(စီအိုင်အေ)ဌာနမှ တာဝန်ရှိသူ
ကမူ 'အကြမ်းဖက်မှု'ဟူသည် လူတစ်စု၊ သို့မဟု
လူတစ်ဦးက ပြည်သူအများ ရွေးကောက်တင်မြှော
ထားသည့် အစိုးရအား ဆန့်ကျင်ရန်ဖြစ်စေ၊ အ
ကိုင်ရန်ဖြစ်စေ၊ အကျိုးပျက်ပြားအောင်ဖြစ်စေ ပြု
ခြင်းဟု ဆိုလိုသည်။ အကြမ်းဖက်မှုအများအား
တကာမှ စောင့်ကြည့်လေ့လာသူအများကမူ ၂၀
နှောင်းပိုင်းကာလများတွင် ကမ္ဘာ့နိုင်ငံအသီးသီးတွင်
ပွားခဲ့သော အကြမ်းဖက်မှုများမှာ အမြင့်မားဆုံးဖြစ်
ဟုဆိုသည်။ ဤသို့ အကြမ်းဖက်မှုများကြောင့် အ
မဲ့ပြည်သူအများ ရာထောင်ချီ၍ သေဆုံးထိခိုက် အ
ရာရခဲ့ကြရ၏။


ယခုရေးသားဖော်ပြမည့် အရှည်ကြာဆုံးနှင့်
ရေးအကျပ်ကိုင်မှုကြီးမှာ ၁၉၇၉ ခုနှစ်၊ နိုဝင်ဘာလ
ရက်နေ့တွင် အီရန်နိုင်ငံ၊ တီဟီရန်မြို့တွင် ဖြစ်ပွ
သော အကြမ်းဖက် အကျပ်ကိုင်မှုကြီး ဖြစ်ပါသည်။
တော်တို့ စာဖတ်ပရိသတ်အဖို့ အီရန်နိုင်ငံဟုဆို
ဘာဆန်းသလဲဟု ဆိုကြမည်ဖြစ်ပါသည်။ မှန်ပါသ
ထိုစဉ်ကာလကစ၍ အီရန်နိုင်ငံသည် ကမ္ဘာ့နိုင်ငံအ
သီးမှ ထုတ်ဝေသော သတင်းစာများ၊ ဂျာနယ်
မဂ္ဂဇင်းများတွင်လည်းကောင်း၊ ရုပ်သံလွှင့်အစီအစဉ်
တွင်လည်းကောင်း ထိပ်ဆုံးမှ နေရာယူသော နိုင်ငံ
နိုင်ငံဖြစ်ပါသည်။ ယနေ့ထုတ်ဝေသော သတင်းစာ
ဂျာနယ်များ၊ ရုပ်သံလွှင့်အစီအစဉ်များတွင်လည်း
ကလီးယားအရေးနှင့်ပတ်သက်၍ အနောက်အင်အာ
နိုင်ငံအများနှင့် အီရန်နိုင်ငံသည် အငြင်းပွားလျက်ရှိ
သတင်းများ၊ အမေရိကန်ပြည်ထောင်စုမှ အီရန်
နှင့် အလယ်အရှေ့အာရှ နိုင်ငံများအပေါ် ဆက်ဆံ
သတင်းများမှာ စာဖတ်ပရိသတ်အဖို့ မဖတ်ချင်အ
ဖြစ်ခဲ့ရ၏။

မှန်ပါသည်။ အီရန်နိုင်ငံ (Iran) သို့မဟုတ်

www.burmeseclassic.com

www.burmeseclassic.com






ရားဝင်အမည်အားဖြင့် အစ္စလာမ်မစ်သမ္မတနိုင်ငံသည် တိယကမ္ဘာစစ်ကြီး မဖြစ်ပွားမီကပင် ကမ္ဘာ့နိုင်ငံအသီး းက စိတ်ဝင်စားခဲ့သော နိုင်ငံတစ်နိုင်ငံဖြစ်သည်။ ထို ိုင်ငံသည် အရှေ့အလယ်ပိုင်းဒေသနှင့် တောင်ပိုင်းအာရှ ကြားတွင် တည်ရှိသည်။ အနောက်ဘက်တွင် တူရကီ ိုင်ငံ၊ မြောက်ဘက်တွင် ဆိုဗီယက်ပြည်ထောင်စု(ယနေ့ ုရှားနိုင်ငံ)၊ အရှေ့ဘက်တွင် အာဖဂန်နစ္စတန်နှင့် ပါကစ္စ န်နိုင်ငံတော်တို့တည်ရှိပြီး အကျယ်အဝန်းအားဖြင့် စတု န်းမိုင် ၆ သိန်းကျော် အကျယ်အဝန်းရှိသည်။ ဒုတိယ မ္ဘာစစ်ကြီး မဖြစ်မီ ၁၉၃၅ ခုနှစ်အထိ ပါရှားနိုင်ငံဟု ေါ်တွင်ခဲ့၏။ သမိုင်းမှတ်တမ်းများအရ ခရစ်တော်မပေါ် ီ ဘီစီ ၃၀၀၀ ခန့်ကပင် အလယ်အရှေ့နိုင်ငံများတွင် ယဉ်ကျေးမှုမြင့်မားစွာ ထွန်းကားခဲ့သော နိုင်ငံတစ်နိုင်ငံ ဖြစ်ခဲ့သည်။ ၁၉၂၁ ခုနှစ်တွင် တပ်မတော်အရာရှိတစ် ဦးဖြစ်သူ "ရီဇာခန်"က နိုင်ငံတော်အာဏာကို သိမ်း ယူခဲ့ကာ စစ်တပ်အာဏာရှင်စနစ်ကို ထူထောင်ခဲ့သည်။ သူ့ကိုယ်သူ ရီဇာရှားအမည်ခံယူပြီး ထီးနန်းတက်ခဲ့သည်။ နိုင်ငံအမည်ကိုလည်း ၁၉၃၅ ခုနှစ်တွင် ပါရှားနိုင်ငံမှ အီရန်နိုင်ငံဟု ပြောင်းလဲစေပြီး နိုင်ငံတော်အား အဘက် ဘက်မှ တိုးတက်အောင် ပြုပြင်ခဲ့သည်။

ဒုတိယကမ္ဘာစစ်ကြီးအတွင်း နာဇီဂျာမန်တို့နှင့် ရင်း နှီးစွာ ဆက်ဆံခဲ့ခြင်းကြောင့် ဗြိတိသျှနှင့် ဆိုဗီယက် (ယနေ့ရုရှား)တပ်များက အီရန်နိုင်ငံအား သိမ်းပိုက်ခဲ့၏။ ဒုတိယကမ္ဘာစစ်အပြီးတွင် တစ်ယူသန် လက်ဝဲဝါဒီဟု အများက ယူဆခဲ့သော မိုဟာမက်မူဆာဒက် ဝန်ကြီး ချုပ်ဖြစ်လာခဲ့၏။ ဗြိတိသျှနှင့်အီရန် ဖက်စပ်ပိုင်ဆိုင်သော ရေနံကုမ္ပဏီကို နိုင်ငံပိုင်ပြုလုပ်ခဲ့ရာမှ အနောက်နိုင်ငံ များနှင့် ဆက်ဆံရေး တင်းမာလာခဲ့၏။

၁၉၅၃ ခုနှစ်တွင်မူ အမေရိကန်ပြည်ထောင်စု၏ နောက်ကွယ်မှ အကူအညီပေးမှုနှင့် ရှားဘုရင်အပေါ် သစ္စာရှိသူများက ဝန်ကြီးချုပ် မူဆာဒက်ကို ရာထူးမှ ဖယ်ရှားပြီး ရှားဘုရင် အာဏာပြန်ရလာခဲ့၏။ ရှားဘုရင် သည် အီရန်နိုင်ငံတွင် တစ်ပါတီစနစ်ကျင့်သုံးပြီး လျှို့ ဝှက်ရဲအဖွဲ့ ဖွဲ့စည်းကာ နိုင်ငံရေးဆန့်ကျင်သူများကို အကြီးအကျယ် နှိပ်ကွပ်ခဲ့သည်။ ထိုကာလက ရှားဘုရင် သည် အမေရိကန်ပြည်ထောင်စုနှင့် အထူးရင်းနှီးသည် ဟု ဆိုကြ၏။

၁၉၇၈ ခုနှစ်ကစ၍ အီရန်နိုင်ငံတွင် ရှားဘုရင် ဖြုတ်ချရေး လူထုဆန္ဒပြပွဲများ၊ လူထုအုံကြွမှုများ ဖြစ် ပွားလာခဲ့ပြီး လူပေါင်း ရာထောင်ချီ၍ သေဆုံးခဲ့ရ၏။ ဤရှားဘုရင်အုံကြွမှုများကို မွတ်စလင်ဘာသာရေးခေါင်း ဆောင် အရာတိုလာခိုမေနီက လမ်းညွှန်သည်ဟု ဆို ကြ၏။ ၁၉၇၉ ခုနှစ်၊ ဇန်နဝါရီလတွင် ရှားဘုရင်သည် အီရန်နိုင်ငံမှ ထွက်သွားခဲ့ရပြီး အီရန်နိုင်ငံ၌ ဘုရင်စနစ် ကို ဖျက်သိမ်း၍ အစ္စလာမ်မစ်သမ္မတနိုင်ငံ တည်ထောင် ခဲ့တော့သည်။ ရှားဘုရင်ဖြုတ်ချရေး လူထုအုံကြွမှုတွင် အမေရိကန်ပြည်ထောင်စုသည် ရှားဘုရင်အား အပြည့် အဝ ထောက်ခံသည်ဟု ယူဆထားသော အီရန်လူထု သည် အမေရိကန်နိုင်ငံအား ပြင်းပြင်းထန်ထန် ဆန့်

www.burmeseclassic.com

www.burmeseclassic.com



**၁၉၅၈၊ ဇူလိုင်လတွင် အီရတ်တပ်မတော်က အာဏာသိမ်းပိုက်ခဲ့ပြီး ဘုရင်ဖိုင်ဆယ်အစိုးရကို ဖြုတ်ချခဲ့သည်။ ၁၉၅၈ မှ ၁၉၇၉ ခုနှစ်အထိ အီရတ်နိုင်ငံမှာ လုပ်ကြံမှုများ၊ အာဏာလုမှုများနှင့် ကြုံခဲ့ရ၏။ ၁၉၇၉ ခုနှစ်တွင်မှ ဗိုလ်ချုပ်ကြီး ဆက်ဒမ်ဟူစိန် သမ္မတဖြစ်လာခဲ့သည်။**

ကျင်လာခဲ့ရာမှ ကမ္ဘာ့သမိုင်းတွင် ကာလအရှည်ကြာဆုံး နိုင်ငံရေးအကျပ်ကိုင်မှုကြီး ဖြစ်လာခဲ့ရ၏။

အီရန်နိုင်ငံအတွင်း လူထုအုံကြွမှုများသည် ရှားဘုရင် နိုင်ငံတော်မှ ထွက်ခွာသွားခဲ့၍ အမေရိကန်ပြည်ထောင်စုတွင် နိုင်ငံရေးခိုလှုံနေသော်လည်း ရပ်စဲသွားခြင်းမရှိတော့။ လူထုဆန့်ကျင်ဆန္ဒပြမှုများသည် အမေရိကန်ပြည်ထောင်စု ဆန့်ကျင်သည့်အသွင် ရောက်ရှိလာသည်။ ယခင် ရှားဘုရင်လက်ထက်က အီရန်နိုင်ငံနှင့် အမေရိကန်ပြည်ထောင်စုတို့ ဖက်စပ်တည်ထောင်ခဲ့ကြသော စီးပွားရေးလုပ်ငန်းများကို ပိတ်ပစ်ရန် တောင်းဆိုသည်။ လူငယ်ကျောင်းသားဆန္ဒပြပွဲများလည်း အီရန်နိုင်ငံ၊ တီဟီရန်မြို့နှင့် မြို့အများအပြားတွင် ဖြစ်ပွားလာခဲ့သဖြင့် အမေရိကန်ပြည်ထောင်စုနှင့် အီရန်နိုင်ငံတို့၏ ဆက်ဆံရေးမှာ တစ်နေ့တခြား တင်းမာလာခဲ့၏။

၁၉၇၉ ခုနှစ်၊ နိုဝင်ဘာလ ၃ ရက်နေ့တွင်မှု ကမ္ဘာ့သမိုင်းတွင် မကြုံဖူးသေးသော ဖြစ်ရပ်ဆန်းတစ်ခု ပေါ်ပေါက်လာခဲ့သည်။ အထက်ဖော်ပြပါနေ့ နံနက်တွင်မှု အမေရိကန်ဆန့်ကျင်ရေးစိတ်ဓာတ် ပြင်းထန်နေသော တီဟီရန်တက္ကသိုလ်မှ ကျောင်းသားများနှင့် အခြားအကြမ်းဖက်ကျောင်းသားလူငယ်များသည် အီရန်နိုင်ငံ၊ တီဟီရန်မြို့တော်ရှိ အမေရိကန်သံရုံးအား ဆန့်ကျင်ဆန္ဒပြနေရာမှ သံရုံးရှိ အဆီးအတား၊ အကာအရံများကို ဖျက်ဆီး၍ သံရုံးအတွင်း ဝင်ရောက်လာခဲ့ကြပြီး အမေရိကန်ပြည်ထောင်စုသား ၆၃ ဦးနှင့် အခြားလူမျိုးဝန်ထမ်းများအပါအဝင် လူပေါင်း ၉၀ တို့အား ဖမ်းဆီးခဲ့ကြသည်။ အမေရိကန်ပြည်ထောင်စုသံရုံးကိုလည်း အပိုင်စီးခဲ့ကြ၏။ ထိုကာလက တာဝန်ယူထားသော ရန်အာဏာပိုင်များသည် ယင်းကိစ္စတွင် ထိထိရောက် ရောက် တားမြစ်ခြင်းမပြုခဲ့ကြပေ။

အထက်ဖော်ပြပါ အကြမ်းဖက်ကျောင်းသားလူငယ် များကမူ ဖမ်းဆီးထားသော လူ ၉၀ တို့အား လွှတ် စေလိုလျှင် အမေရိကန်ပြည်ထောင်စု၊ နယူးယောက် တွင် နိုင်ငံရေးခိုလှုံ၍ ဆေးကုသမှုခံယူနေသော ရှား ဘုရင်အား အီရန်နိုင်ငံသို့ ပြန်ပို့ပေးရန်နှင့် အမေရိက ပြည်ထောင်စုဘဏ်များတွင် အပ်နှံထားသော ရှားဘု နှင့် မိသားစုပိုင် ငွေကြေးများနှင့် ပစ္စည်းများကို ပေးရမည်ဟု တောင်းဆိုခဲ့သည်။

ထိုကာလက အမေရိကန်ပြည်ထောင်စုသမ္မတ ဖြစ်သူမှာ ကာတာဖြစ်သည်။ သမ္မတကြီးသည် အီ အကြမ်းဖက်ကျောင်းသားများ၏ တောင်းဆိုချက်ကို ပ ချခဲ့သည်သာမက အီရန်နိုင်ငံမှ အမေရိကန်ပြည်ထော စုသို့ တင်သွင်းသော ကုန်စည်များကို ပိတ်ပင်တား ခဲ့ပြီး အမေရိကန်ပြည်ထောင်စုဘဏ်များရှိ အီရန်နို တော်ပိုင် ငွေကြေးများကိုပါ ထိန်းချုပ်ထားလိုက်တေ သည်။

ဤသို့အရေးယူဆောင်ရွက်ခဲ့သော်လည်း တီဟီ သံရုံးတွင် ဖမ်းဆီးထားသော ဓားစာခံများကို ပြန်လွှ ပေးခြင်း မပြုခဲ့သည်သာမက တီဟီရန်ရှိ အီရန်နို ခြားရေးရုံးတွင် ရောက်နေသော အမေရိကန်ပြည်ထော စုသား သံတမန်သုံးဦးကိုပါ ဆက်လက်ဖမ်းဆီးထာ ၏။ ဤသို့ဖြင့် ရက်၊ လ ကူးပြောင်းလာခဲ့သော်လည်း ဤအကြမ်းဖက်မှုကိစ္စမှာ ဖြေရှင်းနိုင်ခြင်းမရှိခဲ့။ သံတမ

www.burmeseclassic.com



[illegible]ရာ ဖြေရှင်းမှုများလည်း အောင်မြင်ခြင်းမရှိဖြစ်ခဲ့သည်။

ဤတွင် အမေရိကန်ပြည်ထောင်စု၊ အကြမ်းဖက်တိုက်ဖျက်ရေးအဖွဲ့သည် ပင်တဂွန်စစ်ဌာနချုပ်မှ တာဝန်ရှိသူများနှင့် တိုင်ပင်၍ လိုအပ်လာပါက တီဟီရန်သံရုံးရှိ ဓားစာခံများကို ကယ်တင်ရေး လျှို့ဝှက်စစ်ဆင်မှုပြုလုပ်ရန် စီမံခဲ့ကြသည်။ ယင်းကိစ္စနှင့် ပတ်သက်၍ အီရန်နိုင်ငံနှင့် ဆက်ဆံရေးကောင်းမွန်သော နိုင်ငံကြီးအချို့က ကြားဝင်စေ့စပ်ခြင်းပြုခဲ့ကြသော်လည်း အီရန်နိုင်ငံက ဓားစာခံများအား လွှတ်ပေးခြင်းမပြုခဲ့။ အမေရိကန်ပြည်ထောင်စုသည် ၆ လခန့်မျှ ဓားစာခံများ လွတ်မြောက်လာရေးကို နည်းလမ်းအမျိုးမျိုးဖြင့် ပြုလုပ်ခဲ့သော်လည်း အောင်မြင်ခြင်းမရှိခဲ့။ သို့ဖြစ်၍ ဓားစာခံများ ကယ်တင်ရေးအစီအစဉ်ကိုပြုလုပ်ရန်မှတစ်ပါး အခြားနည်းလမ်း ရှာမတွေ့တော့။ သို့ဖြစ်၍ အမေရိကန်ပြည်ထောင်စုသမ္မတကြီး ကာတာသည် တန်ပြန်အကြမ်းဖက်ကော်မတီကို ကယ်ဆယ်မှုစစ်ဆင်ရေးကို ပြုလုပ်ရန် အသင့်ပြင်ဆင်ရန် အမိန့်ပေးခဲ့သည်။

တီဟီရန်သံရုံးတွင် ဖမ်းဆီးထားသော သံတမန်များကယ်ဆယ်ရေးကို အမေရိကန်ပြည်ထောင်စု ကမ်းခြေတက်တပ်ဖွဲ့မှ လက်ရွေးစင်တပ်သားများနှင့် အခြားအထူးတပ်ဖွဲ့များမှ တပ်သားများကို လေ့ကျင့်ပေးခဲ့သည်။ ယင်းတပ်သားအများမှာ ဗီယက်နမ်ပြည်တွင်းစစ်တိုက်ပွဲများတွင် အတွေ့အကြုံရှိသူများဖြစ်ကြသည်။ ထိုအဖွဲ့အား လေ့ကျင့်ပေးရာတွင် အမေရိကန်ပြည်ထောင်စု၊ စီအိုင်အေအဖွဲ့မှ တာဝန်ရှိသူများကိုယ်တိုင် လေ့ကျင့်ပေးခဲ့သည်။ ယင်းတပ်ဖွဲ့ဝင်များအား လေထီးဖြင့် ခုန်ဆင်းခြင်း၊ ခေတ်မီလက်နက်ငယ်အမျိုးမျိုး ပစ်ခတ်ခြင်း၊ ညအချိန် ဝင်ရောက်စီးနင်းခြင်းကအစ ရေကူးနည်းစသည်တို့ကို သင်ကြားပေးခဲ့၏။ အီရန်နိုင်ငံတွင် နေထိုင်သော လူမျိုးနွယ်များ၏ ဘာသာစကားကအစ သင်ကြားထားခဲ့စေသည်။ ထိုတပ်ဖွဲ့တို့အား အီရန်နိုင်ငံတွင် နှစ်ပေါင်းများစွာ နေထိုင်ဖူး၍ တီဟီရန်မြို့တော်ကြီးတွင် အပ်ကျသည်ကို သိခဲ့သည်။ ဗိုလ်မှူးကြီးတစ်ဦးက ခေါင်းဆောင်သည်ဟု သိကြရ၏။ ထို့အတူ လေ့ကျင့်ထားသည့် အဖွဲ့အား သမ္မတကြီးနှင့် အိမ်ဖြူတော်တွင် ရုံးဖွင့်ထားသည့် အမေရိကန်ပြည်ထောင်စု၊ ကာကွယ်ရေးကော်မတီနှင့် တန်ပြန်အကြမ်းဖက်နှိမ်နင်းရေးအဖွဲ့မှ တာဝန်ယူခဲ့ကြပြီး အမေရိကန်ပြည်ထောင်စု နိုင်ငံတော်သမ္မတကြီးကိုယ်တိုင် တီဟီရန်သံရုံးတွင် ထိန်းသိမ်းထားသည့် ဓားစာခံများအား ကယ်တင်ရမည့်အမိန့်တိုက်ရိုက်ပေးမည်ဖြစ်သည်။

ဤသို့ဖြင့် ရက်၊ လများ ကုန်ဆုံးလာခဲ့သည်။ သံတမန်နည်းလမ်းအမျိုးမျိုးဖြင့် ယင်းဓားစာခံကိစ္စ ဆောင်ရွက်ခဲ့ကြသော်လည်း အောင်မြင်မှုမရခဲ့။ အီရန်နိုင်ငံအတွင်း နိုင်ငံရေးဆန္ဒကျင်မှုများနှင့် နိုင်ငံရေးအာဏာလုမှုများ ရှုပ်ထွေးလာခဲ့သဖြင့် အမေရိကန်ဓားစာခံများ ကယ်ဆယ်ရေးအစီအစဉ်မှာ ရက်ရွှေ့ဆိုင်းခဲ့ရ၏။ အီရန်



www.burmeseclassic.com

www.burmeseclassic.com



နိုင်ငံနှင့် အိမ်နီးချင်းနိုင်ငံဖြစ်သော အီရတ်နိုင်ငံတို့၏ ဆက်ဆံရေးမှာ တင်းမာလာခဲ့သည်။

အီရတ်နိုင်ငံမှာ တိုက်ဂရစ်နှင့် ယူဖရေးတီးမြစ်နှစ်သွယ်ကြားတွင် တည်ရှိသော ယခင်က မက်ဆိုပိုတေးမီးယားဟု ခေါ်ဆိုခဲ့ကြသော သမိုင်းအစဉ်အလာကြီးမားသော နိုင်ငံတစ်နိုင်ငံဖြစ်သည်။ စတုရန်းမိုင် ၁၇၂၀၀၀ ရှိသည်။ ယင်းနိုင်ငံတွင် နေထိုင်သူများတွင် ရှီယာမွတ်ဆလင် သုံးပုံနှစ်ပုံနှင့် ဆွန်နီမွတ်ဆလင် သုံးပုံတစ်ပုံတို့ နေထိုင်ခဲ့ကြပြီး ယခင်က တူရကီနိုင်ငံပိုင်နယ်မြေဖြစ်ခဲ့သည်။

၁၉၅၈၊ ဇူလိုင်လတွင် အီရတ်တပ်မတော်က အာဏာသိမ်းပိုက်ခဲ့ပြီး ဘုရင်ဖိုင်ဆယ်အစိုးရကို ဖြုတ်ချခဲ့သည်။ ၁၉၅၈ မှ ၁၉၇၉ ခုနှစ်အထိ အီရတ်နိုင်ငံမှာ လုပ်ကြံမှုများ၊ အာဏာလုမှုများနှင့် ကြုံခဲ့ရ၏။ ၁၉၇၉ ခုနှစ်တွင်မူ ဗိုလ်ချုပ်ကြီး ဆက်ဒမ်ဟူစိန် သမ္မတဖြစ်လာခဲ့သည်။ အီရတ်သမ္မတနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံဖြစ်သော အီရန်နိုင်ငံမှ ဘာသာရေးခေါင်းဆောင် အယာတိုလာ ခိုမေနီသည် အီရတ်နိုင်ငံ၏ လူများစုဖြစ်သော ရှီယာမွတ်ဆလင်များက သမ္မတ ဗိုလ်ချုပ်ကြီး ဆက်ဒမ်ဟူစိန်ကို ဖြုတ်ချရန် လှုံ့ဆော်ခဲ့ရာ အီရန်နှင့် အီရတ်နိုင်ငံတို့ ဆက်ဆံရေးမှာ တင်းမာလာခဲ့သည်။ စစ်ဖြိုင်ရတော့မည့် အခြေအနေသို့ ရောက်လာခဲ့သဖြင့် အမေရိကန်ပြည်ထောင်စု သမ္မတကြီး ကာတာသည် အီရန်နိုင်ငံအား စောင့်ကြည့်၍ ဓားစာခံပြဿနာကို စေ့စပ်ဖြေရှင်းရန် ကြိုးစားခဲ့ပြန်ရာ တိုးတက်မှုမရခဲ့။ သို့ဖြစ်၍ ၁၉၈၀ ပြည့်နှစ်၊ ဧပြီလအတွင်းတွင် ဓားစာခံကယ်ဆယ်ရေး စစ်ဆင်မှုကို အမေရိကန်ပြည်ထောင်စုက တိတ်တဆိတ် စတင်ခဲ့သည်။ သို့သော် ထိုထိပ်တန်း လျှို့ဝှက်စစ်ဆင်ရေးမှာ အီရန်တပ်များနှင့် မတိုက်ခိုက်ရမီမှာပင် တီဟီရန်မြို့နှင့် မိုင် ၂၅၀ အကွာ၊ သဲကန္တာရအတွင်းတွင် ကယ်တင်ရေး စစ်ဆင်ရေးအတွက် လျှို့ဝှက်တပ်ဖွဲ့ဝင်များ လိုက်ပါလာသော ရဟတ်ယာဉ်များ စက်ချို့ယွင်း၍ အချင်းချင်းတိုက်မိရာမှ ပေါက်ကွဲမှုဖြစ်ကာ ဓားစာခံကယ်ဆယ်ရေးအစီအစဉ် ပျက်ခဲ့ရသည်။

ဤမအောင်မြင်သော ဓားစာခံစစ်ဆင်ရေးကြီးအတွင်း တပ်ဖွဲ့ဝင်တစ်ဦးသေဆုံးရ၍ စစ်လက်နက်ပစ္စည်းများ၊ လျှို့ဝှက်လက်နက်ပစ္စည်းများ၊ ရဟတ်ယာဉ်များ ဆုံးရှုံးခဲ့ရသည်။ အမေရိကန်ပြည်ထောင်စုမှာလည်း နိုင်ငံရေးသိက္ခာကျခဲ့ရသည်။ ယင်းကိစ္စအတွက် တာဝန်ရှိသူ နိုင်ငံခြားရေးဝန်ကြီး ဆိုင်းရပ်(စ်)ဘန်မှာ ရာထူးမှ နုတ်ထွက်သွားခဲ့ရသည်။ ဤသို့ဖြင့် အမေရိကန်ပြည်ထောင်စု သံတမန်နှင့် သံရုံးအမှုထမ်းများအား ဓားစာခံအဖြစ် အကြမ်းဖက် ဖမ်းဆီးထားသော အကျပ်ကိုင်မှုကြီးသည် ရက်၊ လ၊ နှစ် ရှည်ကြာသွားခဲ့သည်။ ထို ကာလအတွင်း အီရန်နိုင်ငံနှင့် အီရတ်နိုင်ငံတို့၏ ဆက်ဆံရေးမှာ တစ်နေ့တခြား ပျက်ပြားတင်းမာလာခဲ့သည်။ ၁၉၈၀ ပြည့်နှစ်၊ စက်တင်ဘာလအတွင်း အီရတ်နိုင်ငံက ပါရှားပင်လယ်ကွေ့ရှိ ရှတ်အယ်အာရမ် ရေလက်ကြားကို ပိုင်ဆိုင်သည်ဟု ကြေညာ၍ ၁၉၈၀ ပြည့်နှစ် စက်တင်ဘာလ ၂၂ ရက်နေ့တွင် အီရန်နိုင်ငံကို စတင်တိုက်ခိုက်ခြင်းဖြင့် နှစ်နိုင်ငံ စစ်ဖြစ်ပွားလာခဲ့တော့သည်။

တိုက်ပွဲများ ပြင်းပြင်းထန်ထန် ဖြစ်ပွားလာခဲ့ရာ တီဟီရန် အမေရိကန်သံရုံး ဓားစာခံအရေးအခင်းမှာ ရက် ကြာမြင့်ခဲ့ရပြန်သည်။ တစ်နှစ်နှင့် သုံးလခန့် ကြာမြင့်လာသည့် ၁၉၈၁ ခုနှစ်၊ ဇန်နဝါရီလ ၁၉ ရက်နေ့တွင်မူ ဓားစာခံများလွှတ်ပေးရေးအတွက် အမေရိကန်ပြည်ထောင်စုနှင့် အီရန်အစိုးရတို့ သဘောတူညီမှုရခဲ့ကြ၏။ အမေရိကန်ပြည်ထောင်စုအစိုးရက အီရန်ပိုင်ငွေကြေး ဥစ္စာများကို ထိန်းချုပ်ထားခဲ့သည့်အနက် အမေရိကန်ဒေါ်လာ ရှစ်ဘီလီယံအား အီရန်နိုင်ငံသို့ ပြန်ပေးခဲ့ရသည်။ ဤသဘောတူညီချက်အရ ရက်ပေါင်း ၄၄၄ ရက် အကြမ်းဖက်ဖမ်းဆီးခံထားရသော တီဟီရန်ရှိ အမေရိ ကန်သံရုံးမှ အမှုထမ်းများအား အီရန်အစိုးရက လွှတ် ပေးခဲ့သည်ဟု ဆိုကြပါကြောင်း။ ။

လှမ်းထက်

ကျမ်းကိုး– Inside Terroism

By-Bruce Hoffman

www.burmeseclassic.com

www.burmeseclassic.com

တကယ့်ဖြစ်ရပ် ရှုခင်း မဂ္ဂဇင်း ၁၂၉




www.burmeseclassic.com

www.burmeseclassic.com



■

သေရည်သေရက်တို့၏ အနံ့ဆိုးတို့ဖြင့် မွန်ထူနေသော ညိုကြီး၏ရင်ခွင်ထဲ၌ မိန်းမလှလေးဖြစ်သော နွယ်လေးသည် ရှိသမျှအင်အားလေးဖြင့် လူးလွန့်ရုန်းကန်နေပါ၏။ သူမအား အဓမ္မအကြမ်းဖက်နေသည့် ညိုကြီးက အောင်သေအောင်သားစားရမည့် ကျားသတ္တဝါ၏ပုံစံဖြင့်.....

"အခုလိုအခြေအနေရောက်မှတော့ ရုန်းမနေပါနဲ့တော့ နွယ်လေးရာ၊ နင် ငါ့အချစ်ကို သိပါတယ်၊ ငါကတော့လေ နင်ချစ်ချစ်၊ မချစ်ချစ် ချစ်နေမှာပါ၊ နင်လေ မြို့ကကောင်နဲ့ နားဖောက်တော့ ငါသိပ်ကိုခံစားရပါတယ်၊ နောက်ပြီး နင့်ရဲ့အချစ်ကို လက်လွှတ်ဆုံးရှုံးရမှာ ငါသိပ်စိုးရိမ်တယ်၊ အခုတော့ ရေကန်အသင့် ကြာအတင့်ဖြစ်နေတော့ ငါ့ဆန္ဒကို လိုက်လျောလိုက်ပါတော့ဟာ"

ညိုကြီး၏ ရင်ခွင်ထဲ၌ အကြောက်အကန် ရုန်းကန်နေသော နွယ်လေးသည် လိပ်ပြာလွင့်မတတ် လန့်ဖျပ်နေသည့်ကြားမှ ဒေါသဖြင့် တန်ပြန်သောစကားသံတို့သည် ငိုသံများရောစွက်လျက်

"ငါ့ကိုလွှတ် လူယုတ်မာ၊ နင့်လို လူမဆန်တဲ့လူမျိုးကို ငါ့အသက်သေရင်သေပါစေ ငါဘယ်တော့မှ မစဉ်းစားဘူးဟဲ့၊ ဘယ်တုန်းကမှလည်း နင့်လိုလူမျိုးကို ဦးနှောက်ထဲမှာ ထည့်မထားခဲ့ဘူး၊ ငါ့ကို နိုင်ထက်စီးနင်းနဲ့ ယုတ်မာလို့ရချင်ရပေမယ့် ငါ့နှလုံးသားကို ဘယ်တော့မှ မရဘူးဟဲ့ အယုတ်တမာကောင်ရဲ့"

ညိုကြီးသည် နွယ်လေးအား သိမ်းကျုံးပွေ့ဖက်လိုက်ပြီး.....

"ဘာပဲပြောပြော နင့်လို အနုနည်းနဲ့လည်းပြောမရ၊ အကြမ်းနည်းနဲ့လည်း ပြောမရတဲ့အတူတူ ငါ့ရဲ့လိုအင်ဆန္ဒကိုပဲ ငါလိုက်ရမှာပေါ့"

နွယ်လေး၏မျက်ဝန်းတို့မှ အားမတန်မာန်လျှော့ရတော့မည့် မျက်ရည်သည် ထိန်းမရသိမ်းမရဖြင့် တသွင်သွင် ကျဆင်းနေ၏။

ကမ္ဘာကြီးသည် အချိန်နှင့်တစ်ပြေးညီ လည်ပတ်နေရာမှ ချက်ချင်းရပ်ဆိုင်းသွားသည်ကဲ့သို့ လဆုတ်ကလေးသည် လောကဝန်းကျင်အား တတ်နိုင်သမျှသော အလင်းရောင်ကို

ဆောင်ကြဉ်းပေးနေသော်လည်း မည်
သည့်အရပ်မှ ရောက်ရှိလာသည်
မသိသော တိမ်ညိုတစ်အုပ်သည် ထို
လခြမ်းပဲ့အား တဒင်္ဂဖုံးအုပ်လိုက်ပါ
၏။ လေပြည်လေညင်းတို့သည် လေ
မုန်တိုင်းကျရောက်သည့်ပမာ ကြမ်း
တမ်းလွန်းစွာ တိုက်ခတ်လာ၏။ ထို
လေပြင်းများကြောင့် ယမ်းခါနေ
သော သစ်ရွက်သစ်ခက်တို့သည် ငို
ညည်းသည့်ပမာ။ ပိုးဖလံတို့၏အော်
မြည်သံကား ပို၍ပို၍ ဆူညံလာ
ရွေ့လျားနေသော အချိန်၊ နာရီတို့
သည် ပစ္စုပ္ပန်ကာလ၌ တန့်ဆိုင်းနေ
သည်ကဲ့သို့။

မကြာမီသော ကာလ၌ပင် လ
ခြမ်းပဲ့လေးအား ဖုံးအုပ်ထားသော
တိမ်မည်းမှောင်တို့သည် မည်သည့်
နေရာသို့ ရွေ့လျားသွားသည်မသိ
လဆုတ်လခြမ်းပဲ့သည် မှိန်ပျ
အလင်းရောင်နှင့်အတူ ပြန်လည်
ထွက်ပေါ်လာပြန်၏။

နွယ်လေးသည် ဒူးနှင့်မျက်ရည်
သုတ်၍ ရှိုက်ကြီးတငင် ငိုကြွေးနေ
ပါ၏။ နက်မှောင်သော ဆံကေသာ
တို့သည် ဖရိုဖရဲရှိနေသည့်အပြင် ပ
ဆင်ခဲ့လေသော ခရေပန်းလေးများ
မှာ ကြမ်းပြင်ပေါ်၌ ဟိုတစ်ပွင့်၊ ဒီ
တစ်ပွင့်ဖြင့်။ နွယ်လေးသည် ညိုကြီး
ကို ငိုရှိုက်နေသည့်ကြားမှ စား
မတတ်၊ ဝါးမတတ် စိုက်၍ကြည့်မိ
ပါ၏။ ညိုကြီးကား သူမ၏အကြည့်
အား ဂရုမစိုက်။

"အခုအချိန်မှာ နင် ငါ့ကိုသတ်
ချင်လောက်အောင် စိတ်ဆိုးဒေါသ
ထွက်နေမယ်ဆိုတာ ငါသိပါတယ်

www.burmeseclassic.com

www.burmeseclassic.com



ဘာပဲဖြစ်ဖြစ် ဒီကိစ္စက ဘယ်လိုမှ ပြုပြင်လို့မရတဲ့ ကိစ္စတစ်ခုပါ၊ ဒီတော့ နင်ဟာ ငါ့ရဲ့မယားဖြစ်သွားပြီပဲ၊ အခုအခါမှာတော့ နင်နဲ့ငါ အကြင်လင်မယားအဖြစ် ပေါင်းသင်းဖို့ကလွဲလို့ တခြားဘာကိစ္စမှ မရှိတော့ပါဘူး၊ စိတ်လျှော့လိုက်ပါ နွယ်လေးရာ''

နွယ်လေးသည် ညိုကြီးအား ဒေါသမျက်ဝန်းများဖြင့် စိုက်ကြည့်လိုက်ပြီး တောက်တစ်ချက်ခေါက်လိုက်ပါ၏။ ယင်းနောက်.....

''ငါ့ရဲ့ဘဝ၊ ငါ့ရဲ့အရှက်သိက္ခာတွေကို နင်ဖျက်ဆီးခဲ့လို့ ပျက်စီးခဲ့ရပြီ၊ ငါ့ရဲ့ဆုံးရှုံးမှုတွေနဲ့ ပတ်သက်ပြီး နင့်ဆီက တန်ရာတန်ကြေး ပြန်ပေးဆပ်ရလိမ့်မယ် လူယုတ်မာရဲ့''

နွယ်လေးသည် တတွတ်တွတ်ပြော၍ ရှိုက်ကြီးတငင် ငိုကြွေးနေခဲ့၏။

ထိုစဉ်အခိုက် ပွဲခင်းထဲမှပျောက်ဆုံးသွားသော သူကြီးသမီး နွယ်လေးအား ကျေးရွာရှိ ရွာသူရွာသားများ၊ ဆယ်အိမ်မှူး၊ ရာအိမ်မှူးများ၊ ကျေးရွာကာကွယ်ရေးလူငယ်များက ညိုကြီးနှင့် နွယ်လေးတို့ရှိနေသည့် လယ်တဲသို့ ရောက်ရှိလာ၏။ ကာလသားလူမိုက် ညိုကြီးသည် နွယ်လေး၏ဘဝအား မိုက်မဲစွာ ဖျက်ဆီးရဲသော်လည်း ကျေးရွာသားများနှင့်မူ ရင်ဆိုင်ရဲသည့် သတ္တိမရှိသည့်ကြောင့် ကိုယ်လွတ်ရုန်းပြေးရန်ကြိုးစား၏။ သို့သော်.....

လူမိုက်ညိုကြီးကား အသက်ကြီးလှသည်မဟုတ်။ ထို့ပြင် ရုပ်ရည်ခေသူမဟုတ်။ သူ၏အကျင့်စာရိတ္တနှင့် ကိုယ်ကျင့်တရားမကောင်းမှုတို့ကို မသိသည့် မည်သည့်မိန်းကလေးမဆို မျက်စိကျလောက်သည့်သူပင်ဖြစ်၏။ ညိုကြီးသည် ခိုး၊ ဆိုး၊ သတ်ဖြတ်၊ လုယက်၊ မားပြတိုက်မှုများဖြင့် နာမည်ကျော်သော်လည်း မိန်းမကိစ္စနှင့်မူ ရှင်းလှပါ၏။ သို့သော် သပြေကုန်းရွာသူ နွယ်လေး၏အလှကွန်ရက်၌ ရုန်းမထွက်နိုင်သော ညိုကြီးတစ်ယောက် သပြေကုန်းရွာသူရွာသားများ၏ လက်ထဲ၌ အသက်ထွက်ခဲ့ရပါ၏။ အသေဆိုးဖြင့်သေရသည်ဟု ဆိုရမည်။

ထိုစဉ်က မိမိအား စော်ကားခဲ့သော ညိုကြီးတစ်ယောက် မိမိအတွက် အသက်ဖြင့် တန်ရာတန်ကြေးပေးဆပ်ခဲ့ရသည်က အကျေနပ်ကြီး ကျေနပ်ခဲ့သော နွယ်လေးမှာ နောင်လာသော အနာဂတ်ကာလ၌.....

♠ ♠ ♠

''ဟုတ်မှဟုတ်ရဲ့လား လုံမရယ်''

တအင့်အင့်ဖြင့် ရှိုက်ငိုနေသော နွယ်လေးအား မိခင်ဖြစ်သူ သူကြီးကတော် ဒေါ်စိန်နု စိုးရိမ်သောကများစွာဖြင့် ရင်ဖိလျက်ရှိပါ၏။ နွယ်လေးသည် မိမိ၏အဖြစ်သနစ်ကြောင့် ဝမ်းလည်းနည်းရသကဲ့သို့ ရှက်လည်းရှက်မိပါ၏။ လူတကာအလယ် မျက်နှာမပြရဲသည့်ကိစ္စကြောင့် ဤလူ့လောကမှ အပြီးတိုင်စွန့်ခွာရန် အကြိမ်ကြိမ်ကြံစည်ခဲ့ပါ၏။ စဉ်းစားခဲ့ပါ၏။ သို့သော် မအောင်မြင်ခဲ့။

''ဒီလိုဖြစ်လာခဲ့ရင်လည်း ရွာထဲက လက်သည်ဒေါ်တိုးကိုခေါ်ပြီး နှိပ်ချလိုက်ရင်လည်း အဆင်ပြေမယ်နဲ့တူတယ်၊ ဖြစ်မှဖြစ်ရလေ လုံမရယ်၊ လုံမဘဝက ဆိုးလှချည်လားဟယ်''

မိခင်ဖြစ်သူ သူကြီးကတော် ဒေါ်စိန်နုမှာ ရင်ဘတ်စည်တီးလျက် ငိုပွဲဆင်ရပါ၏။ ဒေါ်စိန်နု၏အတွေး



www.burmeseclassic.com

www.burmeseclassic.com



ကား လက်သည်ကိုခေါ်၍ နိုပ်ချလိုက်ပါက ကလေးပျက်ကျနိုင်သော်လည်း မိခင်လောင်းဖြစ်သည့် နွယ်လေးမှာ အန္တရာယ်ရှိနိုင်သည်ဟု တွေးမိသောအခါ သမီးအတွက် ခြေမကိုင်မိ၊ လက်မကိုင်မိ ဖြစ်ရပြန်သည်။ နွယ်လေးကား မည်သို့မျှ မပြောနိုင်။ ငို၍သာနေတော့၏။ မိခင်ဖြစ်သူ ဒေါ်စိန်နုက.....

"လုံမမှာအပြစ်မရှိပါဘူးကွယ်၊ လူယုတ်မာတစ်ယောက်ကြောင့် သမီး ကံဆိုးရတာပါ၊ ဘာမှမပူနဲ့ လုံမ၊ အမေကြံပါ့မယ်၊ မငိုနဲ့တော့ လုံမရယ်"

မည်သို့ဆိုစေ သူကြီးဖြစ်သူ ခင်ပွန်းသည် လုံးဝမရိပ်မိစေရန် လျှို့ဝှက်လျက် သမီးဖြစ်သူ နွယ်လေးအား ဒေါ်စိန်နုက မိမိတို့လယ်တွင် လုပ်ကိုင်နေသော လူရိုးလူအ လယ်ယာလုပ်သား မောင်သာဝနှင့် လက်ထပ်ပေးစားရန် စီစဉ်လေတော့၏။ သူကြီးမှာ ဇနီးသည် ဒေါ်စိန်နု၏ သေဆိုသေ၊ ရှင်ဆိုရှင် ဖြစ်နေရသည်ကြောင့် သားသမီးရေးကိစ္စအား ဝင်ရောက်ဟန့်တားမှုမပြုတော့။ ဇနီးသည် ဒေါ်စိန်နုသဘောအတိုင်း စီစဉ်စေသည်။

နွယ်လေးကား မိခင်စီမံသမျှ ငြိမ်၍သာနေတော့၏။ သို့သော် သူမ၏ဘဝ ဆိုးရလေခြင်းဟု ယူကျုံးမရခြင်းများစွာဖြင့် အမြဲငို၍သာနေ၏။ မောင်သာဝမှာမူ သူကြီးသာမက သူကြီးကတော်အား ကြောက်ရသည်မို့ သူကြီးကတော် စီစဉ်လေသမျှ ခေါင်းငုံ့၍သာနေလေ၏။ လူမိုက်

**လူကြီးသူမများအပေါ်**
**ရိုသေကိုင်းရှိုင်းခြင်း၊ ဘုရားရှိခိုး၊**
**တရားနာ၊ သံဃာတော်များအား**
**ယုံကြည်လေးမြတ်**
**ဆည်းကပ်တတ်စေရန်၊**
**လိမ္မာရေးခြားရှိစေရန်**
**လက်ဦးဆရာပီသစွာ**
**လေ့ကျင့်ပေးခဲ့ပါ၏။**
**သားဖြစ်သူအား ရွာဦးကျောင်း၌**
**ဗုဒ္ဓဘာသာဝင်ပီပီ ရှင်သာမဏေ**
**ဝတ်စေခဲ့၏။**

တစ်ဦး၏ အဓမ္မအကြမ်းဖက်ခြင်းကို သူကြီးသမီး နွယ်လေး ခံရသည်ကို မောင်သာဝ မသိ၍မဟုတ်။ သိပါ၏။ သို့သော် ဟိုယခင်ကပင် သူကြီးသမီးအား ကြိတ်၍ချစ်နေရသည်မို့ သူကြီးကတော် စီစဉ်လေသမျှ ကြိတ်၍သာ ဝမ်းသာနေတော့၏။

"အမေကြိုက်သလိုသာ စီမံပါတော့"

နွယ်လေး၏ အားမတန် မာန်လျှော့သည့်စကားသည် ဒေါ်စိန်နုအတွက် အဆင်ပြေစေခဲ့၏။ သို့ဖြင့် လူသိထင်ရှား မောင်သာဝနှင့် မနွယ်လေးတို့၏ မင်္ဂလာလက်ထပ်ပွဲမှာ စည်ကားလှသည်ဟု ဆိုရပေတော့မည်။ သို့စေကာမူ မောင်သာဝအနေဖြင့် မနွယ်လေး၌ ကိုယ်ဝန်ရှိနေသည်ကို တစ်စွန်းတစ်စမျှပင် မသိရှိခြင်းကပင် ဒေါ်စိန်နုတို့သားအမိ

အတွက် အဆင်ချောခဲ့သည်မဟုတ်ပါလား။

မည်သို့ဆိုစေ နွယ်လေးသည် အဓမ္မမှုဖြင့် ရရှိသော ကိုယ်ဝန်ကြောင့် မိမိကိုယ်မိမိ သတ်သေရန် ကြိုးစားခဲ့သည်မှာ တစ်ကြိမ်တစ်ခါမက ဖြစ်ခဲ့သော်လည်း မသိမသာ ဝင်ရောက်လာသော ထူးခြားသည့် မိခင်စိတ်သည် သေကြောင်းကြံစည်ရန် မအောင်မြင်သည့် အကြောင်း အချက်တစ်ရပ်ပင် ဖြစ်ပေ၏။

ဤသို့ဖြင့် လယ်သူရင်းငှား မောင်သာဝနှင့် သူကြီးသမီး မနွယ်လေးတို့သည် အကြောင်းသင့်လျှင် အကြင်လင်မယားအဖြစ် ပေါင်းဖက်ရတော့၏။

♠ ♠ ♠

လကြာလာသည်နှင့်အမျှ နွယ်လေး၏ကိုယ်ဝန်သည် ရင့်မာ၍လာ၏။ မိမိ၌ ဖြစ်တည်လျက်ရှိသော ကိုယ်ဝန်သည် မိမိမချစ်မနှစ်သက်သောသူနှင့် မလွဲမရှောင်သာ ရသည့်ကိုယ်ဝန်ဖြစ်ခြင်းကြောင့် နွယ်လေး၏စိတ်သန္တာန်သည် အဆိုး အကောင်း ဒွန်တွဲနေရ၏။ မည်သို့ပင်ဖြစ်စေ နွယ်လေးသည် ကိုယ်ဝန်အား မွေးဖွားရန် မိခင်တို့၏ မူလစိတ်ဓာတ်ကား မပျောက်ပျက်။ မွေးဖွားရန်အတွက် ယောကျ်ားဖောင်စီး မိန်းမမီးနေဟူသော ဆိုရိုးစကားအတိုင်း သေဘေးနှင့်ရင်ဆိုင်၍ မွေးဖွားရန် အသင့်ရှိနေပြီဖြစ်၏။

ဤသို့သနေ့ရွှေ့လာနေ၍ ဆယ်

www.burmeseclassic.com



လစေ့သော် ကြွေ့ကြွေ့ဝမ်းသာ မောင်မျက်နှာကို မာတာမိခင် မြင်ရသောအခါ.....

မိခင်တိုင်းသည် သားသမီး ဖွားမြင်ပြီး၍ အသက်ပမာ သားသမီးရတနာ၏ မျက်နှာကို တွေ့မြင်လိုက်ရသည့်အခါဝယ် ချစ်ခြင်း၊ နှစ်သက်ခြင်းဟူသော မေတ္တာအဟုန်၊ ပီတိအဟုန်သည် တစ်ကိုယ်လုံးပျံ့နှံ့၍ နှိုးတွင်းချဉ်ဆီထိတိုင် ထိခိုက်သွားမြဲဖြစ်ပါ၏။ နွယ်လေးမှာမူ မိမိကိုယ်တိုင် မွေးဖွားသော သားငယ်အား ငေးကြည့်လျက် ကြင်နာခြင်းတစ်ဝက်၊ ရက်စက်ခြင်းတစ်ပိုင်းဆိုသကဲ့သို့ စိတ်သန္တာန်အတွင်း ဒွိဟဖြစ်လျက် လွန်ဆွဲနေပေ၏။ ကြင်နာခြင်းဟူသည် မိခင်စိတ်ကြောင့်ဖြစ်သည်လျက် ရက်စက်ခြင်းမှာမူ သားငယ်၏မျက်နှာလေးအား တွေ့မြင်တိုင်း အသေဆိုးနှင့် သေခဲ့လေသော လူမိုက်ညိုကြီး၏မျက်နှာအား ပြေး၍မြင်ယောင်မိသောကြောင့်ဟု ဆိုရပေမည်။

နွယ်လေးသည် မိခင်မေတ္တာစိတ်ကြောင့် ဆာလောင်မွတ်သိပ်သော သားငယ်အား နို့ချိုတိုက်ကျွေးမြဲဖြစ်သော်လည်း အစဉ်သဖြင့် မျက်ရည်ကျခဲ့ရ၏။ နွယ်လေး၏ရင်သွေးဖြစ်သောသားငယ်အားမိခင်၏စိတ်ဒွိဟဖြစ်မှုအပေါ် မူတည်၍ မိခင်ဖြစ်သူ နွယ်လေးကိုယ်တိုင် 'မနော' ဟု အမည်သညာ ခေါ်တွင်စေခဲ့ပါ၏။

မနောသည် မိခင်သွေးပါသည့်ကြောင့် စိတ်ကောင်းစိတ်မွန်ရှိသည့် အပြင် ဖခင်ဖြစ်သော လူမိုက်ညိုကြီး၏ သွေးသည်လည်းပါရှိခဲ့သည့်အတွက် ဉာဉ်ဆိုးကပ်တွယ်လျက်ရှိပါ၏။

မိခင်နွယ်လေးတစ်ယောက် မနောအပေါ် စိတ်ကောင်းဝင်သည့်အခါတွင် သားဖြစ်သူ ပူဆာသမျှ အကုန်လိုက်လျောမြဲဖြစ်ပါ၏။ တစ်ခါတစ်ရံ မနွယ်လေး စိတ်ဆိုးစိတ်ညစ် ပေါ်လာသည့်အခါတွင်မူ သေဖို့သာကြံဆိုသည့်အတိုင်း ရိုက်နှက်မြဲပင်။



မနွယ်လေးသည် မြန်မာအမျိုးသမီးဖြစ်သည့်အားလျော်စွာ ဗုဒ္ဓဘာသာဝင်တစ်ဦးဖြစ်ပါ၏။ မိမိစိတ်ဆန္ဒအရ မွေးဖွားလာသောသား မဟုတ်စေကာမူ.....

မကောင်းမြစ်တား၊ ကောင်းရာညွှန်လတ်၊ အတတ်သင်စေ၊ ပေးဝေနှီးရင်း၊ ထိမ်းမြားခြင်းလျှင် ဝတ်ငါးအင်၊ ဖခင်မယ်တို့တာဟူသော သိင်္ဂါလသုတ်တော်အရ မနောနှင့်ပတ်သက်၍ ကျင့်ဝတ်ငါးပါးကို ကျင့်သုံးနိုင်ရန် ကြိုးစားခဲ့ပါ၏။ လူကြီးသူမများအပေါ် ရိုသေကိုင်းရှိုင်းခြင်း၊ ဘုရားရှိခိုး၊ တရားနာ၊ သံဃာတော်များအား ယုံကြည်လေးမြတ် ဆည်းကပ်တတ်စေရန်၊ လိမ္မာရေးခြားရှိစေရန် လက်ဦးဆရာပီသစွာ လေ့ကျင့်ပေးခဲ့ပါ၏။ သားဖြစ်သူအား ရွာဦးကျောင်း၌ ဗုဒ္ဓဘာသာဝင်ပီပီ ရှင်သာမဏေ ဝတ်စေခဲ့၏။

မနောသည်လည်း ငယ်ရွယ်သည်မှ အရွယ်ရောက်သည့်တိုင် မိခင်ညွှန်ကြားသမျှ၊ သင်ပေးသမျှ လိုက်နာခဲ့ပါ၏။ လူမိုက်ညိုကြီးကဲ့သို့ မိုက်တွင်းနက်၍ ဆိုးဝါးသော ကံကြမ္မာများ မတွေ့ဆုံနိုင်ရန် ပညာတည်းဟူသော တန်ဖိုးအနဂ္ဃထိုက်တန်သော အရာအား သင်ကြားပေးခဲ့ပါ၏။ မနောကား ဉာဉ်ဆိုးရှိသည်မှလွဲ၍ ပညာအရာတွင် ထူးချွန်လှပါ၏။ သို့ဖြင့် မနောသည် အဝေးသင်ဖြင့် ဘွဲ့တစ်ခုရရှိခဲ့၏။

တိုးတက်သောအယူအဆ ကျယ်ပြန့်လာသော ဗဟုသုတ ဉာဏ်အသိကို ပွင့်လင်းစေသည့်

www.burmeseclassic.com

www.burmeseclassic.com



ပညာများ အတော်အသင့်ရှိလာသည့် မနောသည် ဘဝင်လေဟပ်လာ၏။ လက်ညှိုးထိုးလေတိုင်း ရေဖြစ်စေသည့် ဆန္ဒများသည် ကြောက်ဖွယ်လိလိဖြစ်လာ၏။ အရာရာထင်တိုင်းမပေါက်ပါက မဖြစ် ဖြစ်သည့်နည်းဖြင့် ထင်တိုင်းပေါက်စေ၏။

လောဘ၊ ဒေါသ၊ မောဟတို့ဖြင့် မိဘပိုင် လယ်ယာမြေများကိုအခြေခံလျက် တခြားသော လယ်သမားများ၏ သီးနှံစပါးများကိုပေါက်စျေးထက် ချိုးနှိမ်ပြီး မရ ရအောင် ဝယ်ယူ၍ သာလွန်သောအမြတ်ရရှိမှ ပြန်လည်ရောင်းချ၏။ ကြက်ဝိုင်း၊ နွားဝိုင်း အလောင်းအစားမှန်သမျှ ဦးစီးလုပ်ဆောင်လျက် စီးပွားရှာ၏။ တပည့်တပန်းတို့ကား မနောထံပါး၌ များပြားစွာခစားလျက်ရှိ၏။ သို့စေကာမူ သူ၏မိခင် ဒေါ်နွယ်လေးကိုမူ ကြောက်ရွံ့ရှိသေမြဲဖြစ်၏။ ပထွေးဖြစ်သူ ဦးသာဝမှာ မနောအရွယ်မရောက်မီကပင် ငှက်ဖျားရောဂါ၊ အသည်းရောင်အသားဝါရောဂါများဖြင့် ဆုံးပါးသွားခဲ့ပြီမို့ မနောတစ်ဦးတည်းသာ စီးပွားရှာဖွေခဲ့၏။

ဒေါ်နွယ်လေးသည် မနောအား သမ္မာအာဇီဝကျသော အလုပ်ကိုသာ လုပ်ကိုင်စေချင်သည်။ မိရိုးဖလာ လယ်ယာလုပ်ငန်းအား တိုးတက်သောအမြင်ဖြင့် လုပ်ကိုင်စေလို၏။ သို့သော် မွေးရာပါဗီဇဟုပြောရမည်လားမသိသော ဉာဉ်ဆိုးသည် မနော၌ တွယ်ကပ်နေသည့်အခါမည်သို့မျှ ပြော၍မရ။

"မနော...မင်းလုပ်နေတဲ့ လုပ်ငန်းတွေနဲ့ပတ်သက်ပြီး အမေမကြိုက်ဘူး၊ ဥပဒေနဲ့ ကင်းလွတ်တာပဲ လုပ်ပါလား၊ အမေ့စကားနားမထောင်ရင်တော့ မင်းတစ်နေ့ဒုက္ခကောင်းကောင်းကြီး တွေ့နိုင်တယ်နော်"

မိခင်၏ သတိပေးစကားသည် မနောအတွက် အရာမရောက်လှ။

"အမေပြောတာကို ကျွန်တော်နားလည်ပါတယ်၊ ဒါပေမဲ့ အခွင့်အခါရှိတုန်း လုပ်ရတာမို့ ဘယ်လိုဖြစ်ဖြစ် ဒီတစ်ကြိမ်တော့ အမေ့စကား နားမထောင်နိုင်ဘူး အမေ၊ လသာတုန်း ဗိုင်းငင်ရတယ်ဆိုတာ အမေသိမှာပါ"

မိခင်ဖြစ်သူသည် ပြောမရသော မနောအား တည်ကြည်သော မျက်နှာထားဖြင့် တစ်ချက်ကြည့်လိုက်ပြီး.....

"ဒါဆိုလည်း ပြီးရော၊ မင်းထိုက်နဲ့ မင်းကံပေါ့၊ တစ်ခုတော့ရှိတယ်၊ မင်းရဲ့လုပ်ငန်းတွေက ရတဲ့ငွေကိုတော့ လယ်ထွက်ပဲ၊ စပါးဖိုးပိုက်ဆံကလွဲပြီး ငါ့ကိုလာမအပ်နဲ့၊ ငါလက်ခံမှာမဟုတ်ဘူး"

ပြောပြောဆိုဆို ထ၍သွားသော
မိခင်ဒေါ်နွယ်လေး၏ကျောပြင်အား
ကြည့်လျက် မနောမှာ စိတ်ပျက်စွာ
ခေါင်းခါလျက် ကျန်ခဲ့ပါ၏။ မနော
သည် တရားမဝင်သော လောင်း
ကစားအပြင် မူးယစ်ဆေးဝါးရောင်း
ဝယ်ရေးအားပြုလုပ်ရန် တစ်ဆင့်
တက်၍ ကြိုးစားလာပါ၏။ မနော၏
စိတ်အခံသဘောသည် တဖြည်း
ဖြည်း လူမိုက်ညို့ကြီး၏ စိတ်သဘော
အတိုင်း ဖြစ်လာသည်ကို ဒေါ်နွယ်
လေးတစ်ယောက် တစ်နေ့တခြား
မြင်တွေ့လာသည့်အခါတွင် သားဖြစ်
သူအပေါ် စိတ်ပျက်လာ၏။ မိခင်
စိတ်များပင် ကုန်ခန်းစပြုလာ၏
သည်ကြားထဲမှပင် အရွယ်ရောက်
လာသော မနောတစ်ယောက် မိန်း
ကလေးများဖြင့် တစ်စခန်းထလာပြန်၏
မနောသည် တစ်ရွာတစ်ယောက်
သလိုပင် ရည်းစားများထားရှိ၍လ
လျှင်လစ်သလို မိန်းကလေးများအား
ဖျက်ဆီးတတ်သည်ဟု သတင်းထွက်
နေ၏။ ထိုသတင်းစကားများကြောင့်
မိခင်ထံသို့ မနောတစ်ယောက်
မသွား၊ မျက်နှာချင်းမဆိုင်၊ မိခင်နှင့်

**မိခင်ဖြစ်သူအား ပြေး၍ငွေထုပ်လိုက်စဉ် မိခင်ဒေါ်နွယ်လေး၏လက်ထဲ၌ ပါလာသော ဓားမြှောင်၏ထိပ်ဖျားသည် မနော၏ ဝမ်းဗိုက်တွင်းသို့ ဆက်ကာ ဆက်ကာ ဝင်ရောက်သွားပါ၏။**

www.burmeseclassic.com

www.burmeseclassic.com





တစ်လုံးဖြစ်အောင် ကြိုးစားပေးခဲ့တဲ့ ငါ့မျက်နှာမှမထောက် လုပ်ရက်လိုက်တာ''

မိမိရင်မှလွယ်၍ မွေးဖွားစောင့်ရှောက်ခဲ့ရသော မိမိ၏သားဖြစ်သူ၏ မိုက်ရိုင်းမှုမျိုးအား မည်သို့သော မိဘများမှ ခွင့်လွှတ်နိုင်ပါမည်နည်း။ ဒေါ်နွယ်လေးသည် လူမိုက်ညီကြီး၏ အဓမ္မဆန်မှုများကြောင့် ဘဝပျက်ခမန်း ဖြစ်ခဲ့ရပြီး ယခုတစ်ဖန် သားဖြစ်သူမှာလည်း လူမိုက်ညီကြီး၏ ခြေရာနင်းလျက် အမျိုးကောင်းသမီးများအား လိုက်လံဖျက်ဆီးနေသည့်ကို မိန်းမချင်း စာနာထောက်ထားမှုများစွာဖြင့် မနောအား ခွင့်မလွှတ်နိုင်ခဲ့ပါပေ။ ထို့ပြင် ညီကြီးကဲ့သို့ လူယုတ်မာတစ်ယောက်၏ သားအား လူ့လောက၌ အစဉ်အမြဲရှိနေခြင်းသည် လူ့လောကီဘုံအား ဖျက်လိုဖျက်ဆီးဖြစ်စေသည့် အကြောင်းအရာဖြစ်သည်ကြောင့် မိခင်စိတ်ပင် ကွယ်ပျောက်မတတ် မနောအား ခံပြင်းနာကြည်းခဲ့ရ၏။

ရွာသူရွာသားများသည် မနောနှင့် ခင်သူဇာအား လိုက်လံရှာဖွေနေပါ၏။ ခင်သူဇာ၏ ဆွေမျိုးများကမူ တုတ်တပြက်၊ ဓားတပြက်ဖြင့် မနောအား တွေ့ရာသင်္ချိုင်း ဓားမဆိုင်းဆိုသည့် အရိပ်လက္ခဏာမြင်နေရ၏။ ရွာနှင့်အလှမ်းကွာဝေးသော တောစပ်ရှိ တဲတစ်လုံးမှ ထွက်လာသော မနောအား ရွာသားများက ဝိုင်း၍ဖမ်းဆီးကြပြီး ရွာသို့ခေါ်ခဲ့ကြ၏။ ရွာသားများ၏ လက်ချိုးပြောင်းမှုကြောင့် မနောတစ်ကိုယ်လုံး ရ

ထိပ်တိုက်မတွေ့ဆုံရန် ရှောင်ရှားနေ၏။ ပို၍ဆိုးသည်ကား ရွာမျက်နှာဖုံး ဦးသူတော်၏သမီး ကွမ်းတောင်ကိုင်အလှပဂေး ခင်သူဇာအား အတင်းအဓမ္မ ခိုးယူသွားခြင်းပင်ဖြစ်၏။ ခင်သူဇာတွင် ချစ်သူရှိ၏။ သူမ၏ချစ်သူသည် ရိုးသားသော တောင်သူလယ်သမားတစ်ဦးဖြစ်သော မောင်သာချိုဟူသည့် လယ်သမားပင်ဖြစ်၏။

မောင်သာချိုနှင့် ခင်သူဇာတို့သည် လူငယ်ဘာသာဘာဝ သမီးရည်းစားဖြစ်၍ နှစ်ဦးသား ချိန်းဆိုချစ်တင်းနှောသည့်နေရာသို့ အရက်နံ့တထောင်းထောင်းထနေသော မနော ရောက်ရှိသွား၏။ မနောသည် ခင်သူဇာကို ချစ်ခင်စုံမက်မှု မရှိသော်လည်း သူတစ်ပါးအား မနာလိုစိတ်များ ကြီးထွားလျက် အင်အားသုံး၍ ခင်သူဇာအား အဓမ္မ ခေါ်ဆောင်သွားခြင်းဖြစ်၏။ ထိုသတင်းဆိုးသည် မနော၏မိခင် ဒေါ်နွယ်လေး၏နားသို့ ရောက်ရှိသွားခဲ့စဉ် ဒေါ်နွယ်လေးမှာ လိပ်ပြာလွင့်မတတ် ဖြစ်ခဲ့ရ၏။ အဆုံးစွန်တိုင် ဆိုးဝါးသော သားဖြစ်သူ၏ အမူအကျင့်၊ အကျင့်အကြံများကြောင့် ဖခင်ခြေရာလိုက်နင်းနေသော သားဖြစ်သူ မနောအား မိခင်၌ရှိသော ရှားရှားပါးပါး အမုန်းတရားတို့သည် ပေါ်ထွက်လာခဲ့ရ၏။

''တော်တော်မိုက်လုံးကြီးလှပါလား မနောရယ်၊ ဒီလိုလူမိုက်မျိုးရိုးကို ငါမွေးခဲ့ရတာ ငါဝမ်းရေစပ်လိုက်တာ၊ တောက်.....ဗီဇဉာဉ်ဆိုးမကောင်းတဲ့ ဒီလိုကောင်မျိုးကို ငါ့သားတော်ရတာ အရမ်းကို သိက္ခာကျ၊ အရှက်ရခဲ့ရပြီ၊ လူတစ်လုံးသူ

www.burmeseclassic.com



စရာမရှိအောင် ဒဏ်ရာဒဏ်ချက်များစွာဖြင့်.....

"ဟော့ကောင်...ဘယ်မလဲ ငါ့သမီး"

"မင်း...မင်း ငါ့နှမကို ဘယ်မှာထားခဲ့သလဲ၊ ပြောစမ်း...ဟော့ကောင်"

"ငါတို့နှမ တစ်ခုခုဖြစ်လို့ကတော့ မင်း အသက်နဲ့ကိုယ် အိုးစားကွဲပြီသာ မှတ်လိုက်တော့"

မနောသည် ဖူးရောင်သော ဒဏ်ရာများဖြင့် ရွာသားများအား မော့ကြည့်လျက် ပြုံး၍ခေါင်းခါနေပါ၏။ ယင်းနောက်.....

"ကျုပ်ပြောတာကိုလည်း အစအဆုံး နားမထောင်ဘဲနဲ့ ကျုပ်ကို ထိုးလိုက်ကြိတ်လိုက်ကြတာဗျာ၊ ကျုပ်ဘယ်ကစပြီး ပြောရမှန်း တောင်မသိတော့ဘူး"

ကျေးရွာလူကြီးက.....

"ကဲ...ကဲ မင်းတို့ဘာမှမလုပ်ကြနဲ့၊ သူပြောတာကို နားထောင်ကြစမ်း"

မနောသည် ဒဏ်ရာဒဏ်ချက်များဖြင့် မတ်တတ်ရပ်လိုက်ပြီး နှုတ်ခမ်းမှသွေးစများအား သုတ်သင်လိုက်ပါ၏။ ယင်းနောက်.....

"ကျုပ် ခင်သူဇာကို ပြုမူစော်ကားခြင်း မရှိပါဘူး၊ ယုတ်စွအဆုံး လက်နဲ့တောင် မထိခဲ့ပါဘူးဗျာ၊ ကျုပ်အရက်သောက်ခဲ့တာ မှန်ပါတယ်၊ ခင်သူဇာနဲ့ သူ့ချစ်သူ ကောင်လေးတို့နှစ်ယောက် ချိန်းတွေ့တာကို ကျုပ်မြင်လိုက်ရတော့ ခင်သူဇာ သူ့ကောင်လေးနဲ့ပတ်သက်ပြီး ဒုက္ခရောက်မှာစိုးတာနဲ့ ခင်သူဇာကို အတင်းဆွဲခေါ်ခဲ့တာပါ၊ ခင်သူဇာကို ကျုပ်ရှင်းပြပါတယ်၊ ခင်သူဇာလည်း သဘောပေါက်ပြီး ကျုပ်ရဲ့သဘောကို သိသွားတယ်၊ အခု ကျုပ် ခင်သူဇာကို ဝှက်မထားပါဘူး၊ သူ့ရွာကို ပြန်သွားပါပြီ၊ ကျုပ်ရဲ့စေတနာကို ခင်ဗျားတို့ နားလည်လောက်ပြီထင်ပါတယ်၊ ကျုပ်ဟာ ခင်ဗျားတို့ထင်သလို လူဆိုးလူမိုက်တစ်ဦး မဟုတ်ပါဘူး၊ ကျုပ်မကောင်းကြောင်းတွေကို ကျုပ်ကို မလိုတဲ့သူတွေက အတင်းအဖျင်းပြောကြတာပါ၊ ကျုပ်ဟာ သိပ်စည်းကမ်းကြီးတဲ့ မိခင် ဒေါ်နွယ်လေးရဲ့ တစ်ဦးတည်းသောသားပါဗျာ"

မနော၏ ရှင်းပြသောစကားကြောင့် ရွာသူရွာသားများ ငေးငိုင်သွားရ၏။ အံ့သြတကြီးလည်း ဖြစ်သွားရ၏။ မနော၏ပြောစကားများကို ဝိုင်းအုံ၍ နားထောင်နေကြသော ရွာသားများ၏ကြားမှ ဒေါ်နွယ်လေးသည် တိုးထွက်လာ၏။ ရုတ်တရက် သူ၏မိခင်အား တွေ့မြင်လိုက်ရသော မနောမှာ အံ့သြတကြီးဖြင့် "အမေ" ဟု အာမေဍိတ်ပြုလျက် မိခင်ဖြစ်သူအား ပြေး၍ပွေ့ပိုက်လိုက်စဉ် မိခင် ဒေါ်နွယ်လေး၏လက်ထဲ၌ ပါလာသော ဓားမြှောင်၏ထိပ်ဖျားသည် မနော၏ဝမ်းဗိုက်တွင်းသို့ ဆက်ကာဆက်ကာ ဝင်ရောက်သွားပါ၏။

"အ.....အမေရယ် သားရှင်းပြတာကို နားမထောင်တော့ဘူးလားဗျာ"

ရွာသူရွာသားများ၏ "ဟာ"၊ "ဟင်"၊ "အို"ဟူသော ထိတ်လန့်တကြား အော်သံများကား ဆူညံစွာ ထွက်ပေါ်လာရ၏။ ဒေါ်နွယ်လေးက.....

"ငါ့ရဲ့သွေးမကောင်းရင် ငါကိုယ်တိုင် ဖောက်ထုတ်ပစ်တတ်တယ်ဆိုတာ မင်းသိဖို့လိုအပ်တယ် မနော"

ထိုစဉ် ခင်သူဇာသည် လူအုပ်ထဲမှထွက်လာပြီး.....

"အဒေါ်မှားနေပြီ၊ မနောလေ ကျွန်မကို ဘာမှမကျူးလွန်ပါဘူး ကျွန်မနဲ့ ကျွန်မရဲ့ချစ်သူ ကိုသာချို တို့ မဖြစ်သင့်တာ မဖြစ်ရအောင် ကျွန်မကို ကရုဏာဒေါသောနဲ့ ခေါ်ပြီးပြောတာပါရှင်၊ မနောဟာ စိတ်ရင်းကောင်းတဲ့သူပါ အဒေါ်ရယ်"

ထိုစဉ်ခဏ ခင်သူဇာရှင်းပြလေသမျှ ကျေးရွာလူကြီးနှင့် ရွာသူရွာသားများက ဒေါ်နွယ်လေးအားရှင်းပြလေသမျှ ဒေါ်နွယ်လေး ကြားနိုင်ပါတော့မည်လား။ မနော၏အသက်ဝိညာဉ်မဲ့နေသော ခန္ဓာကိုယ်အား ငုံ့ကြည့်နေသော ဒေါ်နွယ်လေးတစ်ယောက် ငို၍မရတော့ပါ။ တစ်ဆို့နေသော ပရိဒေဝမီးတို့သည် ရင်ဝသို့ ရောက်နေသည့်တိုင် တောက်လောင်မှုသည် ပူပြင်းလှပါ၏။ နေသည် ဝင်တော့မည်ဖြစ်ခြင်းကြောင့် ရဲရဲနီ၍ နေလေ၏။ ဒေါ်နွယ်လေးသည် မိမိကိုယ်တိုင် မှားယွင်းစွာသတ်မိလေသော သားဖြစ်သူအား ငေးငိုင်ကာ ယူကျုံးမရခြင်းကြီးစွာဖြင့် အသက်ရှူရပ်နေသည့်ပမာ။

မောင်သာမန် (ဇီးကုန်း)

www.burmeseclassic.com

www.burmeseclassic.com





# ချိုပြုံး (နမ့်စန်)

# တန်ဖိုးရှိသော လူတစ်ယောက်

ပန်းချီ မင်းထက်နိုင်

www.burmeseclassic.com

www.burmeseclassic.com



သီတင်းကျွတ်ပြီးသည်နှင့် မိမိဇာတိနယ်မြေကို မိဘနှစ်ပါးအား ကန်တော့ရင်းနှင့် ညီအစ်ကိုမောင်နှမ၊ ဆွေမျိုးသားချင်းများနှင့်တွေ့ဆုံရန် ရောက်ရှိခဲ့သည်။ ငယ်စဉ်ကျောင်းနေဖက်သူငယ်ချင်းများတွေ့ရပြန်တော့လည်း တချို့လည်း ရုပ်ရည်နှင့် အသံဖမ်း၍ မှတ်မိသည်။ တချို့လည်း ပြောပြမှသိကြသည်။ ကွဲကွာကြတဲ့အချိန်ကာလ ကြည့်မယ်ဆိုလည်း မြေးတောင်ရကုန်ကြပြီလေ။ ပျော်ရာမှာမနေ၊ တော်ရာမှာနေရဆိုသလိုပေါ့။ ငါစွဲ၊ ရွာစွဲ၊ ဆရာစွဲထားမနေဘဲ ရေကြည်ရာမြက်နုရလေတော့ တချို့သော သူငယ်ချင်းများလည်း တခြားတစ်မြို့တစ်ရွာဆီမှာဖြစ်သည်။

ကိုယ်နဲ့ကျောင်းနေဖက် သူငယ်ချင်းများထဲက တချို့လည်း ဝန်ကြီး၊ တချို့လည်းတိုင်းမှူး၊ တချို့လည်း ရဲမှူးကြီး၊ ပညာရေးမှူး၊ ကျောင်းအုပ်ကြီး၊ စက်ရုံမှူး၊ ကျောင်းဆရာ၊ ဆရာမ စုံပါပေရဲ့။ ကျွန်တော်တစ်ယောက်ကတော့ဖြင့် အရောင်းအဝယ်ကတစ်ဖက်၊ တောင်သူကတစ်ဖက်။ အမျိုးမျိုးပါပဲ၊ တစ်ခါတလေများ တွံတေးသိန်းတန်ရဲ့ အသီးတစ်ရာ အညွှာတစ်ခုဆိုတဲ့ သီချင်းကြားမိရင် သူငယ်ချင်းတွေကို လွမ်းမိပါရဲ့။ ငယ်စဉ်ကလေးဘဝကစပြီး ကိုယ့်အလုပ်အကိုင်၊ အိမ်ထောင်ရက်သားကျပြီး လူကြီးဘဝရောက်သည်ထိ ရှေ့ကြောင်းနောက်ကြောင်း မျက်စိထဲ ကွင်းကွင်းကွက်ကွက်ကို မြင်နိုင်စွမ်းရှိတဲ့ သီချင်းတစ်ပုဒ်ပါ။ ရေးတတ်ပါရဲ့ အသံကလည်းကောင်းလှပါရဲ့၊ လွမ်းလည်းလွမ်းမိပါရဲ့၊ နမြောမိပါရဲ့။ သူနဲ့ ကျွန်တော်နဲ့က ကျောင်းနေဖက်သူငယ်ချင်းဆိုတော့ အားလုံး မျက်စိထဲကွင်းကွင်းကွက်ကွက် မြင်ယောင်နေမိတယ်။ ကိုယ့်စိတ်ကိုယ် ပြန်ဖြေနေမိတယ်။ ဩော်.....အားလုံးက သေမျိုးတွေပဲ၊ ရှေ့နောက်တွေပါပဲ။ သွားနှင့်တော့ သူငယ်ချင်း။ ငါနောက်က လိုက်ခဲ့မယ်ပဲပေါ့။ နှစ်သိမ့်မိတယ်။ မှန်ပါ၏။ သို့သော် သူသက်ရှိထင်ရှားရှိစဉ်က ရိုက်ကွင်းရိုက်ကွက် သွားလာလှုပ်ရှားမှုတွေကိုကြည့်ပြီး စိတ်ခံစားမှု ဖြစ်ခဲ့ရတာတော့ အမှန်ပါ။

♠ ♠ ♠

ကျွန်တော် ရွာရောက်တဲ့အချိန်က သီတင်းကျွတ်လ၊ ကြက်သွန်ပျိုးထောင်ချိန်။ ဝါသနာကိုတော့ မတားနဲ့။ အလည်လာတယ်ဆိုပေမယ့် အလုပ်မရှိ ယောင်တောင်တောင်မနေတတ်တဲ့အကျင့်ရှိတယ်။ တချို့က ကျွန်တော့်ကိုပြောကြတယ်။ ဆင်းရဲတဲ့ဇာတာပါတယ်တဲ့။ ဘာပဲပြောပြော သူငယ်ချင်းများထံသွားပြီး ချောင်းထဲစိုက်ပျိုးရမယ့်နေရာတောင်းခဲ့တယ်။ နေရာရပြီး ချောင်းဘေးကုန်းပေါ် ကြက်သွန်နီမျိုးစေ့ငါးပြည် ပျိုးထောင်ခဲ့တယ်။ ပျိုးသက် (၄၅)ရက်သားဆို ပြောင်းရွှေ့စိုက်လို့ရပြီလေ။ ချောင်းထဲထွန်ယက်၊ ပေါင်းရှည်တွေဆွဲ၊ မြေဆွေးနွားချေးချ အားလုံးအသင့်လုပ်ထားပြီး ကြက်သွန်ပျိုးသက် (၄၅)ရက်ရသည်နှင့် ပျိုးပင်များနုတ်၍ ပြောင်းရွှေ့စိုက်တော့သည်။ အားလုံးစိုက်ပျိုးပြီး နားရတယ်ဆိုပေမယ့် ရေပန်းပုံးနဲ့ တစ်ပတ်တစ်ကြိမ် အမြဲရေလောင်းပေးရတယ်။ ကြက်သွန်ပေါ်ချိန်ထိတော့ မနေနိုင်ပါ။ နောက်ပိုင်းကလည်း အလုပ်တွေနဲ့ဆိုတော့ တစ်ရက်နှစ်ရက်နေပြီးရင် ပြန်ပါတော့မည်။ ကြက်သွန်ခင်း လေးကောခန့်နောက်ပိုင်းက ညီဖြစ်သူကိုပဲ ဆက်လုပ်ဖို့ တာဝန်ပေးခဲ့တော့တယ်။

ညနေပိုင်း ထမင်းစားသောက်ပြီး အိမ်ရှေ့လသာသာမှာ စားပွဲကုလားထိုင်များချပြီး ရေနွေးကြမ်းအိုးတစ်လုံးနဲ့ အပန်းဖြေတဲ့အချိန် တူတော်မောင် ...နိုးကိုဦးနဲ့ အပြန်

www.burmeseclassic.com

www.burmeseclassic.com



## သူတို့သားက နတ်ပေးတဲ့သားတဲ့။ စီးပွားရေးက လုံးချာလိုက်နေတဲ့အချိန် ဒီသားမွေးမှပဲ စီးပွားရေးက သိသိသာသာ တိုးတက်လာတာ ယုံနိုင်စရာကိုမရှိဘူးတဲ့။ အိမ်ထောင်သက် သုံးနှစ်ရောက်တဲ့အထိ သားသမီးက မရလေတော့ ညောင်ပင်ကြီးနဲ့နတ်စင်သွားပြီး...



အလှန် စကားလက်ဆုံကျနေကြတယ်။ တူတော်မောင်က ပြောခဲ့တယ်။

"ဦးကြီး မူးယစ်ဆေးဝါးသုံးစွဲပြီး ဘဝပျက်ရသူများအကြောင်း ပြောပြမယ်ဆို၊ ပြောပြပါလေ"

♠ ♠ ♠

သူတို့သားက နတ်ပေးတဲ့သားတဲ့။ စီးပွားရေးက လုံးချာလိုက်နေတဲ့အချိန် ဒီသားမွေးမှပဲ စီးပွားရေးက သိသိသာသာ တိုးတက်လာတာ ယုံနိုင်စရာကိုမရှိဘူးတဲ့။ အိမ်ထောင်သက် သုံးနှစ်ရောက်တဲ့အထိ သားသမီးက မရလေတော့ ညောင်ပင်ကြီးနဲ့နတ်စင်သွားပြီး နတ်ဆရာကြီးညွှန်ပြတဲ့အတိုင်း အားလုံးပြည့်စုံအောင်လုပ်ပြီး ပူဇော်ပသ၊ သားဆုခံလိုက်မှပဲ ရလာတဲ့သားမို့ နတ်ပေးတဲ့သားတဲ့။

အတ္တာဟိ အတ္တနောနာထော မိမိကိုယ်သာကိုးကွယ်ရာတဲ့။ ဘုရားဟောရှိခဲ့တယ်။ မိမိကိုယ်မိမိအချိန်နဲ့အပြိုင် လုံ့လ၊ ဝီရိယရှေ့ထားပြီး ကြိုးစားအားထုတ်လို့ တိုးတက်ကြီးပွားလာရတာကို နတ်ကပေးတယ်ဆိုတော့ ကိုယ်တိုင် နေ့မအား ညမနား ကြိုးစားအားထုတ်ရှာဖွေလို့ ရရှိလာတာကို နတ်ကပေးတယ်ဆိုတော့လည်း ကိုယ့်ရဲ့အဆင့်ကိုဖော်ပြနေတာပဲ။

ဒီသားတောင်းဆိုလာတဲ့အရာမှန်သမျှ ရောက်စေသတည်းဆိုပြီး အလိုလိုက်ပုံများ ကိုယ့်သားသမီးကိုယ်ချစ်တတ်ကြဖို့တော့ လိုပါရဲ့။

ဒီကောင်လေးရဲ့မိဘများက စီးပွားရေးသမားပီပီ လုပ်ကိုင်နေကြတော့ ဒီသားတစ်ယောက်ကို သူ့အဘိုးအဘွားနဲ့ အပ်ထားမှပဲ ပိုလို့တောင်ဆိုးနေပြီ။ အရွယ်လေးကရလာလေတော့ ပိုက်ဆံကို သုံးတတ်၊ ဖြုန်းတတ်နေပြီ။ မိဘတွေဆီတောင်းလိုက်၊ အဘိုးအဘွားများဆီ လှည့်တောင်းလိုက်၊ အပေါင်းအသင်းများနဲ့ ပျော်လိုက်ပါးလိုက်နဲ့ပဲ အချိန်ကုန်နေတဲ့ကောင်လေး။

ဒီကောင်လေးရဲ့ အပေါင်းအသင်းများကိုကြည့်ရတာ သင့်ကိုဘယ်သူတွေနှင့်တွေ့ရလေ့ရှိကြောင်းကိုပြောပြပါ။ သင်ဘယ်လိုလူတစ်ယောက်ကြောင်း ကျွန်ုပ်ပြောပြပါမည်ဆိုတဲ့ စကားရပ်အတိုင်းပါပဲ။ [illegible]

www.burmeseclassic.com

www.burmeseclassic.com



ကများနေတော့ မဖြစ်သင့်တာမဖြစ်ရအောင် မိဘများနားအရောက် တိုးတိုးတိတ်တိတ် ပြောပြတော့လည်း သူ့သားက အပေါင်းအသင်းအတော်ဆံ့တယ်။ မဟုတ်တာဘာမှမလုပ်ဘူး၊ ဘယ်သွားမယ်၊ ဘယ်လာမယ်ကအစ မိဘကိုမပြောဘဲ ဘယ်နေရာမှမသွားဘူးဆိုလာလေတော့ နောက် မြင်တွေ့နေရတဲ့ ပတ်ဝန်းကျင်က အမုန်းခံပြီး ဘာမှမပြောတော့ဘူးပေါ့။ မိဘတိုင်းလိုလို ကိုယ့်မိသားစု စားဝတ်နေရေးအတွက် နေ့စဉ်နဲ့အမျှ အချိန်ရှိသရွေ့ သွားလာလှုပ်ရှား ရှာဖွေနေကြရလေတော့ သွားလာလှုပ်ရှားမှု အခြေအနေအားလုံးကို ဘယ်သိနိုင်မှာတဲ့လဲ။ မဟုတ်တာလုပ်တဲ့သူမှန်သမျှ အပုပ်နံ့ထွက်စမြဲပါ။ ပတ်ဝန်းကျင်ပြောတဲ့စကားထဲမှာ အလေးထားသင့်တဲ့အရာရှိသလို အလေးမထားသင့်တာတွေလည်းရှိပါတယ်။ အစစအရာရာ ဉာဏ်လေးနဲ့ယှဉ် သုံးသပ်ပြီး အရာရာကို လေ့လာသုံးသပ်ကြည့်သင့်ပါတယ်။

နတ်ပေးတဲ့သား သက်ဦး။

ကားဆိုအမျိုးမျိုး။ တစ်ရက်မြို့တစ်မြို့က ရက်လည်ဆွမ်းသွတ်ဖိတ်တာနဲ့ မိသားစု အချိန်မီသွားရမှာဆိုတော့ နတ်ပေးတဲ့သား သက်ဦးက ကားမောင်းတယ်။

မြို့အထွက် ခြောက်မိုင်ခန့်အရောက်မှာ ကားချောက်ထဲထိုးကျပါရောလား။ ကံကောင်းထောက်မလို့ သစ်ပင်ကြီးနှစ်ပင် ခံနေလို့သာပေါ့။ ဒီသစ်ပင်ကြီးနှစ်ပင်သာ ခံမနေလို့ကတော့ အားလုံးဇာတ်သိမ်း။ နတ်ပေးတဲ့သားက တစ်မိသားစုလုံးကို နတ်ပြည်ကိုခေါ်သွားတော့မလို့။ ရှေ့ခန်းစီးတဲ့ မအေဖြစ်သူက ရှေ့မှန်ကွဲပြီး မှန်ကွဲက ပါးနဲ့နဖူးစိုက်ပြီး နောက်ခန်းမှာစီးတဲ့ ဖအေဖြစ်သူက ညာဘက်ခြေထောက်ကျိုးသွားတယ်။ နတ်ပေးတဲ့သား သက်ဦးက ခေါင်းဒဏ်ရာရပြီး သတိမေ့နေတယ်။ လမ်းသွားလမ်းလာ တွေ့တဲ့ ကားများက ရပ်တန့်ပြီး ဝိုင်းဝန်းကူညီကြရတော့တာပေါ့။

ချက်ချင်း တာဝန်ရှိတဲ့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ ရောက်ရှိလာပြီး အချင်းဖြစ်အရပ်ကိုစစ်ဆေးတော့ သက်ဦးရဲ့အိတ်ကပ်ထဲမှာ ဘိန်းဖြူမှုန့်ကို ပလတ်စတစ်အသေးလေးထဲထည့်ပြီး ထိပ်ကို သားရေကွင်းနဲ့ချည်ထားတဲ့ ပင်နီဆီလင်တစ်ပုလင်းခန့် တွေ့ရတယ်။ သုံးစွဲရမယ့်အချိန် ဘိန်းဖြူက အသင့်ရှိနေပေမယ့် မိဘများက ပါနေလေတော့ သုံးစွဲလို့ကမရ။ ယင်းကထနေချိန် အိပ်ငိုက်ပြီး ချောက်ထဲထိုးကျတဲ့ဖြစ်ရပ်ပါ။ ဒဏ်ရာရတဲ့ မိဘများက ဆေးရုံတက်၊ သားဖြစ်တဲ့ သက်ဦးက အချုပ်ထဲဝင်ရ။ ဘယ်လိုပဲဖြစ်ဖြစ် ဥပဒေကပေးတဲ့အပြစ်ကို ခံယူရမှာကတော့ မလွဲမသွေပါပဲ။ ဖြစ်ရပ်ကို သုံးသပ်ကြည့်တော့ သားသမီးအပေါ် မိဘဖြစ်သူများက.....

လူတစ်ယောက်ရဲ့အမှားဟာ တခြားလူတစ်ဦးအတွက် သင်ခန်းစာ ဖြစ်စေသတဲ့။

♠ ♠ ♠

ဒီကောင်လေးရဲ့နာမည်က စိုး
မောင်မောင်တဲ့။ သူပေါင်းတဲ့
အပေါင်းအသင်းများကလည်း
အလုပ်အကိုင်မရှိ လည်ရာပြန်စား
ရေးအဖွဲ့။ အလုပ်အကိုင်မရှိဆိုပေ
မယ့်လည်း ကားလေးတဝီဝီနဲ့ လက်
ဖက်ရည်ဆိုင်မှာတွေ့လိုက်၊ ဘီယာ
အရက်ဆိုင်တွေ့လိုက်နဲ့။ သူတို့အဖွဲ့
ရဲ့ လှုပ်ရှားမှုကို မြန်မာနိုင်ငံရဲတပ်
ဖွဲ့ဝင်များနဲ့ ပြည်သူလူထုပူးပေါင်း
ပြီးတော့ မျက်ခြည်မပြတ် စောင့်
ကြည့်နေကြတယ်။

တစ်ယောက်စကား တစ်
ယောက်နားဆိုသလို ဘူးတစ်ရာကို
ပိတ်လို့ရရင်ရမယ်၊ ပါးစပ်တစ်
ပေါက်ကို ပိတ်လို့မရဘူးဆိုသလို
သူတို့အုပ်စုရဲ့သတင်းကလည်း ကြား
ရသူအပေါင်း နှာခေါင်းရှုံ့ကြတယ်။
တစ်ရက် စိုးမောင်မောင်တို့အပေါင်း
အသင်းထဲက နှစ်ယောက် စိတ်ကြွ
ဆေးပြား သုံးစွဲနေတဲ့အချိန် စိတ်
ကြွဆေးပြားများနဲ့အတူ မြန်မာနိုင်ငံ
ရဲတပ်ဖွဲ့က သက်သေလူကြီးများနဲ့
ဝင်ရောက်ဖမ်းဆီးလိုက်တယ်။ မူး
ယစ်ဆေးဝါးသုံးစွဲမှု၊ မူးယစ်ဆေးဝါး
ရောင်းဝယ်ဖောက်ကားမှု အစရှိတဲ့
ပုဒ်မများနဲ့ အမှုဖွင့်အရေးယူပြီး
သက်သေခံပစ္စည်းများနဲ့အတူ တရား
ရုံးကို တရားစွဲတင်လိုက်တော့တယ်။
ထောင်နန်းစံရတော့မှာကတော့ မလွဲ
မသွေပဲပေါ့။

♠ ♠ ♠

www.burmeseclassic.com

www.burmeseclassic.com



စိုးမောင်မောင်ရဲ့အပေါင်းအသင်းတွေ တစ်ယောက်ပြီးတစ်ယောက် ထောင်ထဲရောက်ကုန်ကြပြီ။ မြန်မာနိုင်ငံရဲတပ်ဖွဲ့ တာဝန်ရှိသူများက ဆက်လက်အရေးယူဆောင်ရွက်နိုင်ဖို့ ကွင်းဆက်လိုက်နေတယ်ဆိုတာသိတော့ စိုးမောင်မောင်တစ်ယောက် ဘယ်မှအသွားအလာမလုပ်ဘဲ အိမ်မှာပဲ ကုပ်နေခဲ့တယ်။ တစ်ရက်တော့ မိဘများမရှိခိုက် အိမ်ကထွက်သွားခဲ့တယ်။ ဘယ်သွားတယ်၊ ဘယ်လာတယ်ဆိုတာ လုံးလုံးအဆက်အသွယ်ပြတ်ခဲ့တယ်။

မိဘများကလည်း သူတို့သားစိတ်ကြွဆေးပြား သုံးစွဲနေတယ်ဆိုတာသိတော့ အရင်ကလို လွတ်လွတ်လပ်လပ် မထားတော့ဘဲ မျက်ခြည်မပြတ် စောင့်ကြည့်နေတယ်။ သူ့အနေနဲ့ ဆေးသုံးစွဲဖို့အရေးတောင် အခက်ကြုံနေရတာကတစ်မျိုး၊ ရဲတပ်ဖွဲ့နဲ့ ရပ်ကွက်လူကြီးများကပါ ပူးပေါင်းစုံစမ်းနေကြတာက တစ်ဖုံဆိုတော့ မကြာခင် ထောင်နန်းစံရတော့မယ့် အခြေအနေဆိုတော့ လွတ်ရာကျွတ်ရာ ထွက်ပြေးတိမ်းရှောင်နေတဲ့သဘောပါ။

အိမ်ကတိမ်းရှောင်ထွက်ပြေးသွားတာ ရိုးရိုးထွက်ပြေးတိမ်းရှောင်သွားတယ်တော့ မထင်လိုက်ပါနဲ့။

---ရွာမှာ ငွေခြောက်သိန်းရစရာရှိတာ စိုးမောင်မောင် သိထားတယ်။ ချိန်းဆိုထားတဲ့ နေ့ရက်ကိုရောက်တော့ အဖေနဲ့အမေက ပိုက်ဆံခြောက်သိန်း ကျွန်တော့်ကိုယူခိုင်းလိုက်လို့ လာခဲ့တာပါဆိုတော့ တစ်ဖက်ကလည်း ချိန်းဆိုတဲ့ရက်ရောက်နေတာလည်း မှန်ကန်တယ်ဆိုတော့ ပေးစရာရှိတဲ့ ငွေခြောက်သိန်း ပေးလိုက်တာပဲပေါ့။ စိုးမောင်မောင်ရဲ့မိဘများက သူတို့သား လိမ်ညာတောင်းသွားမှန်း နောက်မှပဲသိကြတယ်။

သုံးလခန့်အကြာမှာ မြို့တစ်မြို့မှာ စိုးမောင်မောင်တစ်ယောက် အချုပ်ထဲရောက်နေပြီဆိုတဲ့သတင်းကြားရတယ်။ မိတ်ဆွေတစ်ယောက်ဆီ အကျိုးအကြောင်း ဟုတ်၊ မဟုတ် ဖုန်းဆက်ကြည့်လိုက်တော့ ကြားရတဲ့သတင်း အမှန်ပဲဆိုတာသိလိုက်ရတယ်။ မိဘဆိုတဲ့အမျိုးက တောင်းစုတ်ပလုံးစုတ်သာ ပစ်ရိုးထုံးစံရှိပေမယ့် သားဆိုးသမီးဆိုးကိုတော့ ပစ်ရိုးထုံးစံမရှိခဲ့ဘူးလေ။ ဖခင်ဖြစ်တဲ့ဦးစိုး ဖုန်းချပြီး ချက်ချင်းလိုက်သွားတော့တယ်။

ဖြစ်ပုံက ဒီလို။ မြို့ထဲက စားသောက်ဆိုင်တစ်ဆိုင်မှာ သောက်စားမူးယစ်ပြီး တစ်ယောက်နဲ့တစ်ယောက် ထိုးကြကြိတ်ကြ၊ ဆိုင်ကပန်းကန်တွေကွဲ၊ ထိုင်ခုံတွေကျိုး။ ဒီတော့ ရဲတပ်ဖွဲ့က လာရောက်ပြီး ဖမ်းဆီးခေါ်ဆောင် ချုပ်ထားလိုက်တာ။ ဖခင်ဖြစ်တဲ့ဦးစိုးက ဆိုင်ရှင်ကျေနပ်အောင် တောင်းပန်ပြီး ပျက်စီးသွားတဲ့ ပစ္စည်းအားလုံးရဲ့တန်ဖိုးကို ပေးလျော်ကာ ရဲစခန်းမှာ ခံဝန်ကတိပြုလုပ် လက်မှတ်ရေးထိုးပြီး စခန်းမှူးက ဆုံးမဩဝါဒစကားများ ပြောကြားပြီး ပြန်လွှတ်ပေးလိုက်တယ်။

ရောက်တုန်းရောက်ခိုက်ဆို

ဖြစ်ရပ်တွေအားလုံး ခြုံငုံသုံးသပ်ကြည့်လိုက်ရင် မိဘတိုင်း ကိုယ်မွေးထုတ်ထားတဲ့ သားသမီးများကို ချစ်ကြတာတော့ မှန်ပါတယ်။ တချို့ဆို အစွမ်းကုန် အလိုလိုက်၊ ပိုက်ဆံကို ဖအေဖြစ်သူက ပေးလိုက်၊ မအေဖြစ်သူက ပေးလိုက်၊ အဘိုးအဘွားများက ပေးလိုက်နဲ့

www.burmeseclassic.com

www.burmeseclassic.com



သလို ဦးစိုးတစ်ယောက် သူ့ရဲ့ခင်မင်ရာ မိတ်ဆွေတချို့ကို တစ်အိမ်ပြီးတစ်အိမ် လိုက်လံနှုတ်ဆက်ပြီး သားအဖနှစ်ယောက် ကားတစ်စီးနဲ့ ထွက်ခွာသွားကြတော့တယ်။ ညနေ ၃ နာရီအချိန်လောက်မှာ ဖုန်းဝင်လာတယ်။ သတင်းက ဦးစိုးတစ်ယောက် လမ်းမှာကားမှောက်လို့ ဆုံးပြီတဲ့။ အားလုံးတအံ့တသြဖြစ်ကုန်ကြတယ်။ အများရဲ့ ထင်မြင်ယူဆသုံးသပ်ချက်က သားဖြစ်တဲ့ စိုးမောင်မောင် ဆေးသုံးစွဲချင်တဲ့စိတ်များပြီး လမ်းခုလတ် ထမင်းဆိုင်တစ်ဆိုင်မှာနားပြီး ဆေးသုံးစွဲမယ်ဆိုတဲ့စိတ်နဲ့ အမြန်မောင်းလို့ အခုလိုဖြစ်ရတာလို့ သုံးသပ်ကြတယ်။

ကားမောင်းတာက သားဖြစ်သူ စိုးမောင်မောင်၊ သေတာက ဖအေဖြစ်တဲ့ ဦးစိုး။ ဘယ်လိုပဲတော်စပ်တော်စပ် အရင်းပဲဖြစ်ဖြစ်၊ အဖျားပဲဖြစ်ဖြစ်၊ တစိမ်းပဲဖြစ်ဖြစ် ဥပဒေကတော့ဖြင့် ခွင့်လွှတ်လိမ့်မယ်တော့ မဟုတ်ပါ။

စိုးမောင်မောင် ထောင်ကလွတ်လာပြီး တစ်နှစ်ခန့်အကြာမှာ မြို့တစ်မြို့ရဲ့ အဝင်တစ်နေရာ တာဝန်ရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များက သတင်းအရ ရှာဖွေစစ်ဆေးလိုက်တော့ သူ့ရဲ့အတွင်းခံဘောင်းဘီတိုထဲ ပလတ်စတစ်နဲ့ထုပ်ထားတဲ့ စိတ်ကြွဆေးပြား အလုံးရှစ်ဆယ် ဝှက်ယူလာတာ ရှာဖွေတွေ့ရှိရတော့တာပါပဲ။ ရဲတပ်ဖွဲ့ဝင်များအနေနဲ့ အမှုဖွင့်ပြီးတာနဲ့ အမှုကို ခိုင်မာစွာတည်ဆောက်ပြီး တရားရုံးကို စွဲတင်လိုက်တော့တယ်။ လိုအပ်တဲ့ သက်သေများအားလုံး ဆင့်ဆိုစစ်ဆေးပြီးတာနဲ့ စိုးမောင်မောင်တစ်ယောက် ဒုတိယအကြိမ် ထောင်တွင်းသို့ လျှောက်လှမ်းရမည်မှာ မလွဲမသွေပဲပေါ့။

ဖြစ်ရပ်တွေအားလုံး ခြုံငုံသုံးသပ်ကြည့်လိုက်ရင် မိဘတိုင်း ကိုယ်မွေးထုတ်ထားတဲ့ သားသမီးများကို ချစ်ကြတာတော့ မှန်ပါတယ်။ တချို့ဆို အစွမ်းကုန် အလိုလိုက်၊ ပိုက်ဆံကို ဖအေဖြစ်သူကပေးလိုက်၊ မအေဖြစ်သူကပေးလိုက်၊ အဘိုးအဘွားများကပေးလိုက်နဲ့။ အပေါင်းအသင်းများနဲ့ ဘီယာ၊ တစ်ဆင့်တိုးပြီး အရက်၊ ဒီကြားထဲ မူးယစ်ဆေးဝါး သုံးစွဲတတ်တဲ့ အပေါင်းအသင်းက ပါလာလေတော့ တစ်ဆင့်တိုးပြီး မူးယစ်ဆေးဝါးသုံးစွဲတတ်တဲ့ အဆင့်ထိ ရောက်ပါရောလား။ အိမ်တွင်းသူခိုးဘဝ စလာပါပြီ။ ထားတဲ့ ပိုက်ဆံက လျော့လိုက်၊ ပျောက်လိုက်၊ ပစ္စည်းပျောက်လိုက်နဲ့ ခဏခဏ ဖြစ်လာလေတော့ မိဘဖြစ်သူများက အိမ်တွင်းသူခိုးရှိမှန်း သိလာလေတော့မှ ဂရုတစိုက် အားလုံး လုံလုံခြုံခြုံ သိမ်းတဲ့အပြင် အိမ်မှာ အချိန်ပြည့် အစောင့်အကြပ်နဲ့ထားရတဲ့အဆင့်။ ဒီလိုအခြေအနေမျိုးထိ ဖြစ်လာအောင်လုပ်ခဲ့တာလည်း မိဘ။

အိမ်တွင်းသူခိုးလုပ်ရတာ ကျပ်လာတော့ အပြင်မှာ မိဘနာမည်သုံးပြီး လိုက်လံလိမ်ညာတဲ့အဆင့်။

မိဘများကလည်း နာမည်တစ်လုံးနဲ့နေလေတော့ ဟုတ်မှာပဲဆိုပြီး



ပိုက်ဆံကို ယုံယုံကြည်ကြည်နဲ့ ပေး လိုက်ကြတယ်။ နောက်မှမဟုတ်မှန်း သိကြတော့ လိမ်ညာယူသွားတဲ့ ပိုက်ဆံအားလုံးကို မိဘဖြစ်သူများ က လိုက်ဆပ်။ နောက် တာဝန်မယူ ကြောင်း မိဘများက လိုက်လံကြေ ထားတော့ ဆေးသမားအတွက် ထပ်ဆင့်ကျဉ်းမြောင်းသွားပြန်ပြီ။ တော့ နောက်တစ်ဆင့်တိုးပြီး သူခိုး ကြီးအဆင့်ထိ ရောက်လာပြန်တယ်။

ခွေးတောက်မြစ်နဲ့ သရက်မြစ် တို့ ရောယှက်တဲ့အခါ ချိုမြိန်လှတဲ့ သရက်သီးဟာ ခါးရသကဲ့သို့ လိမ္မာများဟာ ယုတ်ညံ့သူ မိုက် များကို ရှောင်ကြဉ်ကြရန် လို တယ်။ မသူတော်ပူမိုက်ဟူသည်

www.burmeseclassic.com

www.burmeseclassic.com



မြွေပွေးကဲ့သို့ ဆိုးကျိုးကိုပေးနိုင်တဲ့ အပြင် နွယ်ပင်လို ရစ်ပတ်နှောင်ဖွဲ့တတ်လေသည်။ ဤဆိုးမလမ်းညွှန်ချက်ဟာ ဆင်းရဲခြင်းမှလွတ်မြောက်ပြီး ကြီးပွားချမ်းသာခြင်းကို အလိုရှိသူလူတိုင်းအတွက် အဖိုးတန်လမ်းညွှန်ချက်ဖြစ်ပြီး လေးစားလိုက်နာသင့်လှပေသည်။

တချို့လည်း ဘဝအမြင်မှန်ရပြီး ထောင်ကထွက်လာပြီး ဆေးပြတ်တဲ့သူလည်းပြတ်၊ မိသားစုနဲ့ ပျော်ပျော်ရွှင်ရွှင် စီးပွားရေးသမားကြီးတွေ၊ နာမည်တစ်လုံးနဲ့ လက်မထောင်နေကြသူတွေလည်း ရှိကြသလို ဒီဆေးသမားဘဝနဲ့ပဲ ဖြတ်လို့မရလို့ပါဆိုပြီး ဘဝကို အရှုံးပေးလက်မြှောက် ဆုံးပါးသွားသူတွေလည်း တစ်ပုံကြီးပါ။ သက်ရှိကသက်မဲ့ကို အရှုံးပေးလက်မြှောက်ကြတာတော့ အံ့ပါရဲ့။

♠ ♠ ♠

"ဦးကြီးပြောရတာ ကြားရရုံနဲ့တောင် လန့်နေပြီ၊ ကျွန်တော့်ဦးကြီး တစ်ခါပြောဘူးတယ်၊ ကျွန်တော် မှတ်မိသေးတယ်၊ ဒိန်းပါတ်ဖိုးအမှုန့်ကို အမဲသားတို့၊ ဝက်သားတို့ အသားတုံးပေါ်တင်ထားလိုက်၊ မကြာခင် အသားတုံးပေါက်ထွက်သွားတယ်ဆိုတာ အတော့်ကိုပြင်းတာပဲ၊ ဒီလောက်ပြင်းတဲ့ မူးယစ်ဆေးဝါးတွေကို သောက်သုံးတယ်ဆိုတော့လည်း ကျွန်တော်ဖြင့် စဉ်းစားလို့တောင် မရတော့ဘူး၊ ပြီးတော့

"
**အရက်က နှစ်ရာဖိုး၊**
**သုံးရာဖိုးဝယ်သောက်လို့ရသေးတယ်၊**
**ကိုယ့်ဝင်ငွေမရှိတော့**
**ဒီနှစ်ရာသုံးရာကို အခက်ကြုံ၊**
**ခြေတုန်လက်တုန်နဲ့ ခံစားနေကြရတာ၊**
**တချို့ တစ်နေကုန်**
**အလုပ်အကိုင်မရှိ၊ ဟိုနားဒီနား**
**ခင်တဲ့လူ၊ သိတဲ့လူပဲဖြစ်ဖြစ်၊**
**မသိတဲ့လူပဲဖြစ်ဖြစ် လက်ဝါးဖြန့်၊**
**ပိုက်ဆံတောင်းသောက်၊ သောက်ပြီးမူး၊**
**လမ်းဘေး ကြုံရာထိုးအိပ်၊**
**တစ်ရက်တစ်ရက်**
**နေ့စဉ်သောင်းနဲ့ချီပြီး သုံးစွဲနိုင်မှရတဲ့**
**မူးယစ်ဆေးဝါးဖြစ်တဲ့ နံပါတ်ဖိုးတို့၊**
**စိတ်ကြွဆေးပြားတို့ဆို ငါ့တူ**
**တွက်သာကြည့်တော့၊ သုံးစွဲဖို့**
**ဆေးဖိုးမရှိလို့ကတော့ဖြင့်**
"

တစ်ရက်ပြီးတစ်ရက် ကုန်ကျစရိတ်ကလည်း သောင်းဂဏန်းဆိုတော့လည်း ဒီပိုက်ဆံတွေ ဘယ်ကများရကြလဲလို့ စဉ်းစားမိတယ်၊ ဦးကြီးပြောပြမှပဲ ရှင်းတော့တယ်"

"ဒါပေါ့ ငါ့တူရာ၊ လူတိုင်းကောင်းတဲ့အရာမှန်သမျှ ကျင့်ကြံအားထုတ်ယူကြရတယ်၊ မကောင်းတဲ့ဘက်ကျတော့ ယိမ်းယိုင်လွယ်ကြတယ်၊ လူ့ဘဝမွေးခြင်းနဲ့ သေခြင်းက ခဏပဲ၊ နေခြင်းက ကြာတယ်၊ ဘယ်လိုနေသွားကြမယ်ဆိုတာတော့ အရေးကြီးတာပေါ့"

"ဦးကြီးကို ကျွန်တော့်အတွေ့အကြုံလေးတစ်ခု ပြောပြရဦးမယ်၊ အမေက ဈေးဝယ်နိုင်းတာနဲ့ အိမ်နားက မောင်ဝင်းနဲ့သွားလိုက်တာ၊ ကားဂိတ်နားမှာ အသက်သုံးဆယ်လောက်ပဲရှိဦးမယ်၊ လူငယ်ယောကျ်ားတစ်ယောက်က ကျွန်တော်တို့နားရောက်လာတယ်၊ လျှပ်တစ်ပြက်ဆိုတော့ ကျွန်တော်တို့နှစ်ယောက်လုံး လန့်သွားတယ်၊ ဟော့ဟော့ ပြေး ပြေး၊ ဒီနားလေယာဉ်ပျံဆင်းတော့မယ်၊ ပြေးပြေးနဲ့ လက်နှစ်ဖက်ဆန့်တန်းပြီးအော်တာ၊ အရက်ကြောင် ကြောင်နေတာတဲ့၊ အရက်မသောက်ရသေးလို့တဲ့၊ အရက်ဝင်သွားရင် အေးအေးဆေးဆေး လူကောင်းတစ်ယောက်လိုဖြစ်သွားတာပဲတဲ့"

"ဒီအရက်က နှစ်ရာဖိုး သုံးရာဖိုး ဝယ်သောက်လို့ရသေးတယ် ကိုယ့်ဝင်ငွေမရှိတော့ ဒီနှစ်ရာသုံးရာကို အခက်ကြုံ ခြေတုန်လက်တုန်

www.burmeseclassic.com



နဲ့ ခံစားနေကြရတာ၊ တချို့ တစ်နေကုန် အလုပ်အကိုင်မရှိ ဟိုနားဒီနား ခင်တဲ့လူ၊ သိတဲ့လူပဲဖြစ်ဖြစ်၊ မသိတဲ့လူပဲဖြစ်ဖြစ် လက်ဝါးဖြန့်၊ ပိုက်ဆံတောင်းသောက်၊ သောက်ပြီးမူး၊ လမ်းဘေးကြုံရာထိုးအိပ်၊ တစ်ရက်တစ်ရက် နေ့စဉ်သောင်းနဲ့ချီပြီး သုံးစွဲနိုင်မှရတဲ့ မူးယစ်ဆေးဝါးဖြစ်တဲ့ နံ့ပါတ်ဖိုးတို့၊ စိတ်ကြွဆေးပြားတို့ဆို ငါ့တူ တွက်သာကြည့်တော့၊ သုံးစွဲဖို့ ဆေးဖိုးမရှိလို့ကတော့ဖြင့် သူတို့ဘဝ ဘာလုပ်ရလုပ်ရ ဝန်မလေးဘူး၊ လူစိတ်ပျောက်ပြီး တိရစ္ဆာန်လောက်တောင် အသိတရားကင်းမဲ့၊ အသိတရားကင်းမဲ့တယ်လို့တောင် ပြောချင်တယ်''

''စောစောက ကျွန်တော်ပြောတဲ့ ဈေးသွားတုန်း လမ်းမှာတွေ့ခဲ့တဲ့သူဆို ယုံနိုင်စရာမရှိဘူး၊ အရက်ပြတ်ပြီး ဝလို့ တုတ်တုတ်ခိုင်ခိုင်ကြီး၊ ကုန်ခြောက်ဆိုင်ကြီးမှာ သူကိုယ်တိုင် တစ်နေကုန် ထိုင်ရောင်းနေတာ၊ သွက်သွက်လက်လက်နဲ့ ချက်ချင်းသူ့ဘဝပြောင်းလဲသွားတာ၊ ကျွန်တော်ဖြင့် ဟုတ်မှဟုတ်ရဲ့လား လို့ သေသေချာချာကြည့်တာ၊ ဟုတ်တယ်''

''ဘိန်းစားသား၊ ဖိုသမားသား၊ အရက်သမားသားဖြစ်နေပါစေ၊ ကိုယ်ကိုယ်တိုင်က ဘာမှမလုပ်ရင် အပြစ်ကင်းတာပဲ''

''မကောင်းတာပြုလုပ်ပြီး မကောင်းမှန်းသိလို့ အချိန်မီပြုပြင်ပြောင်းလဲသွားကြတာတွေ တွေ့ခဲ့ဘူးသလို ပိုးဖလံမျိုး မီးကိုတိုးဆိုသလို မကောင်းတဲ့အလုပ်ကို အစွဲအလမ်းကြီးထားပြီး သေတဲ့အထိ ဘဝကို အရှုံးပေးသွားကြသူတွေကိုလည်း ကျွန်တော်ကိုယ်တွေ့ ကြုံခဲ့ဖူးပြီ''

''ဒါပေါ့ ငါ့တူရာ၊ ဘဝအတွေ့အကြုံတွေက တစ်ခုပြီးတစ်ခုပါပဲ၊ လူတိုင်း မမှားဘူးတဲ့သူဆိုတာ မရှိပါဘူး၊ အမှားကင်းကြဖို့ဆိုတာကလည်း သိပ်မလွယ်တဲ့ကိစ္စပါ၊ အမှားနည်းဖို့တော့ ကြိုးစားကြရမယ်၊ အမှားကို ထပ်ခါထပ်ခါ မလုပ်မိဖို့ လိုကြသလို အမှားကိုသိပြီး ကိုယ့်ဘာသာကိုယ် ပြုပြင်လိုက်ကြလို့ အမှားနည်းပြီး ပညာရှိဖြစ်လာတာ မှားမှန်းသိရင်း ပြင်လိုက်ရင်း၊ မှားမှန်းသိရင်း ပြင်လိုက်ရင်းနဲ့ပဲ အသိပညာကြီးသူတွေ ဖြစ်လာကြတာပဲ မဟုတ်လား''

''မှန်ပါတယ်''

**အောင်မြင်သောလူတစ်ယောက်ဖြစ်လာဖို့ မကြိုးစားပါနဲ့၊ ဒါပေမဲ့ တန်ဖိုးရှိသော လူတစ်ယောက်ဖြစ်ဖို့တော့ ကြိုးစားပါ။**

**အဲလ်ဘတ်အိုင်းစတိုင်း**

♠ ♠ ♠

''ငါ့တူနဲ့ စကားပြောရတာ အချိန်ကလည်း ကုန်လွယ်လိုက်တာ၊ ဒီတစ်ညတော့ ဒီမျှသာပေါ့ကွာ၊ အိမ်ထဝင်အိပ်ကြစို့ရဲ့၊ နောက်နေ့မှ နောက်တစ်မျိုး ဆက်ကြတာပေါ့ကွာ''

''ဘာအကြောင်းပြောပြမှာလဲ ဦးကြီး''

''အင်း.....ဘာအကြောင်းလဲ ဆိုတော့ ခဏနေဦးကွ၊ စဉ်းစား လိုက်ပါဦးမယ်၊ ဩော်.....ဟုတ်ပြီ ဟုတ်ပြီ၊ ငှက်ဖြစ်ရင်တောင် တစ် ကိုင်းတည်းဆိုတဲ့ ချစ်သူလင်မယား စုံတွဲအကြောင်း ပြောပြမယ်၊ မနက် လည်း ကြက်သွန်ခင်းသွားကြည့် ဦးမယ်၊ ကဲ.....အိပ်ကြစို့''

**ချိုပြုံး (နမ့်စ**



www.burmeseclassic.com

www.burmeseclassic.com





ပန်းချီ မင်းထက်နိုင်

# မောင်မောင်လွင်
(ညောင်လေးပင်)

## ခေါင်းကွဲ၊ အသည်းမခံနိုင်

www.burmeseclassic.com

www.burmeseclassic.com



နွေတစ်နေ့၌.....

ကျွန်တော်ဆီသို့ လူစိမ်းနှစ်ဦး ရောက်လာ၏။ နှစ်လုံးပြူးသေနတ်တစ်လက်နှင့် ပွိုင့်တူးတူး ရိုင်ဖယ် (ဘီအက်စ်အေ) တစ်လက် ကိုယ်စီပါ၍ မုဆိုးများဖြစ်နိုင်သည်။ နှစ်ဦးအနက် အရပ်ရှည်ရှည်၊ အသားဖြူဖြူ၊ မဟာနဖူးနှင့် ရည်မွန်သူတစ်ဦးက ကိုမြင့်ကြည်(သဘော်သား) ဖြစ်ကြောင်း၊ အသားလတ်လတ်၊ ပုပျပ်ပျပ်၊ မျက်နှာအနည်းငယ်ပြားသယောင်ရှိသူမှာ ဗိုလ်ကြီးပန်းမြိုင်ဟု သိရသည်။ ရန်ကုန်တိုင်း ပြည်သူ့ရဲတပ်ဖွဲ့ရုံး(ယခု ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံး) လက်နက်လိုင်စင်ဌာနမှ ကျွန်တော့် မိတ်ဆွေဦးထွန်းလွှတ်လိုက်သဖြင့် မုဆိုးဖြစ်သော ကျွန်တော်နှင့်အတူ တောပစ်လို၍ ရောက်လာကြောင်း ပြောပြသည်။

ကျွန်တော်တို့မှာ ဝါသနာတူ မုဆိုးများမို့ မုဆိုးအချင်းချင်းကူညီရန် ကျွန်တော့်တပည့် တိုင်းရင်းသား ကချင်လူမျိုး ဘရန်ရှောင်းကို ရိုက္ခာ၊ အိပ်ရာနှင့် မုဆိုးအသုံးအဆောင်များ ပြင်ခိုင်းသည်။ ဧည့်သည်များ ရေနွေးကြမ်းနှင့်အမြည်းစားသောက်နေခိုက် ကျွန်တော်အမြတ်နိုးဆုံး လက်နက်ဖြစ်သော သာတီးအိုးစစ် စပရင်းဖီးလ် အမဲပစ်ရိုင်ဖယ်အား ကတ္တီပါစိမ်းဖြင့် ချုပ်ထားသည့် သေနတ်အိတ်ထဲမှ ထုတ်ယူပြီး သေနတ်ဆီ၊ ဖလန်နယ်စ၊ ပြောင်းတိုက်ကြိုးတို့ဖြင့် စနစ်တကျ တိုက်ချွတ်လိုက်ပြီး မဂ္ဂဇင်းကျည်အိမ်တွင် ကျည်ဖြည့်လျက် ကျည်ပိုကိုပါယူသည်။

"ဆရာကြီး၊ အားလုံး ပြင်ပြီးပါပြီ"

"အေး.....အေး၊ အသင့်ဖြစ်ရင် သွားကြတာပေါ့"

ဤသို့ဖြင့် ကျွန်တော်၊ ဗိုလ်ကြီးပန်းမြိုင်၊ ကိုမြင့်ကြည်၊ ဘရန်ရှောင်းတို့ ကျောပိုးအိတ်ကိုယ်စီလွယ်ပြီး သေနတ်ထမ်း၍ 'ဝတ်လုံတောင်' အနီး ကျွန်တော်၏ 'ကိုခြောက်ပေ' ဥယျာဉ်ခြံကြီးမှ ရေသိုးတာတမံဆီသို့ တောလမ်းအတိုင်း လာခဲ့ကြ၏။

ညနေ နေညိုချိန်ဖြစ်သည်။ အအေးဓာတ်ဝင်လာ၍ သစ်ပင်ကြီးများအောက်မှ လမ်းလျှောက်ခဲ့ရာ အေးစိမ့်နေ၏။ လမ်းတွင် လှပသော တောင်ငုံးများ တွေ့ရသည်။

'ဝရောင်း'ငှက်အုပ်က ဖက်... အောက်မှ ခြကိုယက်ပြီး အလု... အယက်စားရာမှ ကျွန်တော်တို့ မုဆိုး... များကို တွေ့သည်နှင့် ဆူဆူညံညံ... အော်လျက် သစ်ပင်ထက်သို့ ပျံ... တက်သွားကြသည်။

တစ်နာရီနီးပါးလျှောက်လျှင်... ရေသိုးတာတမံသို့ ရောက်၏။ တဲ... ထိပ်တွင်နေသည့် ဦးတင်ဆော... (စစ်ပြန်)နှင့် မုဆိုး ကိုသန်းရွှေ... ခေါ်၍ ဘောက်တူလှေနှစ်စီးဖြင့်... 'မရွှေဥတောင်'ဆီသို့ တောပစ်ရန်... ထွက်ခဲ့ကြ၏။

ကိုသန်းရွှေလှေတွင် ဗိုလ်ကြီး... ပန်းမြိုင်၊ ဘရန်ရှောင်းတို့ လိုက်... သည်။ ကျွန်တော်က ဦးတင်ဆော... ၏ လှေဝမ်းထဲရှိ 'ကန့်'၌ ထိုင်... ညနေချမ်း နေဝင်ဆည်းဆာအချိန်... အစာရှာရင်း ရေသောက်ဆင်းမည့်... သားကောင်ကိုပစ်ရန် ကိုမြင့်ကြည်... (သဘော်သား)အား လှေဦးကပ်... ကြမ်းပေါ်စီးစေသည်။ ကိုမြင့်ကြည်က... ပွိုင့်တူးတူး သေနတ်ကျည်ထိုးပြီး... အသင့်ကိုင်ထားသည်။

နေညိုချိန်မို့ လေညင်းနှင့်အတူ... လှိုင်းပြေပြေက ကမ်းသို့ပြေးလာ... ခိုက် လှေနံရံကိုတဖျတ်ဖျတ်ရိုက်နေ... သည်။ လှေနှစ်စီးမှာ ဂဝံတောင်... ကြောရှိ လျှိုကြီးထဲမှ ထွက်ခဲ့ပြီး... နောက် မြောင်းတကာချောင်း... ရေပြင်ကျယ်သို့အရောက် 'ခြောက်... ကောင်ကျွန်း'ဆီကို ဦးတည်လှော်... ကြသည်။

ဦးတင်ဆောနှင့် မုဆိုးကိုသန်း...

www.burmeseclassic.com



ရွှေ (လူသန့်အင်း)မှာ ကျွန်တော်နှင့် မကြာခဏ တောလည်လိုက်၍ တစ်ဦးသဘော တစ်ဦးသိကာ ဦးတင်ဆောင်က ရှေ့မှလှေကို မှန်မှန်လှော်ခိုက် ကိုသန်းရွှေလှေမှာ နောက်မလှမ်းမကမ်းမှနေပြီး တဖြည်းဖြည်းလိုက်သည်။

ချောင်းမကြီး၏ ကမ်းတစ်လျှောက် ချုံများ၊ ကိုင်းတောနှင့် ဝါးပင်များ၊ တောပြုတ်များ၊ ကဒူးနှင့် ထမဖိုင်းပင်တချို့၊ ဆူးရှိသော ပင်လယ် ဆူးပုပ်ပင်အုပ်ကို တွေ့ရသည်။

ယခုအချိန် ကမ်းစပ်၌ မြက်နုပေါက်၊ ကန်စွန်းနွယ်များ စိမ်းစိမ်းစိုစိုပေါက်နေသည်။ ရေသောက်ဆင်းသည့် သားကောင်တို့ ပြန်အတက်တွင် လူသူကင်းချိန် အစာစားကြတော့မည့် နေဝင်ရီးရီမှာ သားကောင်ကို အကြိမ်ကြိမ်ပစ်ခတ်ရရှိခဲ့သဖြင့် ညနေချိန်ကို ချိန်လျက်လာခဲ့ခြင်းဖြစ်သည်။

'အရိုးတောင်'သို့ အရောက်တွင်.....

“ကျွတ်.....ကျွတ်”

“တွေ့တယ် ဆရာကြီး”

ကမ်းစပ်တစ်နေရာ၌ ဂျီ(ချေ)ညိုကြီးတစ်ကောင် အစာစားနေသည်ကိုတွေ့ရသဖြင့် ကျွန်တော်က မုဆိုးထုံးစံအတိုင်း အချက်ပေးလိုက်ရာ ဦးတင်ဆောင်က သိကြောင်း တိုးတိုးပြောရင်း နောက်မှ ကိုသန်းရွှေတို့အား တက်ထောင်ပြလိုက်၏။ ကိုသန်းရွှေက သားကောင်တွေ့မှန်းသိသွား၍ ကမ်းသို့လှေကပ်သွား၏။

“ဦးတင်ဆောင်ရေ...ကိုင်းပင်တွေ မျက်ကွယ်ယူပြီးလှော်ပေတော့၊ ရေအောက်က ကျောက်တုံးတွေလည်း သတိထားအုံး၊ ဟိုး.....ရှေ့ကမ်းစပ်က ဂဝံတုံးကြီးကို မြင်တယ်မဟုတ်လား”

“ဟုတ်ကဲ့”

“အဲဒီကျောက်တုံးကြီးနဲ့ မနီးမဝေးမှာ လှေဆိုက်ဗျာ၊ ကိုမြင့်ကြည် ကမ်းတက်ပစ်လိမ့်မယ်”

ဦးတင်ဆောင်က ကျွန်တော်ပြောသည့်အတိုင်း ရေအောက်မှ ရေညှိတက်နေသည့် ကျောက်တုံးများကို ရှောင်၍ လှေကို ရေသံမကြားအောင် တက်ကိုဖိ၍ လှော်တော့သည်။ ဂျီ(ချေ)ညိုက မြက်နုစားရာမှ သတိထားပြီး ဘေးဘီသို့ ခေါင်းမော့ကြည့်လိုက်၊ အစာငုံ့စားလိုက် လုပ်နေသည်။

လှေကို ရိုးတိုးရိပ်တိပ် မြင်ရသော်လည်း တွေ့မြင်နေကျ 'တံငါလှေ'ဟု ထင်ဟန်ရှိသည်။ ထွက်မပြေးပေ။

“ကိုမြင့်ကြည် ကျွန်တော့် သေနတ်နဲ့ ပစ်မလား”

ကျွန်တော်က မေးလိုက်သည်။

“ရပါတယ် ဆရာကြီး၊ ဒီသေနတ်နဲ့ပဲ ပစ်မယ်”

ကိုမြင့်ကြည်က ဂျီ(ချေ)ကိုလှမ်းကြည့်ရာမှ ပြန်ပြောသည်။ ပွိုင့်တူးတူးရိုင်ဖယ်မှာ ကြက်ငှက်ပစ်သော သေနတ်ဖြစ်သည်။ ကျည်သေးသော်လည်း ပစ်တတ်လျှင် သားကောင်ငယ်နှင့် သားကောင်လတ်အထိ ပစ်ခတ်ရနိုင်သည်။ လက်နက်ကျွမ်းကျင်မှု၊ ဆုံးဖြတ်ချက်၊ ပစ်မည့်နေရာ ပစ်ကွင်းရွေးချယ်မှုစသည့် မုဆိုးအတွေ့အကြုံလိုသည်။ သေနတ်က ပစ်တိုင်းမရ။ ပစ်တတ်မှ သားကောင်ရတတ်သဖြင့် မုဆိုး၏ စွမ်းရည်ပေါ်တွင် မူတည်လျက်ရှိ၏။

အခုသားကောင်ပစ်မည့်မုဆိုးမှာ ဧည့်သည်ဖြစ်ခြင်းကြောင့် သူ့အကြောင်း ကျွန်တော်မသိ။ မထိလျှင်လည်း အပြစ်မဆိုသာ၊ ကိုမြင့်ကြည်၏သဘောအတိုင်း လွတ်လွတ်လပ်လပ်ပစ်နိုင်ရန် မည်သို့မျှမပြောဘဲ နေလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



ဦးတင်ဆောင်က အရိုးတောင်မှ ကမ်းစပ်ကို ပွဲကျလာသည့် (၇)ပေခန့် မြင့်သော ဂဝံကျောက်တုံးကြီး၏ မလှမ်းမကမ်းရှိကမ်းသို့ လှေထိုးဆိုက်သွား၏။ ကိုမြင့်ကြည်မှာ သေနတ်ကို မောင်းတင်လိုက်ပြီး ညာဘက်မှသေနတ်ကိုင်လျက် လှေဦးမှ ဆင်းသွားသည်။ ထိုအခိုက် လေပြင်းတိုက်သဖြင့် ကမ်းစပ်ဆီသို့ ငွေလိုင်းဖြူလေးများပြေးလာကာ တဖျတ်ဖျတ် ရိုက်လျက်ရှိသည်။ လေရူးဖြစ်မည်။

♠ ♠ ♠

"ကိုမြင့်ကြည်၊ လေပြင်းတိုက်နေတယ်"

ကျွန်တော်သတိပေးပြောလိုက်လျှင် ကိုမြင့်ကြည်က ခေါင်းညိတ်၍ ကမ်းစပ်သို့တက်ကာ ဝါရွှေရောင်သန်းနေသော မြက်ရိုင်းတောထဲမှ အသံမကြားအောင်တိုးပြီး ကျောက်တုံးကြီးနား တဖြည်းဖြည်းကပ်သွားသည်။ ကျွန်တော်နှင့် ဦးတင်ဆောင်က ကိုမြင့်ကြည်၏ လှုပ်ရှားမှုနှင့် သတိကြီးစွာထားလျက် အစာစားနေသည့် ဂျီ(ချေ)ညီုကို တစ်လှည့်စီကြည့်ကာ ရင်တမမဖြစ်ခိုက် ကိုမြင့်ကြည်မှာ ကျောက်တုံးကြီးနားကို ခြေသံလုံလုံဖြင့် ရောက်သွား၏။

ဂျီ(ချေ)ညီုနှင့် ပစ်မည့်နေရာမှာ ကိုက်(၁၀၀) အနည်းဆုံးရှိမည်။ ဤအကွာအဝေးတွင် ယမ်းအား ပေါက်ကွဲမှုမပြင်းသည့် ပွိုင့်တူးတူးကျည်မှာ မုဆိုးအဖို့ မလွဲတမ်းပစ်နိုင်သော အကွာအဝေးဖြစ်သည်။ သို့သော် ကျည်လုံးသေးခြင်းကြောင့် ကျည်ဖြတ်အား ကောင်းသော်လည်း လေပြင်းတိုက်နေခိုက် ကျည်လမ်းကြောင်း ပြောင်းခဲ့သော် ပစ်မှတ်ကို လွဲချော်နိုင်သည်။ ထိုမှန်လျှင်လည်း ဒဏ်ရာ ပြင်းပြင်းထန်ထန်မရနိုင်။ ဤအချိန် သားကောင်ပစ်သော မုဆိုး၏ ဆုံးဖြတ်ချက်မှန်ဖို့လိုသည်။

ကိုမြင့်ကြည်က ကျောက်တုံးကြီး၏ ညာဘက်က သေနတ်ပြောင်းထုတ်ချိန်၏။ ထိုအချိန် ဂျီ(ချေ)မှာ အစာစားရာမှ သတိထားဟန်ဖြင့် ခေါင်းမော့လျက် ကျွန်တော်တို့ဘက်သို့ ကြည့်သည်တွင် အချိန်တိုအတွင်း၌ အခွင့်အရေးကို လက်လွှတ်မခံတတ်သော မုဆိုးတို့၏ ထုံးစံအတိုင်း.....

"ဖောင်း....."

ပွိုင့်တူးတူးကျည်၏ ပေါက်ကွဲသံကြားရသည်။ ဂျီ(ချေ)မှာသေနတ်သံနှင့်အတူ တုံးခနဲလဲသွားတော့သည်။

"ဟေး....."

ဦးတင်ဆောင်က မုဆိုး ကိုသန်းရွှေတို့ကိုလှမ်းခေါ်ပြီး လှေကို ကမ်းကခွာကာ ရှေ့သို့လှော်သည်။ ကိုမြင့်ကြည်ပစ်သည့်နေရာနှင့် ဂျီ(ချေ)အစာစားနေသည့်ကြား၌ လျှိုကလေးရှိသဖြင့် ကိုမြင့်ကြည်အနီး လှေဆိုက်ပေးလိုက်သည်။ လှေဦးမှာ ကိုမြင့်ကြည်ထိုင်သည်နှင့် ဆက်ထွက်ခဲ့၏။

"ကိုမြင့်ကြည် ပစ်ချက်ကောင်းလှချည်လားဗျ၊ ဘယ်နေရာကို ပစ်လိုက်ပါလိမ့်"

ကျွန်တော်က သိလို၍ လှမ်း

---

ကိုတင်လှိုင်တဲမှာ တောင်ကုန်းပေါ်မှာရှိသဖြင့် လပြည့်ည၏ ထွက်ပြူစ ပြည့်ပြည့်ဝန်းဝန်းလမင်းကြီးကို လှပစွာမြင်ရ၏။ ကျွန်တော်တို့မုဆိုးများ တောထဲရောက်သည်တွင် ညနေဆည်းဆာ ရွှေအိုရောင် တိမ်တောက်ချိန်နှင့် ညလသာခိုက် ရွှေရောင်အလင်းတန်းများ သစ်ရိပ်ဝါးရိပ်ကြားမှ ယိုဖိတ်ကျလာသည့်မြင်ကွင်းကို အနှစ်ခြိုက်ဆုံးဖြစ်သည်။

---

www.burmeseclassic.com



မေးသည်တွင်.....

"ခေါင်းလေဗျာ ဆရာကြီး"

ကျွန်တော့်အမေးကို ကိုမြင့်ကြည်က သေနတ်ကျည်ရှင်းရင်းမှ နောက်လှည့်ဖြေသည်။

"ဟာ.....သိပ်ဟုတ်တာပေါ့၊ ခေါင်းကွဲရင် ဘာခံနိုင်မှာတုံး၊ ပွိုင့်တူးတူးကျည်က ကျည်သာသေးတာဗျ၊ ယမ်းကြောင့် ဖောက်အားကောင်းတော့ ဂျီ(ချေ)ခေါင်းက ပါးဘယ်လေ၊ ဘယ်ခံနိုင်ပါ့မလဲ၊ ခင်များဆုံးဖြတ်တာ မှန်တယ်ဗျာ"

ကိုမြင့်ကြည်အား မုဆိုးတစ်ဦးအနေဖြင့် လေးစားသွား၏။ ကျွန်တော်ဆိုလျှင် လက်နက်အားကိုးပြီး ခေါင်းနှင့်ကိုယ် ထောင့်ချွန်းပုံသဏ္ဌာန်ဂျီ (ချေ)ခေါင်းကို ပစ်မည့်အစား ကိုယ်ကိုဖောက်ပစ်မှာ သေချာ၏။ ကိုမြင့်ကြည်မှာ ကိုင်နေကျ လက်နက်အကြောင်းသိ၍ ပစ်ကွင်းကျဉ်းသည့် ဂျီ(ချေ)ခေါင်းကို မှန်အောင်ပစ်ခဲ့ခြင်းက အတွေ့အကြုံရှိသော ဆိုးဖြစ်ကြောင်း သိသာ ပေသည်။

ကျွန်တော်တို့ လှေနှစ်စီးယှဉ်လျက် ကမ်းစပ်သို့ လှေဆိုက်ကာ ကမ်းပေါ်တက်ခဲ့ကြသည်။ မြေစာနှင့် မြက်ချဉ်၊ မြက်ထမင်းရောနေသော ကမ်းစပ်၌ ဂျီ(ချေ)က ညာဘစောင်းလဲပြီး လျှာတစောင်းကိုက်လျက် သေနေ၏။ ချိုနှစ်ခွနှင့် ဂျီ(ချေ)ဖိုကြီးဖြစ်သည်။ ဂျီ(ချေ)ဖြစ်မှလွဲလျှင် ဂျီ(ချေ)ဝါ၊ ဂျီ(ချေ)ညိုတို့မှာ အကောင်ကြီး၏။ အခုသေနေသည့် ဂျီ(ချေ)က ဂျီ(ချေ)ညို၊ ခေါင်းတွင် သွေးစို့လျက်ရှိသည်။

ကျွန်တော်တို့ ဝိုင်းပတ်ကြည့်ရှုစဉ် ကိုသန်းရွှေက ချိုကိုမရာမှ.....

"အင်း....ထိပ်ခွင်တည့်တည့်ကိုမှ မှန်တာပဲ။ ဖြောင့်ပါ့ဗျာ"

ဂျီ(ချေ)ဖို ခေါင်းကိုကြည့်၍ မုဆိုးပီပီ အားရပါးရ ချီးမွမ်းသည်။

"ဟာ.....ဒီမှာ ပန်းလေးပွင့်လို့ပါလား၊ ရှားရှားပါးပါး ဂျီ(ချေ)ပဲဗျို့"

"ဒီချိုမျိုးက ရှားသလောက် သိပ်လှတယ်ဗျ"

ဂျီ(ချေ)ဖိုကြီး၏ ဘယ်ဘက်ချိုအလယ်တွင် ချိုနစ်ဉ်က တစ်ခုခုနှင့်ထိခိုက်ကာ ပွင့်ထွက်ပြီး ဒင်္ဂါးဝိုင်းသဏ္ဌာန်ပန်းပွင့်ပုံဖြစ်နေသည်ကို ဦးတင်ဆောင်ပြမှ ကျွန်တော်တို့အားလုံး တအံ့တသြ ဝိုင်းကြည့်မိသည်။

"ကဲ.....ကဲ ဘရန်ရေ မှောင်တော့မယ်၊ ဂျီ(ချေ)ကို တို့လှေထဲထည့်လိုက်ကွာ၊ အချိန်ရှိတုန်း သွားကြမယ်"

"ဟုတ်ကဲ့ ဆရာကြီး"

ဤသို့ဖြင့် မှောင်ရီပျိုးချိန်၌ ကျွန်တော်တို့မုဆိုးအဖွဲ့ မြွေဟောက်တောင်ကိုဖြတ်၍ မရွှေဥတောင်ဆီသို့ အချိန်မီရောက်ရန် တက်သံပေးပြီး အမြန်လှေလှော်ခဲ့ကြ၏။

♠ ♠ ♠

မိုးချုပ်စတွင် မရွှေဥတောင်မှ သစ်တံခါးအနီး တောင်ကုန်းပေါ်ရှိ ကိုတင်လှိုင်တဲသို့ ရောက်သည်တွင် ဂျီ(ချေ)သေကို ဝိုင်းဖျက်ကြသည်။

"ဂျီ(ချေ)ထဲမှာတော့ အကောင်ကြီးပဲဗျ"

ဗိုလ်ကြီးပန်းမြိုင်က ဝီစကီနှင့်ရေရောသောက်ရင်းမှ ပြောသည်။ ဂျီ(ချေ)ဖိုကြီး၏ Fighting Ball ကို လက်နှင့်ဆုပ်ပြီးနောက်.....

"ဗိုလ်ကြီးရေ.....ဂျီ(ချေ)ဖိုထဲမှာတော့ အကောင်အကြီးဆုံးပဲ၊ (၁၁)ပိဿာ သေချာတယ်"

ကျွန်တော်က ပြန်ပြောလိုက်သည်။ ကျွန်တော်ရခဲ့သည့် ဂျီ(ချေ)များမှာ အမ,က(၉)ပိဿာခန့်နှင့် ဂျီ(ချေ)ဖိုက အကြီးဆုံး (၁၁)ပိဿာရှိသည်။ ပျဉ်းလုံးကြီးအထက် အင်းဂဠုံနှင့် တိုက်ကြီးအနီး ခုနစ်ပေါက်၌ အချိန်(၁၄)ပိဿာရှိသော ကိုယ်က ဂျီ(ချေ)၊ အရောင်အသွေးက ဒရယ်အရောင် ဝါညိုရင့်၊ ခေါင်းမှာ ဒရယ်ခေါင်းနှင့် ဂျီ(ချေ)ဝါနှစ်ကောင်ကို ထူးထူးခြားခြား ရခဲ့ဖူးသည်။

ထမင်းဟင်းကျက်၍ ထမင်းစားပြီးနောက် ကျွန်တော်တို့ဝိုင်းဖွဲ့ထိုင်ကြသည်။ ဘရန်ရှောင်း ဖျော်ပေးသည့် ကော်ဖီခွက်လေးကိုယ်စီဖြင့် စကားပြောရင်း သောက်ကြ၏။ ကျွန်တော်၊ ဗိုလ်ကြီးပန်းမြိုင်၊ ကိုမြင့်ကြည်၊ ဦးတင်ဆောင်၊ ကိုသန်းရွှေ၊ ကိုတင်လှိုင်နှင့် အနီးအနားတဲများမှ မီးသွေးဖုတ်သူများပါ ကျွန်တော်တို့ စကားဝိုင်းသို့ လာထိုင်သည်။

ကိုတင်လှိုင်တဲမှာ တောင်ကုန်းပေါ်မှာရှိသဖြင့် လပြည့်ည၏ ထွက်ပြူစ ပြည့်ပြည့်ဝန်းဝန်းလမင်းကြီးကို လှပစွာမြင်ရ၏။ ကျွန်တော်တို့ဝိုင်းများ တောထဲရောက်သည်တွင် ညနေဆည်းဆာ ရွှေနီရောင် ထိမ်

www.burmeseclassic.com



တောက်ချိန်နှင့် ညလသာခိုက် ရွှေရောင်အလင်းတန်းများ သစ်ရိပ်ဝါးရိပ်ကြားမှ ယိုဖိတ်ကျလာသည့် မြင်ကွင်းကို အနှစ်ခြိုက်ဆုံးဖြစ်သည်။ ပတ်ဝန်းကျင် တောသဘာဝ အလှအပ ခံစားလို၍ မုဆိုးလုပ်သည်ဆိုက မမှားပေ။

"ကိုမြင့်ကြည် ဂျီ(ချေ)ပစ်တုန်းက လေပြင်းတိုက်နေတာ ကျွန်တော် သတိထားမိတယ်၊ လေနောက်ကို ကျည်ပါရင် ထိချက်လွဲမှာ သေချာတယ်၊ ဘယ်လိုပစ်ခဲ့တယ်ဆိုတာ ပြောပြပါဦး"

ဦးတင်ဆောင်က စစ်သားဟောင်းဖြစ်၍ လေပြည်လေညင်း လေပြင်းလိုက်ပြီး သေနတ်ချိန်တွယ်ပစ်ခတ်ခြင်းသင်ခန်းစာအား သိသူမို့ ကိုမြင့်ကြည် (သဘော်သား)ကို မေးလိုက်သည်။

"ဆရာကြီးက လေပြင်းတိုက်တာ သတိပေးလိုက်တဲ့အတွက် ဂျီ(ချေ)ခေါင်းရဲ့ ထိပ်ခွင်တည့်တည့် ချိန်ပြီး လေတိုက်တဲ့ဘက်ကို လက်နှစ်လုံးတိုး ပစ်လိုက်တာပါပဲ ဦးတင်ဆောင်၊ လေက ညာတစောင်းတိုက်နေတယ်လေ"

"ကိုမြင့်ကြည်ပြောတာ အမှန်ပဲဗျ။ မုဆိုးဆိုတာ ကိုယ်ကိုင်တဲ့ လက်နက်ရဲ့ စွမ်းအားကို နားလည်ဖို့လိုတယ်၊ ပွိုင့်တူးတူးက ကြက်ပစ်၊ ငှက်ပစ်သေနတ်ဆိုပေမယ့် မုဆိုးက သေနိုင်တဲ့ သေကွင်းသေကွက်ကို ထိထိရောက်ရောက် ပစ်နိုင်ရင် သားကောင်လတ်အထိ ရနိုင်တယ် မဟုတ်လားဗျ၊ ဒါဟာ မုဆိုးကောင်းတွေရဲ့အရည်အချင်းပဲ၊ ခင်ဗျားတော်တယ် ကိုမြင့်ကြည်"

သားကောင်ကို ထိအောင်ပစ်ရန်မှာ မလွယ်ပေ။ မုဆိုးတိုင်းကြုံတွေ့ရသော တွေ့ခဲ၊ ပစ်ရခဲ၊ ထိခဲ၊ ရခဲ၊ စားရခဲ၊ ခဲကြီးငါးခဲအနက် တစ်နေရာတည်း သားကောင်ရအောင် ပစ်ရသည်ကမလွယ်။ လေပြင်းတိုက်ချိန် ယခုကဲ့သို့ ယမ်းအား၊ ကျည်ဖူး၊ အကွာအဝေးကို ချိန်ဆလျက် ပစ်နိုင်ခဲ့ကြောင်း ကိုမြင့်ကြည်၏ ပစ်ချက်ကိုကြည့်ကာ ကျွန်တော် ချီးမွမ်းမိခြင်းဖြစ်သည်။

"အေးဗျာ....သားကောင်ရဲ့ ခေါင်းက ငြိမ်တာမှ မဟုတ်တာ၊ ခေါင်းမပြောနဲ့ လည်ပင်းတောင်ထိဖို့ မလွယ်ဘူး"

မုဆိုး ကိုသန်းရွှေက စကားဖြတ်၍ ရေနွေး ကြမ်းအခါးကျ တစ်ခွက်ကို သောက်ပြီးမှ စကားပြန်ဆက်သည်။ ကျွန်တော်တို့အားလုံး ဂျီ(ချေ) ဝမ်းတွင်းသား အမြည်းစားရင်း ကိုသန်းရွှေပြောသည့် စကားအား ဝိုင်းနားထောင်နေကြ၏။

"ခေါင်းကို ပစ်တယ်ဆိုတာ အသေချာဆုံးဗျို့၊ ကြည့်လေ.... သေနတ်ရဲ့ကျည်က ဘာကြီးလို့လဲ၊ ရှိလှ သက်ငယ်ချောင်းသာသာ ရှိမှာပေါ့၊ မှန်ချက်က ပြင်းမှပြင်း၊ ခေါင်းကွဲရင် အသည်းမခံနိုင်ဘူးဆိုတဲ့ မုဆိုးစကား မှန်မှမှန်ပဲဗျာ"

ကိုသန်းရွှေစကားအဆုံးတွင် စကားဝိုင်းမှာ ငြိမ်လျက် အမြည်းစားသူစား၊ အခါးကျရည် သောက်သူသောက်ကြသည်။

"ကျွန်တော်တို့ ဗဟုသုတ အောင် ဆရာကြီးအတွေ့အကြုံ ရင်လည်း ပြောပြပါဦး"

ကျွန်တော်နှင့်တွဲဘက် လမ် မုဆိုး ကိုတင်လှိုင်က ပွဲတော တော့သည်။

"ကျွန်တော် အနောက်ရိုး ထဲမှာ တောလည်တုန်းက ကြုံ ပါတယ် ကိုလှိုင်၊ ညောင်ပင်စခ ဆိုတဲ့ နေရာနားမှာပေါ့၊ တို တိုက်ဆိုင်ဆိုင်ဗျာ တောလည်ရ တောနွားတစ်ကောင်က သစ် နေတဲ့ လွှသမားတွေကိုလိုက်ဝှေ တာ"

ကျွန်တော်က စကားရပ်က ရေနွေးကြမ်း အကျရည်ကို တ ခွက်မော့သောက်လိုက်၏။ ပြီးမှ

"နွားပေါက်ဆိုတော့ ရမ် သလား မပြောနဲ့၊ လူတွေလည် ပြေးကြ၊ လွှားကြ၊ အော်ဟစ်ကြ အလဲလဲအပြိုပြိုနဲ့ ကိုလှိုင်သိတ အတိုင်း အိမ်နွားတောင် အကျ မကောင်းရင်လူမကပ်နိုင်ဘူး၊ တော နွားက ပိုဆိုးတာပေါ့ဗျာ၊ အဲဒီနေ့မှ တိုက်တိုက်ဆိုင်ဆိုင် ကြက်ပစ် ငှက်ပစ်ဆိုပြီး စခန်းတဲက ကျွန်တေ ပွိုင်တူးတူး ကိုင်ထွက်တာ၊ အ ကြီးပစ်ရိုင်ဖယ် မပါခဲ့ဘူး"

"ဟုတ်ပါတယ် ဆရာကြီး"


ဗိုလ်ကြီးပန်းမြိုင်နှင့် ကိုမြ ကြည်က တဲရှေ့စားမျင်တွင် ရဲ့ရ နားထောင်နေသည်။

"မြင်ကွင်းကြည့်ပြီး ရုတ်တရက် ကျွန်တော် မှင်သက်သလို ဖြစ်သွ

www.burmeseclassic.com

www.burmeseclassic.com





သမယ့် မုဆိုးဆိုတော့ ကိုင်ထားတဲ့ သေနတ်တူးတူးကို ချက်ချင်းမောင်းတင် လိုက်တယ်၊ ဒါနဲ့ သစ်သမားတစ် ယောက်က အလဲမှာ တောနွားက ပြေးဝင့်မယ်အလုပ် ခေါင်းက ကျွန် တော်နဲ့တည့်တည့်ဗျ။ သားကောင် ရဲ့ခေါင်းကို အကြိမ်ကြိမ် ပစ်ဖူးနေ တာကိုး၊ ဒီတော့ လက်နက်မှာ အား ထည်းချက်ရှိပေမယ့် လျှပ်တစ်ပြက် မှတ်တရက် တောနွားရဲ့ ခေါင်း တည့်တည့်ကို ကျွန်တော် ထိုးပစ် ထိုက်တာဗျာ''

ကျွန်တော် စကားဖြတ်ကာ ကိုချော၏ အသည်းတစ်ဖတ်ကို ယူပြီးစဉ် အားလုံးစိတ်ဝင်စားလျက် နားထောင်နေကြသည်။

''ပြောပါဦး ဆရာကြီး၊ ဘာဖြစ် သွားလဲဗျ''

ကိုမြင့်ကြည်က လှမ်းမေးသည်။

''အကွာအဝေးက ကိုက်(၃၀) လောက်က ပစ်တဲ့အတွက် ခေါင်းကို မှန်တာ သေချာပါတယ် ကိုမြင့် ကြည်၊ လေးဘက်ချရပ်ပြီး သူ့ရှေ့က လဲနေတဲ့လူကို တွေတွေကြီး ကြည့် နေတော့ ကျွန်တော့်မှာ မှန်မှန်း သိလျက်နဲ့ ဘယ်လိုများ ဖြစ်နေ သလဲပေါ့''

''ဟုတ်ကဲ့ ဆရာကြီး၊ စိတ် ဝင်စားစရာပဲ၊ ဆက်ပြောပါဦး''

''နွားရှေ့ လက်ထောက်လဲနေ တဲ့သူကလည်း ဘာလုပ်လို့ လုပ်ရ မှန်းမသိ ဖြစ်နေချိန်မှာ နွားရဲ့နှာ ခေါင်းကဒေါသကြောင့် တရှူးရှူး တရှဲရှဲနဲ့ နှာမှုတ်သံတွေ ထွက်နေ တယ်၊ ကျွန်တော့်စိတ်ထဲမှာ ကွေ့တွ လူကို ခေါင်းနဲ့ ပြေးဆောင့်ပြီမှတ် နေတာ''

''ဘာဖြစ်သွားလဲ ဆရာကြီး''

ကိုတင်ဆောင်က သိလိုသဖြင့် မေးသည်။

''အင်း..နှာမှုတ်တိုင်း သွေးတွေ ဖြန်းခနဲ၊ ဖြန်းခနဲ ပန်းထွက်ပြီး၊ လေးဘက်ကားကျသွားတော့တယ်၊ အလဲမှာ အသက်ပါသွားတော့တာ ပေါ့၊ နွားမသေရင် လူသေပြီ၊ လူ့ ကံများ ဆန်းကြယ်သားဗျာ''

''ဟုတ်ပါတယ်၊ ဆရာကြီးနဲ့ မကြုံရင် နွားရှေ့မှာ လဲတဲ့သူ ဘယ် လွယ်ပါ့မလဲ၊ စစ်တွင်း မင်းလှ ဘက်မှာ မကြာသေးခင်ကပဲ တော နွားဝင့်လို့ ကျွန်တော့်ညီအစ်ကို ဝမ်းကွဲတစ်ယောက် သေသွားတာ ရက်လည်ရုံရှိပါသေးတယ် ဆရာ ကြီး''

မုဆိုးကိုသန်းရွှေက ပြောပြ သည်။

''သတ္တဝါတစ်ခု၊ ကံတစ်ခုဆို တာ အမှန်ပါပဲဗျာ၊ ကံစီမံရာ ခံနေ ကြရတဲ့သူတွေ၊ ကံလမ်းကြောင်း အတိုင်း သွားနေကြတာမဟုတ်လား၊ ကျွန်တော်နဲ့တွေ့လို့ သစ်သမားတွေ ကံကောင်းသွားတယ်ပဲ ပြောရတော့ မှာပေါ့''

''ဆရာကြီးပြောတာ မှန်ပါ တယ်''

''နောက်ဆုံးအဖြေက သေနတ် ရဲ့စွမ်းအား နည်းပေမယ့် သား ကောင်ရဲ့ သေကွင်းသေကွက်ကို ရွေးချယ်ပစ်ရင် တစ်ချက်တည်းနဲ့ လဲ နိုင်တယ်ဆိုတာပဲပေါ့ဗျာ၊ ကဲ... အချိန်လည်းလင့်ပြီ၊ မနက် တန်း လျှောက်ဖို့ရှိသေးတယ်၊ နားကြဦးစို့''

ကျွန်တော်၏စကားဆုံးလျှင် စကားဝိုင်းဖွဲ့ရာမှ လူစုကွဲကာ အိပ်ရာ ဝင်ကြတော့၏။ ထိုအချိန်၌ လမင်း ဆီသို့ တိမ်မည်းညိုများက တစ်စ တစ်စ တိုးဝင်လာသည်နှင့် ကြုံ ကြိုက်၍ အမှောင်ရိပ်များသန်းခိုက် ကျွန်တော်တို့မှာ ပင်ပန်းသဖြင့် နှစ် နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားတော့ သည်။

မောင်မောင်လွင်(ညောင်လေးပင်)

www.burmeseclassic.com

www.burmeseclassic.com

စ

# ဘယဆေး နှင့် ဘယဆေးအမှုန့်ဆိုင်

စန္ဒီ

SANDHI

## အရောင်းအဝယ်သည် "သဘာဝ"

## ဆေးစစ်ဆေးမှန်အာနိသင်

## ထက်မြက်ရေးသည် "အစိက"

အမှတ် - ၂၃၈/၂၄၀၊ ကုန်ဈေးတန်းလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း-၂၅၁၈၁၆၊ ၂၅၁၈၁၇၊ ၃၈၀၄၀၄၊ ၃၈၀၄၀၅

လက္ကားဆိုင် လိုင်းခွဲ- ၂၀၁၊ ၂၀၂ ကုန်ကြမ်းဆိုင်လက်လီ လိုင်းခွဲ- ၄၀၁

အမှုန့်ဆိုင် လိုင်းခွဲ - ၃၀၁၊ ၃၀၂

www.burmeseclassic.com

www.burmeseclassic.com



# ရွှေဘိုဘကာမထိခင်အောင် မြန်မာ့သွေး မြန်မာ့သတ္တိ



www.burmeseclassic.com

■

၁၉၂၆ ခုနှစ်၊ ဩဂုတ်လ (၂၆) ရက်ကဖြစ်၏။

ထိုအချိန်၊ ထိုကာလက ရွှေဘိုခရိုင်သည် မြန်မာပြည်တစ်ဝန်းဝယ် လူသတ်မှု၊ ဓားခုတ်မှု၊ ဓားပြတိုက်မှု၊ ရိုက်မှုဟူသော ရာဇဝတ်မှုများ အများဆုံးကျူးလွန်သည့်ခရိုင်ဟု နယ်ချဲ့အရင်းရှင် အင်္ဂလိပ်မျက်နှာဖြူအစိုးရက သတ်မှတ်ထား၏။ ရွှေဘိုခရိုင် (Shwebo-District)ဆိုသည်မှာ ရွှေဘိုမြို့နယ်၊ ဝက်လက်မြို့နယ်၊ ခင်ဦးမြို့နယ်၊ ရေဦးမြို့နယ်၊ ကန့်ဘလူမြို့နယ်၊ တန့်ဆည်မြို့နယ်၊ ကျွန်းလှမြို့နယ်နှင့် ဒီပဲယင်းမြို့နယ်ဟူ၍တည်း။

အဆိုပါမြို့နယ်များသည် ရာဇဝတ်မှုတစ်ခုခုကို နေ့စဉ်နေ့တိုင်း ကျူးလွန်လျက်ရှိနေစမြဲဖြစ်သည်။

အထူးသဖြင့် လူသတ်မှုနှင့် ဓားပြတိုက်မှုက ပို၍ပိုမိုများပြားနေသည်။ ရွှေဘိုခရိုင် အညာဒေသသည် မိုးခေါင်၍ ရေရှား၏။ နေအလွန်ပူလှသဖြင့် လူတွေသည် သွေးဆူလွယ်၏။ သွေးပူသွေးဆူလွယ်လှသော အပူပိုင်းဒေသဖြစ်သည်နှင့်အညီ ထစ်ခနဲဆို ဓားနှင့်ထခုတ်ပိုင်းတတ်သည်။ တောင်သူလယ်သမားတို့သည် ဆင်းရဲနွမ်းပါးလှရသည့်အထဲ လူခွန်၊ ရေခွန်၊ မြေခွန်၊ တသသမေခွန်တွေကြောင့် ဆင်းရဲမွဲတေနေကြရကာ အင်္ဂလိပ်အစိုးရအား ဗမာလူမျိုးအားလုံးလိုလိုက လုံးဝဆို လုံးဝမကျေနပ်ဖြစ်နေသော ကာလပေမို့ လူတိုင်းလိုလို ရင်တွင်း၌ ဗလောင်ဆူနေကြ၏။ သည်းမခံတတ်ကြ။

အိမ်တိုင်းတွင် ငှက်ကြီးတောင်ဓားကို သွေးထားကြသည်။ ကျေးရွာအချို့တွင် ငွေချမ်းသာသော တောသူဌေးအချို့ ဓားပြတိုက်ခံရသည်ချည်းပင်။ ဓားပြတိုက်ခံရသည့် တောသူဌေးအား ဓားပြအဖွဲ့က အရှင်မထားခဲ့ချေ။

"ရှုပ်တယ်ကွာ၊ ခေါင်းဖြတ်ခဲ့"

"ဟေ့ကောင် စံထွား၊ ဒီကောင်ကို အရှင်ထားခဲ့ရင် ပုလိပ်ကိုတိုင်မှာ၊ အသေသာသတ်ခဲ့"

ကိုယ့်ဗမာအချင်းချင်းကိုလည်း မသနား၊ မညှာတာကြ။ ရွာရှိ ချစ်တီးကုလားကိုလည်း ချမ်းသာမပေးခဲ့။

"ဒီကောင့်ကို အသေသတ်မှ အမှုမပေါ်မှာ၊ သတ်၊ သတ်"

ပြောပြောဆိုဆို ခေါင်းကိုဖြတ်ချလိုက်၏။

"ဒီချစ်တီးကုလားတစ်တွေဟာ ငါတို့လူမျိုးတွေ မဟုတ်ဘူးကွ၊ တခြားနိုင်ငံက ရောက်လာကြတဲ့ လူတွေပဲ၊ ငါတို့တောင်သူလယ်သမားတွေရဲ့ ကုပ်သွေးကို လာစုပ်နေတဲ့ လူချမ်းသာတွေကွ၊ သတ်ကောင်းတယ်"

ထို ၁၉၂၆ ခုနှစ်က ကန့်ဘလူမြို့နယ်၊ ဂါးထာရွာဘက်တွင် မိန်းမဓားပြရှိနေ၏။ မိန်းမဓားပြနာမည်က မဒေါင်းညိုတဲ့ဗျ။ အသက်က သုံးဆယ်နှစ်လောက်ပဲ ရှိပေဦးမည်။ အရပ်က ၅ပေ၆လက်မ ကျော်ဦးမည်။ အရပ်အမောင်းကောင်း၏။ ကိုယ်ထည်က ထွားထွား၊ မျက်နှာပေါက်ကဆိုးဆိုး၊ အသားအရေက မည်းကြုတ်ကြုတ်နှင့်ရယ်။ ထန်းကုန်းရွာ သူကြီးအား ဓားနှင့်ကိုယ်တိုင်ခုတ်ပြီး နှစ်လုံးပြူးသေနတ်တစ်လက်ကို ယူကာ မဒေါင်းညိုကြီး သွားလေရာ ရာ လက်ကိုင်ထားတတ်သည်။ ကန့်ဘလူနယ်က အင်္ဂလိပ်အစိုးရအား ပုန်ကန်နေသူ 'ငဖျော်'နှင့် အဆက်အစပ်ရှိ၏။ ဓားပြခေါင်းဆောင် မဒေါင်းညိုက (အင်္ဂလိပ်မျက်နှာဖြူ ရဲ့ကျွန်ဆိုရင် အရှင်မထားခဲ့နဲ့ အသေသတ်ရမယ်)ဟု အမိန့်ထုတ် ထား၏။

မဒေါင်းညိုကြီးက သူ့အဖွဲ့ ဓားပြတိုက်၍ရသော ရွှေ၊ ငွေကို သူမ၏ရွာ ဂါးထာမှ ရွာသူ သားအပေါင်းအား ဝေပေး၏။ သူ နှင့်အဖွဲ့သည် ဒိုးမကားရွာ

www.burmeseclassic.com



ဒီသို့ လေ့နှင့်အသွား လေ့မှောက်ရာမှ မဒေါင်းညို့တစ်ယောက် ရေ စ်၍ သေဆုံးသွားသည်။

**မှတ်ချက်။ ။ဂါးထားရွာဗိုလ်တဲတွင် ဘားပြက လူမှား၍ ဓားနှင့်အသေ အသတ်ခံခဲ့ရသူမှာ အရေးပိုင်ဝန် ထောက်ကြီး ဦးစိန်တင် (စာရေး ဆရာသိပ္ပံမောင်ဝ)ပင် ဖြစ်သည်။**

ရွှေဘိုခရိုင်သည်မြန်မာပြန်တစ် န်းတွင် ရာဇဝတ်မှုအကျူးလွန်ဆုံး၊ အထိန်းရအသိမ်းရ အခက်ဆုံးဒေသ ဖြစ်သည် (ယခင်ကာလမှ အခြေ အနေဖြစ်ပါသည်။) ဟု အင်္ဂလိပ် အစိုးရက သတ်မှတ်ထားကာ ရွှေ ဘိုခရိုင်သို့ အရည်အချင်းပြည့်ဝသော အင်္ဂလိပ်မျက်နှာဖြူမင်း၊ ဗမာအရေး ပိုင်မင်း လက်ရွေးစင်အချို့အား စေ လွှတ်တာဝန်ပေးလေ့ရှိသည်။

♠ ♠ ♠

ရွှေဘိုခရိုင်၊ ဒီပဲယင်းမြို့နယ်၊ ကြည်ရွာမှ ဗန္ဓကအမည်ခံ ရသေ့ တစ်ပါးက အင်္ဂလိပ်မျက်နှာဖြူအား န်ကန်ကြရန် တစ်ရွာဝင်တစ်ရွာ ထွက် စည်းရုံးနေ၏။ သရက်ကန် ကျူးရွာသို့ မြင်းဖြူကြီးကိုစီးပြီး ရောက်လာသည်။ ထို့နောက် နေ ကောင်းထိုင်မသာသည့်သူ ရှိနေ သည့်တဲသို့ဝင်ကာ ဆေးကုသပေး လသည်။ ဗန္ဓကရသေ့၏ ဆေး လွယ်အိတ်ကြီးထဲတွင် မြန်မာ့ရိုးရာ ဆေးအစုံပါ၏။ စကားပြောကလည်း ကောင်း၊ ဆေးကလည်းစွမ်းသည်။ ဉာဏ်ရှိသူဖြစ်သဖြင့် ရွာသူရွာသား အများက ရိုသေကြ၊ လေးစားကြ ၏။ အရှေ့သရက်ကန်ရွာတွင် ဗန္ဓက ရသေ့ စတည်းချ၍ ခုနစ်ရက်ကြာ ကာလဝယ် တစ်ရွာလုံးအား စည်း ရုံးသွားနိုင်ပြီဖြစ်သည်။ စည်းရုံး၍ရ ပြီးကာမှ လူငယ်လူရွယ် ၃၀၊ ၄၀ အား အင်္ဂလိပ်မျက်နှာဖြူအစိုးရအား မုန်းတီးရေးစကားတွေကို ထိုးသွင်း တော့သည်။

''အိမ်း.....မပြောမပြီး၊ မတီး မပြည်တဲ့ကွဲ့၊ မပြောမဖြစ်လို့ မောင် တို့မယ်တို့ကို ပြောရတော့မယ်၊ သေ သေချာချာ နားထောင်ကြ၊ ငါတို့ ဗမာတစ်မျိုးသားလုံးနဲ့ ဆိုင်နေတယ်၊ ကနေ့ ငါတို့ဗမာပြည်ကို အင်္ဂလိပ် မျက်နှာဖြူမိစ္ဆာကောင်တွေ ကြီးစိုး နေကြပြီ၊ ငါတို့ရဲ့ဘာသာ၊ ငါတို့ရဲ့ သာသနာကို စော်ကားမော်ကားပြု ကျင့်နေကြပြီး ငါတို့ရဲ့သမီးပျိုလေး တွေကိုလည်း ဖျက်ဆီးနေကြပြီလေ၊ ဒီအတိုင်း ဒီမိစ္ဆာကောင်တွေကို လက် ပိုက်ပြီး ကြည့်နေလို့တော့ မရတော့ ဘူး၊ ငါတို့တစ်တွေက အချိန်တန် လာရင် အင်္ဂလိပ်မျက်နှာဖြူအစိုးရ ကို တော်လှန်ကြရလိမ့်မယ်၊ သတ္တိ ကောင်းလှတဲ့ ငါတို့တစ်တွေ လက်

“ ငါတို့ဗမာပြည်ကို အင်္ဂလိပ်မျက်နှာဖြူ မိစ္ဆာကောင်တွေ ကြီးစိုးနေကြပြီ၊ ငါတို့ရဲ့ဘာသာ၊ ငါတို့ရဲ့ သာသနာကို စော်ကားမော်ကားပြု ကျင့်နေကြပြီး ငါတို့ရဲ့သမီးပျိုလေး တွေကိုလည်း ဖျက်ဆီးနေကြပြီလေ၊ ”



www.burmeseclassic.com

www.burmeseclassic.com



နက်ရှာပြီး အင်္ဂလိပ်အစိုးရကို တိုက်တဲ့အခါ မောင်တို့ မယ်တို့ ဘရသေ့နောက်ကနေပြီး ရဲရဲတောက် 'ရုပ်' ရလိမ့်မယ်၊ ရုပ်ရဲရဲ့မဟုတ်လား''

ထိုကဲ့သို့ ဗန္ဓကရသေ့က မေးသည်တွင် (ရုပ်ရဲတယ်..ရုပ်ရဲတယ်..တိုက်ရဲတယ်)ဟု အားပါးတရ လက်သီးလက်မောင်းတန်း၍ ဟစ်ကြွေးလိုက်ကြသည်။ အရှေ့သရက်ကန်၊ အနောက်သရက်ကန်၊ ထူးကြီး၊ မူးကမ်းကြီးရွာ၊ သစ်ရာအိုင်ရွာ၊ ကြည်ရွာ၊ ကံထူးမရွာ၊ ပေယင်းရွာ စသည်စသည့်ရွာများသို့ မြင်းဖြူကြီးကိုစီးလျက် တစ်ရွာဝင်တစ်ရွာထွက် နယ်ချဲ့ဆန့်ကျင်ရေး၊ အင်္ဂလိပ်အစိုးရ မှန်းတီးရေး ကွင်းဆင်းစည်းရုံးလေချေသည်။

ခြောက်လမျှ စည်းရုံးပြီးနောက် ဗန္ဓကရသေ့ ဦးဆောင်၍ ဒီပဲယင်းပုလိပ်ကင်း(ယခင်ကာလမှ အခေါ်အဝေါ်ဖြစ်ပါသည်)ဂိတ်အား မီးကွင်းပစ်ကာ ဝင်စီးတော့သည်။

''တက်...တက်...မကြောက်နဲ့၊ တက်..ဗန္ဓကတဲ့ဟေ့...ဗန္ဓကတဲ့ကွ''

ထိုသို့ ညာသံပေး၍ အတင်းတရကြမ်းဝင်၍ ပုလိပ်ကင်းတဲအား ဝင်စီး၏။ ရိုင်ဖယ် ခုနစ်လက်ရ၏။ ဒီပဲယင်းသား ပုလိပ် မောင်ပါဆိုသူက လက်ထောက်ချသဖြင့် ဒီပဲယင်းကင်းဂိတ် လွယ်လွယ်ကူကူနှင့်ကျသွားသည်။ ကင်းဂိတ်နှင့် ပုလိပ်ဌာန (Police Station)မှ ဌာနအုပ်ဖြစ်သူ ပန်ချာအင်္ဂလိပ်အနွယ် မစ္စတာနဘားဆင်းနှင့် သူ့လက်ထောက် မစ္စတာနာလ်ဂျီးဆင်းအား ဗန္ဓကရသေ့၏အမိန့်အရ လည်ပြတ်သတ်ပစ်လိုက်သည်။

''ဟိတ်ကောင်လေးတွေ၊ ဗမာပုလိပ်ဆို မသတ်နဲ့၊ ကျန်တာအရှင်မထားရ''

ဗန္ဓကရသေ့က ပြီးဆေးထိုးပေးထားသူ လူငယ်လူရွယ် ၆၀ ကျော်ကျော်သည် ခါးတောင်းကို မြောင်နေအောင်ကျိုက်ထားကြပြီး ငှက်ကြီးတောင်ဓားတဝင့်ဝင့်နှင့် တက်ကြွလို့နေကြသည်။ ဒီပဲယင်းရွာသူရွာသားအများက အင်္ဂလိပ်အစိုးရအား ရဲရဲတောက် တော်လှန်ရဲသည့် ဗန္ဓကတပ်ဖွဲ့အား ဆီ၊ ဆန်၊ ဆား စားသောက်ဖွယ်များကို ပုလိပ်ဌာနဝင်းအတွင်းသို့ လာရောက်ပေးကြသည်။

''ကျုပ်တို့လည်း ဗန္ဓကတပ်ဖွဲ့မှာပါမယ်၊ အင်္ဂလိပ်ကိုတိုက်မယ်၊ လက်ခံပါ''

''ဗမာ့သွေး၊ ဗမာ့သတ္တိကို ပြခွင့်ရပြီ၊ ကျုပ်လည်းပဲ အင်္ဂလိပ်ကိုတိုက်မဗျာ''

အသက် (၇၀)အရွယ်ရှိ အဘိုးအိုတစ်ဦးက လာရောက်စာရင်းပေးနေ၏။ ထိုနည်းတူ ထူးထူးခြားခြား အသက် (၁၀)အရွယ်ခန့်ရှိ ဒီပဲယင်းသူ မဝိုင်းကြည်ဆိုသူနှင့် အသက် (၂၅)နှစ်ကျော်ကျော်ရှိ ဒီပဲယင်းသူ မနှင်းဖွေးဆိုသူနှစ်ဦးက အင်္ဂလိပ်မျက်နှာဖြူအစိုးရအား ဓားတစ်လက်ကိုင်၍ တိုက်ပွဲဝင်လိုသဖြင့် ဗန္ဓကရသေ့ထံသို့ လာရောက်စာရင်းသွင်းနေသည်။

''ဟဲ့.....ညည်းတို့က ဘဇာကြောင့် အင်္ဂလိပ်အစိုးရကို တို
ချင်ရတာလဲ၊ ပြောစမ်း''

''ဘရသေ့ဘုရား၊ နားနဲ့
ဖဝါးနဲ့နာတော်မူပါ ဘုရား၊ မနှ
တပည့်တော်မ ရှေဦးမြို့ကိုထွက်
အငြိမ့်ကပြရာက အင်္ဂလိပ်မျက်
ဖြူပုလိပ်အရာရှိက စော်ကားလို
တယ်ဘုရား၊ အဲဒါကြောင့် ကလဲ့
ချေချင်လို့ပါ ဘုရား''

''သြော်.....ညည်းက အငြိ
သမကိုး၊ ဟုတ်ပြီ၊ ညည်းကကော

''တပည့်တော်မမေမေအတွ
အင်္ဂလိပ်အစိုးရကို ကလဲ့စားချေ
လို့ပါ''

''အိမ်း.....အိမ်း၊ ထူးသ
စဉ်းစားစရာပဲ၊ ကိုင်း.....အငြိမ့်
ကပြောပြစမ်း၊ ဘယ်လိုအစော်
ခံလိုက်ရသတုံး၊ တိုတိုနဲ့လိုရင်း
ပြောကွယ်''

အရုပ်ပုပျပ်ပျပ်၊ ဖြူတုတ်
သဏ္ဌာန်ရှိ ဗန္ဓကရသေ့သ
အသက်(၅၀)မျှရှိပြီး မုတ်ဆိတ်
ဖြစ်သည်။ ကိုယ်ခန္ဓာကတုတ်
၏။ ရဲရင့်ပြတ်သားလှသော်
သနားကြင်နာတတ်ပေသည်။စ
ပြောရာ၌ သွယ်ဝိုက်၍ပြောသည်
မကြိုက်တတ်။ တကယ်တော့
ဗန္ဓကရသေ့သည် ဘယ်သူ့ကို
မထင်သည့်လူစား။ ငယ်စဉ်က
ကလေးဘဝက လက်သွေးစွန်း
ပါ။ ဘုတလင်နယ်ပိုင်အား
ကျွေးဖူး၏။ ဓားခုတ်မှုနှင့်
ထောင်နန်း စံခဲ့သူပါ။ ဟုတ်
လားလားမှမခံတတ်ပေ။ နယ်
အင်္ဂလိပ်မျက်နှာဖြူအစိုးရအား

www.burmeseclassic.com

www.burmeseclassic.com



န်ပုန်ကန်လိုသဖြင့် ရသေ့အသွင် င် တစ်ရွာဝင်၊ တစ်ရွာထွက်ဖြင့် းကုသပေးရင်း စည်းရုံးရေးကွင်း င်းနေခြင်းပင်တည်း။

တ်ချက်။ ။ ၁၉၂၆ ခုနှစ်၊ဩဂုတ် ၂၆ ရက်က အစပြုလျက် င်္ဂလိပ်အစိုးရအား လူတစ်စုကို ္ဓကရသေ့က ဦးဆောင်ကာ ာ်လှန်ခဲ့၍ ဒီပဲယင်းမြို့နယ်၊ ရက်ကန်ကျေးရွာ(အရှေ့ရွာ) းတောင်သူလယ်သမားအရေး ာ်ပုံခေါင်းဆောင်ကြီး ဂျွန် ရာစံ(သုပဏ္ဏကဂဠုဏ်ရာဇာ) က် ၄ နှစ်စောစော်။ သို့ရာတွင် ္ဓကမှာ ကမ္ဘာမကျော်ခဲ့ပေ။

♠ ♠ ♠

သတ္တိကောင်းပြီး ပြတ်သား တ်သည့် နယ်ချဲ့တော်လှန်ရေး ေါင်းဆောင် ဗန္ဓကသည် သူ့တော် ှန်ရေးတပ်ဖွဲ့ဝင် (၉၀)ကျော်ကျော် ား ၂၇-၈-၁၉၂၆ ရက်၊ ညဦး န်းခေါင်ယံတွင် ဤသို့ တပ်ထွက် ့်ပေး၏.....

"တပည့်တို့ အခုည ၁၂ နာရီနဲ့ မိနစ်ဟာ မင်္ဂလာအခါတော်ပေး ျိန်ဖြစ်တယ်၊ ည ၁၂ နာရီနဲ့ မိနစ်မှာ ငါတို့မြင်းစီးပြီး ရှေဦးကိုချီ က်မယ်၊ ချီတက်ရာမှာ အံ့ကျော် ေါင်းဆောင်ပြီး မြင်းစီးတပ်ဖွဲ့ ၃၀ အတူ ဘယ်တောင်ပံက ချီတက် ဝေလုခေါင်းဆောင်ပြီး မြင်းစီး ပ်ဖွဲ့ ၃၀ နဲ့အတူ ညာတောင်ပံက ီတက်ရမယ်၊ ဆရာက မြင်းတပ် ဖွဲ့ ၃၀ ကို အုပ်စီးပြီး အလယ်ဗဟို က နေရာယူချီတက်မယ်"

ဗန္ဓကရသေ့က စကားကိုခဏ ရပ်၍ တပည့်များကို ဝေ့ဝိုက်အကဲ ခတ်ပြီးမှ ဆက်ပြောခဲ့သည်။

"ဆက်နားထောင်၊ သေနတ် သမားက ရှေဦးပုလိပ်ဌာနကိုဝိုင်းမိ တာနဲ့တစ်ပြိုင်နက် မြင်မြင်သမျှ အစိုးရလူတွေကို သေနတ်နဲ့အဆက် မပြတ်ပစ်ရမယ်.....

သေနတ်နဲ့အဆက်မပြတ်ပစ် နေတုန်း ပုလိပ်ဌာနကို မီးကွင်းပစ်၊ မီးနဲ့ရှို့ရမယ်၊ လက်နက်တိုက်ကိုမီး လောင်ဖို့က အဓိကပဲ၊ ပုလိပ်ဌာန ကို စီးမိတာနဲ့ အချုပ်ထောင်ကို မရ ရအောင် ဖွင့်ရမယ်.....

ဆက်နားထောင်၊ အင်္ဂလိပ် ဘက်တော်သား တွေ့သမျှ အကုန် ခုတ်သတ်ပါ၊ နောက်မဆုတ်ရဘူး၊ ငါတို့ အနိုင်ရကိုရရမယ်၊ ဖွဲ့ သတ္တိ ရှိကြ၊ မကြောက်နဲ့၊ ကိုင်း...ချီတက်"

ဗန္ဓကရသေ့ခေါင်းဆောင်သည့် မြင်းစီးတပ်ဖွဲ့ ၉၀ ကျော်ကျော်အား ကိုးမိုင်မျှဝေးကွာသော ရှေဦးမြို့သို့ မထွက်ခွာမီ ရပ်ရွာလူထုက တတ် အားသရွေ့ အကျွေးအမွေးများဖြင့် ကျွေးမွေးဧည့်ခံကြ၏။ ၎င်းတို့၏တပ် ဖွဲ့၌ ရိုင်ဖယ်သေနတ် (၁၁)လက်၊ ၄၅ ဗို့ ခြောက်လုံးပြူးတစ်လက်နှင့် စတင်းဂန်းတစ်လက်တည်းသာပါ၏။ ကျန်ရွာသားများကတော့ မီးကွင်း၊ မီးတုတ်နှင့် ၎က်ကြီးတောင်ဓားကိုယ် စီ ပါကြသည်။

ဒီပဲယင်းမြို့မှ ည ၁၂ နာရီ ၃၄ မိနစ်အချိန် (မင်္ဂလာအချိန်)၌

---

ဗန္ဓကရသေ့က
ပြီးဆေးထိုးပေးထားသူ
လူငယ်လူရွယ် ၆၀
ကျော်ကျော်သည်
ခါးတောင်းကို မြောင်နေအောင်
ကျိုက်ထားကြပြီး
၎က်ကြီးတောင်ဓားတဝင့်ဝင့်နှင့်
တက်ကြွလို့နေကြသည်။
ဒီပဲယင်းရွာသူ
ရွာသားအများက
အင်္ဂလိပ်အစိုးရအား
ရဲရဲတောက်တော်လှန်ရသည့်
ဗန္ဓကတပ်ဖွဲ့အား ဆီ၊ ဆန်၊
ဆား စားသောက်ဖွယ်များကို
ပုလိပ်ဌာနဝင်းအတွင်းသို့
လာရောက်ပေးကြသည်။

---

www.burmeseclassic.com

www.burmeseclassic.com





ရေဦးမြို့ဆီသို့ တောမြိုင်တွင်းမှ စတင်ချီတက်သွားကြသည်။

ညဉ့်သန်းခေါင်ကျော်ကျော်တွင် ရေဦးပုလိပ်ဌာနသို့ သုံးဘက်သုံးတန် ဝိုင်းမိနေစဉ် ပုလိပ်ဌာနအတွင်းမှ ပုလိပ်တို့က စတင်၍ ဘရင်းဂန်းနှင့် ဆွဲတော့သည်။

တိုက်ပွဲဖြစ်ပြီ.....

''တက်.....ဗမာကွ...ဗမာကွ၊ တက်..၊ အင်္ဂလိပ်ကို အသေသတ်''

''ဒက်...ဒက်...ဒက်...ဒက်''

အဆက်မပြတ် ဘရင်းဂန်း (Brand-Gun)ပစ်သံတွေက ဟိန်းဟည်းနေသည်။ ပုလိပ်ကတုတ်ကျင်းအတွင်းမှနေပြီး အဆက်မပြတ် ပစ်နေ၏။ မြင်းစီးတပ်သားများ အတုံးအရုံး ကျဆုံးကုန်သည်။

''မီးကွင်းပစ်.....မီးကွင်းပစ်''

မီးကွင်းကိုပစ်သော်လည်း မီးမစွဲချေ။

ဗန္ဓကတပ်ဖွဲ့သားတစ်တွေက အတင်းဖွတ် နွားသိုးကြိုးပြတ်သကဲ့သို့အလား ဝင်ခုတ်ကြသည်။

တိုက်ပွဲက ပြင်းထန်နေ၏။

အနီးလက်တစ်ကမ်းရင်ဆိုင် တိုက်ပွဲဖြစ်မှု တစ်နာရီကျော်ကျော် အကြာတွင် ဗန္ဓက၏ မြင်းတပ်ဖွဲ့ တစ်ဝက်ကျော်ကျော် သေပွဲဝင်ကြရချေပြီ။ မရှုမလှ တစ်ဖက်စီးနင်းခံနေကြရသည်။

''လက်နက်ချင်းမမျှဘူး၊ တစ်ဖက်သတ်ခံနေရပြီ၊ ဆုတ်ခွင့်ပြုပါ''

''အေး.....ဆုတ်ကြတော့''

ဗန္ဓက,က အမိန့်ပေးလိုက်၏။

လက်နက်ချင်း မတူမျှ၊ ဗန္ဓက၏လူများက သေနတ်လည်းမကိုင်ဘူး၊ သေနတ်လည်းမပစ်တတ်သဖြင့် ငှက်ကြီးတောင်ဓားနှင့် ဖွတ်တက်ခုတ်ရာတွင် သံဆူးကြိုးကာရံထားမှုကို မကျော်လွှားနိုင်ချေ။ မီးကွင်းလည်းပစ်၍ မထိရောက်ပေ။

ထို့ကြောင့် ရှုံး၏။

ဒီပဲယင်းအထိ ဆုတ်ပြေး...
ခဲ့ရတော့သည်။ ထိုညတွင်းချင်း...
ဗန္ဓကရသေ့နှင့် နောက်လိုက်...
ယောက်သည် မြင်းကိုယ်စီစီး...
ငပယင်းရွာကိုဖြတ်လျက် ဘုတလ...
နယ်ထဲသို့ ဝင်ပြေးကြရသည်။

ရိက္ခာမရှိ၊ လက်နက်ခဲယ...
မီးကျောက်မရှိ၊ စစ်ရေးစစ်ရာ သ...
ကြားတတ်ကျွမ်းမှုလည်း နည်...
နောက်လိုက်လူအင်အား တော...
တောင့်တင်းတင်း မရှိကြလေ...
အင်္ဂလိပ်လက်ပါးစေတွေကိုမတို...
တော့ဘဲ တိမ်းရှောင်နေရသည်။

တစ်နေ့သ၌ ခေါင်းဆော...
ဗန္ဓကရသေ့အား အင်္ဂလိပ်အစိုးရ...
ဖမ်းမိထား၏။ တရားရေးဌာန...
ဗန္ဓကအား တစ်သက်တစ်ကျွန်း...
ဒဏ်ချလိုက်သည်။ ဗန္ဓက၏ နော...
လိုက်အချို့က ဒီပဲယင်းအရှေ့...
သားကြီး (သုပဏ္ဏကဂဠုဏ်ရာ...
ဘွဲ့ခံ ဆရာစံရှိရာ ပဲခူးတိုင်း (...
ပဲခူးတိုင်းဒေသကြီး)၊ သာယာဝ...
ခရိုင်၊ အလံတောင်မှ အခြေပြု...
နယ်ချဲ့အရင်းရှင် အင်္ဂလိပ်အစိုး...
အား တော်လှန်ရန် ပြင်ဆင်နေ...
ရာ ဗန္ဓက၏နောက်လိုက် ဒီပဲယ...
နယ်သား ၂၀ ကျော်က အဖမ်း...
ဘဲ ဆရာစံထံ တပည့်ခံသွားတော...
သည်။

**မှတ်ချက်။ ။ ဒီပဲယင်း၊ ရွှေ... ခင်ဦး၊ ရေဦး၊ တန့်ဆည်၊ ဝ... လက်၊ ကန့်ဘလူ၊ ကျွန်းလှ... သားတို့အား ဆရာစံက ဂျူန်(... တပ်ဖွဲ့တွင် တာဝန်ယူစေသည်... ဂဠုန်(က)တပ်ဖွဲ့သည် ရွှေ့တန်...**

www.burmeseclassic.com

www.burmeseclassic.com



**ရပ်တည်၍ တိုက်ပွဲဝင်ကြရမည့် အသေခံတပ်ဖွဲ့ပင်ဖြစ်ချေသည်။ ဂျွန်ဆရာစံသည် အညာသားပေမို့ သူ့အညာဒေသမှ ဗမာစစ်စစ် တောင်သူလယ်သမားများအား အလွန်အားထားပုံရပါသည်။**

တကယ်တမ်း ဆန်းစစ်ကြည့် လိုက်ပါက နယ်ချဲ့အရင်းရှင်အင်္ဂလိပ် မျက်နှာဖြူအစိုးရအား ရွှေဘိုခရိုင် (ရွှေဘို၊ ဝက်လက်၊ ကန့်ဘလူ၊ ရေဦး၊ ခင်ဦး၊ ကျွန်းလှ၊ တန့်ဆည်၊ ဒီပဲယင်းမြို့နယ်)မှ လူတန်းစားအသီးသီးသည် ရရာလက်နက်ကို စွဲကိုင်၍ အသက်ကို အသေခံလျက် ရဲရဲတောက် တော်လှန်ခဲ့ကြသူများ များစွာပေါ်ထွန်းခဲ့၏။ ထင်ပေါ်ကျော်စောလှသည့် ပုဂ္ဂိုလ်အချို့မှာ ထိပ်တင်မှတ်၊ ထိပ်တင်ကြီး၊ ဝန်းသိုစော်ဘွား ဦးအောင်မြတ်၊ ဂျွန်ဆရာစံ၊ ဗန္ဓကရသေ့၊ ငဖျော်၊ ပေါ်အိကြီး စသည်တို့ရှိကြ၏။ ချီပါသား မင်းခေါင်၊ ရွှေဘိုသူ ဒေါ်လှရင်၊ ဗိုလ်အောင်ဒင် စသူတို့လည်းရှိ၏။

ရှုံးမှာကိုသိပါလျက်၊ အသတ်ခံရမှာ သိပါလျက်၊ လက်နက်ချင်း၊ လူအင်အားချင်း မတူသည်ကိုသိပါလျက်နှင့် ရဲသတ္တိ၊ ဖွဲ့သတ္တိ၊ ဗမာ့သွေးကို ရဲရဲဝံ့ဝံ့ နောက်မတွန့်ဘဲ သွေးခင်း၍ ပြသွားခဲ့ရှာသည်။ ဗမာ့ဇာတိသွေး၊ ဇာတိမာန်ကို မျက်နှာဖြူ အင်္ဂလိပ်တို့ သိကြားစေရန် သိကြားစေသက်သေညွှန်းသွားခဲ့ကြပေသည်။

မြန်မာ့သမိုင်းတွင် ရွှေဘိုသား/ရွှေဘိုနယ်သားအပေါင်းတို့သည် **ဗမာဟေ့ ဗမာ၊ ဗမာ့သွေး၊ ဗမာ့သတ္တိဆိုတာ ဒါပဲကွ**ဟု ဟစ်ကြွေးကာ ရဲရဲတောက် လုပ်ပြပေးသွားခဲ့ချေသည်။

ရွှေဘိုစက်ရှင်တရားရုံးကြီး အတွင်း ဝက်ခြံအတွင်းတွင် လက်ထိတ်ခတ်ခံထားရသော ချီပါရွာသား မင်းခေါင်ကြီးက.....

"အင်္ဂလိပ်နှစ်ကောင်ကို ငါသတ်ပြီးပြီပဲ၊ ဆယ်ခါပြန်သေရဲသဟေ့၊ ရွှေဘိုသားကွ၊ အလောင်းဘုရားမြေးကွ၊ ဟေ့.....ခင်မှုံ ငိုမနေနဲ့၊ ငါ့သားကိုပြောလိုက်၊ အင်္ဂလိပ်ကို ပုန်ကန်ရမယ်လို့ပြော၊ ကြားလား၊ ငါသွားပြီ"

မသေမချင်း ကြိုးကွင်းစွပ် သေမိန့်ချခံခဲ့ရလင့်ကစား နည်းနည်းလေးမှ တွန့်ကြောက်မှုမရှိပါဘဲ သူ့ဇနီး မခင်မှုံအား ရဲရဲကြီးမှာကြားသွားသည့် မင်းခေါင်ကြီး၏သတ္တိကတော့ အံ့စရာ။ ဗမာပီသလှပေ၏။

**မှတ်ချက်။ ။ ၁၉၂၆ ခုနှစ်က ရွှေဘိုခရိုင်တွင် တကယ့်ဖြစ်ရပ် မှုခင်းအထွေထွေကို ထိုကိုလိုနီခေတ်က ရာဇဝတ်အုပ်(စုံထောက်)ကိုဖေခင်(၁၉၂၂-၅၂) နှစ်က တာဝန်ထမ်းဆောင်ခဲ့သူ ကျွန်တော်၏ဖခင်ကြီး ပြောပြခဲ့မှုကို 'ဆီလျော်အောင် ဝတ္ထုဆင်၍ ရေးသားကြောင်း ဝန်ခံအပ်ပါသည်။**

**ဗန္ဓကသူပုန်ထမှုသည် မထင်ရှားလှ၍ သမိုင်းမှတ်တမ်းမဝင်ခဲ့ချေ။**

ရွှေဘိုတာမထိုင်အောင်

ရှုံးမှာကို
သိပါလျက်၊
အသတ်ခံရမှာ
သိပါလျက်၊
လက်နက်ချင်း၊
လူအင်အားချင်း
မတူသည်ကိုသိပါ
လျက်နှင့် ရဲသတ္တိ၊
ဖွဲ့သတ္တိ၊
ဗမာ့သွေးကို
ရဲရဲဝံ့ဝံ့
နောက်မတွန့်ဘဲ
သွေးခင်း၍
ပြသွားခဲ့ရှာသည်။

www.burmeseclassic.com

www.burmeseclassic.com

ဆေးခန်း၊ ဆေးရုံ၊ ဆေးမျိုးစုံနှင့် ကုသလို့ မပျောက်လျှင်
"ကုံလုံ"ဆေးခန်းသို့ ကြွခဲ့ပါ၊ အပြောမဟုတ် လက်တွေ့ပြမည်။

# ကုံလုံတိုင်းရင်းဆေးကုခန်း

**ဦးနှောက်နှင့် အာရုံကြောရောဂါများနှင့် နာတာရှည်ရောဂါအထူးကု**

အရိုး၊ အကြော၊ အဆစ်၊ ဦးနှောက်နှင့် အာရုံကြော၊ အဆစ်လွဲ၊ အဆစ်ရောင်၊ နားအူ၊ နားလေထွက်၊ ပါးရောင်၊ ပါးရွဲ့ရောဂါကြောင့် မျက်လုံးစောင်း၊ မျက်လုံးပြူးထွက်၊ မျက်ခွံတွဲကျ၊ ခါးနာ၊ ခါးကိုက်၊ အကြောညပ်၊ လက်မောင်းကိုက်၊ ပေါင်ကိုက်၊ တင်ပါးဆုံကြောညပ်၊ ခြေသလုံးဘေးကြောထုံကျဉ်ကိုက်၊ လက်၊ ခြေ၊ ကွေးဆန့် မြှောက်မရ၊ ဒူးရောင်၊ ဒူးကိုက်၊ အကြောထိုး၊ အကြောတက်၊ သွေးကြောပိတ်၊ အပေါ်တစ်ပိုင်း ချွေးထွက်လွန်၊ ခြေဖနောင့်နာ၊ ခြေဖနောင့်အတက်ထွက်၊ နှလုံးရောဂါအမျိုးမျိုး၊ ဆီးချို၊ သွေးချို၊ ကျောက်ကပ်နှင့် ဆီးရောဂါအမျိုးမျိုး၊ အစာအိမ်ရောဂါအမျိုးမျိုး၊ လေဆန်နာ၊ တင်းတိပ် စသည့်ရောဂါမျိုးစုံ ချက်ချင်းသက်သာ အမြစ်ပြတ်ပျောက်ကင်းစေရမည်။

လေးဘက်နာ၊ လေငန်း၊ မသန်မစွမ်းနှင့် နာတာရှည်ရောဂါများ၊ လည်ပင်းရိုး၊ ကျောရိုး၊ ကျီးပေါင်းတက်၊ အသည်း၊ လိပ်ခေါင်း၊ ဒူလာ၊ မီးယပ်-ငုပ်-လွန် အဖြူဆင်းရောဂါများ အမြစ်ပြတ်ပျောက်ကင်းရန်.....

ကုံလုံဆရာကြီး (တဆ-၀၁၂၀၄)က သိပ္ပံ-ဝိဇ္ဇာတိုင်းရင်းဆေးပညာစုံလင်စွာဖြင့် ကုသပေးသည်။

**အချိန်မနှောင်းမီ အမြန်လာတွေ့ပါ။**

**ဆေးခန်းဖွင့်ချိန် နံနက် [၁၁း၀၀]နာရီမှ ညနေ [၇း၀၀]နာရီထိ**

တိုက်အမှတ်-၁၅၊ စက်မှုရိပ်သာ၊ ၁၂ ရပ်ကွက်၊
လှိုင်မြို့နယ်၊ ရန်ကုန်မြို့၊ ရန်ကုန်-အင်းစိန်လမ်းမကြီး
(ဘာတာကားမှတ်တိုင်ဆင်း၍ ဝင်းသူဇာအရောင်းဆိုင်ဘေးက လမ်းမှ ဝင်ခဲ့ပါ)။
ဖုန်း ၅၃၀၁၀၃၄၄

www.burmeseclassic.com

www.burmeseclassic.com





# ခင်ဦး (မုတီးကုန်း)

## စိတ်

www.burmeseclassic.com

www.burmeseclassic.com



သူဆိုတဲ့ လူတစ်ဦး.....

နာမည်ကတော့ ဆန်းသည်။ ဦးနေလန်းတဲ့။ မသိသောသူတို့ကား လန်ဘားကြီးဟုသာ နာမ်စားသုံးခေါ်ကြသည်။ သွက်လွန်းလှသည်။ ခြေတံရှည်ကြီးများကြောင့်ဟုထင်သည်။ တစ်ပါးသူတို့မိုင်နှုန်းထက် ပိုမြန်နေသည်။ စိတ်ကလည်းမြန်သည်။ စိတ်သည် တစ်စက္ကန့်လျှင် ၁၈၆၀၀၀ မိုင်နှုန်းဖြင့်သွားနေသည်ဟု အိုင်းစတိုင်းက ဆိုခဲ့ဘူးသည်။ ထိုသူ၏ စိတ်မြန်နှုန်းကလည်း ပိုမည်ထင်သည်။

"ဦးနေလန်းရေ.....စပါးလှန်းပြီးရင် မိုးလေးညှို့တာနဲ့ ရုပ်သိမ်းနော်၊ ထင်းလည်းခွဲရဦးမှာ"

ဦးနေလန်းကို အလုပ်ရှင်ကောင်လေးက ပြောလိုက်ရာ ချက်ချင်း စပါးတွေပြေးရုပ်သည်။

"အို.....မိုးမှမရွာသေးတာ"

"ခွီးမှပဲ၊ မိုးရွာမှရုပ်ရင် စိုမှာပေါ့၊ တွေ့လား၊ တိမ်တွေမည်းလာပြီ"

"ဟုတ်ပါပြီဗျာ"

ဆင်ခြေမတက်တော့ပါ။သူမှန်နေပြန်ပါသည်။ မိုးကအုံ့လာသည်။ ကောင်လေးမှာ မြို့သို့သွားကာနီး နောက်ဖေးသို့အဝင် အဆင်သင့်ခွဲပြီးသောထင်းပုံကြီးကို တွေ့ရသည်။

"ခွမ်း....."

"ဟာ....."

ကြမ်းပြင်မှပန်းကန်ကွဲသံကြောင့် အိမ်သားများ လန့်သွားကြသည်။

"ဟဲ့...နေလန်း၊ ဘာဖြစ်တာလဲ"

"ဗျာ...ပန်းကန်တွေဆင့်နေတုန်း ဟင်းပန်းကန် ကြောင်နှိုက်မှာစိုးလို့မောင်းတာ၊ လက်နဲ့ထိပြီး ပန်းကန်ကျကွဲတာလေ"

"လုပ်ပြီ၊ စိတ်မြန်လွန်းတာကိုး၊ ဖြည်းဖြည်းလုပ်ပါ"

အဒေါ်ကြီးစိန်ကဆူသည်။ ကောင်လေးက ပြုံးစိစိလုပ်ကာ ရွာထဲမှ ထွက်လာခဲ့တော့သည်။

ဒေါ်ကြီးစိန်မှာ မိမိယောက်ျားထံ ရေနွေးအိုးယူလာပြီး ဗျစ်တောက်ဗျစ်တောက်လုပ်နေပြန်သည်။

"ဒီကောင့်ကိုခိုင်းရတာ သွက်တော့သွက်ပါရဲ့၊ စိတ်ကမြန်တော့ မနည်းထိန်းပြောနေမှ အဆင်ပြေတယ် ကိုရင်ရယ်"

"ဒီလိုပေါ့ကွာ၊ ဒီကောင်က တစ်ကောင်ကြွက်၊ ရိုးသားတယ်၊ နာခံတယ်၊ အလုပ်ကြိုးစားတယ်၊ သွက်သွက်လက်လက်တော့ ရှိပါတယ်၊ တို့ အားကိုးနေတာ၊ ဘယ်လို လုပ် စွန့်လွှတ်လို့ရမလဲ၊ လူကောင်း တစ်ဦးရဖို့ ခဲယဉ်းတယ်ကွ"

"ဟုတ်တာလည်း ဟုတ်ပါ တယ်ရှင်၊ စိတ်က ကမူးရှူးထိုး လျှမ်းလျှမ်းလျှမ်းနဲ့နေတာမကြိုက် လို့"

"ဒီလိုပေါ့ကွာ၊ လူတစ်ဦးစီမှာ တော့ အပြုအမူတစ်မျိုးစီ ရှိကြတာ ပဲ၊ အေးတိအေးစက်နဲ့ နပေ(နွားပေ) ကြီးထက်စာရင် ဒီကောင်ကကောင်း ပါတယ်ကွ"

**အသက်အရွယ် ရလာပြီဖြစ်သော ဒေါ်ဘုမကလည်း သမက်ဖြစ်သူကို သိပ်မကြည်ချင်ပေ။ စားဝတ်နေရေး ချို့တဲ့လာ၍ သားအမိနှစ်ဦးမှာ ရှန်းကန်လုပ်ကျွေး နေရသည်။**

www.burmeseclassic.com

www.burmeseclassic.com



"ဒီကောင့်ကို မိန်းမပေးစားဖို့ ကောင်းပြီ၊ လိမ်လိမ်မာမာလေးနဲ့ တွေ့ရင် မိန်းကလေးကို အိမ်မှာပဲ ထားပြီး သားသမီးလို မွေးရမှာပေါ့"

"ဟင်...မင်းက ဖြစ်သွားပြန် ပြီ၊ ခုနကပဲတစ်မျိုး၊ အခုတစ်မျိုး"

"ဩော်.....တော်ကလည်း၊ ဒီ ကောင့်ရဲ့အသက်က ၃၅ နှစ်ဖြစ်နေ ပြီ၊ သဘာဝအရ မိန်းမယူချင်နေပြီ၊ ကျွန်မကသိလို့ ရှင့်ကိုသတိပေးတာ"

"ဟေ.....ဟုတ်တယ် ဟုတ် တယ်၊ သူ့အချိန်နဲ့သူ သင့်မြတ်တဲ့ မိန်းကလေးတွေ့ရင် ပေးစားရ အောင်"

သို့ဖြင့် ရွာထဲမှ ပဲပြုတ်သည် ဒေါ်ဘုမ၏သမီးလေး စန်းရီမှာ ရိုး သား၍ လိမ္မာအေးဆေးသော မိန်း ကလေးဖြစ်၍ သူမနှင့်ပေးစားရန် ဆုံး ဖြတ်ကြလေသည်။

"အဘ ပေးစားရင်လည်း မြန် မြန်လုပ်ဗျာ"

"ဟာ.....ဒီကောင်၊ ကလေး ကစားနေတာမဟုတ်ဘူးကွ၊ ဘဝ တစ်ခုကို ထူထောင်မှာ၊ မြန်လို့မဖြစ် ဘူး၊အကြောင်းကြားရမယ်၊ တောင်း ရမယ်၊ လူကြီးတွေနဲ့ အသိပေးပြီး လက်ထပ်ရမှာကွ"

ထိုသို့ပြောပြီး သုံးလအကြာ တွင် စန်းရီမှာ လန်ဘားကြီးနှင့် ညား လေတော့သည်။ ညားပြီး ခြောက်လ လောက်သာ ဒေါ်ကြီးစိန်ထံနေပြီး ပဲ ပြုတ်သည် ဒေါ်ဘုမက တစ်ဦးတည်း ဖြစ်၍ ပြန်ခေါ်ရာ မစန်းရီရော၊ နေလန်းပါ ပါသွားလေတော့သည်။

ရွာထိပ်နှင့်ရွာနောက်ပိုင်းမှာ အတော်ပင်ဝေး၍ နေလန်းတို့ အကြောင်း မသိရပေ။ အိမ်သို့ ရွာ နောက်ပိုင်းမှ ရွာသူများ လာလည် မှသာ ဒေါ်ကြီးစိန်မှာ သတင်းကြား ရသည်။

နေလန်းမှာ ဒေါ်ဘုမအိမ်သို့ ရောက်ပြီးနောက် ကျန်းမာရေး ချူ ချာလာသည်။ မစန်းရီမှာယောက်ျား အစားထွက်၍ အလုပ်လုပ်ရတော့ သည်။ အသက်အရွယ်ရလာပြီဖြစ် သော ဒေါ်ဘုမကလည်း သမက် ဖြစ်သူကို သိပ်မကြည်ချင်ပေ။ စား ဝတ်နေရေး ချို့တဲ့လာ၍ သားအမိ နှစ်ဦးမှာ ရုန်းကန်လုပ်ကျွေးနေရ သည်။ တစ်ပူပေါ်နှစ်ပူဆင့် ဆိုသကဲ့ သို့ မစန်းရီမှာ ကလေးရလာသော အခါ အတော်ပင် ကျပ်တည်းလာ ပြန်သည်။

"ငါတော့ ဘယ်ဝင်္ငလဲမသိဘူး၊ အားကိုးရမလားအောက်မေ့တယ်၊ ဖွတ်ထွက်မှ တောင်ပို့မှန်းသိတယ်"

ထိုစကားက နေလန်းကို ရည် ရွယ်ပြီးပြောသည်ကို နေလန်းတစ် ယောက် နားလည်သည်။ မိမိကိုယ် ကို မကျေနပ်။ မိမိကျန်းမာရေး ကြောင့် စိတ်ညစ်ရ၊ ယောက္ခမ၏ ငြူစူမှုကြောင့် စိတ်ညစ်ရနှင့် သား လေးရလာသည့်အခါ ဆေးဖိုးဝါးခ၊ အာဟာရမှ မပြေလည်ဖြစ်လာရာ စိတ်ထောင်းကိုယ်ကြေဖြစ်လာရပြန် သည်။

"အစ်ကို ဆေးသောက်ပြီးပြီ လား"

"ဟင့်အင်း"

"ဆေးမရှိတော့လို့လား"

"အင်း"

"ဝယ်လေ အစ်ကိုရဲ့"

"နေပါစေ"

ကလေးကို ဆေးဝယ်တိုက်နေ ရ၍ ကုန်မည်စိုးသောကြောင့် ဆေး မသောက်သည်မှာ တစ်ပင်ပင်ကြာ ခဲ့ပေပြီ။

"အို....မဟုတ်တာပဲ အစ်ကို ရယ်၊ အစ်ကိုလည်း ကျန်းမာလာမှ စန်းရီတို့ အားရှိမှာပါ၊ ပိုက်ဆံရှိပါ သေးတယ်၊ ရော့...ရော့၊ ငါးရာယူ ပြီး အာရုံကြောအားဆေး အပြာ ကတ်ပေးပါလို့ ပြောဝယ်နော်"

မိန်းမဖြစ်သူက အိတ်ကပ်ထဲမှ ငွေကျပ် ငါးရာထုတ်ပေးရာ စိတ် မကောင်းစွာယူရင်း ဈေးဆိုင်ဘက် သို့ ထွက်လာခဲ့သည်။

"ဟဲ့...လန်ဘားရဲ့ နင့်ရောဂါ က ဘာတဲ့လဲ"

"မသိဘူးဗျာ၊ ညည အိပ် မပျော်တာကြာပြီ၊ ဆရာဝန်လည်း တစ်ခါပဲပြနိုင်တယ်၊ နှလုံးအားနည်း တာလို့လည်းပြောတယ်၊အာရုံကြော အားနည်းတာလို့လည်းပြောတာပဲ၊ ဘာမှန်းမသိဘူး၊ စိတ်ရှုပ်နေတာပဲ သိတယ်၊ စားလည်းမစားချင်ဘူး ဗျာ"

"ဟယ် နင်တို့မိသားစုမှာ နင် ကျန်းမာမှဖြစ်မှာ၊ နင့်ယောက္ခမက လည်း မလွယ်ဘူး"

"ဟုတ်တယ်ဗျာ၊ ကျွန်တော် လုပ်နိုင်တုန်းက လုပ်ခဲ့ပါတယ်၊ အခု ဘာဆိုဘာမှ မလုပ်ချင်ဘူး၊ ယောက္ခမကြီးကောလေ စိတ်ပျက်

www.burmeseclassic.com

www.burmeseclassic.com



လေ၊ ဘာမှလုပ်ချင်ကိုင်ချင်စိတ် မရှိလေဘဲဗျာ''

''ကလေးလေးက ဘယ်နနှစ် ရှိပြီလဲ''

''ခုမှ ဆယ်လပဲရှိသေးတယ်၊ ကလေးပဲ ထိန်းနေတာ၊ စိတ်ပျက် နေပြီ''

ရှုံ့ရှုံ့မဲ့မဲ့ကြီးပြောနေသော လင်ဘား၏ရုပ်ရည်မှာ ခါတိုင်းကဲ့သို့ သွက်သွက်လက်လက်၊ ရွှင်ရွှင်မြူး မြူးမတွေ့ရဘဲ ငေးတိငေးငိုင်ဖြစ် လာသည်။

*　*　*

''ကဲ.....စန်းရီတို့သားအမိ ဈေးရောင်းထွက်ဦးမယ် အစ်ကို၊ ကလေးက သိပ်နေမကောင်းဘူး၊ ဆေးကို သုံးနာရီကြာရင် တစ်ခါ တိုက်လိုက်ဦးနော်''

စန်းရီရော ဒေါ်ဘုမပါ နံနက် စောစော ဈေးရောင်းထွက်လေတော့ သည်။ နံနက်ပိုင်း ပဲပြုတ်ရောင်းပြီး ဟင်းရွက်စိမ်းများပါ လည်၍ရောင်း ကြသည်။ ဒေါ်ဘုမက ငါးပိ၊ ငါး ခြောက်လေးများပါရောင်းသည်။ စန်းရီမှာ တစ်ခါတစ်ရံ စောစောပြန် တတ်၍ ဒေါ်ဘုမမှာ ညနေမှ ပြန် လာတတ်သည်။

''အူဝဲ.....အူဝဲ.....အူဝဲ''

ကလေးမှာ ဘာဖြစ်မှန်းမသိ။ ငိုလို့သာနေရှာသည်။ တစ်မနက်လုံး ချော့နေသော်လည်း ငိုလိုက်၊ တိတ် လိုက်နှင့်ပင်။ ဆေးတိုက်ရန် သတိ ရ၍ ဆေးမှုန့်များကို အရည်ဖျော်၍ ဇွန်းလေးထဲ၌ ထည့်ကာတိုက်သည်။ ပထမတစ်ကြိမ်ကလေးမှာ ရုန်းကန် လူးလှိမ့်ရုန်းနေ၍ ဆေးများဖိတ်စဉ်ကုန် သည်။ စိတ်မရှည်သော လင်ဘား မှာ စိတ်ညစ်လွန်းလှသည်။ ဆေး ကား တစ်ဝက်ကျန်နေသေးသည်။ သုံးကြိမ်တွင်တစ်ကြိမ်ဆုံးရှုံးရသည်။ ဆေးကုန်လျှင် ဝယ်စရာငွေမရှိ။ လင် ဘားမှာ ဒုတိယအကြိမ်တွင် ဆေး ဝင်မှဖြစ်မည်ဟု တွေးမိသည်။ ထို့ကြောင့် ကလေးကိုချီ၍ ရင်ခွင်၌ ညှပ်ကာ ဇွန်းဖြင့် ပါးစပ်ထဲတေ့ပြီး လောင်းချသည်။ နှာခေါင်းကိုလက် တစ်ဖက်ဖြင့်ပိတ်ထားသည်။အတင်း ညှပ်၍ နှာခေါင်းမှလက်ကိုမလွှတ်ဘဲ ဆေးဝင်ရန် အချိန်ကြာကြာလေး ပိတ်ထားရာ ကလေးမှာ အသက် ရှူကျပ်၍လူ့ပ်ရာ ပိုမိုတင်းတင်းကျပ် ကျပ်ညှပ်ရင်း လက်ကိုဖိထားခဲ့၏။ ခဏအကြာ ကလေးမှာ ငြိမ်၍သွား လေသည်။

''ငနာလေး မနည်းတိုက်ရ တယ်၊ ခုတော့ ငြိမ်သွားပြီ၊ အိပ် တော့''

ကလေးအား ပုခက်ထဲထည့် ကာ စောင်လေးခြုံပေးလိုက်သည်။

နေလန်းမှာ မောသွား၍ စိတ် အမောဖြေရင်း အိပ်လိုက်သည်။

''အစ်ကိုရေ...သားလေးရေ''

စန်းရီမှာ တောင်းလေးကိုရွက် ကာ ပြုံးပြုံးရွှင်ရွှင်ဝင်လာပြီး ပုခက် အတွင်းမှ သားလေးကို ငုံ့ကြည့် လိုက်သည်။

''အစ်ကို ကလေးကို ဆေး တိုက်ရဲ့လား''

''အေး၊ တိုက်ပြီးသိပ်ထား တာ''

''ဟင်.....သား....သားလေး အစ်ကို ကလေးကတစ်မျိုးပဲ အသက်မရှူဘူး''

''ဟင်.....ဟုတ်လား''

''သား..သားလေး..ဟယ်.. သားလေးအသက်မရှူတော့ဘူး အမယ်လေး သားလေးသေပြီ၊ လာ ကြပါဦး''

စန်းရီမှာ သားငယ်အား ရင် ခွင်မှာပွေ့ပိုက်၍ အော်ဟစ်ငိုပါတော့ သည်။ နေလန်းမှာ ကလေးကို ကြည့်ရင်း တဆတ်ဆတ်တုန်ယင် နေသည်။

''သားလေးသေတာ.....''

စိတ်ထဲ၌ မိမိကိုယ်ကို ခွင့် မလွှတ်နိုင်ပေ။

သူ ကလေးနှာခေါင်းကို ပိတ် မိသည်မှာ အချိန်ကြာသွားကြောင်း ပြန်သတိရသည်။ ထို့ကြောင့် သူ့ အပြစ်ကို မိမိသာသိ၍ မိမိကိုယ်ကို ခွင့်မလွှတ်နိုင်ဘဲ ကြိတ်မှိတ်ခံစားနေ ရရှာသည်။

''ဖြစ်ရလေ အဖေ့သားလေး ရယ်''

ဘေးမှ ရွာသူရွာသားတို့က လည်း ကလေးမှာ သာမန်နေ မကောင်း၍ဟုထင်ကာ ထူးထူးခြား ခြား မတွေးတော့ဘဲ ဖျားနာ၍သာ သေကြောင်းရိုးရိုးသားသားထင်ကာ မြေမြှုပ်သင်္ဂြိုဟ်လိုက်ကြသည်။

ယောက္ခမကြီးမှာ သူ ... ရသည်မှာ သမက်မကောင်း၍ ... အော်ပြောကာ ငိုပါတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ယောက္ခမကြီးအသံကြားတိုင်း သမက်ဖြစ်သူ လန်ဘား ခေါ် နေလန်းမှာ တုန်တုန်ယင်ယင်ဖြင့် မျက်လုံးကြီးပြူးကြောင်နေရှာသည်။

သားဖြစ်သူဆုံးရ၍ ရင်နာပူဆွေးနေသူ နေလန်းမှာ သူ့ကြောင့်ဟု အပြစ်တင်နေသော ယောက္ခမအား ကြောက်လာသည်။ အမှန်မှာ ဖအေဖြစ်သူ အသုံးမကျ၍ သားကလေးမှာ နာမကျန်း၍ သေရကြောင်း သာမန်ပြောဆိုမှုကို မိမိသတ်၍သာ သေရသည့် စွပ်စွဲပြောဆိုချက်သာဖြစ်သည်ဟုထင်ပြီး ကြောက်ရွံ့နေရှာသည်။

"ငါ့သားလေးကို နေကောင်းစေချင်လို့ ဆေးဝင်ပါစေဆိုပြီး ငါလုပ်တာ၊ ငါသတ်တာမဟုတ်ဘူး"

ထိုအစွဲကြောင့် နေလန်းမှာ အိပ်မရ၊ စားမဝင်ပေ။ ကြာသော် ကြောင်တောင်တောင် ဖြစ်လာသည်။

* * *

ရွာလူကြီး ဦးသော်ဇင်နှင့် ရဲတပ်ဖွဲ့ဝင်များမှာ စန်းရီတို့အိမ်၌ ဝင်လိုက်၊ ထွက်လိုက်နှင့် အလုပ်ရှုပ်နေကြသည်။

"ရွာထဲမှာ ရဲတွေ၊ စန်းရီတို့အိမ် ဘာဖြစ်ကြတာလဲ"

ဒေါ်ကြီးစိန်မှာ ရွာနောက်ပိုင်းသို့လာပြီး စုံစမ်းရပြန်သည်။ မူလက သံယောဇဉ်ရှိခဲ့သော နေလန်း ခေါ် လန်ဘားကို စိတ်မချပေ။ မကြာခဏ ဆေးဝါးများ၊ အစားအစာများ ပေးရှာသည်။ ယခုလို ရှုပ်ထွေးနေသောအချိန်တွင် လန်ဘားအတွက် စိုးရိမ်မိသည်။

"ဒေါ်ကြီးစိန်ရေ နေလန်းရဲ့ ယောက္ခမကြီး အိပ်ရင်းသေနေတာတဲ့၊ လည်ပင်းကို ညှစ်သတ်ထားတဲ့ပုံပဲတဲ့"

"ဟယ်.....ဘယ်သူသတ်တာလဲ"

"ဘယ်သူမှန်းတော့ အသေအချာ မသိသေးဘူး။ အခု အနီးစပ်ဆုံး ဖြစ်နိုင်ခြေရှိတာက လန်ဘားပဲဆိုပြီး လန်ဘားကိုဖမ်းဖို့လာတာ"

"ဟယ်....."

ဒေါ်ကြီးစိန်မှာ လန်ဘားတို့အိမ်အရောက် သုတ်ခြေတင်ပြေးလေပြီ။ ရောက်ရောက်ချင်းပင် ရဲများ၊ လူကြီးများ၊ ရွာသားများ စုဝေးရောက်ရှိနေကြသည်ကို တွေ့ရသည်။ စန်းရီမှာ ငိုနေသည်။ လန်ဘားမှာ လူကြီးများအလယ်၌ ကျုံ့ကျုံ့လေးထိုင်ကာ ငိုင်တိငိုင်တိုင်နှင့် ငူငူကြီးဖြစ်နေရှာသည်။

"မင်းသတ်လိုက်တာလား လန်ဘား၊ ပြောစမ်းကွာ၊ အဘကို"

ရွာလူကြီးက ချော့၍မေးရာ နေလန်းက ခေါင်းသာခါပြသည်။ ထိုအချိန် ဒေါ်ကြီးစိန်အား နေလန်းက ရုတ်တရက်တွေ့မြင်သွားပြီး ပြေး၍ ဖက်ကာငိုလေသည်။

"အမေစိန်ရယ် သားကိုကယ်ပါဦးဗျာ"

ဒေါ်ကြီးစိန်မှာ နေလန်းအား ဖက်၍ ငိုပါတော့သည်။

"မင်းသတ်လိုက်တာများလား သားရယ်"



www.burmeseclassic.com



''ဟင့်အင်း အမေစိန်၊ ကျွန်တော် မသတ်ရဲဘူး၊ ဒေါ်ဘုမကို ကြောက်တယ်ဗျာ''


ထိုသို့ပြောရာ ရဲအရာရှိက နေလန်း၏ အမူအရာနှင့် ပြောဆိုပုံကို အနီးကပ်လေ့လာ အကဲခတ်နေခဲ့သည်။

''ဒေါ်ကြီးစိန်ခင်ဗျာ သူ့အကြောင်းကို ပြောပြပါ၊ အဒေါ့်အိမ်မှာ နေခဲ့တာကြာပြီလို့ ပြောပါတယ်''

အမှုစစ်ရဲအရာရှိက ဒေါ်ကြီးစိန်အားမေးရာ ဒေါ်ကြီးစိန်က မျက်ရည်များသုတ်၍ ပြောပြခဲ့သည်။

''ဒီလိုကွဲ့၊ ဒီကလေးဟာ အသက် ၁၄ နှစ်လောက်မှာ မိဘနှစ်ပါး မီးထဲပါသွားတာ သူ့မျက်စိနဲ့ မြင်တွေ့ရပြီး အားငယ်ညှိုးနွမ်းနေချိန် ကြီးတော်တို့က သနားပြီး ခေါ်မွေးထားတာ၊ ရိုးသားတယ်၊ ကြိုးစားတယ်၊ သွက်လက်တယ်၊ ဒါပေမဲ့ တစ်ခါတစ်ခါ စိတ်က ကသောင်းကနင်းဖြစ်သလိုပဲ၊ မတည်ငြိမ်တတ်တာ တွေ့ရတယ်၊ အမြဲအားငယ်နေတဲ့စိတ်ကို အလုပ်နဲ့ဖြေတတ်တာ ကြီးတော်က သိနေတယ်၊ ၃၅ နှစ်လောက်မှာ စန်းရီနဲ့ ပေးစားလိုက်တယ်၊ အိမ်ထောင်သက် နှစ်နှစ်အတွင်းမှာ ကျန်းမာရေးချူချာလာကြောင်း သိရတယ်၊ ဒါပါပဲကွယ်''

''ဟုတ်ပါပြီ၊ ကျွန်တော်တို့တာဝန်အရ သူ့ကိုခေါ်သွားပြီး စစ်ရပါဦးမယ်၊ ဆေးစစ်ချက်တွေ၊ မှုခင်းပိုင်းဆိုင်ရာ စစ်ဆေးချက်တွေအရ အဖြေထုတ်ကြည့်ရမှာပါ၊ သူသတ်



တယ်၊ မသတ်ဘူးဆိုတာတော့ အခုချက်ချင်း မသေချာသေးပါဘူး''

''အေးပါကွယ်၊ တာဝန်အရ လုပ်ပါ''

ရပ်ရွာလူကြီးများနှင့် ဒေါ်ကြီးစိန်တို့ရှေ့၌ နေလန်း ခေါ် လန်ဘားမှာ ကလေးငယ်သဖွယ် ဒူးထောက်၍ သူမသတ်ပါကြောင်းပြောရင်း ဦးချလိုက်၊ တောင်းပန်လိုက်နှင့် သနားစရာကောင်းလှသည်။ စန်းရီမှာ မိမိလင်သားအဖြစ်ကိုကြည့်ရင်း ယူကျုံးမရဖြစ်နေရှာသည်။မိမိအမေကို သတ်သူဟုလည်း ပြောရန်ခက်နေ၍ မပဋ္ဌာမြေလူးကိန်း ဆိုက်နေရှာသည်။

သားလည်းဆုံး၊ အမေလည်းဆုံး၊ လင်သားလည်း ထောင်ကျလျှင် မိမိဘဝကိုပင် မတွေးရဲရှာပေ

* * *

လက်ဖွေရာများ၊ ဆေးစစ်ချက်များအရ သတ်သူမှာ လန်ဘားမှ အပ မည်သူမျှမဖြစ်နိုင်ကြောင်း ရဲ တပ်ဖွဲ့က အတိအကျ စစ်ဆေးတွေ့ ရှိရသည်။

လန်ဘား ခေါ် နေလန်းမှာ စိတ်ကစဉ့်ကလျားရောဂါဖြင့် မိခင် ကြီးအား သတ်လိုက်ကြောင်း ဆရာ ဝန်များ၏ ဆေးစစ်ချက်အရ သိရ ရရာ စန်းရီမှာ မိမိသားလေးအား စိုးရိမ်စရာမရှိသည့်အခြေအနေမှ ပုခက်အတွင်းသေနေပုံကို ပြန်လည် မြင်ယောင်ပြီး ကြက်သီးမွေးညင်းထ သွားသည်။

''ဒီလူ့ကိုယူမိလို့ သားလည်း ဆုံး၊ အမေလည်းဆုံးရတာ''

ရင်ထဲမှ သိုသိုသိပ်သိပ် သိမ်း ဆည်းထားရသော နာကျင်မှုက စန်း ရီ၏နှလုံးသားကို အထပ်ထပ် နှိပ် စက်ပြန်သည်။ သို့သော် နေလန်း မှာ စန်းရီကို သာ တမ်းတလျက် ခေါ် နေရှာသည်။

''ငါမသတ်ရပါဘူးကွာ၊ စန်းရီ ရယ် ယုံပါကွာ''

ထိုသို့သာပြောရင်း စန်းရီကို အချုပ်ခန်းမှ မျှော်နေရှာသည်။ စန်း ရီမှာ နာကျင်လွန်းလှ၍ နေလန်းကို မကြည့်ချင်၊ မမြင်ချင်တော့ပါ။ ယ ဘဝသာမက နောင်ဘဝတိုင်း မဆုံ စည်းပါရစေနှင့်ဟုသာ ဆုတောင်း နေရှာပါတော့သည်။

ခင်ဦး (ပုတီးကုန်း

www.burmeseclassic.com

www.burmeseclassic.com



# နိုင်ငံတကာသတင်း

## တာ့ဂ်ျမဟာဆောက်လုပ်သူတို့အကြောင်း



အိန္ဒိယ Mughal အင်ပါယာဘုရင် Shah Jahan သည် ကွယ်လွန်သူ ဇနီး မွန်တာဇ်မဟာရာ(ဂ်)ကို ရည်စူး၍ ၁၆၃၂ ခုနှစ်တွင် တာ့ဂ်ျမဟာဂူသင်္ချိုင်းကို ဆောက်လုပ်ခဲ့သည်။

ဂူသင်္ချိုင်းကို နန်းတော်ကြီးကဲ့သို့ တည်ဆောက်ပြီး ဆောက်လုပ်ပြီးစီးချိန် ၂၂ နှစ် ကြာမြင့်ခဲ့သည်။ ဆောက်လုပ်ပြီးချိန်တွင် ပန်းရန်ဆရာ၊ ဗိသုကာပညာရှင်များအားလုံးကို လက်ဖြတ်ပစ်ခဲ့သည်။

အကြောင်းမှာ ထိုသို့လှပသော နန်းတော်တစ်ခုကို ထပ်မံတည်ဆောက်မည်စိုးသောကြောင့်ဖြစ်သည်။

ပါရှန်း၊ တူရကီ၊ အိန္ဒိယ၊ အစ္စလာမ်တို့အပြင် ကမ္ဘာတစ်ဝန်းမှဗိသုကာပညာများကို သေချာလေ့လာ၍ အချိန်ပေးတည်ဆောက်ခဲ့ခြင်းဖြစ်သည်။ ၁၉၈၃ ခုနှစ်တွင် Taj Mahal ကို ကမ္ဘာ့ရှေးဟောင်းအမွေအနှစ်အဆောက် အအုံအဖြစ် အသိအမှတ်ပြုခြင်းခံခဲ့ရသည်။

Ref: Wiki News

www.burmeseclassic.com

www.burmeseclassic.com



## အသေခံပုံးခွဲသူအဖြစ် စေခိုင်းခံခဲ့ရသည့် (၁၀)နှစ်အရွယ်မိန်းကလေး



အာဖဂန်နစ္စတန်နိုင်ငံတွင် အစ် ကိုဖြစ်သူ၏ အသေခံပုံးခွဲရန် စေ ခိုင်းခံခဲ့ရသည့် အသက် (၁၀)နှစ် အရွယ် မိန်းကလေးတစ်ဦးသည် သူမအား ကောင်းမွန်သောနေရာ တစ်ခုတွင် ထားရှိပေးရန် အာဖဂန် သမ္မတဟာမစ်ကာဇိုင်းအား တောင်း ဆိုလိုက်ကြောင်း သိရသည်။

စပိုဇာမိုင်းအမည်ရှိ မိန်း ကလေးသည် သူမအား နေအိမ်သို့ ပြန်လည်စေလွှတ်ပါက နောက်ထပ် တစ်ကြိမ် အသေခံပုံးခွဲရန် ထပ်မံ စေခိုင်းခံရမည်ကို စိုးရွံ့မိကြောင်း ပြောခဲ့သည်။ ထို့ကြောင့် သူမအား ကောင်းမွန်သော နေရာတစ်ခုတွင် ထားရှိပေးရန် တောင်းဆိုလိုက်ခြင်း ဖြစ်သည်။

သူမသည် ရဲတပ်ဖွဲ့စစ်ဆေးရေး ဂိတ်တစ်ခုကို ဖောက်ခွဲရန် ကြိုးပမ်း စဉ် ရဲတပ်ဖွဲ့၏ ဖမ်းဆီးခြင်းကိုခံရ ပြီး အာဏာပိုင်များက ထိန်းသိမ်း ရေးစခန်းတွင် ထိန်းသိမ်းထားသည်။ သူမ၏အစ်ကိုဖြစ်သူမှာ ထွက်ပြေး တိမ်းရှောင်လျက်ရှိပြီး ရဲတပ်ဖွဲ့က ရှာဖွေလျက်ရှိကြောင်း သိရသည်။

Ref: International News

## မိကျောင်းရဲ့ပါးစပ်တွင်းမှ သားကိုကယ်ခဲ့တဲ့ဖခင်


ဇင်ဘာဘွေနိုင်ငံရှိ ကျေးလက်ဒေသတစ်ခုတွင် "တာဖက်ဇွာကာ ချီယာ"အမည်ရှိ အမျိုးသားတစ်ဦးသည် အသက် ၁၁ နှစ်အရွယ်ရှိ သား ဖြစ်သူ တာပီဝါနှင့်အတူ မူတိုကိုမြို့အရှေ့မြောက်ပိုင်းရှိ မြစ်တစ်ခုကို ဖြတ်ကူးရန် ကြိုးစားစဉ် မိကျောင်းတစ်ကောင်၏ တိုက်ခိုက်ခြင်းကို ခံခဲ့ရသည်။ ဖခင်ဖြစ်သူက သားအားကိုက်ခဲထားသည့် မိကျောင်း၏ကျော ကုန်းပေါ်သို့ ခုန်တက်၍ ဦးခေါင်းအား ရိုက်နှက်ကာ မျက်လုံးကိုထိုးဖောက် ပြီး မိကျောင်း၏ပါးစပ်အတွင်းက သားဖြစ်သူအား ကယ်ဆယ်နိုင်ခဲ့သည်။

မိကျောင်းတိုက်ခိုက်မှုကြောင့် ဖခင်မှာ လက်မောင်းတွင် ဒဏ်ရာ ရရှိခဲ့ပြီး သားဖြစ်သူမှာ ခြေထောက်တစ်ဖက်ဆုံးရှုံးသွားကြောင်းသိရသည်။

Ref: International News



## တရုတ်နိုင်ငံတွင် အဝေးပြေးဘတ်(စ်)ကားတစ်စီး ပေါက်ကွဲမှုဖြစ်ပွား



တရုတ်နိုင်ငံအနောက်မြောက် ပိုင်း၊ ရှန်ရှီးပြည်နယ်တွင် ဇန်နဝ လ ၅ ရက် ညနေပိုင်းတွင် အဝေး ပြေးကားတစ်စီး ပေါက်ကွဲမှုဖြစ်ပွာ

www.burmeseclassic.com

www.burmeseclassic.com



ရာ ခရီးသည်သုံးဦး သေဆုံးပြီး ၂၄ ဦး ဒဏ်ရာရရှိခဲ့သည်။ အဆိုပါပေါက်ကွဲမှုသည် ဝေနန်မြို့၊ ပူချန်းခရိုင်အတွင်းရှိ အဝေးပြေးဝင်းအနီးတွင် ပေါက်ကွဲခဲ့ခြင်းဖြစ်ပြီး အဆိုပါဘတ်စ်ကားသည် ရှီအန်းမြို့သို့ မောင်းနှင်စဉ်တွင်ဖြစ်ကြောင်း မီးသတ်တပ်ဖွဲ့က ပြောကြားခဲ့သည်။

Ref: International News

---

# အသက်ငယ်ရွယ်စဉ်ကပင် ဆေးလိပ်သောက်ခဲ့သည့် ထိုင်ဝမ်အဆိုတော်



အသက် ၂၆ နှစ်အရွယ်အဆိုတော် Jam Hsiao က ၎င်းသည် အသက် (၈)နှစ်အရွယ်ကပင် စတင်ဆေးလိပ်သောက်သုံးခဲ့ကြောင်း၊ ပြီးခဲ့သည့် ရက်သတ္တပတ်၌ ကျင်းပခဲ့သည့် ဆေးလိပ်သောက်ခြင်းဆန့်ကျင်သည့် အခမ်းအနားတစ်ခု၌ ဝန်ခံပြောကြားခဲ့သည်။

ဂီတလောကသို့ စတင်ဝင်ရောက်ခဲ့သည့် အသက် ၂၀ အရွယ်ခန့်တွင် ဆေးလိပ်အား တရှိုက်မက်မက် စွဲလမ်းစွာ သောက်ခဲ့ကြောင်း၊ ထိုစွဲလမ်းမှုမှာ မိမိအတွက်သာမက လူသားအားလုံးအတွက် အကျိုးမရှိသောလုပ်ရပ်ဟု သိမြင်လာခဲ့ပြီး နောက်ပိုင်းတွင် ပြန်လည်ပြုပြင်ခဲ့ကြောင်း၊ ယခုအခါ ဆေးလိပ်သောက်သုံးမှု ဆန့်ကျင်သည့် (Ambassador)သံတမန်အဖြစ် တာဝန်ယူလျက်ရှိကြောင်း သိရသည်။

Ref: International News

---

# ကောင်းကင်ဘုံ၌ စစ်တုရင်အတူကစားလိုလို့ အိမ်နီးချင်းကစားဖော်ကို သတ်ခဲ့ကြောင်း သေတမ်းစာအရ သိခဲ့ရမှု

တရုတ်နိုင်ငံ၊ ဇီကျင်းပြည်နယ်မှ အသက် (၅၄)နှစ်အရွယ်ရှိ 'လိုင်အို'အမည်ရှိ အမျိုးသားတစ်ဦးက ကောင်းကင်ဘုံ၌ စစ်တုရင်အတူကစားရန် ရည်ရွယ်ချက်ဖြင့် အိမ်နီးချင်းကို အရင်သတ်ပြီးနောက် မိမိကိုယ်ကို အဆုံးစီရင်ခဲ့သည်။

လိုင်အို၏ သေတမ်းစာရှင် သူ၏စစ်တုရင်ကစားဖော် အသက် (၅၇)နှစ်အရွယ် အိမ်နီးချင်းကို သူကိုယ်တိုင်သတ်ခဲ့ကြောင်း ဝန်ခံထားသည်။ အိမ်နီးချင်း၏အလောင်းတွင် လည်ပင်းညှစ်ထားသော ဒဏ်ရာများတွေ့ရပြီး လိုင်အိုအနီးတွင် သေတမ်းစာနှင့် ဆေးဝါးအချို့ကိုတွေ့ရသည်။

သေတမ်းစာအရ လိုင်အိုသည် မိသားစုပြဿနာကြောင့် မိမိကိုယ်ကို သတ်သေရန် ဆုံးဖြတ်ခဲ့ပြီး နောင်ဘဝတွင် တစ်ယောက်တည်း အထီးကျန်မည်ကို စိုးရိမ်သည့်အတွက် စစ်တုရင်ကစားဖော်ကို သတ်ခဲ့ခြင်းဖြစ်သည်ဟု ရေးသားထားသည်။

Ref: AP

www.burmeseclassic.com



# ပြည်တွင်းသတင်း

## မိန်းကလေး၏ ကာယိန္ဒြေပျက်ပြားအောင် ပြုလုပ်ခဲ့မှု

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်အတွင်း နေအိမ်မှ စက်ဘီးစီး၍ ဈေးဝယ်ထွက်လာသူ အမျိုးသမီးတစ်ဦးအား ချစ်ကြိုက်ကြောင်း စက်ဘီးနှင့်လိုက်ပြောခဲ့သူကို အမျိုးသမီးက လက်မခံဘဲ ရှောင်တိမ်းသွားစဉ် အဆိုပါအမျိုးသားမှ အမျိုးသမီး၏လက်ကို ဆွဲ၍ ထပ်မံပြောဆိုခဲ့သဖြင့် အမျိုးသမီးဖြစ်သူက မကျေနပ်၍ ရဲစခန်းတွင် အမှုဖွင့်တိုင်ကြားခဲ့ကြောင်း သတင်းရရှိသည်။

ဖြစ်စဉ်မှာ ၇-၁-၂၀၁၄ ရက်နေ့၊ ည ၉ နာရီအချိန်ခန့်က ဒေါ်ရင်ရင်မြင့် (၃၇ နှစ်)၊ အမှတ်--၊ မာန်ပြေ(၃)လမ်းအနောက်၊ ၂/ တောင်ရပ်ကွက်၊သာကေတမြို့နယ်နေသူသည် ဈေးဝယ်ရန် နေအိမ်မှ စက်ဘီးစီး၍ ထွက်လာခဲ့သည်ဆို၏။

ထိုသို့ထွက်လာစဉ်သာကေတ၊ ဇောတရုံ(၃)လမ်းအရောက် တစ်လမ်းတည်းနေ တူးတူး၊ အမှတ် ၉၀၈၊ မာန်ပြေ(၃)လမ်းအနောက်၊ ၂/ တောင်ရပ်ကွက်၊ သာကေတမြို့နယ်နေသူမှ စက်ဘီးဖြင့်နောက်မှ လိုက်လာပြီး ဒေါ်ရင်ရင်မြင့်အား ချစ်ကြိုက်ကြောင်း ပြောဆိုခဲ့သည်ဆို၏။ ဒေါ်ရင်ရင်မြင့်က လက်မခံဘဲ တိမ်းရှောင်သွားခဲ့သည်။

၈-၁-၂၀၁၄ ရက်နေ့၊ ည ၈ နာရီအချိန်ခန့်တွင် ဒေါ်ရင်ရင်မြင့်မှာ နေအိမ်မှ ဈေးဝယ်ရန် ထွက်ခွာလာစဉ် သာကေတ၊ ဇောတရုံ(၂)လမ်းအရောက်တွင် တူးတူးက စက်ဘီးဖြင့်လိုက်လာပြီး ချစ်ကြိုက်ကြောင်းပြောဆိုကာ ဒေါ်ရင်ရင်မြင့်၏လက်ကို ဆွဲကိုင်ခဲ့၍ ရှန်းကန်အော်ဟစ်စဉ် အစ်ကိုဖြစ်သူ ခိုင်အောင်သူနှင့် ဇော်ဇော်မင်းတို့ ရောက်ရှိလာခဲ့သဖြင့် တူးတူးမှာ ပြန်လည်ထွက်ခွာသွားခဲ့သည်။

အဆိုပါဖြစ်ရပ်နှင့်ပတ်သက်၍ အများပြည်သူသွားရာ လမ်းမပေါ်တွင် ကာယိန္ဒြေပျက်ပြားအောင် ပြုလုပ်သူအား အရေးယူပေးပါရန် ရဲစခန်းတွင် အမှုဖွင့်တိုင်ကြားခဲ့ရာ သာကေတမြို့မရဲစခန်းမှ (ပ)၁၁/၂၀၁၄၊ ပြစ်မှုပုဒ်မ ၃၅၄ ဖြင့် အမှုလက်ခံရေးဖွင့်၍ အမှုစစ်ဆေးရဲအုပ်စိန်လွင်မှ ပြစ်မှုကျူးလွန်သူအား ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

www.burmeseclassic.com

www.burmeseclassic.com



## ကျောက်တွဲရထားမှတံခါးအားဖွင့်စဉ် တံခါးပြုတ်ကျလို့ ထိခိုက်ဒဏ်ရာရရှိပြီး သေဆုံးမှုဖြစ်ပွား

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တွင် နေထိုင်သူတစ်ဦး သဃ်န်းကျွန်းစံပြဆေးရုံသို့ သေဆုံးရောက်ရှိကြောင်း ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့မရဲစခန်းသို့ သတင်းပေးပို့မှုတစ်ရပ် ရရှိခဲ့သည်ဆို၏။

ဖြစ်စဉ်မှာ ၁၁–၁–၂၀၁၄ ရက်နေ့၊ ညနေ ၃ နာရီခွဲအချိန်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် မြို့မရဲစခန်းသို့ သဃ်န်းကျွန်း၊ စံပြဆေးရုံမှ မှူးခင်းရဲတပ်ကြပ်မြင့်ဝင်းက အမျိုးသားတစ်ဦး သေဆုံးရောက်ရှိကြောင်း သတင်းပေးပို့ခဲ့သည်ဆို၏။

သတင်းအရ စခန်းမှူး ဒုရဲမှူး စိုးပိုင်က သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့ရာ သေဆုံးသူမှာ ဦးအောင်ငြိမ်း (ခ) ပေါက်စီ (၄၉ နှစ်)၊ အောင်ရတနာ(၁)လမ်း၊ (၁၆)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်နေသူဖြစ်ကြောင်း သိရှိခဲ့ရသည်။

၎င်းသည် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၁၆)ရပ်ကွက်၊ တိုးကြောင်လေးဘူတာဝင်းအတွင်း ကျောက်တင်ရထားတွဲတွင် နေ့စားလုပ်ကိုင်သူဖြစ်ကာ ၎င်း၏ရင်ဘတ်နှင့် နောက်ကျောတို့တွင် ညိုမည်းဒဏ်ရာများရရှိသေဆုံးနေသည်ကို တွေ့ရှိရ၍ စုံစမ်းခဲ့ရာ သေဆုံးသူ အောင်ငြိမ်းသည် ၎င်း၏ဇနီး မခိုင်ဇင်မြင့်၏ရှေ့တွင် လမ်းခင်းကျောက်များ တင်ထားသည့် ကျောက်တွဲရထားမှ တံခါးအား ကိုယ်တိုင်ဖွင့်လှစ်စဉ် တံခါးပြုတ်ကျပြီး ထိခိုက်ဒဏ်ရာရရှိပြီး သေဆုံးခြင်းဖြစ်ကြောင်း သိရှိခဲ့ရသည်။ စံပြဆေးရုံမှ အလောင်းအား ပီအာရ် ၅၄ ဖြင့် လက်ခံထားရှိခဲ့သည်။

အဆိုပါဖြစ်ရပ်အား ဒုရဲအုပ်လှ နိုင်က တရားလိုပြုလုပ်တိုင်တန်းသဖြင့် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့မရဲစခန်းမှ သေမှုသေခင်းအမှတ်စဉ် ၁/၂၀၁၄ ဖြင့် အမှုဖွင့်ပြီး အမှုစစ်စခန်းမှူး ဒုရဲမှူး စိုးပိုင်က စစ်ဆေးလျက်ရှိကြောင်း သိရသည်။

## ကျပ် ၁၅၉ သိန်း ဖောက်ထွင်းခိုးယူခံရမှု လှိုင်သာယာမြို့နယ်မှာဖြစ်ပွား

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်အတွင်းရှိ ထီးလှိုင်ရှင်အိမ်ရာဝင်း၊ အမှတ် ၁၅၉(ဒီ)၊ (၈)ရပ်ကွက်၊ လှိုင်သာယာမြို့နယ်နေသူသည် ဖခင်ရှိရာနေပြည်တော်သို့ လိုက်သွားခဲ့ရာမှ နေအိမ်အား ဖောက်ထွင်းခိုးယူခံရကြောင်း မိခင်ဖြစ်သူမှ အကြောင်းကြားခဲ့ပြီး ရွှေတုံး သုံးတုံး၊ တစ်တုံးလျှင် ၁၀ ကျပ်သား၊ တန်ဖိုးကျပ် ၅၃သိန်းနှင့် စုစုပေါင်းငွေကျပ် ၁၅၉ သိန်း ပျောက်ဆုံးခဲ့ကြောင်း သိရှိခဲ့ရသည်ဆို၏။

ဖြစ်စဉ်မှာ ၁၀–၁–၂၀၁၄ ရက်နေ့၊ နံနက် ၃ နာရီအချိန်ခန့်က မသဲစုဖြူ (၃၁ နှစ်)၊ အရောင်း/အဝယ်၊ အမှတ် ၁၅၉ (ဒီ)၊ ထီးလှိုင်ရှင်အိမ်ရာဝင်း၊ (၈)ရပ်ကွက်၊ လှိုင်သာယာ မြို့နယ်နေသူသည် ဖခင်ဖြစ်သူနေထိုင်သော နေပြည်တော်၊ ဘူးကွဲအိမ်ရာ၌ ရှိနေစဉ် ရန်ကုန်ရှိ မသဲစုဖြူ၏မိခင်ဖြစ်သူ ဒေါ်ခင်အေးဝင်းမှ ၎င်းတို့နေထိုင်ရာလိပ်စာပါ အိမ်သို့ သူခိုးဝင်ခဲ့ကြောင်း ဖုန်းဖြင့်ဆက်သွယ် အကြောင်းကြားခဲ့သည်ဆို၏။

မသဲစုဖြူမှာ နေပြည်တော်မှ ပြန်လာပြီး အိမ်ရှိပစ္စည်းများအား စစ်ဆေးရာ အိပ်ခန်းအတွင်းရှိ အဝတ်အစားဗီရိုအတွင်း ချောကလက်သံဘူး အဝါရောင်ဖြင့် ထည့်သိမ်းထားသော အလေးချိန် တစ်တုံးလျှင် (၁၀)ကျပ်သား၊ တန်ဖိုးကျပ် ၅၃ သိန်းတန် အကယ်ဒမီတံဆိပ်ပါ ရွှေတုံးသုံးတုံး၊ ကျပ် ၁၅၉ သိန်းမှာ ပျောက်ဆုံးနေကြောင်း စစ်ဆေး တွေ့ရှိခဲ့ရသည်ဆို၏။

အဆိုပါကိစ္စအား လှိုင်သာယာမြို့မရဲစခန်းသို့ သွားရောက်အမှုဖွင့်တိုင်ကြားခဲ့ရာ (ပ)၄၆/၂၀၁၄၊ ပြစ်မှုပုဒ်မ ၃၈၀ ဖြင့် အမှုရေးဖွင့်ပြီး အမှုစစ် စခန်းမှူး ဒုရဲမှူးသောင်းစိန်မှ ပြစ်မှုကျူးလွန်သူအား ဖမ်းဆီးရမိရေး စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

www.burmeseclassic.com

www.burmeseclassic.com



# တာဝန်ထမ်းဆောင်နေသူများကို ဟန့်တားနှောင့်ယှက်ခဲ့မှု

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်တွင် မှော်ဘီဘက်မှ ရန်ကုန်ဘက်သို့ တရားမဝင်ကျွန်းသစ်များ တင်ဆောင်လာမည့်ကားတစ်စီးအား သတင်းအရ တောအုပ် ဦးဝေမျိုးလွင်နှင့်အဖွဲ့ မှော်ဘီမြို့နယ် သစ်တောဦးစီးဌာနမှ စောင့်ဆိုင်းနေစဉ် အဆိုပါကျွန်းသစ်များတင်ဆောင်လာသည့်ကားမှာ ရပ်မပေးဘဲ မောင်းနှင်ထွက်ပြေးသွားခဲ့ကြောင်း သတင်းရရှိသည်။

ဖြစ်စဉ်မှာ ၉-၁-၂၀၁၄ ရက်နေ့၊ ညနေ ၄ နာရီ ၂၅ မိနစ်အချိန်ခန့်က ဦးဝေမျိုးလွင် (၃၅ နှစ်)၊ တောအုပ်၊ သစ်တောဦးစီးဌာနဝင်း၊ မှော်ဘီမြို့နယ်နှင့်အဖွဲ့သည် ဆလွန်းကားတစ်စီးမှ မှော်ဘီမှ ရန်ကုန်ဘက်သို့ ကျွန်းသစ်များသယ်ဆောင်လာမည့်အကြောင်း သတင်းရရှိခဲ့သည်ဆို၏။

၎င်းတို့အဖွဲ့မှ သတင်းအရ ယာဉ်အမှတ် ရဃ/၉၇၄၀ ယာဉ်ဖြင့် ပြည်လမ်းမပေါ်တွင် စောင့်ဆိုင်းနေစဉ် ဖြတ်မောင်းသွားသည့် 3A/2199 ဆလွန်းအဖြူရောင်ယာဉ်အား တွေ့ရှိခဲ့၍ နောက်မှလိုက်လံတားမြစ်ခဲ့ရာ ကားအားရပ်ပေးခြင်းမရှိဘဲ ထောက်ကြန့်မြို့၊ ပျဉ်းမပင်လက်အိတ်စက်ရုံရှေ့အရောက်တွင် ရပ်တန့်စစ်ဆေးမည်ပြုစဉ် မှော်ဘီဘက်သို့ပြန်လည် ၍ မောင်းနှင်ခဲ့သည်။

အဆိုပါယာဉ်မှာ ထောက်ကြန့်မြို့၊ တောင်ပိုင်းရပ်ကွက်၊ လမ်းသစ်လမ်းအတွင်း မောင်းနှင်ဝင်ရောက်သွားပြီး တိုးချဲ့ရပ်ကွက်အတွင်း လှည့်ပတ်မောင်းနှင်၍ လမ်းသစ်လမ်းထိပ်သို့ ပြန်အရောက်တွင် မျက်နှာချင်းဆိုင်မှ မောင်းနှင်လာသော ၃က/၂၄၆၇ မိတ်တူးယာဉ်မှ ပိတ်ရပ်ကာခဲ့ပြီး ကားပေါ်ပါသူတစ်ဦးက အသင့်ပါလာသော လေးခွနှင့်ပစ်ခဲ့ရာ ရဃ/၉၇၄၀ ယာဉ်၏ ရှေ့လေကာမှန်မှာ အစင်းထင်ပြီး တန်ဖိုးကျပ် တစ်သိန်း ဆုံးရှုံးခဲ့သည်ဆို၏။

၎င်းအပြင် ၃က/၂၄၆၇ ယာဉ်ပေါ်ပါ လူတစ်ဦးက ငှက်ကြီးတောင်ဓားအားကိုင်ဆောင်၍ ခုတ်မည်ပြုသဖြင့် ကားအား ကွေ့ရှောင်မောင်းနှင်ခဲ့ရသည်ဆို၏။

ဦးဝေမျိုးလွင်မှ တရားလိုပြုလုပ်၍ ထောက်ကြန့်မြို့မရဲစခန်းတွင် အမှုဖွင့်တိုင်ကြားခဲ့ရာ (ပ)၁၃/၂၀၁၄၊ ပြစ်မှုပုဒ်မ ၃၅၃/၃၃၆/၄၂၇/၁၁၄ ဖြင့် အမှုရေးဖွင့်ခဲ့ပြီး အမှုစစ် ဒုရဲအုပ် နိုင်ဇော်လှက ပြစ်မှုကျူးလွန်သူ ဖမ်းဆီးရမိရေး စုံစမ်းလျက်ရှိကြောင်း သတင်းရရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



# ၁၂ လရာသီ ဗေဒင်ဟောစာတမ်း



## မိဿ၊ မတ်လ (၂၁) ရက်မှ ဧပြီလ (၂၀) ရက်အတွင်း မွေးဖွားသူများ



ဒီတစ်လအတွင်း လုပ်ငန်းစီးပွား တော့ဆက်လွဲခြင်း၊ ငွေကြေးအကုန်အကျများခြင်း၊ အခက်အခဲ၊ အနှောင့် အယှက် တွေ့ကြုံရခြင်းတို့နှင့် ရင်ဆိုင်ရတတ်သည်။ ကားဝပ်ရှော့ခ်၊ လျှပ်စစ်၊ ကားဝယ်ရောင်း အကျိုးပေးမည်။ ငွေခနကံ သိန်းရာကျော်၊ ထောင်ကျော် ဝင်လာတတ်သည်။ ဘုရားရှိခိုး၊ ပုတီးစိပ်ပါ။

**ကံကောင်းအရောင်** – နီ၊ ဝါ၊ ပြာရောယှက်ထဲတွင် အစိမ်းရင့်ပန်းပွင့်ပါအရောင်ဝတ်ပါ။

**အချစ်ရေး** – ရပ်ဝေးမှချစ်သူနှင့် ပိုမိုနီးစပ်ပြီး အချစ်ကံကောင်းတတ်ပါသည်။

**ကျန်းမာရေး** – နှလုံး၊ သွေးတိုး၊ ဆီးချို သတိထားပါ။

**ထီထိုးရန်** – (က) ၈–၃၊ (ခ) ၇–၉၊ (ဂ) ၅–၄။

**ယတြာ** – မွေးနံထောင့်တွင် ရွှေထီး၊ ငွေထီး ငါးလက်စီ ဘုရားကိုမိုးလှူပါ။

---

## ပြိဿ၊ ဧပြီလ (၂၁) ရက်မှ မေလ (၂၀) ရက်အတွင်း မွေးဖွားသူများ

BURMESE CLASSIC .com



ဒီတစ်လအတွင်း အိမ်တွင်းရေး၊ သားသမီးရေး သောကကြုံတတ်သည်။ မိဘသဘောမတူသူနှင့် ယူတတ် သည်။ အိမ်တွင်းမှာ အုန်းလက်ကို ဘုရားကပ်ထားပါ။ သောကကင်းဝေးသွားမည်။ ဘာပဲပြောပြော ငွေဝင်များ တတ်သည်။ ဝန်ထမ်းဖြစ်ပါက ရာထူး၊ လစာငွေ တိုးမည်။ ကံကောင်းသောလဟု မှတ်လိုက်ပါ။

**ကံကောင်းအရောင်** – အဝါနု၊ ပန်းရောင်ဝမ်းဆက် ဝတ်ဆင်ပါ။

**အချစ်ရေး** – ခေတ္တခွဲခွာရတတ်သည်။ လုပ်ငန်းကြောင့်ဖြစ်မည်။

**ကျန်းမာရေး** – အာရုံကြော၊ အဆစ်အမြစ် ကိုက်ခဲတတ်သည်။ သတိထားပါ။

**ထီထိုးရန်** – (ဃ) ၄–၄၊ (င) ၄–၆၊ (စ) ၄–၈။

**ယတြာ** – အိမ်ဘုရားတွင် ဆီမီးအဝါ၊ အစိမ်း ကိုးတိုင်စီ ကပ်လှူပါ။

---

## မေထုန်၊ မေလ (၂၁) ရက်မှ ဇွန်လ (၂၀) ရက်အတွင်း မွေးဖွားသူများ



ဒီတစ်လအတွင်း ခရီးသွားခြင်း ရှောင်လိုက်ပါ။ အနောက်တောင်ထောင့်အရပ်သို့ မသွားသင့်ပါ။ ဘေးရန်မြင်သည်။ ဇာတ်သဘင်ကန်ထရိုက်၊ ဗီဒီယို၊ ရုပ်ရှင် ကန်ထရိုက် လုပ်ငန်း စီးပွားတိုးပြီး အကျိုးပေးမည်။ အင်းလေလံ၊ စိုက်ပျိုးရေး၊ မွေးမြူရေးတို့ ဆုံးရှုံးတတ်သည်။ ဘာပဲလုပ်လုပ် သတိနှင့်ယှဉ် ဉာဏ်ဖြင့်မြင်ပါ။ အညွှံလွတ်ပါသည်။

**ကံကောင်းအရောင်** – နက်ပြာ၊ ဖင်ပြာ ဝမ်းဆက် ဝတ်ဆင်ပါ။

**အချစ်ရေး** – နေရစ်တော့သက်ဝေရယ်ကိန်းထဲ ရောက်နေသည်။

**ကျန်းမာရေး** – ထူးထူးခြားခြား ရောဂါဝေဒနာ မရှိပါ၊ မဖြစ်ပါ။

**ထီထိုးရန်** – (တ) ၅–၄၊ (ထ) ၆–၃၊ (ဒ) ၃–၉။

**ယတြာ** – ရွှေတိဂုံဘုရားမှာ ရွှေဆိုင်း ကိုးဆိုင်း ကပ်လှူပေးပါ။

www.burmeseclassic.com

www.burmeseclassic.com



## ကရကဋ်၊ ဇွန်လ (၂၁) ရက်မှ ဇူလိုင်လ (၂၀) ရက်အတွင်း မွေးဖွားသူများ



ဒီတစ်လအတွင်း ဘာပဲလုပ်လုပ် အောင်မြင်မှုရမည်။ ပညာရေး အထူးကြိုးစားရန်လို သည်။ စာမေးပွဲကြီး နီးပြီဖြစ်၍ အပျော်အပါးလျှော့ပါ။ ထူးချွန်အောင်မြင်မှုရမည်။ လုပ်ငန်း၊ ရာထူး၊ နေရာ၊ ဌာန ရွှေ့ပြောင်းကိန်း မရှိသေးပါ။ ဝန်ထမ်းပဲကောင်းသည်။ အလုပ်မထွက်သင့်ပါ။ အိမ်၊ ခြံ၊ မြေ အသစ်ဝယ်ယူရတတ်သည်။

**ကံကောင်းအရောင်** – မရမ်းရောင်၊ ခရမ်းရောင်အပွင့်ပါ ဝတ်ဆင်ပါ။

**အချစ်ရေး** – ချစ်သူတွေပတ်လည်ဝိုင်းနေပြီး ပြဿနာတက်တတ်သည်။

**ကျန်းမာရေး** – အသည်း၊ ကျောက်ကပ်၊ ဆီးရောဂါဖြစ်တတ်သည်။

**ထီထိုးရန်** – (ဋ္ဌ) ၄–၉၊ (ဍ္ဍ) ၄–၆၊ (ပ) ၄–၂။

**ယတြာ** – အိမ်ဘုရားတွင် သောက်တော်ရေ ကိုးခွက်ကပ်လှူပါ။
ဆွမ်းကိုသကြားဖြူး၍ ကပ်လှူပါ။

---

BURMESE CLASSIC .com

## သိဟ်၊ ဇူလိုင်လ (၂၁) ရက်မှ ဩဂုတ်လ (၂၀) ရက်အတွင်း မွေးဖွားသူများ



ဒီတစ်လအတွင်း နိုင်ငံခြားခရီးဝေးသွားရခြင်း၊ လူမျိုးကွဲတို့နှင့် အမှုအခင်းဖြစ်ခြင်း ရန်ဘက်၊ ပြိုင်ဘက်ပေါ်ခြင်းတို့ ကြုံတွေ့တတ်သည်။ ဘာပဲလုပ်လုပ် သတိရှိပါ အုပ်စုဖွဲ့၍ရိုက်ခြင်းခံရတတ်သဖြင့် အသွားအလာ၊ အနေအထိုင် ဆင်ခြင်ပါ။ မိသား အတွက် ကောင်းကျိုးပြုသူ ဖြစ်လာတတ်ပါသည်။

**ကံကောင်းအရောင်** – အဖြူထဲတွင် အနီပန်းပွင့်များစွာပါသောအရောင် ဝတ်ဆင်ပါ

**အချစ်ရေး** – ချစ်သူ၏သစ္စာဖောက်ခြင်းခံရတတ်သည်။ သတိပြုပါ။

**ကျန်းမာရေး** – အထူးကောင်းမွန်ပါသည်။ စိတ်ဆင်းရဲမခံပါနှင့်။

**ထီထိုးရန်** – (ဒ) ၅–၄၊ (ဓ) ၅–၈၊ (န) ၅–၉။

**ယတြာ** – အိမ်အနီးမှ ဘုရားတွင် အလှူငွေလှူဒါန်းပါ။

---

## ကန်၊ ဩဂုတ်လ (၂၁) ရက်မှ စက်တင်ဘာလ (၂၀) ရက်အတွင်း မွေးဖွားသူများ



ဒီတစ်လအတွင်း စိတ်အနှောင့်အယှက်ကင်းဝေးပြီး လာဘ်နေကံတို့ ဝင်လာတတ် သည်။ တိုက်၊ ကား၊ ခြံ၊ မြေ ဝယ်ယူရခြင်း၊ အလှူကြီးပေးလှူရခြင်းကြုံမည် ဘာပဲလုပ်လုပ် နောက်မဆုတ်နှင့်။ ဆက်လုပ်ပါ။ အောင်မြင်မှုရမည်။ သံထည်ပစ္စည်း ရှေးဟောင်းရတနာပစ္စည်း၊ ရွှေ၊ ငွေ၊ ရတနာတို့ အကျိုးပြုတတ်သည်။ ကံမည့် ကောင်းပါသည်။

**ကံကောင်းအရောင်** – ကျောက်စိမ်းရောင်၊ ကျောက်ကွဲရောင် ဝတ်ဆင်ပါ။

**အချစ်ရေး** – မမျှော်လင့်ဘဲ ရုတ်တရက် လက်ထပ်ကိန်းမြင်သည်။

**ကျန်းမာရေး** – သွေးတိုး၊ ဆီးချိုရောဂါဖြစ်တတ်သည်။

**ထီထိုးရန်** – (က) ၆–၄၊ (ခ) ၆–၉၊ (ဃ) ၅–၃။

**ယတြာ** – သမိုင်းဝင်ဘုရားတစ်ဆူတွင် ရွှေသက်န်းကပ်လှူပေးပါ။

www.burmeseclassic.com

www.burmeseclassic.com



## တူ၊ စက်တင်ဘာလ (၂၁) ရက်မှ အောက်တိုဘာလ (၂၀) ရက်အတွင်း မွေးဖွားသူများ



ဒီတစ်လအတွင်း စီးပွားရေး၊ လူမှုရေး၊ ပညာရေး ထိပ်တန်းမှာရှိနေမည်။ လုပ်ငန်းတိုးတက်မှု၊ ကြီးပွားချမ်းသာမှု နှောင့်နှေးနေလိမ့်မည်။ အမှတ်တမဲ့မှ အမှတ်တရဖြစ်စေရန် ခရီးယာယီထွက်လိုက်ပါ။ ကံကောင်းသွားမည်။ သောကြာ၊ ရာဟုသားသမီးတို့ကြောင့် အမှုအခင်းဖြစ်နိုင်သည်။ သတိထားပါ။ သားသမီးပညာရေးကို ဦးစားပေးလိုက်ပါ။ မေတ္တာပို့ပါ။ ပရိတ်ရွတ်ဖတ်ပါ။

**ကံကောင်းအရောင်** – နီ၊ ညို၊ ပြာ ရောယှက်ရောင်ထဲတွင် အဖြူကွက်ကျဲဝတ်ဆင်ပါ။

**အချစ်ရေး** – သက်ကြီးရွယ်အိုတို့နှင့် အရောမဝင်သင့်ပါ။ အရှက်ရတတ်သည်။

**ကျန်းမာရေး** – အစာအိမ်လေအောင့်ရောဂါ မကြာခဏဖြစ်တတ်သည်။ ဘေးရန်မရှိပါ။

**ထီထိုးရန်** – (ယ) ၅–၆၊ (ရ) ၅–၄၊ (လ) ၅–၉။

**ယတြာ** – အိမ်ဘုရားတွင် သပြေညွန့် ကိုးညွန့်၊ ခရေ ကိုးညွန့်၊ ခံတက် ကိုးညွန့်လှူပါ။

BURMESE CLASSIC .com

## ဗြိစ္ဆာ၊ အောက်တိုဘာလ (၂၁)ရက်မှ နိုဝင်ဘာလ (၂၀)ရက်အတွင်း မွေးဖွားသူများ



ဒီတစ်လအတွင်း ဘာပဲလုပ်လုပ် ရဲရဲလုပ်၊ ဘာပဲကြံကြံ ရှေ့သို့ကြံပါ။ အောင်မြင်မှု ဘဝခရီးအတွက် ငွေသိန်းသန်းကုဋေ ဝင်လာနိုင်သည်။ အကြံကောင်းလျှင်တစ်ချက်၊ အနေကောင်းလျှင် သင်တစ်သက်ထိုင်စားနိုင်မည်။ ခရီးသွားခြင်း၊ ဘုရားဖူးထွက်ရခြင်းကြုံမည်။ ကံယုံပြီး ဆုံးပုံမနင်းပါနှင့်။ ဥာဏ်၊ လုံ့လ၊ ဝီရိယ၊ ဖွဲ့ အားစိုက်လုပ်ပါ။

**ကံကောင်းအရောင်** – အဖြူထဲတွင် ရွှေချည်ထိုး၊ငွေချည်ထိုးပါသောအရောင်ဝတ်ဆင်ပါ။

**အချစ်ရေး** – လမ်းခွဲလေးက လက်မပြဘဲ ခွဲခွာရကိန်းမြင်သည်။

**ကျန်းမာရေး** – အထူးကောင်းပါသည်။ အစားအသောက် ဆင်ခြင်လိုက်ပါ။

**ထီထိုးရန်** – (န) ၄–၅၊ (ပ) ၈–၁၊ (ဖ) ၉–၁။

**ယတြာ** – မွေးနံထောင့်တွင် ဇီဇဝါပန်း ၂၇ ပွင့်၊ စံပယ် ၂၇ ပွင့်နှင့် ရေသုံးခွက်လှူပါ။

## ဓနု၊ နိုဝင်ဘာလ(၂၁) ရက်မှ ဒီဇင်ဘာလ (၂၀) ရက်အတွင်း မွေးဖွားသူများ



ဒီတစ်လအတွင်း ရန်ဘက်၊ ပြိုင်ဘက်ရှိမှ အောင်မြင်မှုရမည်။ လင်မယားနှစ်ဦး ရန်ဖြစ်လေ စီးပွားတက်လေ မှတ်ပါ။ မိန်းမအပေါ်၌ ယုံမှားသံသယစိတ်ဖျောက်ပါ။ သစ္စာရှိသောမိန်းမဖြစ်ပါသည်။ ပညာရေး ကြိုးစားရန်လိုသေးသည်။ လုံ့လ၊ ဝီရိယ၊ ဖွဲ့ အားနည်းနေသည်။ ဘာပဲလုပ်လုပ် ဒေါသရှေ့ထားက အမှားများမည်။ ရတနာသုံးပါး မိဘမေတ္တာတရားကြောင့် သင်ချမ်းသာလာမည်မှတ်လိုက်ပါ။

**ကံကောင်းအရောင်** – ကြက်သွေးရောင်၊ ဘဲခေါင်းစိမ်းရောင်ဝမ်းဆက် ဝတ်ဆင်ပါ။

**အချစ်ရေး** – ပညာရေးကောင်းနေချိန်ဖြစ်၍ အချစ်ရေးရှောင်သင့်သည်။

**ကျန်းမာရေး** – ဆီးရောဂါ၊ ကိုယ်လက်ကိုက်ခဲ ဖောရောင်တတ်သည်။ သတိရှိပါ။

**ထီထိုးရန်** – (လ) ၅–၈၊ (သ) ၅–၉၊ (ဟ) ၅–၂။

**ယတြာ** – အိမ်ဘုရားတွင် လိမ္မော်သီးငါးလုံး၊ ဒူးရင်းယို ကပ်လှူပေးပါ။

www.burmeseclassic.com

www.burmeseclassic.com



## မကာရ၊ ဒီဇင်ဘာလ (၂၁)ရက်မှ ဇန်နဝါရီလ (၂၀)ရက်အတွင်း မွေးဖွားသူများ



ဒီတစ်လအတွင်း ရပ်ဝေးမှ မိတ်ဆွေအပေါင်းအသင်းတို့မှ ငွေသိန်းသန်းချီ မ,စကိန်းမြင်သည်။ အိုးအိမ်သစ်၊ တိုက်သစ်ဆောက်ရမည်။ လူသုံးကုန်ပစ္စည်း၊ စားသောက်ကုန်ပစ္စည်း၊ လျှပ်စစ်ပစ္စည်းတို့ အရောင်းအဝယ်လိုက် မည်။ ပညာရေးတွင် ကွန်ပျူတာသင်တန်း၊ စကားပြောသင်တန်း ဒီပလိုမာဘွဲ့ရတတ်သည်။ မိမိဂုဏ်သိက္ခာကို ထိန်းသိမ်းနိုင်မည်။ အနောက်စူးစူးသို့ ခရီးသွားပါက ငွေမနကံများစွာရမည်။

**ကံကောင်းအရောင်** – ရွှေဖလားရောင်၊ ငွေဖလားရောင် ရောင်စုံဝတ်ဆင်ပါ။

**အချစ်ရေး** – စေ့စပ်ကြောင်းလမ်း တောင်းရမ်းကိန်းကြုံတတ်သည်။

**ကျန်းမာရေး** – သားအိမ်ရောဂါ သတိပြုပါ။

**ထီထိုးရန်** – (က) ၅–၉၊ (ဃ) ၅–၇၊ (င) ၅–၄။

**ယတြာ** – မွေးနံ့ထောင့်ရှိဘုရားတွင် သကြားသီး၊ မာလကာသီး၊ ထောပတ်သီးကပ်ပါ။

## ကုံ၊ ဇန်နဝါရီလ (၂၁)ရက်မှ ဖေဖော်ဝါရီလ (၂၀) ရက်အတွင်း မွေးဖွားသူများ



ဒီတစ်လအတွင်း ဩဇာအာဏာ ကျဆင်းတတ်သည်။ လက်အောက်ငယ်သားများ တော်လှန်မည်။ စီးပွားရေး ညှံ့နေမည်။ ရကုန်၊ ရထွက်၊ ရပျက်ဖြစ်နေတတ်သည်။ ဘာသာရေး၊ သာသနာရေး ဆောင်ရွက်ပေးပါ။ မင်္ဂလာသုတ်၊ မေတ္တာသုတ် ရွတ်ဖတ်ပါ။ နိုင်ငံခြားခရီး၊ ပြည်တွင်းပြည်ပသွားက အကျိုးထူးရှိမည်မှတ်ပါ။ မိခင်၊ ဖခင် ကျေးဇူးရှင်တို့၏ ကျန်းမာရေးကို ဂရုစိုက်ပြုစုပေးပါ။

**ကံကောင်းအရောင်** – အစိမ်းရင့်၊ အဝါရင့်ထဲမှာ အနီပန်းပွင့်များစွာပါသောအရောင် ဝတ်ဆင်ပါ။

**အချစ်ရေး** – တူနှစ်ကိုယ်ချစ်ခရီးလမ်း ဖြောင့်ဖြူးနေမည်မှတ်ပါ။

**ကျန်းမာရေး** – အထူးဟောစရာမရှိပါ။ ကောင်းနေပါသည်။

**ထီထိုးရန်** – (ဃ) ၆–၃၊ (င) ၆–၉၊ (ဇ) ၆–၂။

**ယတြာ** – အိမ်ဘုရားတွင် အုန်းဆွမ်း၊ သကြားဆွမ်း၊ ရေသက်စေ့ ကပ်လှူပေးပါ။

## မိန်၊ ဖေဖော်ဝါရီလ (၂၁) ရက်မှ မတ်လ (၂၀) ရက်အတွင်း မွေးဖွားသူများ



ဒီတစ်လအတွင်း ဘဝခရီး အထူးကံကောင်းနေတတ်သည်။ ဘာပဲလုပ်လုပ် ဘာပဲကြံကြံ အဆင်ပြေမည်။ ရွှေ၊ ငွေ၊ စိန်၊ ကျောက် ထိန်ထိန်တောက်ဝင်လာမည်။ မဟုတ်မခံစိတ်ကိုလျှော့ပါ။ မေတ္တာထားပြီး မာန်မာနကို ထိန်းသိမ်းလိုက်ပါ။ တိုက်၊ ကား၊ ခြံ၊ မြေ အသစ်ဝယ်ယူရတတ်သည်။ ပညာရေးကောင်း၍ လူမှုရေးညံ့ပြီး စီးပွားရေးကောင်းပါသည်။ ခရီးသွားခြင်းရှောင်ပါ။ ညဘက်အပြင်မထွက်သင့်ပါ။

**ကံကောင်းအရောင်** – စကားဝါရောင်၊ ပိုးစိမ်းဖြူရောင်ဝမ်းဆက် ဝတ်ဆင်ပါ။

**အချစ်ရေး** – ယခုလထဲတွင် မင်္ဂလာမြင်သည်။ လက်ထပ်ရန် ရက်မြတ်ရွေးရမည်။

**ကျန်းမာရေး** – ဝမ်းဖောဝမ်းရောင်၊ အစာမကြေရောဂါဖြစ်တတ်သည်။ သတိထားပါ။

**ထီထိုးရန်** – (င) ၆–၄၊ (စ) ၆–၉၊ (ဆ) ၆–၇။

**ယတြာ** – မွေးနံ့ထောင့်တွင် နှမ်းပျစ်၊ ယိုကိုးမျိုး၊ ဆွမ်းငါးပန်းကန်၊ ရေသုံးခွက်ကပ်ပါ။

စမ်းလိုသူအား၍ ပန်းလိုမွေးပါစေ

သစ္စာမေတ္တာ ဆရာထွန်းလင်းကျော် (နက္ခတ်ဗေဒင်၊ လက္ခဏာပညာရှင်)